နံနက်ခင်းနိုးကြားရေးအတွက် သန့်ရှင်းသောနှုတ်ကပတ်တော်

**ကောင်းကင်ဆိုင်ရာ ရူပါရုံ**

**The Heavenly Vision**

# The Holy Word For Morning Revival

**2014 Memorial Day Weekend Conference**

# ကောင်းကင်ဆိုင်ရာရှုပါရုံ


| အပတ်စဉ် | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၁ | **အုပ်စိုးနေသော ထိန်းချုပ်နေသော ရှုပါရုံ – ဘုရားသခင်၏စီမံကိန်းရှုပါရုံ** | |
| | Outline | ၅ |
| | Day 1 | ၁၀ |
| ၂ | **ခရစ်တော်၏ရှုပါရုံ** | |
| | Outline | ၂၉ |
| | Day 1 | ၃၄ |
| ၃ | **ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်သော အသင်းတော်၏ရှုပါရုံ** | |
| | Outline | ၅၅ |
| | Day 1 | ၆၁ |
| ၄ | **အတ္တ၏ရှုပါရုံ** | |
| | Outline | ၈၀ |
| | Day 1 | ၈၆ |

| အပတ်စဉ် | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၇ | **လောက၏ရှုပါရုံ** | |
| | Outline | ၁၀၈ |
| | Day 1 | ၁၁၂ |
| ၈ | **ဆက်ကပ်အပ်နှံခြင်း၏ရှုပါရုံ** | |
| | Outline | ၁၃၃ |
| | Day 1 | ၁၄၃ |


July, 2014

**Memorial Day Weekend Conference**
**(May 23-26, 2014)**

# ကောင်းကင်ဆိုင်ရာရုပ်ပုံ

ဆောင်ပုဒ်

သမ္မာကျမ်းစာ၌ အုပ်စိုးနေသော ရုပ်ပုံမှာ ဘုရားသခင်၏စီမံကိန်း ရုပ်ပုံဖြစ်ပြီး – သုံးပါးတစ်ပါးဘုရားသည် မိမိကိုယ်တော်တိုင်ကို ရွေးချယ်ခံနှင့်ရွေးနုတ်ခံလူများအထဲသို့ လုပ်ဆောင်ကာ သူတို့၏ဖြစ်ခြင်းတစ်ခုလုံးသည် ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံမည့် ခရစ်တော်၏ကိုယ်ခန္ဓာတော်ထုတ်လုပ်ခြင်းနှင့် တည်ဆောက်ခြင်းအတွက် ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြင့် စိမ့်ဝင်ပျံ့နှံ့ရန်ဖြစ်သည်။

အရာအားလုံးပါဝင်သောခရစ်တော်သည် စကြဝဠာရှိ အကောင်းဘက်မှ အရာအားလုံး၏ စစ်မှန်ခြင်းနှင့် စစ်မှန်ခြင်းဝိညာဉ်တော်အဖြစ် စစ်၍မကုန်နိုင်သော ကြွယ်ဝခြင်းများကို ကျွန်ုပ်တို့ထံသို့ စစ်မှန်စေကာ ဘုရားဆိုင်ရာစစ်မှန်ခြင်းဖြစ်သည့် မိမိကိုယ်တော်တိုင်အထဲသို့ ကျွန်ုပ်တို့ကို လမ်းညွှန်ပေးနေကြောင်းကို မြင်ရန်လိုအပ်သည်။

စုပေါင်းထားသောခရစ်တော်၊ အသင်းတော်၏မူလပုံဆောင်ချက်၊ သုံးပါးတစ်ပါးဘုရားနှင့် ခရစ်တော်ရှိယုံကြည်သူများ၏ စေ့စပ်ထုံးဖွဲ့ခြင်း၊ ကိုယ်တော်၏စီမံခန့်ခွဲခြင်းကို သယ်ဆောင်ရန် ဘုရားအဖို့နည်းလမ်း ဖြစ်သည့် ခရစ်တော်ကိုယ်ခန္ဓာတော်၏ရုပ်ပုံနှင့် စကြဝဠာဆိုင်ရာ အသင်းတော်သည် ဒေသန္တရအသင်းတော်များအဖြစ် များစွာသော ဒေသန္တရများ၌ ထင်ရှားနေကြောင်းကို မြင်ရန်လိုအပ်သည်။

ဘုရား၏အလိုဆန္ဒမှာ ကိုယ်တော်၏လူများအားလုံးသည် နာဇရက်လူများ၊ ဘုရားသခင်ထံသို့ မိမိကိုယ်ကိုပေးအပ်သူများ၊ ဘုရားသခင်အဖို့ လုံးလုံး၊ အဆုံးစွန် –ဘုရားမှလွဲ၍ အခြားအရာကို မရှာခြင်း၊ ဘုရားကို ချစ်ခြင်း၊ ဘုရားကို ရှာဖွေခြင်း၊ ဘုရားကိုအသက်ရှင်ခြင်းနှင့် ဘုရားကိုထင်ရှားခြင်း အတွက် ဘုရားနှင့်အတူ အခြားသူများကို ကောင်းကြီးပေးရန် ဘုရားနှင့် စေ့စပ်ထုံးဖွဲ့သောသူများဖြစ်လာစေရန် အလိုတော်ရှိသည်။

## *အုပ်စိုးနေသော ထိန်းချုပ်နေသော ရူပါရုံ – ဘုရားသခင့်စီမံကိန်း၏ရူပါရုံ*

ဖတ်ရန်ကျမ်း။ သု၊ ၂၉း၁၈က။ တ၊ ၂၆း၁၉။ ဧ၊ ၁း၁၇–၁၈။ ဗျာ၊ ၂၁း ၂၊ ၉–၁၀

*Day 1*

**I. သမ္မာကျမ်းစာ၌ ရူပါရုံ သည် သာမန်ထက်လွန်ကဲသော မြင်ကွင်းကို ရည်ညွှန်းသည်။ ၎င်းသည် အထူးဖြစ်သောမြင်ခြင်း၊ ဘုန်းပြည့်ဝသော၊ အတွင်းပိုင်းမြင်ခြင်းနှင့် ဘုရားသခင်ထံမှ ကျွန်ုပ်တို့မြင်ရသော မြင်ကွင်းဖြစ်သည် (တ၊ ၂၆း၁၉။ မ၊ ၁၆း၁၇။ ယေ၈၊ ၁း၁။ ၈း၃)။**

က။ ဘုရားသခင်၏ ရူပါရုံများသည် ကိုယ်တော်၏ ဖွင့်ပြခြင်းများဖြစ်ပြီး ကျွန်ုပ်တို့အား ဘုရားဆိုင်ရာ၊ ဝိညာဉ်ဆိုင်ရာ၊ ကောင်းကင်ဆိုင်ရာများကို မြင်နိုင်ရန် တတ်စွမ်းစေသည် (တ၊ ၂၂း၁၄–၁၅။ ၁၆း၁၆)။

ခ။ ရူပါရုံရရှိရန် ကျွန်ုပ်တို့သည် ဖွင့်ပြခြင်း၊ အလင်းနှင့် အမြင်ကို လိုအပ်သည် (ဧ၊ ၁း၁၇–၁၈)။

၁။ ဖုံးကွယ်ခြင်းကို ဖယ်ရှားစေကာမူ အလင်းမရှိလျှင် ကျွန်ုပ်တို့သည် ရူပါရုံကို မမြင်နိုင်ပေ (၂ကော၊ ၄း၆။ ၁ယော၊ ၁း၅၊ ၇)။

၂။ ဘုရားဆိုင်ရာအလင်းသည် နှုတ်ကပတ်တော်ရှိ ဘုရားဆိုင်ရာ ဖွင့်ပြခြင်းအပေါ် ထွန်းလင်းသောအခါ ဘုရားဆိုင်ရာဖွင့်ပြခြင်းသည် ဘုရားဆိုင်ရာရူပါရုံဖြစ်လာသည်။ ကျွန်ုပ်တို့၌ အမြင်ရှိသောအခါ၌လည်း ကောင်းကင်ဆိုင်ရာရူပါရုံကို ရရှိနိုင်ကြသည် (ဧ၊ ၁း၁၇–၁၈။ ၃း၉)။

*Day 2*

ဂ။ သခင်ဘုရားသည် ကျွန်ုပ်တို့အားလုံးကို မြင့်သောတောင်ပေါ်သို့ ခေါ်ဆောင်ကာ ကျွန်ုပ်တို့အယောက်စီတိုင်းကို မိမိတို့ကိုယ်ကိုမှ လွတ်မြောက်စေရန်၊ ကျွန်ုပ်တို့၏ ကိုယ်ပိုင် အတွေ့အကြုံများ၊ သင်ယူမှုများ၊ အတိတ်က ရရှိအောင်မြင်မှုများမှ ခေါ်ထုတ်ကာ အသစ်သော အဝန်းအဝိုင်း၊ ယခင်က ကျွန်ုပ်တို့ မရောက်ရှိဘူးသော ချီးမြောက်ခံရသောနယ်ပယ်သို့ ချီမြောက်ပေးရန် ဆုတောင်းရမည်ဖြစ်သည်။ သို့မှသာ ဘုရားသခင်၏ ဘုန်းထင်ရှားသောရူပါရုံကို ကြည်လင်ပြတ်

သားစွာမြင်နိုင်မည်ဖြစ်သည် (ဗျာ၊ ၂၁း၉–၁၀။ တ၊၁၀း၉–၁၆)။

ဃ။ အသင်းတော်များအားလုံးနှင့် သန့်ရှင်းသူများအားလုံးသည် ကောင်းကင်ဆိုင်ရာရူပါရုံကို မြင်ရန် လိုအပ်သည် (ဧ၊၁း၁၇–၁၈၊ ဗျာ၊၁း၁၁က။ ၂၂း၁၆က)။

၁။ ဘုရားသခင်၏ သားသမီးများထံသို့ ကျွန်ုပ်တို့ မိတ်ဆက်ပေးသောအရာသည် သွန်သင်ခြင်း သို့မဟုတ် ဩဝါဒ သို့မဟုတ် ဖတ်ခြင်းမှရသော အသိပညာမျှသာ မဖြစ်ရဘဲ၊ ဘုရားဆိုင်ရာ အလင်း ထွန်းလင်းခြင်းဖြင့် ဝိညာဉ်၌ ကျွန်ုပ်တို့မြင်ရသော ရူပါရုံဖြစ်ရမည်ဖြစ်သည် (၁တိ၊၄း၆။ ၁ယော၊၁း၁–၃)။

၂။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အမှုဆောင်သူတိုင်းသည် အခြားသူများထံသို့ ဝိညာဉ်ရေးရာဖြစ်သော၊ ကောင်းကင်ဆိုင်ရာဖြစ်သော ရူပါရုံများကို သယ်ဆောင်ပေးရမည်ဖြစ်သည် (၂တိ၊၂း၂၊ ၁၅၊ ၂၅။ ၁ယော၊၁း၁–၃။ ဗျာ၊၁း၁၁က)။

*Day 3* **II. သမ္မာကျမ်းစာ၌ အုပ်စိုးနေသောရူပါရုံမှာ ဘုရားသခင်၏စီမံကိန်း ရူပါရုံဖြစ်သည် – ယင်းမှာ ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံမည့် ခရစ်တော်၏ကိုယ်ခန္ဓာတော်ထုတ်လုပ်ခြင်းနှင့် တည်ဆောက်ခြင်းအတွက် ဘုရားဆိုင်ရာသုံးပါးတစ်ပါးနှင့်အတူ ကိုယ်တော်၏ ရွေးချယ်ခံ၊ ရွေးနုတ်ခံများ၌ ဖြစ်ခြင်းတစ်ခုလုံးသို့ စိမ့်ဝင်ပျံ့နှံ့ရန် သူတို့အထဲသို့ သုံးပါးတစ်ပါးဘုရားသခင်ကိုယ်တော်တိုင် လုပ်ဆောင်ခြင်း၏ရူပါရုံဖြစ်သည် (၁တိ၊၁း၄။ ဧ၊၃း၉၊ ၁၆–၁၇။ ၄း၄–၆။ ဗျာ၊၂၁း၂၊ ၉–၁၀)။**

က။ ဘုရားသခင်၏စီမံကိန်းမှာ ခရစ်တော်၌ ဘုရားသခင်သည် အသွေးအသားဖြစ်လာခဲ့ပြီး၊ လူသားအသက်ရှင်ခြင်း၊ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းကို ဖြတ်ကျော်ကာ အသက်ပေးသောဝိညာဉ်တော်ဖြစ်လာ၍ ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်ရန်နှင့် ကျွန်ုပ်တို့အထဲသို့ မိမိကိုယ်တော်တိုင်ကို ဝေငှဖြန့်ဖြူးရန်ဖြစ်သည်၊ သို့မှသာ ခရစ်တော်၏ ကိုယ်ခန္ဓာတော်၊ ဘုရားသခင်၏ အိမ်တော်၊ ဘုရားသခင်၏ နိုင်ငံတော်၊ ခရစ်တော်၏ အဖော်အဖက်၊ ယေရုရှလင်မြို့သစ်၏ အဆုံးစွန်ပြီးမြောက်ပြည့်စုံခြင်းနှင့် စုပေါင်းခြင်းဖြစ်သော အသင်းတော်ကို ထုတ်လုပ်ရန်

ကျွန်ုပ်တို့သည် ပုံသဏ္ဌာန်ပြောင်းလဲနိုင်မည်ဖြစ်သည် (ယော၊၁း၁၄။ ၁ကော၊၁၅း၄၅ခ။ ဧ၊၁း ၂၂–၂၃။ ဗျာ၊ ၂၁း ၂)။

ခ။ သမ္မာကျမ်းစာတစ်အုပ်လုံးသည် သုံးပါးတစ်ပါးဘုရားသခင်ကို ကိုယ်တော်၏ရွေးနုတ်ခံလူများအထဲသို့ ယူဆောင်ခြင်း၏ ရူပါရုံ အလေ့အလာအတိုင်း ရေးသားထားခြင်းဖြစ်သည် (ဆာ၊၃၆း၈–၉။ ၂ကော၊၁၃း၁၄။ ဧ၊၃း၁၆–၁၇။ ၄း၄–၆)။

**III.ကျွန်ုပ်တို့သည် ကောင်းကင်ဆိုင်ရာရူပါရုံကိုမြင်ကာ ၎င်းသည် ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ယူဆောင်ခံရပြီဆိုလျှင် ဤရူပါရုံသည် စွမ်းအားရှိသော၊ တာရှည်ခံသောအကျိုးကို ကျွန်ုပ်တို့အပေါ်ဖြစ်စေမည်ဖြစ်သည် (သု၊၂၉း၁၈က။ တ၊၂၆း၁၉)။**

က။ ဤဘုန်းကြီးသော၊ ကောင်းကင်ဆိုင်ရာရူပါရုံကို မြင်သောအခါ ကျွန်ုပ်တို့သည် တိုးတက်ပြောင်းလဲသွားပြီး၊ ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခုလုံးသည် ယင်း၏ အတွေးအခေါ်၊ စိတ်နေစိတ်ထား၊ စကားပြောခြင်း၊ စဉ်းစားခြင်း၌ ပြောင်းလဲလာကာ ကျွန်ုပ်တို့သည် လုံးလုံးထူးခြားလာမည်ဖြစ်သည်။ ရူပါရုံသည် ကျွန်ုပ်တို့အား မိမိကိုယ်ကို ဘေးဖယ်ထားစေပြီး၊ ကျွန်ုပ်တို့အသက်ရှင်ခြင်းပုံစံကိုလည်း ပြောင်းလဲသွားစေမည်ဖြစ်သည် (၉း၃–၉၊ ၁၁–၁၂၊ ၂၀၊ ၂၂။ ဖိလိ၊၃း၄–၈)။

ခ။ ကောင်းကင်ဆိုင်ရာရူပါရုံသည် ကျွန်ုပ်တို့ကို ဖမ်းဆီးခြင်း၊ ပြန်လည်စေ့စပ်ထုံးဖွဲ့ပေးခြင်း၊ အုပ်စိုးခြင်း၊ လမ်းညွှန်ခြင်း၊ တင်းကြပ်ခြင်း၊ ထိန်းချုပ်ခြင်း၊ ကာကွယ်စောင့်ထိန်းခြင်းပြုပေးသည် (သု၊၂၉း၁၈က)။

၁။ ကောင်းကင်ဆိုင်ရာရူပါရုံသည် ကျွန်ုပ်တို့ကို အုပ်စိုးကာ လမ်းညွှန်ပေးနိုင်ရန်အတွက် ယင်းသည် ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ယူဆောင်ခြင်းရှိရမည်ဖြစ်သည် (တ၊၉း၃–၅။ ၂ကော၊၄း၄၊ ၆)။

၂။ ကောင်းကင်ဆိုင်ရာရူပါရုံသည် ဘုရားသခင်၏ ဓမ္မသစ်စီမံကိန်းအပေါ် ဗဟိုပြုထားသော ဘုရားဆိုင်ရာဖွင့်ပြခြင်း၏ အလယ်ဗဟိုလမ်းကြောင်းသို့ ကျွန်ုပ်တို့ကို ကန့်သတ်ထားသည် (၁တိ၊၁း၄)။

*Day 4*

ဂ။ ကောင်းကင်ဆိုင်ရာရူပါရုံသည် ကျွန်ုပ်တို့၏ အသက်တာကို အဓိပ္ပာယ်၊ ရည်ရွယ်ချက်ဖြင့် ပြည့်စုံစေပြီး၊ ကျွန်ုပ်တို့ကို တွန်းအားပေးခြင်း၊

ခွန်အားပေးခြင်း၊ သည်းခံစိတ်ရှည်ခြင်းကို ပေးသည် (၂တိ၊၁း၉။ ဟေဗြဲ၊၁၂း၁–၂)။

ဃ။ ကောင်းကင်ဆိုင်ရာရူပါရုံအောက်၌ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ပန်းတိုင်သို့ လမ်းညွှန်ပေးခြင်းနှင့် ကျွန်ုပ်တို့၏ အသက်တာသည် ဘုရားသခင်၏ စီမံကိန်းအတိုင်း ထိန်းချုပ်ခြင်းခံရသည် (ဖိလိ၊၃း၃–၁၄။ ၁တိ၊၁း၄)။

င။ သခင်ဘုရားထံမှ ကျွန်ုပ်တို့ရရှိသော ရူပါရုံသည် ကျွန်ုပ်တို့ကို လှုပ်ရှားစေရန် ဖြစ်စေပြီး၊ ကျွန်ုပ်တို့မြင်ခဲ့သော ရူပါရုံအတိုင်း ကျွန်ုပ်တို့သည် လှုပ်ရှားကြမည်ဖြစ်သည်။ တမန်တော်ဝတ္ထု၌ ဘုရားဆိုင်ရာရူပါရုံသည် အဓိကအားဖြင့် ဘုရားသခင်၏ လှုပ်ရှားမှုနှင့် ပတ်သက်နေသည် (၁၀း၁–၃၃။ ၁၃း၂)။

စ။ ရူပါရုံရှိလျှင် နည်းလမ်းလည်းရှိသည်။ ဘုန်းပြည့်ဝသောရူပါရုံသည် ကျွန်ုပ်တို့ကို လမ်းကြောင်းပေါ် သို့ အမြဲတမ်း ဦးဆောင်ပေးကာ ရှေ့ဆက်သွားရန် ရဲရင့်ခြင်းကို ပေးသည် (၂၆း၁၈–၁၉)။

ဆ။ ကောင်းကင်ဆိုင်ရာရူပါရုံသည် စစ်မှန်သောတစ်လုံးတစ်ဝဖြစ်ခြင်း၌ ကျွန်ုပ်တို့ကို စောင့်ထိန်းပေးပြီး၊ တစ်ညီတစ်ညွတ်ဖြစ်ခြင်းအထဲသို့ ကျွန်ုပ်တို့ကိုခေါ် ဆောင်ပေးသည် (ဧ၊၁း၁၇–၁၈။ ၄း၃။ တ၊၁း၁၄။ ၂း၄၆။ ၄း၂၄။ ၅း၁၂)။

*Day 5*

ဇ။ ကျွန်ုပ်တို့သည် ဤရူပါရုံဖြင့် စေ့စပ်ထုံးဖွဲ့ခံရမည်ဆိုလျှင် ဘုရားသခင်၏ စီမံကိန်းကို ကျွန်ုပ်တို့ အလိုအလျောက် သယ်ဆောင်နိုင်ပြီး၊ ကိုယ်ခန္ဓာတော်၏ တစ်ခုတည်းသောအလုပ်ကို လုပ်ဆောင်မည်ဖြစ်သည် (ဧ၊၃း၉။ ၄း၁၆။ တ၊၁၃း၂)။

ဈ။ ကောင်းကင်ဆိုင်ရာရူပါရုံသည် ကျွန်ုပ်တို့ကို ဘုရားသခင်၏ ပန်းတိုင်ဖြစ်သည့် ယေရုရှလင်မြို့သစ် ပြီးမြောက်ပြည့်စုံခြင်းငှာ ခရစ်တော်၏ ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းသို့ လမ်းညွှန်ပေးသည် (ဧ၊၄း၁၆။ ဗျာ၊၂၁း၉–၁၀)။

## IV.ကျွန်ုပ်တို့သည် ရူပါရုံကိုမြင်သောသူများဖြစ်လာရန် လိုအပ်သည် (တ၊၂၆း၁၉။ ဂလ၊၁း၁၅–၁၆)။

က။ သခင်ဘုရားကို အစေခံသောသူတိုင်းသည် ရူပါရုံရှိသောသူများဖြစ်ရမည်။ သခင်ဘုရားကို အစေခံသောသူအတွက် အရေးကြီးဆုံး

အကြောင်းအရာမှာ သူ၌ ရုပါရုံရှိပြီး၊ ကိုယ်တော်ကို ရုပါရုံအတိုင်း အစေခံရန်ဖြစ်သည်(တ၊ ၂၆း၁၉။ ၉း၃–၅၊ ၁၀၊ ၁၂၊ ၁၅–၁၆၊ ၂၀၊ ၂၂)။

ခ။ ရုပါရုံများသည် ဘုရားသခင်ထံမှ လာခြင်းဖြစ်သည်။ ၎င်းတို့သည် ကျွန်ုပ်တို့ကိုယ်မှ မည်သည့်အရာ၌မျှ မှီတည်ခြင်းမဟုတ်ပါ (မ၊၁၆း၁၇။ ဂလ၊၁း၁၅–၁၆။ ဟေရှာ၊၅၀း၁၀–၁၁)။

ဂ။ ယုံကြည်သူတိုင်းသည် တိုက်ရိုက်ရုပါရုံ ရရှိခြင်းမဟုတ်ပါ။ ပေါလုသည် တိုက်ရိုက်ရုပါရုံကို ရရှိသော်လည်း၊ တိမောသေသည် ပေါလုမှတစ်ဆင့် ရုပါရုံကို ရရှိသည် (တ၊ ၂၂း၁၄။ ၂တိ၊၃း၁၄–၁၅)။

ဃ။ ရုပါရုံမြင်ခြင်း၌ ကျွန်ုပ်တို့သည် တန်ဖိုးမဲ့သောအရာများကို စွန့်လွှတ်ရန် ကျွန်ုပ်တို့စိတ်နှလုံး၊ အလိုဆန္ဒရှိခြင်း၊ သခင်ဘုရားအပေါ် စောင့်မျှော်ခြင်း၊ သခင်ဘုရားထံဖွင့်ပေးခြင်းစသည်တို့နှင့် စပ်လျဉ်း၍ တာဝန်ထမ်းဆောင်ကြရသည် (မ၊၅း၈။ ၂တိ၊၂း၂၁။ ယော၊၁၅း၁၉။ ဒံ၊၁၀း၂–၃။ ၂ကော၊၃း၁၈)။

**Day 6**

င။ ကျွန်ုပ်တို့သည် ခရစ်တော်အပေါ်၌ ဗဟိုပြုကာ ခရစ်တော်ကို ကျွန်ုပ်တို့မြင်ခဲ့ရသောအရာများအား သက်သေခံခြင်းကို သယ်ဆောင်ရမည်ဖြစ်သည် (တ၊ ၂၆း၁၆)။

စ။ ပေါလုကဲ့သို့ပင် ကျွန်ုပ်တို့သည် ကောင်းကင်ဆိုင်ရာရုပါရုံကို နားမထောင်ဘဲ မနေသင့်ပါ (အငယ်၊၁၉)။

၁။ ရုပါရုံများများမြင်နိုင်ရန် ကျွန်ုပ်တို့သည် မြင်ခဲ့ပြီးသော ရုပါရုံများကို နာခံရမည်ဖြစ်သည် (၂၂း၁၄–၁၅။ ယော၊၇း၁၇)။

၂။ ကျွန်ုပ်တို့သည် ခရစ်တော်ကို အသက်အဖြစ် ယူဆောင်ကာ မိမိတို့ကိုယ်ကို အာရုံလွှင့်ပါးခြင်းမရှိဘဲ သခင်ဘုရားကို ဆက်သွယ်ခြင်း၌ တည်မြဲစေရန် အခွင့်ပေးခြင်းအားဖြင့် ရုပါရုံကို နာခံရမည်ဖြစ်သည် (ကော၊၃း၄။ ၁သက်၊၅း၁၇)။

## နံနက်ခင်းကျွေးမွေးခြင်း

**ဧ၊ ဆုတောင်းသောအချက်ဟူမူကား၊ ငါတို့သခင်ယေရှုခရစ်၏ ဘုရား ၁း၁၇–၁၈ သခင် ဖြစ်တော်မူသော ဘုန်းကြီးသောခမည်းတော်သည် ကိုယ်တော် မြတ်ကို ပြည့်ဝစွာသိကျွမ်းခြင်းငှါ ပညာ၏ဝိညာဉ်နှင့်ဖွင့်ပြခြင်းကို သင်တို့အားပေးပါမည့်အကြောင်း၊ သင်တို့၏စိတ်နှလုံးမျက်စိများ သည် အလင်းကို ခံရ၍၊ ဘုရားသခင် ခေါ်တော်မူခြင်း၏မျှော်လင့် ရာကား၊ အဘယ်အရာဖြစ်သည်ကိုလည်းကောင်း၊**

ရူပါရုံသည် အဘယ်နည်း။ တိုက်ရိုက်အားဖြင့် တရုတ်စကားလုံး *i-hsiang* သည် "သာမန်မဟုတ်သော၊ ထူးခြားသောသဘော"ဟု ဆိုလိုသည်။ ထို့ကြောင့် *ရူပါရုံ*သည် သာမန်မဟုတ်သော မြင်ကွင်းကို ရည်ညွှန်းခြင်းဖြစ်သည်။ ဥပမာ၊ တစ်ဦးတစ်ယောက် သည် လက်ရာမြောက်စွာ အလှဆင်ထားသည့် အိမ်ရှိသည်ဆိုပါစို့။ သင်သည် ထိုအိမ်ထဲသို့ ဝင်ရောက်ကာ ကြည့်ရှုမည်ဆိုလျှင် သင်၌ သာမန်မဟုတ်သော တစ်စုံတစ်ရာကို ခံစားရ လိမ့်မည်ဖြစ်သည်။ သင့်အဖို့ ဤအရာသည် သာမန်မဟုတ်သော မြင်ကွင်းဖြစ်သည်၊ ၎င်း သည် ရူပါရုံဖြစ်သည်။ သမ္မာကျမ်းစာ၌ ရူပါရုံသည် ဘုရားသခင်ထံမှ ကျွန်ုပ်တို့မြင်ရသော မြင်ကွင်းကို ရည်ညွှန်းခြင်းဖြစ်သည်။ နှုတ်ကပတ်တော်အားဖြင့် ဘုရားသခင်သည် ဖုံး ကွယ်ခြင်းကို ဖွင့်ပေးခဲ့သည်၊ သို့သော် ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်၌ ပါဝင်သော မြင်ကွင်းများကို မြင်ရမည်ဖြစ်သည်။ ဘုရားသခင်၏ဖွင့်ပြခြင်းမှတစ်ဆင့် ကျွန်ုပ်တို့မြင် ရသောအရာမှန်သမျှသည် ရူပါရုံဖြစ်သည်။ (*The Revelation and Vision of God*, p.9)

## ယနေ့ဖတ်စရာ

ဘုရားသခင်သည် ကိုယ်တော်၏ကောင်းကင်များကို ဖွင့်ထားစေနိုင်မည့် လူများ ကို လိုအပ်လျက်ရှိနေဆဲဖြစ်သည်။ ယနေ့ မြေကြီးသည် စာတန်အားဖြင့် သိမ်းပိုက်ခံနေရ ဆဲဖြစ်သည်၊ မြေကြီးပေါ် မှ လူများသည် စာတန်လက်ထဲ၌ ရှိနေကြဆဲဖြစ်သည်၊ ဘုရား သခင်၏ လူအများစုသည် ဖမ်းဆီးခံရခြင်း၌ ရှိနေကြဆဲဖြစ်သည်။ ထို့ကြောင့် ယေဇကျေလ ကဲ့သို့ ဘုရားသခင်ကို ရှာဖွေသော၊ ဘုရားသခင်ကို ဆက်သွယ်သော၊ ဘုရားသခင်ရှေ့ တော်၌ ဘုရား၏ယဇ်ပုရောဟိတ်အမှုဆောင်သောသူအချို့ကို အရေးတကြီးလိုအပ်နေ ဆဲဖြစ်သည်။ ယနေ့ ဘုရားသခင်သည် ထိုသို့သော ယေဇကျေလများကို ရရှိမည်ဆိုပါက ကောင်းကင်များသည် ဖွင့်လှစ်ခြင်းရှိကာ မြေကြီးပေါ် မှ လူများသည် ကောင်းကင်ဆိုင်ရာ

ရူပါရုံကိုမြင်ပြီး၊ ကောင်းကင်ဆိုင်ရာအရာများသည် မြေကြီးပေါ်၌ ပြည့်နှက်သွားမည် ဖြစ်သည်။ ဤနေ့ရက်များ၌ ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်ကို ရှာဖွေကာ ကိုယ်တော်ကို ဆက်သွယ်နိုင်ပြီး၊ ကောင်းကင်များသည် ကျွန်ုပ်တို့အဖို့ဖွင့်ပေးနိုင်ပါစေသတည်း။

ယေဇကျေလထံသို့ ကောင်းကင်များသည် ဖွင့်ပေးရုံသာမက ရူပါရုံလည်းရောက်ရှိလာကာ တစ်စုံတစ်ရာသည် သူ့ထံသို့ ဖွင့်ပြခြင်းရှိလာခဲ့သည်။ ဘုရားသခင်က ယေဇကျေလအား "မျက်စိဖြင့် စေ့စေ့ကြည့်ရှုလော့။ နားဖြင့် စေ့စေ့နားထောင်လော့။ ငါပြလတံ့သမျှတို့ကို နှလုံးသွင်းထားလော့ "ဟု ပြောခဲ့သည် (ယေဇ၊၄၀း၄)။ ယေဇကျေလသည် ဘုရားသခင်၏ ရူပါရုံများကို မြင်နိုင်စေရန်အတွက် ကောင်းကင်များသည် ဖွင့်ထားခဲ့လေသည်။ ဘုရားသခင်၏ ရူပါရုံများသည် ကျွန်ုပ်တို့ကို ဘုရားဆိုင်ရာ၊ ဝိညာဉ်ဆိုင်ရာ၊ ကောင်းကင်ဆိုင်ရာအရာများကို မြင်နိုင်စေရန် ကိုယ်တော်၏ ဖွင့်ပြခြင်းများဖြစ်သည်။ ကောင်းကင်များဖွင့်ထားခြင်း မခံရသူတို့အဖို့ ဘုရားသခင်၏ ကောင်းကင်ဆိုင်ရာအရာများသည်လည်း ဖွင့်ပေးခြင်းမခံရပေ။ (*Life-study of Ezekiel*, p. 18-19)

ဖွင့်ပြခြင်းသည် ကန့်လန့်ကာကို မြင့်တင်ထားခြင်း၊ အဖုံးကို ဖွင့်ခြင်းနှင့်တူသည်။ ဖုံးကွယ်ခြင်းသည် ဖွင့်ထားခြင်းရှိပြီဖြစ်သော်လည်း အလင်းနှင့် မြင်ခြင်းဟူသော အခြားအရာနှစ်ခုကို လိုအပ်နေဆဲဖြစ်သည်။ ဖုံးကွယ်ရာသည် ဖယ်ရှားခံရသော်လည်း အလင်းမရှိလျှင် ကျွန်ုပ်တို့မြင်နိုင်မည်မဟုတ်ပါ။ အလင်းရှိသော်လည်း ကျွန်ုပ်တို့၌အမြင်မရှိခဲ့လျှင် မြင်နိုင်ဦးမည်မဟုတ်ပေ။ ဓမ္မသစ်ခေတ်ကာလတွင် ဖွင့်ပြခြင်းသည် ဤနေရာတွင်ရှိနေပြီးဖြစ်သည်၊ သို့သော် အထူးဆန်းဆုံးအရာမှာ လူများသည် သမ္မာကျမ်းစာကို ဖတ်ရှုခြင်း၌ အလင်းမရှိကြပါ သို့မဟုတ် ရူပါရုံမရှိကြပေ။ ဤသည်မှာ အဘယ်ကြောင့်နည်း။ ရှေ့ဦးစွာ သူတို့၌ အလင်းမရှိသောကြောင့်ဖြစ်သည်။ ဒုတိယအနေဖြင့် သူတို့သည် အမြင်မရှိကြပါ၊ သူတို့၏ မျက်စိများသည် မမြင်ကြပါ။ ဖုံးကွယ်ခြင်းကို မဖယ်ရှားခင်က ကျွန်ုပ်တို့သည် အမှန်ပင် ဘာကိုမျှမြင်မည်မဟုတ်ပါ။ သို့သော် ဖုံးကွယ်ခြင်းသည် ဖယ်ရှားခဲ့ပြီးဖြစ်သော်လည်း အလင်းမရှိလျှင် ဘာကိုမျှ မြင်နိုင်ဦးမည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် မျက်စိကန်းနေမည်ဆိုလျှင် အလင်းရှိနေသော်လည်း ကျွန်ုပ်တို့ဘာမျှ မြင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့၏ မျက်စိများကို ဖွင့်ထားလျှင် ကျမ်းစာ၌ ပြောဆိုထားသော ရူပါရုံကို ကျွန်ုပ်တို့ မြင်နိုင်မည်ဖြစ်သည်။ ရူပါရုံသည် အဘယ်နည်း။ ရူပါရုံသည် သာမန်မဟုတ်သော မြင်ကွင်း၊ ဘုရားသခင်ထံမှ ကျွန်ုပ်တို့မြင်ရသည့် အထူးဖြစ်သောမြင်ကွင်းဖြစ်သည်။

ယနေ့ ကျွန်ုပ်တို့သည် ဓမ္မသစ်ကျမ်းကို ဖတ်သောအခါ သမ္မာကျမ်းစာ၌ ပါဝင်သောအရာသည် ဖွင့်ပြခံရပြီးသားဖြစ်လာသည်။ သမ္မာကျမ်းစာကို ဖတ်သောအခါ

ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့ရှေ့တွင်ရှိနေသော်လည်း ကျွန်ုပ်တို့၏ မျက်စိများကို မဖွင့်ထားလျှင် ဘုရားသခင်၏ ရူပါရုံကို မြင်နိုင်ဦးမည်မဟုတ်ပါ။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဆုတောင်းကာ ဖတ်ရှုသောအခါ ကျွန်ုပ်တို့၏ မျက်စိများကို ဖွင့်ထားမည်ဆိုလျှင် ကျွန်ုပ်တို့သည် ချက်ချင်းပင် ရူပါရုံကိုမြင်ရလိမ့်မည်ဖြစ်သည်။ ထိုအချိန်တွင် ဖွင့်ပြခြင်းသည် ကျွန်ုပ်တို့၏ ရူပါရုံဖြစ်လာမည်ဖြစ်သည်။ (*The Path of Our Growth in Life,* pp. 78-79)

ဘုရားဆိုင်ရာအလင်းသည် ဘုရားဆိုင်ရာဖွင့်ပြခြင်းအပေါ် ထွန်းလင်းလာသောအခါ ဘုရားဆိုင်ရာဖွင့်ပြခြင်းသည် ဘုရားဆိုင်ရာရူပါရုံဖြစ်လာသည် (တ၊ ၂၆း ၂၉)။ ရူပါရုံသည် ကျွန်ုပ်တို့တစ်စုံတစ်ရာမြင်ရခြင်း၏ မြင်ကွင်းဖြစ်သည်။ တစ်စုံတစ်ဦး၏ မျက်လုံးများသည် ထူထဲသောဖုံးကွယ်ရာတစ်ခုခုဖြင့် ဖုံးအုပ်ထားမည်ဆိုလျှင်၊ သူ့ရှေ့၌ အံ့သြဖွယ်ရာမြင်ကွင်းရှိသော်လည်း သူသည် ၎င်းကို မြင်နိုင်မည်မဟုတ်ပေ။ သူသည် ရူပါရုံမရှိသောကြောင့် မြင်နိုင်မည်မဟုတ်ပေ၊ သို့သော် ဖုံးကွယ်ရာကို ဖယ်ရှားလိုက်သောအခါ သူသည် မြင်နိုင်မည်ဖြစ်သည်။ (*The Triune God's Revelation and His Move,* p. 6)

*ပို၍ဖတ်ရန်* – *God's New Testament Economy,* ch.38; *CWWN,* vol.36, "A Prayer for Revelation," pp. 33-57

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ဗျာ၊ နောက်ဆုံးသော ဘေးဒဏ်ခုနစ်ပါးနှင့်ပြည့်သော ဖလားခုနစ်လုံးကို**
**၂၂း၉–၁၀ ဆောင်သော ကောင်းကင်တမန်ခုနစ်ပါးတွင် တစ်ပါးသည် လာပြီး လျှင်၊ ငါ့ကို နှုတ်ဆက်၍၊ လာခဲ့ပါ။ သိုးသူငယ်၏သတို့သမီး၊ ဇနီးကို ငါပြမည်ဟု ပြောဆိုလျက်၊ ကြီးမြင့်သောတောင်သို့ ဝိညာဉ်၌ ငါ့ကို ဆောင်သွား၍၊ သန့်ရှင်းသော ယေရုရှလင်မြို့သည် ဘုရားသခင့် အထံတော်၊ ကောင်းကင်ဘုံမှဆင်းသက်သည်ကို ငါ့အားပြလေ၏။**

ကျွန်ုပ်တို့သည် ဘုရားသခင်ထံလာခြင်းဖြင့် နေ့စဉ် သမ္မာကျမ်းစာထံလာရန် သင်ယူရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ရှင်းလင်းသောအခြေအနေဖြစ်ရန် ကျွန်ုပ်တို့၏ အပြစ်များကို ဝန်ချတောင်းပန်ရမည်၊ သို့မှသာ ဝိညာဉ်တော်၌ရှိသောဘုရားသခင်နှင့် မိတ်သဟာယဖွဲ့နိုင်မည်ဖြစ်သည်။ ထို့နောက် ဆုတောင်းဖတ်ခြင်းအားဖြင့် ကိုယ်တော်၏နှုတ်ကပတ်တော်ကို ဖတ်ရမည်ဖြစ်သည်။ နေ့စဉ် ကျွန်ုပ်တို့သည် ဖွင့်ပြခြင်းကို ရရှိမည်ဖြစ်သည်၊ ဝိညာဉ်တော်သည် ဖွင့်ပြခြင်းအပေါ် အလင်းထွန်းလင်းမည်ဖြစ်ကာ၊ ကျွန်ုပ်တို့သည် ရူပါရုံကို ရရှိမည်ဖြစ်သည်။

ဧ၊၁း၁၇ ၌ ပေါလုက သခင်ဘုရားသည် ကျွန်ုပ်တို့အား ပညာနှင့်ဖွင့်ပြခြင်း၏ ဝိညာဉ်ကို ပေးပါမည့်အကြောင်း တောင်းလျှောက်ခဲ့သည်။ ဝိညာဉ်တော်သည် ဖွင့်ပြခြင်းအပေါ် ထွန်းလင်းသောအခါ ရူပါရုံလည်း ရှိလာသည်။ အလင်းမရှိလျှင် ကျွန်ုပ်တို့သည် ဖုံးကွယ်ရာမရှိတော့သော်လည်း ရူပါရုံကို ရရှိနိုင်မည်မဟုတ်ပေ။ ဖုံးကွယ်ရာသည် ဖယ်ရှားခံရမည်၊ အလင်းသည် ရောက်ရှိလာရမည်ဖြစ်သည်။ ထို့ထက်မက ကျွန်ုပ်တို့သည် အမြင်ရှိရမည်။ ကျွန်ုပ်တို့ကန်းနေမည်ဆိုပါက ဖုံးကွယ်ရာဖယ်ရှားခြင်းနှင့် အလင်းရှိနေသော်လည်း ကျွန်ုပ်တို့ ဘာကိုမျှ မြင်နိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ဖွင့်ပြခြင်း၊ အလင်း၊ အလင်းနှင့်အမြင်မှတစ်ဆင့် ရူပါရုံကို လိုအပ်သည်။ ထို့နောက် ဖုံးကွယ်ရာမရှိတော့ဘဲ ရူပါရုံကို ရရှိကာ၊ အလင်းနှင့်အမြင်လည်း ရှိလာသည်။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်၏ ဉာဏ်ပညာအားဖြင့် ရူပါရုကို နားလည်ခြင်းရှိလာမည်ဖြစ်သည်။ (*The Triune God's Revelation and His Move*, p. 7)

## ယနေ့ဖတ်စရာ

သင်သည် ကြီးကျယ်ခမ်းနားသော ဘုရားသခင်၏ ရူပါရုံမြင်ကွင်းကို ရရှိရန် အရာအားလုံးအထက် မြင့်သောနေရာသို့ ခေါ် ဆောင်ခံရပါမည်အကြောင်း ကျွန်ုပ် နက်ရှိုင်းစွာ

မျှော်လင့်ပါသည်။ ဗျာဒိတ်ကျမ်း၌ တမန်တော်ယောဟန်သည် ပျက်စီးနေသော ဗာဗုလုန်မြို့ကြီး၏ ရူပါရုံကို မြင်သောအခါ သူသည် တောထဲ၌၊ ပျက်စီးခြင်းနေရာ၌ ရှိနေသည်။ မည်သို့ဆိုစေ ဘုန်းပြည့်ဝသော သန့်ရှင်းသောမြို့တော် ယေရုရှလင်မြို့သစ်ကို မြင်နိုင်ရန် ကောင်းကင်တမန်သည် သူ့ကို မြင်သောတောင်ပေါ် သို့ခေါ် ဆောင်ခဲ့သည်။ ဤအကြောင်းမှာ လွှင်ပြင်မှ မြင်ကွင်းသည် လုံလောက်မှုမရှိသောကြောင့် ဖြစ်သည်။ သူသည် ခမ်းနားကြီးကျယ်သော ကြီးမားသောမြင်ကွင်းအတွက် လုံလောက်သည့် မြင့်သောနေရာ၊ တောင်ပေါ် သို့၊ သာလွန်တက်ကြွသောနေရာသို့ ခေါ် ဆောင်ခံရရန်လိုအပ်သည်။ ထို့ကြောင့် ကျွန်ုပ်အားလုံးကို မြင့်သောတောင်ပေါ်၊ မြင့်သောနေရာသို့ ခေါ် ဆောင်ခြင်း၊ အယောက်စီတိုင်းကို မိမိကိုယ်ကိုမှ လွှတ်မြောက်စေခြင်း၊ ကျွန်ုပ်တို့၏ ကိုယ်ပိုင် အတွေ့အကြုံများ၊ သင်ယူခြင်းများ၊ ရရှိအောင်မြင်မှုများမှ ခေါ် ထုတ်ပေးကာ ယခင်က ကျွန်ုပ်တို့မရောက်ဖူးသော အသစ်သောအဝန်းအဝိုင်း၊ သာလွန်မြင့်မားသောနယ်ပယ်သို့ ချီးမြှောက်ခံရရန် ကိုယ်တော်၏ မျက်မှောက်တော်၌ သခင်ဘုရားကို ကျွန်ုပ်မျှော်ကြည့်ပါသည်၊ သို့မှသာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဘုန်းပြည့်စုံသော ရူပါရုံ၏ သာလွန်ထူးကဲသောမြင်ကွင်းကို ရရှိနိုင်မည်ဖြစ်သည်။

ညီအစ်ကို ညီအစ်မအယောက်စီတိုင်းသည် "ကျွန်ုပ်သည် လွတ်မြောက်ကာ မိမိကိုယ်ကိုမှ အဝေးသို့ခေါ် ဆောင်ခံလိုပါသည်။ ကျွန်ုပ်၏ ဆိုးညစ်သောအပြစ်များမှ လွတ်ရုံသာမက ကျွန်ုပ်၏ ကောင်းခြင်း၊ ဝိညာဉ်ရေးအတွေ့အကြုံများမှလည်း လွတ်မြောက်လိုပါသည်။ ကျွန်ုပ်သည် များစွာရရှိအောင်မြင်ခဲ့ပြီးသော်လည်း သာ၍မြင့်သော၊ သာ၍ကြီးသော၊ ပို၍နက်နဲသော၊ ပို၍ကြွယ်ဝသော၊ ပို၍ခမ်းနားကာ သာလွန်ထူးကဲသော ရူပါရုံကို ရရှိလိုပါသည်"ဟူ၍ သခင်ဘုရားထံ ပြောဆိုရန် စိတ်သဘောထားနှင့် အလိုဆန္ဒရှိပါမည့်အကြောင်း ကျွန်ုပ်လွန်စွာမျှော်လင့်မိပါသည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုမှ ကယ်တင်ခံရပြီး အရာအားလုံးကို မြင်နိုင်ရန် ခမ်းနားကြီးကျယ်သော၊ သာလွန်ထူးကဲသော မြင်ကွင်းရှိသည့် သာလွန်မြင့်မားသောအဆင့်သို့ ခေါ် ဆောင်ခံရရန် သခင်ဘုရားသည် ကျွန်ုပ်တို့အပေါ် ကရုဏာတော်သက်ရောက်ပါစေ၊ သို့မှသာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဘုန်းပြည့်စုံသော ရူပါရုံကို မြင်နိုင်မည်ဖြစ်သည်။ (*The Vision of the Building of the Church*, pp. 8-9)

ယေဇကျေလသည် အသက်ရှင်သောသတ္တဝါလေးပါးနှင့် ဘုရားသခင်၏ ဘုန်းပြည့်ဝသောပလ္လင်တော်ကို မြင်ခဲ့သည်။ သူမြင်ရသောအရာကြောင့် သူသည် ဤရူပါရုံများကို အခြားသူများထံ သယ်ဆောင်ပေးရန် ဝန်တာရှိခဲ့သည်။ သူပြောဆိုသောအရာသည်

သွန်သင်ခြင်း သို့မဟုတ် စိတ်ကူးယဉ်တစ်ခုခု မဟုတ်ဘဲ၊ ဝိညာဉ်၌ သူမြင်ခဲ့သော ကောင်းကင်ဆိုင်ရာရူပါရုံဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အမှုဆောင်သူတိုင်းသည် အခြားသူများထံသို့ ဝိညာဉ်ရေးရာဖြစ်သော၊ ကောင်းကင်ဆိုင်ရာဖြစ်သော ရူပါရုံများကို သယ်ဆောင်ပေးရမည်ဖြစ်သည်။ ကျွန်ုပ်သည် သီအိုရီ၊ အတွေးအခေါ်၊ ဩဝါဒ သို့မဟုတ် စနစ်ကျကျစီရင်ထားသော သီဩလော်ဂျီ တစ်ခုခုကို ပြောနေခြင်းမဟုတ်ဘဲ၊ ဖွင့်ထားသောကောင်းကင်များမှ ရူပါရုံများကို အမှုဆောင်နေခြင်းဖြစ်သည်။

အသင်းတော်များအားလုံးနှင့် သန့်ရှင်းသူအားလုံးတို့သည် ကောင်းကင်ဆိုင်ရာ ရူပါရုံများကို မြင်ရန်လိုအပ်သည်။ ထို့ကြောင့် ဘုရားသခင်၏ သားသမီးများထံ ကျွန်ုပ်တို့ တင်ဆက်ပေးသောအရာသည် သွန်သင်ခြင်း သို့မဟုတ် ဩဝါဒ သို့မဟုတ် ဖတ်ခြင်းမှ ရသောအသိပညာမျှသာ မဖြစ်ရဘဲ၊ ဝိညာဉ်၌ ဘုရားသခင်ကို ဆက်သွယ်ခြင်းမှတစ်ဆင့် ဖွင့်ထားသောကောင်းကင်များမှ ကျွန်ုပ်တို့မြင်ရသောအရာဖြစ်ရမည်ဖြစ်သည်။ ဤအရာက ဘုရား၏ လူများကို သူတို့ဖမ်းဆီးခံရခြင်းမှ ပြန်လည်လွတ်မြောက်စေကာ ဘုရားသခင်၏ အသင်းတော်များတည်ဆောက်ခြင်းသို့ ဦးဆောင်သွားလိမ့်မည်ဖြစ်သည်။ (*Life-study of Ezekiel*, p. 19)

*ပို၍ဖတ်ရန်* – *Elders' Training, Book 2: The Vision of the Lord's Recovery,* ch. 6

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**ဧ၊ အလုံးစုံတို့ကိုဖန်ဆင်းတော်မူသော ဘုရားသခင်၌ ခေတ်များတစ်**
**၃း၉ လျှောက် လုံးဝှက်ထားလျက်ရှိသော ထိုနက်နဲသောအရာ၏ စီမံကိန်း**
**သည် အဘယ်အရာဖြစ်သည်ကို *သူတို့သည် မြင်နိုင်မည့်အကြောင်း၊***
**လူအပေါင်းတို့အား အလင်းပေးရန် ဖြစ်၏။**
**၁၆–၁၇ ကိုယ်တော်၏ ဝိညာဉ်တော်အားဖြင့် အတွင်းလူအထဲသို့ တန်ခိုးတော်**
**နှင့် ခွန်အားမြဲမြံခိုင်ခံ့စေခြင်းငှါ၊ ဘုန်းတော်၏ ကြွယ်ဝခြင်းများနှင့်**
**ညီလျော်စွာ သင်တို့အား ပေးတော်မူမည့်အကြောင်း၊ ယုံကြည်ခြင်း**
**အားဖြင့် သင်တို့၏ စိတ်နှလုံးများ၌ ခရစ်တော်သည် သူ၏ အိမ်တော်**
**ဆောက်လုပ်မည့်အကြောင်း၊**

ပေါလုသည် သူ၏ အလုပ်နှင့် လှုပ်ရှားမှုအားလုံး၌ ဘုရားသခင်၏ စီမံကိန်းရူပါရုံအားဖြင့် အုပ်စိုးခြင်း၊ ထိန်းချုပ်ခြင်း ခံရသည်။ ကျွန်ုပ်တို့သည်လည်း အုပ်စိုးခြင်း ထိန်းချုပ်ခြင်းခံရန်လိုအပ်သည်။ သမ္မာကျမ်းစာသည် မည်သည့်အရာနည်း။ သမ္မာကျမ်းစာ၌ အပိုင်းနှစ်ပိုင်းရှိကြောင်းပြောဆိုရန် သင်ယူရမည်။ ပထမအပိုင်းမှာ ပုံဆောင်ချက်များနှင့် ပရောဖက်ပြုချက်များဖြစ်ပြီး၊ ဒုတိယအပိုင်းမှာ ပြည့်စုံခြင်းနှင့် ပြီးမြောက်အောင်မြင်ခြင်းဖြစ်သည်။ သမ္မာကျမ်းစာ၌ ရည်ညွှန်းထားသမျှသည် ဘုရားသခင်၏ စီမံကိန်း ပြည့်စုံခြင်းနှင့် ပြီးမြောက်အောင်မြင်ခြင်းအတွက်ဖြစ်သည်။ ဘုရားသခင်၏ စီမံကိန်းမှာ ဘုရားသည် အသွေးအသားဖြစ်လာကာ၊ လူသားအသက်ရှင်ခြင်း၊ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းတို့ ဖြတ်ကျော်လာပြီး၊ ဝိညာဉ်တော်ဖြစ်လာကာ ကျွန်ုပ်တို့အထဲသို့ အသက်အဖြစ်ဝင်ရောက်လာခြင်း၊ ကျွန်ုပ်တို့အထဲသို့ ဘုရားသခင်ကို ဝေငှဖြန့်ဖြူးခြင်းဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်၊ ဘုရား၏ အိမ်တော်၊ ဘုရား၏ နိုင်ငံတော်၊ ခရစ်တော်၏ အဖော်အဖက်၊ ယေရုရှလင်မြို့သစ်ဖြစ်သည့် အဆုံးစွန်သော စုပေါင်းခြင်းတည်းဟူသော အသင်းတော်ကို ထုတ်လုပ်ရန် ကျွန်ုပ်တို့ကို ပုံသဏ္ဌာန်ပြောင်းလဲစေခြင်းဖြစ်သည်။ ဤသည်မှာ သမ္မာကျမ်းစာဖြစ်သည်၊ ဤသည်မှာ ကျွန်ုပ်တို့ကို အုပ်စိုးကာ ထိန်းချုပ်နေသော ရူပါရုံဖြစ်သည်။ (*The Governing and Controlling Vision in the Bible*, p.17)

## *ယနေ့ဖတ်စရာ*

အုပ်စိုးနေသော ရူပါရုံမှာ သုံးပါးတစ်ပါးဘုရားသည် မိမိကိုယ်တော်တိုင်ကို ကိုယ်တော်၏ ရွေးချယ်ခံ၊ ရွေးနုတ်ခံများအထဲသို့ သူတို့၏ အသက်နှင့် အသက်မစရာ အဖြစ်

လုပ်ဆောင်ကာ သူတို့၏ဖြစ်ခြင်းတစ်ခုလုံးကို သုံးပါးတစ်ပါးဘုရားဖြင့် စိမ့်ဝင်ပျံ့နှံ့စေခြင်း၊ ခမည်းတော်သည် အရင်းအမြစ်၊ သားတော်သည် စီးဆင်းခြင်း၊ ဝိညာဉ်တော်သည် မြစ်အဖြစ် လုပ်ဆောင်ခြင်းဖြစ်သည်။ သမ္မာကျမ်းစာသည် ဤအုပ်စိုးခြင်းအလေ့အလာအောက်၌ ရေးသားထားခြင်းဖြစ်ကြောင်းကို ကျွန်ုပ်တို့သိရမည်ဖြစ်သည်။ ဤသော့ကို ကျွန်ုပ်တို့ကိုင်စွဲသောအခါ သမ္မာကျမ်းစာ၏ အပိုင်းအားလုံးကို ဖွင့်နိုင်မည်ဖြစ်သည်။ ဤအလေ့အလာသည် "အသက်စမ်းချောင်း"နှင့် "အလင်းတော်၌ ကျွန်ုပ်တို့သည် အလင်းကို ရကြပါ၏"(ဆာ၊၃၆း၉) ဟူသောစကားလုံးတို့ကို အနက်ပြန်ရာ၌ ကျွန်ုပ်တို့ကို ကူညီပေးမည်ဖြစ်သည်။

သမ္မာကျမ်းစာ၏ စာစောင်တိုင်းက ဤကျမ်းပိုဒ် (ဆာ၊၃၆း၇–၉) ကို နားလည်ခြင်းအား အတည်ပြုပေးသည်၊ အကြောင်းမှာ သမ္မာကျမ်းစာတစ်အုပ်လုံးသည် သုံးပါးတစ်ပါးဘုရားကို ရွေးနုတ်ခံလူများအထဲသို့ သူတို့၏ မွေ့လျော်ဝမ်းမြောက်ရာ၊ သောက်သုံးရာ သူတို့၏ အသက်စမ်းရေတွင်းနှင့် အလင်းအဖြစ်လုပ်ဆောင်ခြင်း အလေ့အလာအတိုင်း ရေးသားထားခြင်းကြောင့်ဖြစ်သည်။ ဓမ္မသစ်ကျမ်း၏ မည်သည့်ဝေစုကိုမဆို ဤအလေ့အလာအတိုင်း အနက်ပြန်ဆိုခြင်းမှာ အဆုံးမဲ့ဖြစ်သည်။ (*Elders' Training, Book 2: The Vision of the Lord's Recovery,* p.158)

ကျွန်ုပ်တို့၌ ဤသို့ဘုန်းပြည့်စုံသောမြင်ခြင်းကို ရရှိပြီးနောက် ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခုလုံးသည် အတွေးအခေါ်၊ စိတ်သဘောထား၊ စကားပြောခြင်းနှင့် စဉ်းစားခြင်းတို့၌ ပြောင်းလဲသွားလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် စားခြင်း၊ သောက်ခြင်း၊ နားခိုခြင်း၊ လုပ်ဆောင်ခြင်းရှိနေသော်လည်း ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခုလုံးသည် ပြောင်းလဲလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ရူပါရုံကိုမြင်သောအခါတိုင်း တုံ့ပြန်မှုကို ရရှိကြသည်။ သင်မြင်ရသော ရူပါရုံသည် သင့်ကိုယ်သင် ဘေးဖယ်ထားစေရန် တတ်နိုင်သည်။ သင့်အတွေးအခေါ်များသည် ပြောင်းလဲလာမည်၊ သင်၏လျှောက်လှမ်းခြင်းနှင့် အသက်ရှင်ခြင်းသည် ယခင်ကနည်းတူမဟုတ်တော့ပေ။

ဘုရားသခင်၏ပေါ်ထွန်းခြင်းနှင့် ကျွန်ုပ်တို့ဝိညာဉ်ရေးရာ ရူပါရုံသည် ကျွန်ုပ်တို့အား အနေးနှင့်အမြန်ဆိုသလို အခြားသူများထံမှ ကွဲပြားခြားနားလာစေမည်ဖြစ်သည်။ လောကသည် ဤအရာကို မည်သို့မျှ ရှင်းပြနိုင်မည်မဟုတ်ပါ။ သူတို့သည် ၎င်းကို နားမလည်နိုင်ပါ၊ အကြောင်းမှာ သူတို့သည် ယင်းကဲ့သို့သောအရာကို တစ်ခါမျှ မမြင်ဘူးကြသောကြောင့်ဖြစ်သည်။ ထိုသို့သောရူပါရုံကို မြင်ပြီးနောက် ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းပုံစံတစ်ခုလုံးသည်လည်း ပြောင်းလဲသွားသည်။ ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခုလုံးသည် အတွင်းပိုင်းအပြောင်းအလဲရှိနေသည်။ ထိုနေ့မှစ၍ ကျွန်ုပ်တို့အဖို့ လောကသည် အရောင်

လည်း ပြောင်းလဲသွားပြီ။ ၎င်းသည် စစ်မှန်သောပြောင်းလဲခြင်းဖြစ်သည်။ ဤလောကသည် ကျွန်ုပ်တို့အဖို့ လုံးလုံးအရသာမဲ့သွားသည်။ ကျွန်ုပ်တို့၏ အသက်တာသည် သခင်ဘုရားကြောင့် အဓိပ္ပာယ်၊ ဘုန်းအသရေ၊ ရည်ရွယ်ချက်အပြည့် ဖြစ်လာသည်။ ဤအရာက ကျွန်ုပ်တို့သည် ဘုန်းပြည့်စုံသောရူပါရုံကို မြင်ခဲ့ပြီးကြောင်း သက်သေပြနေသည်။ ဤဘုန်းပြည့်စုံသောဘုရားသခင်သည် မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့ထံ ဖွင့်ပြနေပြီး ကျွန်ုပ်တို့၏ အသက်တာများသည် ပြောင်းလဲသွားသည်။ ဤအရာကို တုပ၍မရနိုင်သကဲ့သို့ ငြင်းပယ်၍လည်းမရပါ။

နယ်ခြားသို့ ဧဝံဂေလိဟောပြောခြင်း၌ ပါဝင်မည့်သူအယောက်တိုင်းသည် ရူပါရုံရှိသောလူဖြစ်ပါမည့်အကြောင့် ကျွန်ုပ်မျှော်လင့်ပါသည်။ အချို့သောသူများက သင့်အား နယ်ခြားသို့ ဧဝံဂေလိဟောပြောခြင်း၌ ပါဝင်ရန် သွေးဆောင်ခြင်းမျိုးမဖြစ်သင့်ပေ။ သွေးဆောင်ခြင်းသည် သုံးရက်သာခံမည်ဖြစ်သည်။ သုံးရက်ကြာပြီးနောက် ၎င်းသည် အသုံးမဝင်တော့မည်ကို ကျွန်ုပ်စိုးရိမ်မိပါသည်။ ၎င်းသည် သင့်အထဲသို့ တစ်စုံတစ်ရာထိတွေ့ခြင်း၊ တစ်ဆင့်ပြီးတစ်ဆင့် သခင်ဘုရားကို အစေခံရာ၌ ရှေ့ဆက်သွားနိုင်ရန် သင့်ကို ဖော်ပြမရနိုင်သောခွန်အားဖြင့် ပြည့်စေမည့် ဘုန်းကြီးသောဘုရားသခင်သည် သင့်ထံသို့ မိမိကိုယ်တော်တိုင်ကို ဖွင့်ပြခြင်း၊ အလင်းထွန်းလင်းခြင်းဖြစ်ရပေမည်။ (*The Glorious Vision and the Way of the Cross*, pp.11-12)

*ပို၍ဖတ်ရန်* – *The Governing and Controlling Vision in the Bible*, ch. 1; *Elders' Training, Book 2: The Vision of the Lord's Recovery*, ch. 13

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————

## နံနက်ခင်းကျွေးမွေးခြင်း

**၂ကော၊ ထိုသို့မယုံကြည်သောသူတို့ကား၊ ဘုရားသခင်၏ပုံသဏ္ဍာန်တော်တည်း**
**၄း၄ ဟူသော ခရစ်တော်၏ဘုန်းအသရေနှင့်ပြည့်စုံသော ဧဝံဂေလိတရား**
**၏အရောင်သည် အလင်းကို မပေးစေခြင်းငှါ၊ ဤခေတ်ကိုအစိုးရ**
**သော ဘုရားသည် သူတို့၏စဉ်းစားခြင်းများကို ကွယ်စေ၏။**
**၆ မှောင်မိုက်ထဲက အလင်းထွန်းလင်းမည်အကြောင်း မိန့်တော်မူသော**
**ဘုရားသခင်သည် ယေရှုခရစ်၏မျက်နှာ၌ ဘုရားသခင်၏ဘုန်းတော်**
**ကို သိသော ဉာဏ်ထွန်းလင်းစေခြင်းငှါ၊ ငါတို့စိတ်နှလုံးထဲ၌ အလင်း**
**ကို ထွန်းလင်းစေတော်မူ၏။**

သင်သည် ရူပါရုံကို မြင်ပြီဆိုလျှင် သင့်ရှေ့၌ အေးစက်ခြင်း သို့မဟုတ် နွေးထွေးခြင်းရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ သင့်အပေါ် သက်ရောက်စေတော့မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ကျေးရွာများသို့တိုင် ရောက်ရှိရမည်ဖြစ်ကြောင်း သိနားလည်ရမည်၊ အကြောင်းမှာ ကျွန်ုပ်တို့သည် အတွင်းပိုင်းရူပါရုံကို ရရှိထားသောကြောင့်ဖြစ်သည်။ ဤဘုန်းပြည့်စုံသောရူပါရုံသည် ကျွန်ုပ်တို့ကို ထိန်းချုပ်ကာ ရှေ့ဆက်သွားနိုင်ရန် ရဲရင့်ခြင်းကိုပေးသည်။ လက်ရှိတွင် ကျွန်ုပ်တို့သည် ညီအစ်ကိုညီအစ်မများကို သခင်ဘုရားနေ့ဒေသဆိုင်ရာအစည်းအဝေး၌ ပရောဖက်ပြုရန် များစွာ တိုက်တွန်းခွန်အားပေးကြသည်။ ဤသည်မှာ ဘုရားအတွက် စကားပြောရန်ဖြစ်သည်။ မည်သို့ဆိုစေ ဘုရားအတွက်စကားပြောရန် အခြေခံအရည်အချင်းတည်းဟူသော ရှေ့ဦးစွာ ဘုရားကိုမြင်ခြင်း ရှိရန်လိုအပ်သည်။

ကျွန်ုပ်တို့၏ နယ်ခြားသာသနာပြုခြင်းသည် အလုပ်တာဝန်မျိုးမဟုတ်ကြောင်းကို ကျွန်ုပ်တို့သည် လေးနက်စွာ သိမှတ်ရမည်ဖြစ်သည်။ ထိုအစား ယင်းမှာ ဝမ်းမြောက်ခြင်း၌ သွားခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဝမ်းမြောက်ပီတိမဖြစ်လျှင် နယ်ခြားဧဝံဂေလိဟောပြောခြင်းသည် အကျိုးသက်ရောက်မည်မဟုတ်ပေ။ ကျွန်ုပ်တို့သည် ရူပါရုံကို မြင်လျှင် လုပ်ဆောင်ရန် ကျွန်ုပ်တို့သွားခြင်းသည်လည်း ခြားနားမှုရှိမည်ဖြစ်သည်။ (*The Glorious Vision and the Way of the Cross,* p.13)

## ယနေ့ဖတ်စရာ

တစ်နေ့ ပေါလုသည် ဘုရားသခင်ကို အစေခံနေစဉ် သူသည် ဒမသက်မြို့သို့သွားခဲ့သည်။ ရုတ်တရက် ကောင်းကင်ဆိုင်ရာရူပါရုံသည် သူ့ထံသို့ရောက်လာခဲ့သည်။ ဤရူပါရုံသည် သူ့ကို လှည့်ပြန်စေသည်၊ ပြောင်းလဲစေသည် (တ၊၉း၁–၅)။ ဤရူပါရုံက အစေခံ

ခြင်းနည်းလမ်းဟောင်းမှ သူ့ကို လှည့်ပြန်စေသည်။ ဤရူပါရုံကို မြင်ပြီးနောက် သူသည် မျက်စိကန်းကာ အလွန်အားနည်းသွားပြီး ချည့်နဲ့သွားခဲ့သည်။ သူ့ထံသို့ ဤရူပါရုံမရောက်ခင်က ပေါလုသည် ရှင်းလင်းခြင်း၊ အမြင်ရှိခြင်း၊ ခွန်အားလည်းရှိခြင်း၊ အရာများစွာကို လုပ်ဆောင်နိုင်ခြင်းတို့ ရှိခဲ့သည်။ သို့သော် ကောင်းကင်ဆိုင်ရာရူပါရုံသည် သူ့ထံသို့ ရုတ်တရက် ရောက်လာပြီးနောက် ပေါလုသည် ပြောင်းလဲသွားသည်။ သူသည် မျက်စိကန်းပြီး မည်သည့်အရာကိုမျှ မမြင်နိုင်တော့၊ အားနည်းကာ မည်သည့်အရာကိုမျှ မစွမ်းဆောင်နိုင်တော့ပါ။ သူ့ထံသို့ ရူပါရုံမရောက်ခင်က သူသည် အရာများကို ဦးဆောင်လုပ်ဆောင်သော်လည်း၊ ရူပါရုံရောက်လာပြီးနောက် သူ့ကို လမ်းညွှန်ပေးရန် အခြားသူများကို လိုအပ်လာသည်။

ကောင်းကင်ဆိုင်ရာရူပါရုံအားဖြင့် တွေ့ဆုံခံရသူများအပေါ် ကောင်းကြီးခံရသော မျက်စိကန်းခြင်း ရောက်လာသည်။ ဤမျက်စိကန်းခြင်းသည် ကျွန်ုပ်တို့အပေါ် ရောက်လာပြီးနောက် အတွင်းပိုင်းဘိသိက်ပေးခြင်းနှင့် အတွင်းပိုင်းထွန်းလင်းခြင်း၊ အတွင်းပိုင်း အလင်းပေးခြင်းရှိလာသည်။ အတွင်းပိုင်းရူပါရုံသည် ပို၍ပို၍ တိုးပွားလာပြီး ကျွန်ုပ်တို့၏ သခင်ဘုရားကို အစေခံခြင်းနည်းလမ်းကိုလည်း လုံးလုံးပြောင်းလဲသွားစေမည်ဖြစ်သည်။ သူသည် ကယ်တင်ခံရပြီးနောက် သွင်ပြင်တိုင်း၌ ယခု ပေါလု၏ အစေခံခြင်းသည် ယခင်က သူအစေခံခဲ့သည့်နည်းလမ်းနှင့် ဆန့်ကျင်ဘက်ဖြစ်လာသည်။

ယနေ့ ခရစ်ယာန်လောကမှ ကြားချင်သည်ဖြစ်စေ၊ မကြားချင်သည်ဖြစ်စေ ကျွန်ုပ်သည် မြင်ခဲ့ရသောရူပါရုံကို ထပ်ခါထပ်ခါပြောရမည်ဖြစ်သည်။ ကျွန်ုပ်သည် ဤရူပါရုံကို နှစ်ငါးဆယ်ကျော်ကြာမျှ ဟောပြောလာခဲ့ပြီဖြစ်သည်။ ကျွန်ုပ်သည် ခေါင်းမာခြင်းလည်း မဟုတ်သလို ဝါကြွားခြင်းလည်းမဟုတ်ပါ။ သို့သော် ကျွန်ုပ်သည် စကြဝဠာသို့ ကြွေးကြော်လိုသည်မှာ ကျွန်ုပ်သည် ရူပါရုံမြင်ရသောသူဖြစ်ကြောင်းကိုပင်ဖြစ်သည်။ ကျွန်ုပ်သည် သခင်ဘုရားအားဖြင့် ရွေးချယ်ခံရသည်၊ သခင်ဘုရားအားဖြင့် ခေါ်ခြင်းခံရသည်ကို ကျွန်ုပ်ဝန်ခံရမည်ဖြစ်သည်။

၁၉၆၂ ၌ ကျွန်ုပ်သည် အမေရိက၌ စတင်လုပ်ဆောင်ခဲ့သည်။ လွန်ခဲ့သော နှစ်နှစ်ဆယ်အတွင်း များစွာသောသူတို့သည် မတည်မြဲခြင်း၊ မရေမရာဖြစ်ခြင်းတို့ကိုလည်း ကျွန်ုပ်မြင်ခဲ့ရသည်။ သို့သော် ကျွန်ုပ်သည် မပြောင်းလဲဘဲ ဆက်လက် တည်နေခဲ့သည်။ ဤသို့ဖြစ်ရခြင်းအကြောင်းရင်းမှာ ကျွန်ုပ်အတွင်း၌ ရှင်းလင်းသောရူပါရုံကို ရရှိထားသော ကြောင့်ဖြစ်သည်။ (*Words of Training for the New Way*, vol.2, pp. 118-119)

၂ပေ၊၁း၃ ၌ ဘုရားသခင်သည် “မိမိ၏ ဘုန်းတော်နှင့် ကောင်းမြတ်ခြင်းအားဖြင့်

ကျွန်ုပ်တို့ကို ခေါ်တော်မူကြောင်း”ပြောဆိုထားသည်။ ဓမ္မသစ်ကျမ်း၌ ကယ်တင်ခံရသောသူတိုင်းသည် ဘုရားသခင်၏ ဘုန်းပြည့်စုံသောခေါ်တော်မူခြင်းကို ရရှိသောသူဖြစ်သင့်သည်။ ကျွန်ုပ်တို့အားလုံးသည် ကိုယ်တော်၏ ဘုန်းတော်ကို မြင်ခဲ့ပြီ၊ ကိုယ်တော်အားဖြင့်ဆွဲဆောင်ခံရပြီ၊ ကိုယ်တော်၏ လွှမ်းမိုးမှုအောက်၌ နေရပြီဖြစ်သည်။ ကျွန်ုပ်သည် ယခင်က နည်းတူ လောကဆန်သောလူများ မဖြစ်နိုင်တော့ပေ။ ကျွန်ုပ်တို့သည် အထူးဖြစ်သောလူများဖြစ်လာကြသည်၊ အကြောင်းမှာ ကျွန်ုပ်တို့ကို သခင်ဘုရားခေါ်တော်မူသောကြောင့်ဖြစ်သည်။ ကောင်းကင် သို့မဟုတ် မြေကြီးကို ကျွန်ုပ်တို့ ဂရုမစိုက်ပါ။ ကျွန်ုပ်တို့မြင်ရသော ဤဘုန်းတော်သည် ကျွန်ုပ်တို့အသက်တာ၏ အဓိပ္ပာယ်ဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့၏ ပန်းတိုင်၊ ကျွန်ုပ်တို့၏ ခန့်အပ်စေခိုင်းခြင်း၊ ကျွန်ုပ်တို့၏ ဝန်တာလည်းဖြစ်သည်။ ကျွန်ုပ်တို့သည် မည်သည့်အခြေအနေကိုမျှ ဂရုမစိုက်သလို အခြားသူများကို မည်သို့ထင်ထင် ဂရုမစိုက်တော့ပါ။ ကျွန်ုပ်တို့အတွင်း၌ ကျွန်ုပ်တို့ ငြင်းပယ်ရန် သို့မဟုတ် မနာခံဘဲမနေနိုင်မည့် တစ်စုံတစ်ရာရှိနေသည်။ ၎င်းမှာ ဘုန်းပြည့်စုံသောရူပါရုံဖြစ်သည်။ ကျွန်ုပ်တို့သည် ဤရူပါရုံအတိုင်း ကျွန်ုပ်တို့၏ အသက်တာတစ်လျှောက်လုံး ဘုရားသခင်ကို အစေခံရမည်ဖြစ်သည်။ (*The Glorious Vision and the Way of the Cross*, p.15)

*ပို၍ဖတ်ရန် – The Glorious Vision and the Way of the Cross*, ch.1; *Words of Training for the New Way*, vol.2, ch.24; *The Triune God's Revelation and His Move*, msg. 4

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**တ၊ တစ်ပါးအမျိုးသားတို့သည် မှောင်မိုက်မှအလင်းသို့ ကူးပြောင်း၍၊ ၂၆း၁၈–၁၉ စာတန်၏ အာဏာထဲမှ ဘုရားသခင့် အထံတော်သို့ ပြောင်းလဲသော အားဖြင့် အပြစ်လွှတ် ခြင်းကျေးဇူးကို ခံရမည်အကြောင်းနှင့် ငါ၌ ယုံကြည်ခြင်းအားဖြင့် သန့်ရှင်းခြင်းသို့ ရောက်သောသူတို့နှင့် အမွေ ခံရမည်အကြောင်း၊ သူတို့၏မျက်စိကို ဖွင့်စေခြင်းငှါ စေလွှတ်မည်ဟု မိန့်တော်မူ၏။ ထို့ကြောင့် အို အဂြိပ္ပမင်းကြီး၊ ကောင်းကင်ကဖြစ် သော ထိုရူပါရုံကို အကျွန်ုပ်သည် နားမထောင်ဘဲမနေရပါ။**

ကျွန်ုပ်တို့သည် ဘုရားသခင်ကို အစေခံရန် ရူပါရုံနှင့် ဖွင့်ပြခြင်းရှိရမည်ဖြစ်သည်။ ဘုရားသခင်ကို အစေခံခြင်းနည်းလမ်းမှာ ရူပါရုံမှလာခြင်းဖြစ်ကာ ဘုရားကို အစေခံရန် အသက်သည် ဖွင့်ပြခြင်းမှလာခြင်းဖြစ်သည်။ မည်သည့်လူသားကိုမျှ ဘုရားကိုအစေခံ ခြင်းအထဲသို့ မယူဆောင်သင့်ပါ၊ ဆိုလိုသည်မှာ ကျွန်ုပ်တို့၏ အတိတ်ကအရာ၊ တရုတ်လူ မျိုးဖြစ်ခြင်း၊ ခြားနားသည့်အရာ၊ ဟောင်းသည့်အရာ၊ အသစ်မဟုတ်သောအရာမှန်သမျှ မည်သည့်အရာကိုမျှ မယူဆောင်သင့်ပေ။ ကောင်းကင်ဆိုင်ရာရူပါရုံသည် ဘုရားကိုအစေ ခံသူများ၏ မြေကြီးဆိုင်ရာ လေ့ကျင့်လုပ်ဆောင်မှုများနှင့် နည်းလမ်းများကို ရပ်တန့်စေ သည်။ ကောင်းကင်ဆိုင်ရာရူပါရုံသည် ကျွန်ုပ်တို့ကို ထိန်းညှိပေးနေသည်။ (*The Vision, Ministry, and Leading of the Lord's Serving Ones,* p. 11-12)

## ယနေ့ဖတ်စရာ

ခရစ်တော်နှင့်အသင်းတော်၏ ရူပါရုံသည် ကျွန်ုပ်တို့တစ်ဦးချင်းဆိုင်ရာ အသက်၌ ကြီးထွားခြင်းနှင့် ဆက်နွှယ်ရုံသာမက မြေကြီးပေါ်တွင် အသင်းတော်တည်ဆောက်ခြင်း နှင့်လည်း ဆက်နွှယ်နေသည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကို အသက်အဖြစ်တွေ့ကြုံခံစား သောအခါ အသက်၌ ကြီးထွားခြင်းလည်းရှိလာမည်ဖြစ်သည်။ အသင်းတော်အသက်တာ၌ အသက်ရှင်သောအခါ အသင်းတော်သည် တည်ဆောက်ခြင်းရှိလာမည်ဖြစ်သည်။ ထို့ ကြောင့် သခင်ဘုရားကို အစေခံသော ကျွန်ုပ်တို့အယောက်စီတိုင်းသည် ခရစ်တော်နှင့် အသင်းတော်၏ ရူပါရုံကို မြင်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ထိုသို့သောရူပါရုံကို မြင်ကာ ၎င်း၌ အသက်ရှင်ရမည်ဖြစ်သည်။ ဤရူပါရုံသည် ကျွန်ုပ်တို့အစေခံခြင်း၏ ပန်းတိုင်လည်း ဖြစ်ရမည်။ ၎င်းသည် လွန်စွာတောက်ပထွန်းလင်းသော မီးအိမ်ကဲ့သို့ဖြစ်ရမည်ဖြစ်ပြီး၊

ကျွန်ုပ်တို့သည် ထိုအလင်း၌ လျှောက်လှမ်းရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် အသင်းတော်၌ ကလေးများကို အစေခံသည်ဆိုပါက သူတို့အား ငယ်ရွယ်စဉ်၌ ခရစ်တော်ကိုသိရန်နှင့် အသင်းတော်တည်ဆောက်ခြင်းအတွက် တန်ဆာပလာများဖြစ်လာရန် ကူညီပေးရမည်ဖြစ်သည်၊ သို့မှသာ သူတို့သည်လည်း အတူတကွတည်ဆောက်ခြင်းရှိလာမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အသင်းတော်၏ ရူပါရုံကို မြင်ပြီဆိုလျှင် ကျွန်ုပ်တို့အစေခံခြင်းအားလုံး၏ ပန်းတိုင်သည် အခြားသူများအား ခရစ်တော်ကိုအသက်အဖြစ်ရယူစေရန်ဖြစ်သည်၊ သို့မှသာ သူတို့သည် အသင်းတော်၌ တည်ဆောက်ခံသော သင့်လျော်သည့်တန်ဆာပလာများဖြစ်လာမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ အစေခံခြင်းအားလုံး၌ အခြားသူများအား ခရစ်တော်ကို အသက်အဖြစ်ရယူစေရန် ဉာဏ်ပညာအားလုံးကို အသုံးပြုရမည်ဖြစ်သည်၊ သို့မှသာ သူတို့သည် တည်ဆောက်ခြင်းအတွက် တန်ဆာပလာများဖြစ်လာကာ ဘုရားသခင်၏ ဝိညာဉ်ဆိုင်ရာအိမ်တော်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ညီအစ်ကိုညီအစ်မတို့၊ ဤအရာသည် ကျွန်ုပ်တို့၏ ရူပါရုံဖြစ်သည်။ (*Our Vision - Christ and the Church*, pp. 12-13)

ရူပါရုံမရှိဘဲ အစေခံရမည့်အစား ပေါလုသည် ရူပါရုံနှင့်အတူ အစေခံခဲ့သည်။ သူသည် ကြီးသောအရာများ၌ ရူပါရုံနှင့်အစေခံရုံသာမက သေးငယ်သောအရာများ၌လည်း ရူပါရုံနှင့်အတူ အစေခံခဲ့သည်။ (*The Hevenly Vision*, p. 9)

ကျွန်ုပ်တို့သည် အစေခံရန်ဆန္ဒရှိပါက ကျွန်ုပ်တို့၌ ရူပါရုံရှိရမည်။ ကျွန်ုပ်တို့အား ရူပါရုံကိုပေးပါရန် သခင်ဘုရားထံသို့ တောင်းလျှောက်ရမည်ဖြစ်သည်။ ထိုထက်မက ကျွန်ုပ်တို့သည် ယာယီမျှသာဖြစ်သော ပေါ့တန်သောရူပါရုံကို ရရှိခြင်းမဟုတ်ပါ။ ထိုအစား ကျွန်ုပ်တို့သည် ဘုရားသခင်၏ အကြံအစည်တော်၌ အလယ်ဗဟိုကျသောရူပါရုံ၊ အခြေခံအကျဆုံးသောရူပါရုံကို ရရှိရန်လိုအပ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ရည်ရွယ်ချက်နှင့်စပ်လျဉ်း၍ အခြေခံနှင့် အလယ်ဗဟိုကျသောအရာကို စစ်မှန်စွာ နားလည်ခြင်းနှင့် မြင်ခြင်းရှိနိုင်မည်ဖြစ်သည်။ (*Our Vision- Christ and the Church*, p. 7)

ကျွန်ုပ်တို့သည် ရူပါရုံကို မည်သို့မြင်နိုင်မည်နည်း။ ဖွင့်ပြခြင်းကို လက်ခံရရှိရန်နည်းလမ်းမှာ မည်သည့်အရာနည်း။ ရူပါရုံကို မြင်ခြင်းနှင့် ဖွင့်ပြခြင်းကို ရရှိခြင်းနှင့် ဆက်နွယ်သည့် အခြေအနေမှာ လူတိုင်းအဖို့ အတူတူမဟုတ်သော်လည်း အလေ့အလာမှာ အတူတူဖြစ်သည်။ ရူပါရုံများသည် ဘုရားသခင်ထံမှ လာခြင်းဖြစ်သည်။ ၎င်းတို့သည် ကျွန်ုပ်တို့၏ ဇာတိလူအပေါ် မူတည်ခြင်းမဟုတ်ပေ။ ဘုရားသခင်က ကျွန်ုပ်တို့ကို မြင်စေလိုလျှင် ကျွန်ုပ်တို့မြင်ရမည်ဖြစ်သည်။ ဘုရားသခင်က မမြင်စေလိုလျှင် ကျွန်ုပ်တို့မြင်နိုင်မည်မဟုတ်

ပါ။ ထိုမျှမက ကျွန်ုပ်တို့၏ စိတ်နှလုံး၊ ကျွန်ုပ်တို့၏ အလိုဆန္ဒနှင့်စပ်လျဉ်း၍ တန်ဖိုးမရှိသော အရာများကို စွန့်လွှတ်ခြင်း၊ သခင်ဘုရားကို စောင့်မျှော်ခြင်း၊ စိတ်နှလုံးဖြူစင်ခြင်း၊ သခင်ဘုရားထံဖွင့်ပေးတို့ကို လုပ်ဆောင်ရန် တာဝန်ရှိနေသည်။

တူညီသောခေတ်ကာလ၌ ဘုရားသခင်ကို အစေခံသောသူတိုင်း ရူပါရုံကို တိုက်ရိုက်ရရှိခြင်းမဟုတ်ပါ။ သမ္မာကျမ်းစာ၌ ပေါလုသည် တိုက်ရိုက်ရူပါရုံကိုရရှိခဲ့သော်လည်း တိမောသေသည် ပေါလုမှတစ်ဆင့် ရူပါရုံကိုရရှိခဲ့သည်။ တိမောသေသည် မိမိကိုယ်တိုင်တိုက်ရိုက်ရူပါရုံကို ရရှိသည်ဟူသော မှတ်တမ်းမျိုး သမ္မာကျမ်းစာ၌ မရှိပါ။ တိမောသေမြင်သမျှသည် ပေါလုမှတစ်ဆင့် မြင်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ပေါလုက “သင်သည်သင်ယူခဲ့ပြီးသောအရာတို့၌ စွဲမြဲလျက်ရှိလော့။ သင်သည် ထိုအရာတို့ကို အဘယ်သူထံ၌ သင်ယူခဲ့သည်ကို သိမှတ်လျက်၊ ခရစ်တော်ယေရှု၌ရှိသော ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းအလို့ငှါ၊ ပညာကိုပေးနိုင်သည့် သန့်ရှင်းသောသမ္မာကျမ်းစာကို သူငယ်အရွယ်မှစ၍ သိမှတ်၏” (၂တိ၊၃း၁၄–၁၅)ဟု ပြောခဲ့သည်။ ဆိုလိုသည်မှာ တိမောသေသည် ရူပါရုံကို ပေါလုထံမှ ရရှိခြင်း၊ သမ္မာကျမ်းစာမှ ရရှိခြင်းဖြစ်သည်။ ထို့ကြောင့် ဤခေတ်၌ ဘုရားသခင်ကို အစေခံသောသူတိုင်းသည် တိုက်ရိုက်ရူပါရုံကို ရရှိခြင်းမဟုတ်ပေ။ မည်သို့ပင်ဆိုစေ ကျွန်ုပ်တို့အားလုံးသည် တူညီသောရူပါရုံကို မြင်ရမည်ဖြစ်ပြီး ၎င်းကို တူညီသောအလေ့အလာ၌ လက်ခံရရှိရမည်ဖြစ်သည်။ (*The Vision, Ministry, and Leading of the Lord's Serving Ones*, pp. 15, 18)

*ပို၍ဖတ်ရန် -* *The Vision, Ministry, and Leading of the Lord's Serving Ones*, ch. 1*; CWWL, 1965*, vol.3, "The Heavenly Vision" ch. 1

***အလင်းဖွင့်ပြခံရခြင်းနှင့်နှီးဆော်ခံရခြင်း*** ––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**တ၊ ၂၆း၁၆ အလုံးစုံတို့ကိုဖန်ဆင်းတော်မူသော ဘုရားသခင်၌ ခေတ်များတစ် သို့သော်လည်း၊ ထ၍မတ်တတ်နေလော့။ သင်သည် ယခုမြင်ရသော အကြောင်းအရာတို့နှင့် နောက်မှ ငါသည် သင့်အား ထင်ရှားလတံ့သော အကြောင်းအရာတို့မှာ၊ အမှုဆောင်ရွက်သောသူ သက်သေခံသော သူအရာ၌ သင့်ကို ခန့်ထားစေခြင်းငှါ ငါသည် သင့်အား ထင်ရှား၏။**

**၂၂း၁၅ ထို့ကြောင့် သင်သည် မြင်လေသမျှ၊ ကြားလေသမျှတို့ကို လူအပေါင်း တို့အားပြော၍၊ သခင်ဘုရား၏သက်သေခံ ဖြစ်ရမည်အကြောင်း၊**

တ၊ ၂၆း၁၆ ၌ ပေါလုသည် ခရစ်တော်မပါဘဲ အရာများစွာ၏ ဖွင့်ပြခြင်းကို ရရှိခြင်း မဟုတ်ကြောင်းကို ညွှန်ပြထားသည်။ ထိုအစား သူသည် ခရစ်တော်၌ မြင်ခြင်း၌ အရာ များကို ရရှိခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ခရစ်တော်သည် ထိုအရာများ၏ အကြောင်း ရင်းဖြစ်သော မိမိကိုယ်တော်တိုင်မပါဘဲ ပေါလုထံ ဖွင့်ပြပေးခြင်းမဟုတ်ပါ။ ဤသည်မှာ ပေါလုသည် သခင်ဘုရား၌ သူမြင်ရသောအရာ၏ သက်သေခံဖြစ်ရမည့်အကြောင်းဖြစ် သည်။ ပေါလုမြင်သောရူပါရုံတိုင်း၌ သူသည် ခရစ်တော်ကို မြင်ခဲ့သည်။ ထို့ထက်မက သူ သည် သခင်ဘုရားက သူ့ထံသို့ပေါ် ထွန်းခြင်း၌ သူမြင်ရသည့်အရာများ၏ သက်သေခံဖြစ် မည့်အကြောင်းပင်ဖြစ်သည်။ ဤနေရာ၌ သခင်ဘုရားက ပေါလုအား "သင်ရရှိမည့် ရူပါရုံ များနှင့် ဖွင့်ပြခြင်းများ အားလုံး၌ ငါသည် ပေါ် ထွန်းလာမည်"ဟု ပြောဆိုပုံရသည်။ ဤ အရာက ကျွန်ုပ်တို့သည် ရူပါရုံများနှင့် ဖွင့်ပြခြင်းများကို ရရှိပြီး သခင်ဘုရားကို မမြင်ပါက ကျွန်ုပ်တို့မြင်သောအရာသည် အချည်းနှီးသာဖြစ်ကြောင်းကို ညွှန်ပြထားသည်။ (*Life-study of Acts*, p.596)

## ယနေ့ဖတ်စရာ

ပေါလုသည် ဒမသက်မြို့သို့သွားရာလမ်း၌ ခရစ်တော်သည် အရာတစ်ချို့ကို သူ့ထံ ဖွင့်ပြခဲ့ပြီး၊ ထိုအရာများ၌ ပေါလုသည် ခရစ်တော်ကို မြင်ခဲ့သည်။ သခင်ဘုရားက ပေါလု အား ပို၍များစွာ ဖွင့်ပြပေးမည်ဖြစ်ကြောင်း၊ ထိုအရာများ၌ သခင်ဘုရားကိုယ်တော်တိုင် သည် သူ့ထံသို့ ပေါ် ထွန်းမည်ဖြစ်ကြောင်း ညွှန်ပြခဲ့သည်။ ထို့ကြောင့် ပေါလုမြင်သောအရာ သည် အရာများကိုသာမဟုတ်ဘဲ ထိုအရာများ၌ ပေါ် ထွန်းသောအရှင် ခရစ်တော်ကိုယ် တိုင်ကို မြင်ရခြင်းဖြစ်သည်။

သင်၏ အတွေ့အကြုံ၌ သင်သည် သခင်ဘုရားထံမှ အလင်းရရှိသည် သို့မဟုတ် ရူပါရုံ သို့မဟုတ် ဖွင့်ပြခြင်းရရှိသည်ဟု ကြွေးကြော်ခြင်းရှိကောင်းရှိမည်။ သို့ဖြစ်သော်လည်း ထိုအလင်း၊ ရူပါရုံ၊ သို့မဟုတ် ဖွင့်ပြခြင်း၌ ခရစ်တော်ပေါ် ထွန်းခြင်းရှိမရှိကို သင်သည် ဆင်ခြင်ရမည်ဖြစ်သည်။ ထိုအလင်း၊ ရူပါရုံ သို့မဟုတ် ဖွင့်ပြခြင်း၌ သင်သည် ခရစ်တော်ကို မြင်ပါသလား။

သခင်ဘုရားထံမှ ရရှိသော မည်သည့်အလင်း၌မဆို ကျွန်ုပ်တို့သည် ခရစ်တော်ကို မြင်ရမည်ဖြစ်သည်။ ခရစ်တော်သည် အလင်းပေးခြင်း၊ ရူပါရုံ သို့မဟုတ် ဖွင့်ပြခြင်းနည်းလမ်းတို့၌ ကျွန်ုပ်တို့ထံ ပေါ် ထွန်းခြင်းရှိရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို လေ့လာကာ ကျမ်းစာမှအသိပညာများကို ခရစ်တော်မပါဘဲ ရရှိမည်ဆိုလျှင် ထိုအသိပညာသည် အချည်းနှီးသာဖြစ်သည်။ ကျွန်ုပ်တို့ထံ ဖွင့်ပြခံရသောအရာများ၌ ခရစ်တော်ကို မြင်နိုင်ရန် ကျွန်ုပ်တို့အားလုံး သင်ယူရမည်ဖြစ်သည်။ (*Life-study of Acts*, pp.596-597)

ဒမသက်မြို့သို့ သွားရာလမ်းမှ အဖြစ်အပျက်ကို ပေါလုက နောက်ပိုင်းပြန်ပြောရာတွင် သူသည် ၎င်းကို “ကောင်းကင်ဆိုင်ရာရူပါရုံ”အဖြစ် ရည်ညွှန်းခဲ့သည် (တ၊ ၂၆း ၂၉)။ ထိုအချိန်၌ ကောင်းကင်မှ ကြီးစွာသောအလင်းသည် ပေါလုပတ်လည်ထွန်းတောက်ခဲ့ပြီး၊ သူသည် ရုတ်တရက် မြေပေါ် သို့ လဲကျခဲ့သည်။ ထို့နောက် သူသည် ကောင်းကင်မှ သူ့အား စကားပြောသံကို ကြားခဲ့သည် (အငယ်၊၁၄–၁၈)။ ထိုစကားပြောခြင်းသည် ရူပါရုံဖြစ်လာသည်။ ဤအရာက သူ့ကို မြေကြီးပေါ် သို့ ကျစေသည်။ အလေ့အလာအရ ကျွန်ုပ်တို့သည်လည်း ပေါလု၏ အတွေ့အကြုံကို ရရှိရန်လိုအပ်သည်။ ကျွန်ုပ်တို့တစ်စုံတစ်ခုသောအရာ၌ ပါဝင်ပတ်သက်ကာ ယင်းအားဖြင့် လွှမ်းမိုးခံရသည်ဆိုပါစို့၊ သို့သော် ချိန်းချက်ထားသောကာလရောက်သောအခါ သခင်ဘုရားသည် ကျွန်ုပ်တို့ကို လာရောက်တွေ့ဆုံလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ပညာရေးကို ကြိုးစားဆည်းပူးကာ ဘွဲ့ဒီဂရီရရှိတော့မည်ဆိုပါစို့၊ သခင်ဘုရားသည် ကျွန်ုပ်တို့ကို လာရောက်တွေ့ဆုံလိမ့်မည်ဖြစ်သည်။ သို့မဟုတ် ကျွန်ုပ်တို့၏ လုပ်ငန်းကျရှုံးကာ စိတ်ပျက်လက်ပျက်ဖြစ်နေသည်ဆိုပါစို့၊ ထိုအချိန်တွင် သခင်ဘုရားသည် ကျွန်ုပ်တို့ကို လာရောက်တွေ့ဆုံလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့ သခင်ဘုရားကို တွေ့ဆုံခြင်းသည် ကျွန်ုပ်တို့ ဒမသက်မြို့သွားရာလမ်းမှ အတွေ့အကြုံပင်ဖြစ်သည်။ အစေခံသောသူအယောက်စီတိုင်းသည် ရူပါရုံကို အနည်းဆုံးတစ်ကြိမ်ခန့်မြင်တွေ့ကာ သူ၏ အသက်တာတစ်ခုလုံးကို ထိုရူပါရုံအားဖြင့် လမ်းညွှန်ခြင်းခံရန် အခွင့်ပေးသောသူများဖြစ်ရမည်ဖြစ်သည်။ (*The Vision, Living, and Work of the Lord's Serving Ones*, pp. 130-131)

"သခင်၊ ကိုယ်တော်သည် မည်သူနည်း"ဟူသော မေးခွန်းကို ဖြေကြားခံရခြင်း၌ ပေါလုမြင်သော ရူပါရုံမှာ မည်မျှသာလွန်ထူးမြတ်လှပါတကား။ သူ့ထံသို့ ရောက်လာသော ရူပါရုံသည် သူ၏ ရေးသားခြင်းများ၌ ပြည့်နေသည်။ ယင်းတို့အားဖြင့် ကောင်းကင်ဆိုင်ရာအလင်းပေးခြင်းအောက်၌ တူညီသောရူပါရုံသည် ကျွန်ုပ်တို့အဖို့ဖြစ်လာသည်။ ဤနာဇရက်မြို့သားယေရှုသည် ခမည်းတော်၏ ပြည့်ဝခြင်းကို ကိုယ်ထင်ရှားခြင်းဖြစ်သည်။ သားတော်၏ ကိုယ်ထင်ရှားခြင်းဖြစ်သော အသင်းတော်သည် ကိုယ်တော်၏ ကြွယ်ဝခြင်းများကို ယူဆောင်ကာ ကိုယ်တော်၏ ပြည့်ဝပြည့်စုံခြင်းဖြစ်လာခဲ့သည်။ ခရစ်တော်ကိုယ်တော်တိုင်သည် ကျွန်ုပ်တို့အထဲသို့ ယူဆောင်ခြင်းခံကာ ကျွန်ုပ်တို့၏ အသက်ဖြစ်လာရမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် မိမိကိုယ်ကို ဩဝါဒများဖြင့် နှောင့်ယှက်ခံရခြင်း သို့မဟုတ် ကောင်းသောအပြုအမူနောက်သို့ အားထုတ်ကြိုးစားခြင်းတို့ကို ခွင့်ပြုခြင်းမရှိဘဲ ကိုယ်တော်ကို အသက်အဖြစ် ယူဆောင်ခြင်းအားဖြင့် ဤရူပါရုံကို နာခံရမည်ဖြစ်သည်။ တစ်နေ့တာလုံး ကျွန်ုပ်တို့၏ အပြုအမူအားလုံး၌ ကျွန်ုပ်တို့သည် ခရစ်တော်ကို ဆက်သွယ်ခြင်း၌ တည်မြဲနေရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ဆုတောင်းခြင်း၌ အဆက်မပြတ်စကားပြောလေလေ (၁သက်၊၅း၁၇) ကျွန်ုပ်တို့သည် ကိုယ်တော်ကို ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်အဖြစ်ယူဆောင်နိုင်မည်ဖြစ်ပြီး၊ ကောင်းကင်ဆိုင်ရာရူပါရုံအတိုင်း အသက်ရှင်လာနိုင်မည်ဖြစ်သည်။ (*Life Messages,* vol.1, p. 279)

*ပို၍ဖတ်ရန်* - *Life-study of Acts,* msg. 68; *The Vision, Living, and Work of the Lord's Serving Ones,* ch. 15

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ———————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

***Hymns*, # 1220**

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ–––––––––––

## ခရစ်တော်၏ရုပ်ပုံ

ဖတ်ရန်ကျမ်း။ ။ ကော၊ ၂း၁၆–၁၇က၊၁၉။ ယော၊၁၄း၆။ ၅း၃၉–၄၀။ ၁၆း၁၃။
၁ယော၊၅း၆။ ဧ၊၃း၈၊၁၇။

*Day 1* **I. "ထို့ကြောင့် စားသောက်ခြင်းအမှု၌ ပွဲနေ့၊ လဆန်းနေ့၊ ဥပုသ်နေ့တို့ကို စောင့်ခြင်းအမှုတွင် သင်တို့ကို အဘယ်သူမျှ မစစ်ကြောမစီရင်စေနှင့်။ ထိုအရာတို့သည် နောက်ဖြစ်လတံ့သောအရာတို့၏ အရိပ်ဖြစ်ကြ၏။ ကိုယ်မူကား၊ ခရစ်တော်၏ကိုယ်ဖြစ်၏။ သင်တို့၏ဆုနှင့် မထိုက်တန်ဟု သင်တို့အား စီရင်ခြင်းအားဖြင့် မလုယူစေနှင့်" (ကော၊ ၂း၁၆–၁၇က)။**

က။ လူ၏ရုပ်ပိုင်းဆိုင်ရာကိုယ်ခန္ဓာကဲ့သို့ပင်၊ ကော၊ ၂း၁၇ ရှိ ကိုယ်ခန္ဓာသည် ဒြပ်ကိုယ်ထည်ဖြစ်သည်။ ထို့ပြင် လူ့ကိုယ်ခန္ဓာ၏ ပုံရိပ်ကဲ့သို့ပင် ပညတ်တရားရှိ ဘုရားဝတ်ပြုရန် နည်းလမ်းများသည် ဓမ္မဂေလိတရား၏ စစ်မှန်ခြင်းနှင့်ဒြပ်ကိုယ်ထည်ဖြစ်သော ခရစ်တော်၏ ပုံရိပ်ဖြစ်သည်။ ကောလောသဲစာစောင်သည် ထိုကဲ့သို့ ဘုရားသခင်၏ စီမံကိန်း၏ အလယ်ဗဟိုအချက်အချာအဖြစ် အရာအားလုံးပါဝင်သောခရစ်တော်ကို ဖွင့်ပြသည် (၁း၁၇က၊၁၈က။ ၃း၁၁)။

ခ။ နေ့စဉ်၊ အပတ်စဉ်၊ လစဉ်နှင့် နှစ်စဉ်နှစ်တိုင်း၊ ခရစ်တော်သည် အကောင်းဘက်အားလုံး၏ စစ်မှန်ခြင်းဖြစ်သည်။ အရာအားလုံးပါဝင်သော ခရစ်တော်၏ စကြဝဠာလုံးဆိုင်ရာကြီးမားကျယ်ပြန့်ခြင်းကို ညွှန်ပြသည်။

၁။ နေ့စဉ်နေ့တိုင်း ခရစ်တော်သည် ကျွန်ုပ်တို့၏ ကျေနပ်နှစ်သိမ့်ခြင်းနှင့် ခွန်အားဖြစ်ခြင်းအတွက် ကျွန်ုပ်တို့၏ စားစရာနှင့်သောက်စရာဖြစ်သည် (၁ကော၊၁၀း၄–၃)။

၂။ အပတ်စဉ် ခရစ်တော်သည် ကျွန်ုပ်တို့၏ ပြီးမြောက်ခြင်းနှင့်ကိုယ်တော်၌ နားခိုခြင်းအတွက် ကျွန်ုပ်တို့၏ ဥပုသ်နေ့ဖြစ်သည် (မ၊၁၁း၂၈–၂၉)။

၃။ လစဉ် ခရစ်တော်သည် မှောင်မိုက်၌ အလင်းနှင့်အတူ အသစ်

သောအစပြုခြင်းအဖြစ် ကျွန်ုပ်တို့၏ အသစ်သောလဖြစ်သည် (ယော၊၁း၅။ ဂး၁၂)။

၄။ နှစ်စဉ်နှစ်တိုင်း ခရစ်တော်သည် ကျွန်ုပ်တို့၏ ပျော်ရွှင်ခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် ကျွန်ုပ်တို့၏ စားသောက်ပွဲဖြစ်သည်(၁ကော၊၅း၈)။

*Day 2*

ဂ။ ဆွဲဆောင်မှုအပြည့်ရှိသူနှင့် ဆွဲဆောင်ခြင်း၌ ကြွယ်ဝသောသူတည်းဟူသော ကြီးမားကျယ်ပြန့်ခြင်းသော ခရစ်တော်သည် သမ္မာကျမ်းစာ၏ အနှစ်သာရဖြစ်သည် (လု၊၂၄း၄၄။ ယော၊၅း ၃၉–၄၀။ မ၊၁း၁။ cf. ဗျာ၊၂၂း၂၁)။

ဃ။ စကားစပ်အရ၊ ကော၊၂း၁၇ ရှိ "ဆု"ဟူသည်မှာ ပုံရိပ်များ၏ ခန္ဓာကိုယ်တည်းဟူသော ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ ဆုကို လုယူခြင်းမှာ ခရစ်တော်၏ အတွင်းပိုင်းဝမ်းမြောက်ခြင်း၏ လုယူရန်ဖြစ်သည် (cf. က၊၁၅း၁။ ဖိ၊၃း၈)။

င။ ကျွန်ုပ်တို့၏ လိုအပ်ချက်သည် အတွင်းပိုင်း၌ ဘုရားဆိုင်ရာဖွင့်ပြခြင်းကို ပြည့်စုံစေရန် အတွင်းပိုင်းမှ ခရစ်တော်ကို ကျွန်ုပ်တို့၏ ဝမ်းမြောက်ခြင်းဖြစ်လာစေရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကို မွေ့လျော်ခြင်းနှင့် တွေ့ကြုံခံစားခြင်း လျော့နည်းနေပါက ဘုရားသခင်၏ ဖွင့်ပြခြင်းနှင့် စပ်လျဉ်း၍လည်း ကျွန်ုပ်တို့အားနည်းနေမည်ဖြစ်သည် (ကော၊၁း ၂၅–၂၇)။

စ။ တစ်နေ့ပြီးတစ်နေ့ ကျွန်ုပ်တို့၏ လုပ်ဆောင်ခြင်း မှန်သမျှသည် ထိုအကြောင်းအရာ၏ စစ်မှန်ခြင်းဖြစ်သော ခရစ်တော်ကို ကျွန်ုပ်တို့အား သတိပေးခြင်းဖြစ်သင့်သည်။ ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာ၌ အရာများအားလုံး၏ စစ်မှန်ခြင်းဖြစ်သော ခရစ်တော်ကို ယူဆောင်ခြင်းအလေ့အကျင့်ကို လိုက်လျှောက်မည်ဆိုလျှင် ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာသည် ပုံသဏ္ဌာန်ပြောင်းလဲလာကာ ကျွန်ုပ်တို့သည် ခရစ်တော်နှင့် ပြည့်ဝလာမည်ဖြစ်သည် (၂ကော၊၄း၁၆။ ဖိ၊၁း၁၉–၂၁က)။

*Day 3*

ဆ။ ကျွန်ုပ်တို့၏ မရှိမဖြစ်လိုအပ်သောအရာခပ်သိမ်း၏ စစ်မှန်ခြင်းအဖြစ် တစ်နေ့ပြီးတစ်နေ့ ခရစ်တော်ကိုဝမ်းမြောက်ရန် လိုအပ်သည်။

၁။ ခရစ်တော်သည် ကျွန်ုပ်တို့၏ လေဖြစ်သည်(ယော၊၂၀း ၂၂)။

၂။ ခရစ်တော်သည် ကျွန်ုပ်တို့၏ သောက်စရာဖြစ်သည်(၄း၁၀၊ ၁၄။ ၇း၃၇–၃၉က)။

၃။ ခရစ်တော်သည် ကျွန်ုပ်တို့၏ စားစရာဖြစ်သည်(၆း၃၅၊ ၅၇)။

၄။ ခရစ်တော်သည် ကျွန်ုပ်တို့၏ အလင်းဖြစ်သည်(၁း၄။ ၈း၁၂)။

၅။ ခရစ်တော်သည် ကျွန်ုပ်တို့၏ အဝတ်ဖြစ်သည် (ဂလ၊၃း၂၇)။

၆။ ခရစ်တော်သည် ကျွန်ုပ်တို့၏ ကိန်းဝပ်ရာနေရာဖြစ်သည် (ယော၊၁၅း၅၊၇က။ ဆာ၊၉၀း၁။ ၉၁း၁)။

*Day 4*

**II. အရာအားလုံးပါဝင်သော ခရစ်တော်သည် စကြဝဠာ၌ အပေါင်းလက္ခဏာအကြောင်းအရာများ အားလုံး၏ စစ်မှန်ခြင်းဖြစ်သည် (cf. ရော၊၁း၂၀။ ၁ေ၊၃း၁၈။ ဓမ္မသီချင်း#၄၉၆)**

က။ သန်းပေါင်းများစွာသောအရာများနှင့် လူပုဂ္ဂိုလ်များနှင့်အတူ စကြဝဠာကို ဖန်ဆင်းထားခြင်းမှာ ခရစ်တော်ကို ဖော်ပြရန်အတွက်ဖြစ်ပြီး ကိုယ်တော်သည် မိမိကိုယ်တော်တိုင်ကို တပည့်တော်များထံ ဖွင့်ပြခြင်း၌ မည်သည့်အခြေအနေ၌မဆို မိမိကိုယ်ကို သရုပ်ဖော်ပြချက် အချက်အဖြစ် တစ်စုံတစ်ရာ သို့မဟုတ် တစ်စုံတစ်ဦးကို အလွယ်တကူ အသုံးပြုဖော်ပြနိုင်ခဲ့သည် (ကော၊၁း၁၅–၁၇။ ယော၊၁း၅၁။ ၁၀း၉–၁၁။ ၁၂း၂၄။ မ၊၁၂း၄၁–၄၂)။

ခ။ ဓမ္မဟောင်းကျမ်းသည် ခရစ်တော်ကိုဖော်ပြရန် ပုံဆောင်ချက်များအဖြစ် အဓိကကျသောအမျိုးအစား(၆)ခုကို အသုံးပြုထားသည်။ လူသားဖြစ်ခြင်းများ၊ တိရစ္ဆာန်များ၊ အပင်များ၊ သတ္တုများ၊ ယဇ်များနှင့် အစားအစာများ။

၁။ အာဒံ(ရော၊၅း၁၄)၊ မေလခိဇေဒက် (ဟေဗြဲ၊၇း၁)၊ ဣဇက်(မ၊၁း၁)၊ ယောန(၁၂း၄၁)နှင့် ရှောလမုန် (အငယ်၊၄၂)စသည့် လူပုဂ္ဂိုလ်များသည် ခရစ်တော်ကိုပုံဆောင်သည်။

၂။ သိုးသူငယ်(ယော၊၁း၂၉)၊ ခြင်္သေ့၊ နွား၊ လင်းယုန်(ယေဇ၊၁း၁၀) စသည့် တိရစ္ဆာန်များသည် ခရစ်တော်ကို ပုံဆောင်သည်။

၃။ စပျစ်ပင်(ယော၊၁၅း၁)၊ ပန်းသီးပင် (သီ၊၂း၃)၊ သဘော်သဖန်းပင်၊ တလည်းပင်နှင့် သံလွင်ပင် (တရား၊၈း၈) စသည့် အပင်တို့သည် (အသက်ပင်ဖြစ်သော) ခရစ်တော်ကို ပုံဆောင်သည်။

အမြစ်၊ အငုတ်၊ အညှောက်၊ အညွန့်၊ အကိုင်းအခက်နှင့် အသီးစသည့် အပင်၏ အစိတ်အပိုင်း အမျိုးမျိုးသည်လည်း ခရစ်တော်ကိုပုံဆောင်သည် (ဟေရှာ၊၁၁း၁၊၁၀။ ၄း၂။ လု၊၁း ၄၂။ ဗျာ၊၅း၅)။

၄။ ရွှေ၊ ငွေ၊ ကြေးနီနှင့် သံ (တရား၊ဂ း၉၊ ၁၃) ကျောက်အမျိုးမျိုး – အသက်ကျောက် (၁ပေ၊၂း၄)၊ ကျောက်ဆောင် (၁ကော၊ ၁၀း၄)၊ တိုက်ထောင့်ကျောက်(မ၊၂၁း၄၂)၊ တိုက်အထွဋ် ကျောက် (ဇာ၊၄း၇)၊ တိုက်မြစ်ကျောက် (၁ကော၊၃း၁၁)နှင့် အဖိုးတန်ကျောက် (အငယ်၊၁၂) စသည့် တွင်းထွက်ပစ္စည်း များသည် ခရစ်တော်ကိုပုံဆောင်သည်။

၅။ မီးရှို့ရာပူဇော်သက္ကာ၊ မုန့်ပူဇော်သက္ကာ၊ မိတ်သဟာယယဇ်၊ အပြစ်ဖြေရာယဇ်၊ ဒုစရိုက်ဖြေရာယဇ်၊ ချီလွှဲရာပူဇော်သက္ကာ၊ ချီမြှောက်ရာပူဇော်သက္ကာ၊ သွန်းလောင်းရာပူဇော်သက္ကာစသည် ပူဇော်သက္ကာများသည် ခရစ်တော်ကို ပုံဆောင်သည် (ဝတ်၊ ၁– ၇။ ထွ၊၂၉း၂၆–၂၈။ နာ၊၂၈း၇–၁၀။ ယော၊၄း၂၄)။

၆။ မုန့်၊ ဂျုံစပါး၊ မုယောစပါး၊ စပျစ်သီးများ၊ သင်္ဘောသဖန်းသီး များ၊ တလည်းသီးများ၊ သံလွင်သီးများ၊ နို့နှင့်ပျားရည် စသည့် အစားအစာများသည် ခရစ်တော်ကိုပုံဆောင်သည်(၆း၃၅။ တရား၊၈း၈–၉။ ၂၆း၉)။

ဂ။ ဓမ္မသစ်ကျမ်း၌ ခရစ်တော်သည် စစ်မှန်ခြင်း၏ ဝိညာဉ်တော်အဖြစ် ကိုယ်တော်၏ စစ်၍မကုန်နိုင်သော ကြွယ်ဝခြင်းများကို ကျွန်ုပ်တို့ထံ စစ်မှန်စေခြင်းနှင့် ဘုရားဆိုင်ရာစစ်မှန်ခြင်းဖြစ်သည့် မိမိကိုယ်တော် တိုင်အထဲသို့ ကျွန်ုပ်တို့ကို လမ်းညွှန်ပေးသည် (ယော၊၁၄း၆။ ၁ယော၊ ၅း၆။ ယော၊၁၄း၁၇။ ၁၆း၁၃)။

ဃ။ ပုံဆောင်ချက်များအားလုံး၏ စစ်မှန်ခြင်းဒြပ်သဘောသဘာဝများ သည် ဝိညာဉ်တော်၌ရှိပြီး၊ ဝိညာဉ်တော်သည် သခင်ဘုရား၏ နှုတ် ကပတ်တော်အားဖြင့် ကျွန်ုပ်တို့အထဲသို့ ဤကြွယ်ဝခြင်းများအား လုံးကို ထည့်သွင်းဝေငှဖြန့်ဖြူးသည် (ဖိ၊၁း၁၉။ ယော၊၆း၆၃။ ကော၊၃း၁၆။ ဧ၊၆း၁၇–၁၈။ ဗျာ၊၂း၇)။

*Day 5*

**III. အကောင်းဘက်ကဖြစ်သော အရာအားလုံး၏စစ်မှန်ခြင်းဖြစ်သောခရစ်တော်သည် ကိုယ်ခန္ဓာတော်၏ဦးခေါင်းတော်ဖြစ်သည်။ ထို့ကြောင့် ဦးခေါင်းတော်ကို ကိုင်စွဲခြင်းမှာ အကောင်းဘက်ကဖြစ်သော ခရစ်တော်ကို အရာအားလုံး၏စစ်မှန်ခြင်းအဖြစ် မွေ့လျော်ဝမ်းမြောက်ရန်ဖြစ်သည် (ကော၊ ၂း၁၉)။**

က။ ကျွန်ုပ်တို့သည် ခရစ်တော်ကို ကျွန်ုပ်တို့၏ အရာခပ်သိမ်းအဖြစ် ဝမ်းမြောက်သည့်အတွက်၊ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ပို၍ဝမ်းမြောက်လေလေ၊ ကိုယ်ခန္ဓာတော် ပို၍ဖြစ်လာလေလေဖြစ်သည်။

၁။ ဤသည်မှာ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းသည် တစ်ဦးချင်းဆိုင်ရာ အကြောင်းအရာမဟုတ်ဘဲ၊ ကိုယ်ခန္ဓာတော်အကြောင်းအရာဖြစ်သည် (cf. ဧ၊ ၃း၈။ ၄း၁၅–၁၆)။

၂။ ကျွန်ုပ်တို့သည် ခရစ်တော်ကို ပို၍ဝမ်းမြောက်လေလေ၊ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၏ အခြားအင်္ဂါဝင်များကို ပို၍ချစ်လေလေဖြစ်သည်(ကော၊၁း၄၊၈)။

ခ။ ခရစ်တော်၏ဦးခေါင်းအရိုက်အရာသည် ရှင်ပြန်ထမြောက်ခြင်း၌ ဖြစ်သောကြောင့် (အငယ်၊၁၈)၊ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းသည် ရှင်ပြန်ထမြောက်ခြင်းအထဲသို့ ကျွန်ုပ်တို့ကို အလိုအလျောက် ယူဆောင်ပြီး၊ ဇာတိဖြစ်ခြင်းမှ ကျွန်ုပ်တို့ကို ကယ်တင်သည်။

*Day 6*

ဂ။ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းသည် တက်ကြွခြင်း၌ ကောင်းကင်ဆိုင်ရာများအထဲသို့ ကျွန်ုပ်တို့ကို ခေါ်ဆောင်သည်။ ကျွန်ုပ်တို့သည် ဝိညာဉ်၌ အသက်ပေးသောဝိညာဉ်တော်အဖြစ်၊ ဦးခေါင်းတော်၊ ခရစ်တော်ကိုဝမ်းမြောက်ခြင်းအားဖြင့်သာလျှင် ကောင်းကင်ဆိုင်ရာများ၌ တွေ့ကြုံခံစားနိုင်သည် (၃း၁–၂။ ၂ကော၊ ၃း၁၇။ ၂တိ၊၄း ၂၂။ ရော၊၈း၁၀၊၃၄)။

ဃ။ ကျွန်ုပ်တို့သည် ခရစ်တော်ကိုမွေ့လျော်ဝမ်းမြောက်ပြီး၊ ဦးခေါင်းတော်တည်းဟူသော ကိုယ်တော်ကိုကိုင်စွဲသည့်အခါ၊ ကြီးမားကျယ်ပြန့်သော၊ အရာအားလုံးပါဝင်သော ခရစ်တော်၏ ကြွယ်ဝခြင်းများကို စုပ်ယူသည်။ ဤကြွယ်ဝခြင်းများသည် တည်ဆောက်ခြင်းအတွက် ကိုယ်ခန္ဓာတော်ကိုကြီးထွားစေခြင်းဖြင့် ကျွန်ုပ်တို့၌ ဘုရားသခင်၏ တိုးပွားခြင်း ဖြစ်လာသည် (ကော၊ ၂း၁၉၊ ၆–၇။ ဧ၊၄း၁၆)။

## နံနက်ခင်းကျွေးမွေးခြင်း

**ကော၊ ထို့ကြောင့် စားသောက်ခြင်းအမှု၌ ပွဲနေ့၊ လဆန်းနေ့၊ ဥပုသ်နေ့ ၂း၁၆–၁၇ တို့ကို စောင့်ခြင်းအမှုတွင် သင်တို့ကို အဘယ်သူမျှမစစ်ကြော မစီရင်စေနှင့်။ ထိုအရာတို့သည် နောက်ဖြစ်လတံ့သောအရာတို့၏ အရိပ်ဖြစ်ကြ၏။ ကိုယ်မူကား၊ ခရစ်တော်၏ကိုယ်ဖြစ်၏။**

နေ့စဉ်အသက်တာ၌ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်ရှိ အရာများစွာသည်လည်း ခရစ်တော်၏ အရိပ်များဖြစ်သည်။ ဥပမာ– ကျွန်ုပ်တို့စားသောအစာသည် အရိပ်ဖြစ်ပြီး၊ စစ်မှန်သောအစားအစာမဟုတ်ပါ။ စစ်မှန်သောအစားအစာသည် ခရစ်တော်ဖြစ်သည်။ ခရစ်တော်သည် စစ်မှန်သောသောက်စရာလည်းဖြစ်သည်။ ကျွန်ုပ်တို့ကို ဖုံးအုပ်ရန်၊ အလှဆင်ရန်နှင့် နွေးထွေးစေရန် ကျွန်ုပ်တို့ဝတ်ဆင်သည့် အဝတ်သည်လည်း ခရစ်တော်၏ ပုံရိပ်ဖြစ်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏ အဝတ်အချည်းစည်းရှိခြင်းကို အမှန်ပင် ဖုံးသောသူ၊ ကျွန်ုပ်တို့ကို နွေးထွေးမှုပေးသောသူနှင့် ကျွန်ုပ်တို့ကို အလှဆင်ပေးသောသူ ဖြစ်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏စစ်မှန်သောကိန်းဝပ်ရာနေရာနှင့် စစ်မှန်သော နားခိုခြင်းလည်း ဖြစ်သည်။ ကျွန်ုပ်တို့နေထိုင်သည့် အိမ်သည်လည်း ကျွန်ုပ်တို့၏ကိန်းဝပ်ရာနေရာဖြစ်သော ခရစ်တော်၏ အရိပ်ဖြစ်သည်။ ကောင်းစွာ စားသောက်ပြီးနောက် ကျေနပ်နှစ်သိမ့်မှုရရှိခြင်းသည် စစ်မှန်သောကျေနပ်နှစ်သိမ့်ခြင်းမဟုတ်ဘဲ၊ စစ်မှန်သော ကျေနပ်နှစ်သိမ့်မှုတည်းဟူသော ခရစ်တော်၏ အရိပ်ဖြစ်သည်။ (*Life-study of Colossians*, p. 198)

## ယနေ့ဖတ်စရာ

ကော၊ ၂း၁၆ ၌ ပေါလုက နေ့စဉ်အသက်တာ၊ အပတ်စဉ်အသက်တာ၊ လစဉ်အသက်တာနှင့် နှစ်စဉ်အသက်တာတို့ဖြင့် စပ်လျဉ်းသောအကြောင်းအရာများကို ပြောဆိုသည်။ စားခြင်းနှင့် သောက်ခြင်းသည် နေ့စဉ်ဖြစ်ပြီး၊ ဥပုသ်နေ့များသည် အပတ်စဉ်ဖြစ်ကာ၊ လဆန်းသည် လစဉ်ဖြစ်၍ ပွဲလုပ်ခြင်းများသည်နှစ်စဉ်ဖြစ်သည်။ ကျွန်ုပ်တို့အသက်ရှင်ခြင်း၏ သွင်ပြင်လက္ခဏာအားလုံးသည် ခရစ်တော်၏ အရိပ်များဖြစ်သည်။ စားခြင်း၊ သောက်ခြင်းသည် နေ့စဉ်ကျေနပ်နှစ်သိမ့်ခြင်းနှင့် ခွန်အားပေးခြင်းကို ပုံဆောင်ပြီး၊ ဥပုသ်နေ့သည် အပတ်စဉ် ပြီးမြောက်ခြင်းနှင့် နားခိုခြင်းကို ပုံဆောင်သည်။ ပြီးမြောက် ပြည့်စုံခြင်းမရှိပါက၊ ကျွန်ုပ်တို့သည် ဝမ်းမြောက်နားခိုခြင်းမရှိနိုင်ပါ။ နားခိုခြင်းသည် ပြီးမြောက်ပြည့်စုံခြင်းနှင့် ကျေနပ်နှစ်သိမ့်ခြင်းမှ လာသည်။ သင်သည် အမှန်ပင် အကြောင်း

အရာပြီးမြောက်ခြင်းရှိသောအခါ၊ ထိုအကြောင်းအရာနှင့်အတူ ကျေနပ်နှစ်သိမ့်ပြီး၊ သင်သည် နားခိုခြင်းလည်း ရရှိနိုင်သည်။ ခြောက်ရက်နေ့၌ ဘုရားသခင်သည် ဖန်ဆင်းခြင်းအလုပ်ပြီးမြောက်ခဲ့ပြီးနောက်၊ ကိုယ်တော်သည် ခုနှစ်ရက်နေ့၌ နားခိုခြင်းရှိခဲ့သည်။ ကျွန်ုပ်၏ အလုပ်ကို လုပ်ဆောင်ပြီးသည့်အခါမျှသာလျှင် ကျွန်ုပ်သည် နားခိုဝမ်းမြောက်ပြီး၊ ထိုအရာနှင့်အတူ ကျေနပ်နှစ်သိမ့်ခဲ့ကြောင်း ကျွန်ုပ်သက်သေခံနိုင်သည်။

လဆန်းနေ့သည် မှောင်မိုက်၌ အလင်းနှင့်အတူ လစဉ်အသစ်သောအစပြုခြင်းကို ပုံဆောင်သည်။ ဓမ္မဟောင်းအချိန်ကာလများ၌ လဆန်းနေ့ကို အသစ်သောအစပြုခြင်းအဖြစ် အမှတ်အသားပြုသည့်နည်းတူ ခရစ်တော်သည် ယနေ့ မှောင်မိုက်၌ အလင်းနှင့်အတူ ကျွန်ုပ်တို့အား အသစ်သောအစပြုခြင်းကို ဖြစ်စေသည်။ ပြီးခဲ့သော လအနည်းငယ်က ကယ်တင်ခြင်းခံရသည့် ဂျူးညီအစ်ကိုတစ်ဦး၏ သက်သေခံချက်ကို ကျွန်ုပ် ကြားခဲ့သည်။ သူသည် သခင်ဘုရားထံ မရောက်လာမီ၊ သူသည် မှောင်မိုက်၌ ရှိနေသည်။ ယနေ့ မယုံကြည်သူဂျူးများအားလုံးသည် ထိုကဲ့သို့ဖြစ်သည်။ သို့သော်လည်း ယခု ခရစ်တော်သည် မှောင်မိုက်၌ အလင်းနှင့်အတူ သူ၏လဆန်းဖြစ်လာခဲ့ပြီဖြစ်သည်။

စားသောက်ပွဲသည် နှစ်စဉ်မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် ပျော်ရွှင်ခြင်းကို ပုံဆောင်သည်။ ဘုရားသခင်၏ ရွေးချယ်ခံလူများသည် နှစ်ပတ်လည်စားသောက်ပွဲအတွက် တစ်နှစ်သုံးကြိမ် အတူတကွလာကြသည်။ ယင်းမှာ သခင်ဘုရား၏ မျက်မှောက်တော်၌ အတူတကွမွေ့လျော်ခြင်း၊ ဝမ်းမြောက်ခြင်း၏ အချိန်ကာလဖြစ်သည်။ စားသောက်ပွဲသည် ဝမ်းမြောက်ဖွယ်ဖြစ်သော်လည်း၊ ၎င်းတို့သည် ခရစ်တော်၏ အရိပ်မျှသာဖြစ်သည်။ ကိုယ်တော်သည် စစ်မှန်သောအစားအစာ၊ ပြီးမြောက်ပြည့်စုံခြင်း၊ နားခိုခြင်း၊ လဆန်းနှင့် စားသောက်ပွဲဖြစ်သည်။ နေ့စဉ် ကျွန်ုပ်တို့သည် ကိုယ်တော်ကိုစားပြီး၊ သောက်သုံးနိုင်သည်။ အပတ်စဉ် ကျွန်ုပ်တို့သည် ကိုယ်တော်၌ ပြီးမြောက်ခြင်းနှင့် နားခိုခြင်းရှိသည်။ လစဉ် ကျွန်ုပ်တို့သည် ကိုယ်တော်၌ အသစ်သောအစပြုခြင်းကို တွေ့ကြုံခံစားနိုင်သည်။ တစ်နှစ်တာလုံး ကိုယ်တော်သည် ကျွန်ုပ်တို့၏ ပျော်ရွှင်ဝမ်းမြောက်ခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းဖြစ်သည်။

၂း၁၆ တွင် ပေါလုပြောဆိုထားသော အချက်များသည် မိမိဝင်ရိုးတွင် လည်ပတ်နေသော ကမ္ဘာကြီးနှင့်လည်း ဆက်နွယ်သလို မိမိပတ်လမ်းအတိုင်း နေကို လှည့်ပတ်နေသည့် ကမ္ဘာကြီးနှင့်လည်း ဆက်နွယ်နေသည်။ ဤလည်ပတ်ခြင်းနှင့် လှည့်ပတ်ခြင်းမရှိလျှင် ကျွန်ုပ်တို့၏ ရုပ်ပိုင်းဆိုင်ရာအသက်ကို ဆက်လက်ရှင်သန်စေရန် နည်းလမ်းမရှိပေ။ ကမ္ဘာကြီး၏ လည်ပတ်ခြင်းနှင့် လှည့်ပတ်ခြင်းကြောင့် နေ့များ၊ ရက်သတ္တပတ်များ၊

လများ၊ နှစ်များ ရှိရခြင်းဖြစ်သည်။ ကျွန်ုပ်တို့ထပ်ခါထပ်ခါ ညွှန်ပြခဲ့သည့်အတိုင်း နေ့စဉ်၊ အပတ်စဉ်၊ လစဉ်၊ နှစ်စဉ်အရာများအားလုံး၏ စစ်မှန်ခြင်းသည် ခရစ်တော်ပင်ဖြစ်သည်။

အငယ်၊၁၇၌ ခရစ်တော်သည် ပုံရိပ်များအားလုံး၏ စစ်မှန်ခြင်းဖြစ်ကြောင်း ပေါလုပြောထားသည်။ ဤသည်မှာ ကိုယ်တော်သည် ကျွန်ုပ်တို့၏ အစားအစာနှင့် သောက်စရာ၊ ကျွန်ုပ်တို့၏ ပြီးမြောက်ခြင်းနှင့် နားခိုခြင်း၊ မှောင်မိုက်၌ အလင်းနှင့်အတူ ကျွန်ုပ်တို့၏ အသစ်သောအစပြုခြင်း၏ စစ်မှန်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာ၊ အပတ်စဉ်အသတ်တာ၊ လစဉ်အသက်တာနှင့် နှစ်စဉ်အသက်တာ၌ အပေါင်းဘက်မှအရာများအားလုံးသည် ခရစ်တော်ဖြစ်သည်။ ခရစ်တော်သည် ဩဝါဒနည်းလမ်း၌မျှသာ မဟုတ်ဘဲ၊ တွေ့ကြုံခံစားခြင်း၏ နည်းလမ်း၌ ကျွန်ုပ်တို့ထံ အရာခပ်သိမ်းဖြစ်လာသည်။ ခရစ်တော်သည် ကျွန်ုပ်၏ ပြီးမြောက်ခြင်း၊ ကျွန်ုပ်၏ နားခိုခြင်း၊ ကျွန်ုပ်၏ အသစ်သော အစပြုခြင်း၊ ကျွန်ုပ်၏ မွေ့လျော်ဝမ်းမြောက်ခြင်း၊ ကျွန်ုပ်၏ ပျော်ရွှင်ခြင်း၊ ကျွန်ုပ်၏ အစားအစာ၊ ကျွန်ုပ်၏ သောက်စရာနှင့် ကျွန်ုပ်၏ ကျေနပ်နှစ်သိမ့်ခြင်းဖြစ်ကြောင်း ကျွန်ုပ်သက်သေခံနိုင်သည်။ ခရစ်တော်သည် စကြာဝဠာဆိုင်ရာကြီးမားကျယ်ပြန့်သော်လည်း ကိုယ်တော်သည် ကျွန်ုပ်တို့နေ့စဉ်လက်တွေ့အသက်တာ၏ အသေးစိတ်သွင်ပြင်လက္ခဏာအားလုံးလည်းဖြစ်သည်။ တစ်နေ့ပြီးတစ်နေ့ ကိုယ်တော်သည် ကျွန်ုပ်တို့၏ အသက်လေနှင့် ကျွန်ုပ်တို့အဖို့ အရာခပ်သိမ်းဖြစ်သည်။ (*Life-study of Colosians, pp. 198-200*)

*ပို၍ဖတ်ရန် – Life-study of Colosians, msgs. 15, 24-25; A General Sketch of the New Testament in the Light of Christ and the Church, Part 2; Romans throuh Philemon, ch. 19; CWWL, 1965, vol. 1, "The Experience of Christ in Galatians, Ephesians, Philippians, and Colosians," ch. 1*

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း***

## နံနက်ခင်းကျွေးမွေးခြင်း

**ယော၊ ကျမ်းစာ၌ ထာဝရအသက်ကိုရမည်ဟု စိတ်ထင်နှင့် သင်တို့သည်**
**၅း၃၉–၄၀ ကျမ်းစာကို စေ့စေ့ကြည့်ရှုကြ၏။ ထိုကျမ်းစာပင် ငါ့အကြောင်း ကို သက်သေခံ၏။ သင်တို့သည် အသက်ကိုရခြင်းငှါ ငါ့ထံသို့ လာလိုခြင်းမရှိကြ။**

**ကော၊ အသေးအသား၌ သင်တို့၏အသိဉာဏ်ကို ထားရှိခြင်းအားဖြင့်**
**၂း၁၈ စိတ်နှလုံးအချည်းနှီးထောင်လွှားလျက်၊ မိမိမြင်ရသောအရာကို စူးစမ်းလျက်၊ ကိုယ့်အလိုအတိုင်း နှိမ့်ချခြင်း၌လည်းကောင်း၊ ကောင်းကင်တမန်ကို ကိုးကွယ်ခြင်း၌လည်းကောင်း၊ မွေ့လျော် သောသူတစ်စုံတစ်ယောက်မျှ၊ သင်တို့၏ဆုနှင့် မထိုက်တန်ဟု သင်တို့အား စီရင်ခြင်းအားဖြင့် မလုယူစေနှင့်။**

ကျွန်ုပ်တို့၌ ချစ်နိုင်စွမ်းရှိသောကြောင့် တစ်စုံတစ်ရာကို ချစ်နေခြင်းမဟုတ်ပါ၊ ထို အစား တစ်စုံတစ်ရာသည် ချစ်ဖွယ်ကောင်းခြင်းနှင့် ၎င်းကို ကျွန်ုပ်တို့ချစ်နိုင်စေရန် ဆွဲ ဆောင်ခြင်းကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့သည် ချစ်ဖွယ်မကောင်းသောအရာတို့ကို လွန်စွာ ဝန်လေးတတ်ကြသည်။ သို့သော် ချစ်ဖွယ်ကောင်းသောအရာကိုမူ မချစ်ဘဲနေရန် ခက်ခဲ ပေသည်။ ထိုနည်းတူ ကျွန်ုပ်တို့သည် သခင်ဘုရားကို ချစ်ခြင်းမှာ ကိုယ်တော်၏ ချစ်ဖွယ် ကောင်းခြင်းအားဖြင့် ဆွဲဆောင်ခံရသောကြောင့်ဖြစ်သည်။ ကိုယ်တော်သည် လွန်စွာ ဆွဲ ဆောင်မှုကောင်းသည်။ လွန်ခဲ့သောနှစ်နှစ်ထောင်အတွင်း ရေတွက်မရနိုင်သောလူများ စွာသည် ကိုယ်တော်အားဖြင့် ဆွဲဆောင် ဖမ်းစားခြင်းခံရကြပြီး၊ ကျွန်ုပ်တို့သည်လည်း ထိုသူများအပါအဝင်ဖြစ်ကြသည်။ ဆွဲဆောင်မှုအပြည့်နှင့် ဆွဲငင်မှုအပြည့်ရှိသော ဤ ခရစ်တော်သည် သမ္မာကျမ်းစာ၏ အနှစ်သာရဖြစ်သည်။ သမ္မာကျမ်းစာသည် ထောင်ချီ သောအချက်များနှင့် များစွာသောသြဝါဒများကို ပြောဆိုထားသော်လည်း ၎င်း၏ တစ်ခု တည်းသော အလယ်ဗဟိုမှာ ခရစ်တော်ကိုယ်တော်တိုင်ဖြစ်သည်။ (*The Four Crucial Elements of the Bible - Christ, the Spirit, Life, and the Church,* pp.51-52)

## ယနေ့ဖတ်စရာ

ကျွန်ုပ်တို့သည် အပေါင်းလက္ခဏာအရာ အားလုံး၏ စစ်မှန်ခြင်းအဖြစ် ခရစ်တော် ကို တွေ့ကြုံခံစားခြင်းအကြောင်းအရာကို ကျွန်ုပ်တို့နေ့စဉ်အသက်တာ၏ အစိတ်အပိုင်း တိုင်း၌ယူဆောင်ရန်လိုအပ်သည်။ ကျွန်ုပ်တို့ အစာစားသောအခါ ကျွန်ုပ်တို့သည် ခရစ်

တော်ကို စစ်မှန်သောအစားအစာအဖြစ်ယူဆောင်ရမည်။ ကျေးဇူးတော်စကားကို ထုံးတမ်းစဉ်လာနည်းလမ်း၌ ပြောဆိုမည့်အစား၊ ကျွန်ုပ်တို့သည် ကောလောသဲ စာစောင်၌ ဖွင့်ပြသည့်အတိုင်း "သခင်ယေရှု၊ ကျွန်ုပ်သည် ဤအစားအစာအတွက် ကျေးဇူးတင်ကာ ထိုအရာကို စားသုံးရုံမျှသာ မဟုတ်ပါ။ သခင်၊ ကျွန်ုပ်သည် ဤအစားအစာ၏ စစ်မှန်ခြင်းအဖြစ် ကိုယ်တော်ကိုယူဆောင်ပါသည်"ဟု ပို၍မြင့်မားသောတစ်စုံတစ်ရာကို ပြောဆိုသင့်သည်။ ခရစ်တော်၌ ယုံကြည်သူဖြစ်သော ကျွန်ုပ်တို့သည် အကြောင်းအရာအားလုံးကို စဉ်းစားဆင်ခြင်ပြီး၊ ခရစ်တော်အတိုင်း အကြောင်းအရာအားလုံးကို တန်ဖိုးဖြတ်ကာ၊ လက်တွေ့ကျသောနည်းလမ်း၌ ကျွန်ုပ်တို့ထံ အရာခပ်သိမ်းဖြစ်သောသူဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်အတိုင်း အကြောင်းအရာအားလုံးကို စဉ်းစားဆင်ခြင်မည်ဆိုပါက၊ ကျွန်ုပ်တို့၏ နေ့စဉ်အသက်ရှင်ခြင်းသည် ပြောင်းလဲလိမ့်မည်ဖြစ်သည်။

အရိပ်၏ စစ်မှန်ခြင်းဖြစ်သော ခရစ်တော်ကို ပြောဆိုပြီးနောက် ပေါလုက "သင်တို့၏ ဆုနှင့် မထိုက်တန်ဟု သင်တို့အား စီရင်ခြင်းအားဖြင့် မလုယူစေနှင့်"ဟု ဆက်လက်ပြောဆိုခြင်းမှာ အဓိပ္ပာယ်ရှိပေသည် (ကော၊ ၂း၁၈)။ စကားစပ်အရ ဆုသည် အရိပ်၏ စစ်မှန်ခြင်းဖြစ်သော ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းဖြစ်သည်။ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းသည် စစ်မှန်သောဆုဖြစ်သည်။

၁း ၂၆ အရ ပေါလု၏ အမှုတော်အားဖြင့် ပြီးပြည့်စုံသော ဘုရားသခင်၏ နှုတ်ကပတ်တော်သည် "ရှေးခေတ်ကာလပတ်လုံးနှင့် မျိုးစဉ်ဆက်များတစ်လျှောက်မှ ဝှက်ထားလျက်ရှိသောနက်နဲခြင်းကို ကိုယ်တော်၏ သန့်ရှင်းသူအပေါင်းတို့အား ထင်ရှားဖေါ်ပြတော်မူပြီ"။ ဤနက်နဲခြင်းသည် ဘုန်းမျှော်လင့်ခြင်းဖြစ်သည့်၊ ကျွန်ုပ်တို့၌ရှိသော ခရစ်တော်ဖြစ်သည် (အငယ်၊ ၂၇)။ ကျွန်ုပ်တို့၌ သမ္မာကျမ်းစာ အသိပညာတစ်ချို့ရှိသော်လည်း ကျွန်ုပ်တို့သည် နေ့စဉ်၊ အပတ်စဉ်၊ လစဉ်နှင့် နှစ်စဉ် ခရစ်တော်ကို တွေ့ကြုံခံစားခြင်းမရှိပါက ကျွန်ုပ်တို့၌ ဘုရားဆိုင်ရာဖွင့်ပြခြင်း၏ ပြီးမြောက်ခြင်းမရှိကြပါ။ ကျွန်ုပ်တို့သည် ခရစ်တော်ကို တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်း လျော့နည်းနေပါက၊ ကျွန်ုပ်တို့၌ ဘုရား၏ ဖွင့်ပြခြင်းနှင့်စပ်လျဉ်း၍ အနည်းငယ်သာရှိမည်ဖြစ်သည်။ ကိုယ်တော်၏ ဖွင့်ပြခြင်းသည် ၎င်း၏ ပြီးမြောက်ခြင်းအဖြစ် ခရစ်တော်ကို တွေ့ကြုံခံစားရန် လိုအပ်သည်။

အရိပ်နှင့်ပတ်သက်၍ ပေါလု၏ စကား၌ ကျွန်ုပ်တို့သည် လက်တွေ့ကျသောနည်းလမ်း၌ ခရစ်တော်ကို မည်သို့တွေ့ကြုံခံစားရမည်ကို အရိပ်အမြွက်ပေးထားသည်။ စားခြင်းနှင့် သောက်ခြင်းသည် ဒြပ်ကိုယ်ထည်နှင့် စစ်မှန်ခြင်းဖြစ်သော ခရစ်တော်၏ အရိပ်

ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် စားခြင်း၊ သောက်ခြင်းပြုသောအခါတိုင်း စစ်မှန်သော အစာနှင့် စစ်မှန်သောသောက်စရာမှာ ခရစ်တော်ဖြစ်ကြောင်းကို ထပ်၍ သတိပေးခြင်း ခံရန်လိုအပ်သည်။ သင်၏ အစာကို စားသောအခါ တပြိုင်နက်တည်း ခရစ်တော်ကို စားသုံးရမည်ဖြစ်သည်။ သင်သည် အရည်အချို့ကို သောက်သောအခါ ခရစ်တော်ကိုလည်း သောက်သုံးရမည်ဖြစ်သည်။ သင်၏ အဝတ်ကို ဝတ်ဆင်သောအခါ ခရစ်တော်သည် စစ်မှန်သောဝတ်ဆင်ခြင်းဖြစ်ကြောင်း သတိပေးခံရမည်ဖြစ်ပြီး၊ ကိုယ်တော်ကို ထိုသို့ တွေ့ကြုံခံစားရမည်ဖြစ်သည်။ သင်၏ ရုပ်ပိုင်းဆိုင်ရာအဝတ်ကို ဝတ်ဆင်သောအခါ ခရစ်တော်ကိုလည်း ဝတ်ဆင်ရမည်ဖြစ်သည်။ ဤနည်းလမ်း၌ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ရန် လွယ်ကူပါသည်။ တစ်နေ့ပြီးတစ်နေ့ ကျွန်ုပ်တို့လုပ်ဆောင်နေသည့် အရာမှန်သမျှသည် ယင်း၏ စစ်မှန်ခြင်းဖြစ်သည့် ခရစ်တော်ကို ကျွန်ုပ်တို့အား သတိပေးနေခြင်းဖြစ်သင့်သည်။ ကျွန်ုပ်တို့အသက်ရှူခြင်းသည်လည်း ဝိညာဉ်ဆိုင်ရာ၌ ခရစ်တော်ကို ရှူသွင်းရန် လိုအပ်ကြောင်း ကျွန်ုပ်တို့အား သတိပေးခြင်းဖြစ်သင့်သည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာ၌ ရုပ်ပစ္စည်းအကြောင်းအရာအားလုံး၏ စစ်မှန်ခြင်းဖြစ်သော ခရစ်တော်ကိုယူဆောင်ခြင်း၏ လက်တွေ့ကျယူဆောင်လျှောက်လှမ်းပါက၊ ကျွန်ုပ်တို့၏ နေ့စဉ် လျှောက်လှမ်းခြင်းသည် လုံးလုံးလျားလျား ပြောင်းလဲပြီး၊ ပုံသဏ္ဌာန်ပြောင်းလဲလိမ့်မည်။ ၎င်းသည် ခရစ်တော်၏ ပြည့်ဝခြင်းဖြစ်လိမ့်မည်။ ကျွန်ုပ်တို့လုပ်ဆောင်သော အရာအားလုံးသည် ခရစ်တော်ကိုဆက်သွယ်ရန်၊ ခရစ်တော်ကိုဝမ်းမြောက်ရန်၊ ခရစ်တော်ကိုတွေ့ကြုံခံစားရန်နှင့် ကျွန်ုပ်တို့၏ အရာခပ်သိမ်းဖြစ်သော ခရစ်တော်ကိုရရှိရန် ကျွန်ုပ်တို့ကို သတိပေးလိမ့်မည်ဖြစ်သည်။ ဤအရာကို တစ်နေ့ပြီးတစ်နေ့ လက်တွေ့လုပ်ဆောင်ခြင်းမှာ အမှန်ပင် ခရစ်တော်ကို ဝမ်းမြောက်ခြင်းဖြစ်သည်။ (*Life-study of Colossians,* pp. 296-297, 481, 483-485)

*ပို၍ဖတ်ရန် – Life-study of Colossians,* msgs. 35, 55; *The Mystery of God and the Mystery of Christ*, ch.2; *The Heavenly Vision,* ch.1

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ယော၊ ထိုသူတို့အထဲသို့ မှုတ်သွင်းလျက်၊ သင်တို့သည် သန့်ရှင်းသောဝိညာဉ်**
**၂၀း၂၂ တော်ကို ခံကြလော့။**
**၆း၅၇ အသက်ရှင်တော်မူသောခမည်းတော်သည် ငါ့ကိုစေလွှတ်တော်မူ၍၊ ငါသည် ခမည်းတော်ကြောင့် အသက်ရှင်သည်နည်းတူ၊ ငါ့ကို စားသောသူသည် ငါ့ကြောင့် အသက်ရှင်လိမ့်မည်။**

ခရစ်တော်သည် လိုအပ်ချက်အားလုံးနှင့် မွေ့လျော်ဝမ်းမြောက်ရာအားလုံးဖြစ်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏အလင်းဖြစ်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏ အစားအစာလည်းဖြစ်သည်။ ယော၊၆ ၌ ကိုယ်တော်သည် အသက်မုန့်ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော်ကိုစားမည်ဆိုလျှင် ကိုယ်တော့်ကြောင့် အသက်ရှင်လိမ့်မည်ဖြစ်ကြောင်း ပြောဆိုထားသည် (အငယ်၊၅၁၊ ၅၇ခ)။ ၁ကော၊၁၀း၄ အရ၊ ခရစ်တော်သည် ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာ သောက်စရာဖြစ်သည်။ ခရစ်ယာန်မျိုးရိုး၌ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အရာအားလုံးပါဝင်သော သောက်စရာဖြစ်သည့် အရာအားလုံးပါဝင်သော ခရစ်တော်ထက် အခြားမည်သည့်အရာကိုမျှ မသောက်သုံးသင့်ပါ။

ခရစ်တော်သည် ကျွန်ုပ်တို့၏ အသက်လေဖြစ်သည်။ ယော၊၂၀း၂၂ ၌ ခရစ်တော်သည် တပည့်တော်များအထဲသို့ သူကိုယ်တိုင်မှုတ်သွင်းခဲ့သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ နာမတော်ခေါ်ခြင်းအားဖြင့် မကြာခဏ ရှူသွင်းရန်လိုအပ်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏ အဝတ်လည်းဖြစ်သည်။ ဂလ၊၃း၂၇ "ခရစ်တော်အထဲသို့ ဗတ္တိဇံခံသောသူရှိသမျှတို့သည် ခရစ်တော်ကို ယူတင်ဝတ်ဆောင်သောသူဖြစ်ကြ၏။" ခရစ်တော်ကို ယူတင်ဝတ်ဆင်ရန် ကျွန်ုပ်တို့၏ အဝတ်ဖြစ်သော ခရစ်တော်ကိုဝတ်ဆင်ရန်ဖြစ်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏ ကိန်းဝပ်ရာနေရာ၊ ကျွန်ုပ်တို့၏ အိမ်လည်း ဖြစ်သည် (ယော၊၁၅း၇က)။ (*Message to the Rrainees in Full 1990,* pp. 139-140)

## ယနေ့ဖတ်စရာ

ယောဟန်ဧဝံဂေလိစာစောင်တွင် ဝိညာဉ်၌ ခရစ်တော်ကိုမွေ့လျော်ဝမ်းမြောက်ခြင်း၏ အဓိကအရေးပါသော အချက်(၆)ချက်ရှိသည်။ ၎င်း၌ ပထမဆုံးနှင့် အခြေခံကျဆုံးအကြောင်းအရာဖြစ်သည့် အသက် (၁း၄။ ၁၀း၁၀)။ အစားအစာ မစရာ (၆း၃၅)၊ သောက်သုံးခြင်းအတွက် အသက်ရေ (၄း၁၄။ ၇း၃၇)၊ အသက်လေ(၂၀း၂၂)၊ အသက်၏ အလင်း(ဂး၁၂)နှင့် ကိန်းဝပ်ရာနေရာ (၁၅း၄–၅) စသည်တို့ပါဝင်သည်။

အသက်ကို ဆက်လက်စောင့်ထိန်းရန် ပထမဆုံးသောအချက်မှာ အလင်းဖြစ်သည်။ အသက်ကို စောင့်ထိန်းရန် ဒုတိယအချက်မှာ လေ သို့မဟုတ် အသက်ရှူခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် စိတ်၌ ပို၍တည်ငြိမ်လေလေ၊ ပို၍ အသက်ရှူကျပ်လေလေ၊ လေ ပြတ်လပ်မှု ပို၍ခံစားလေလေဖြစ်သည်။ အခြားတစ်ဘက်မှကြည့်လျှင် ကျွန်ုပ်တို့သည် ဝိညာဉ်ထံသို့ လှည့်ပြန်လာသောအခါ၊ လန်းဆန်းသစ်လွင်သောလေကို ခံစားရကြသည်။ ကျွန်ုပ်၏ အတွေ့အကြုံအားဖြင့် ဝိညာဉ်ထံသို့လှည့်ပြန်ရန် အရေးကြီးသောသင်ခန်းစာတစ်ခုကို ကျွန်ုပ်သင်ယူခဲ့သည်။ အပြင်ပိုင်း အကြောင်းအရာများစွာကို ဂရုစိုက်ရမည့်အစား၊ ကျွန်ုပ်တို့သည် အချိန်တိုင်း ဝိညာဉ်ထံသို့လှည့်ပြန်ရန် သင်ယူရမည်။ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ရှိအရာများကို မေ့ပစ်ဖို့လိုအပ်သည်။ ဝိညာဉ်၌ရှိသောအခါ၊ ကျွန်ုပ်တို့သည် မြေကြီးပေါ်၌ မရှိကြောင်းကို မကြာခဏခံစားရသည်။ အရာခပ်သိမ်းသည် အလွန်သစ်လွင်လန်းဆန်းပြီး၊ ကျွန်ုပ်တို့၏ဝိညာဉ်၌ အသစ်ဖြစ်သည်။ ဤလန်းဆန်းခြင်းနှင့် အသစ်ဖြစ်ခြင်းသည် ကျွန်ုပ်တို့၏လေဖြစ်သော ခရစ်တော်ဖြစ်သည်။ ကျွန်ုပ်တို့ ခရစ်ယာန်များသည် စဉ်းစားခြင်း၊ တွေးခေါ်ခြင်းနှင့် စိုးရိမ်းပူပန်ခြင်းများစွာရှိသည်။ အကြိမ်များစွာ ကျွန်ုပ်တို့၏ ခွန်အားရှိနေသရွေ့၊ ဝိညာဉ်ထံသို့ လှည့်ပြန်လိမ့်မည်မဟုတ်ပါ။ ကျွန်ုပ်တို့၏ စီးပွားရေး ကောင်းနေသရွေ့၊ သခင်ဘုရားထံသို့ လှည့်ပြန်နိုင်မည်မဟုတ်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့သည် မကြာခဏ ပြဿနာများ၊ စီရင်ခြင်းများနှင့် နာကျင်ဖွယ် ဒုက္ခဆင်းရဲခြင်းများ၊ ကျွန်ုပ်တို့မအောင်မြင်နိုင်သောအရာများသည် ကျွန်ုပ်တို့ကို စွန့်လွှတ်ရန် တွန်းအားပေးပြီး သခင်ဘုရားထံသို့ လှည့်ပြန်လာစေသည်။ ကျွန်ုပ်တို့သည် ဝိညာဉ်ထံသို့ လှည့်ပြန်ဖို့ လိုလားဆန္ဒရှိရန် သင်ယူရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဝိညာဉ်၏ အပြင်ဘက်မှ အရာအချို့ကို ရယူနိုင်ခဲ့လျှင်လည်း၊ ဝိညာဉ်ထံသို့ ပြန်လာရန် လိုအပ်နေဆဲဖြစ်သည်။ ကျွန်ုပ်တို့၏ ဝိညာဉ်ထံသို့ လှည့်ပြန်လာသောအခါ၊ ကျွန်ုပ်တို့သည် အတွင်းပိုင်း၌ လန်းဆန်းသောလေ ခံစားရသည်။ ကျွန်ုပ်တို့သည် လန်းဆန်းခြင်း၊ ခွန်အားရှိခြင်းနှင့် အင်အားပြည့်လာသည်။ ဆုတောင်းခြင်းသည် ကျွန်ုပ်တို့၏ဝိညာဉ်ကို လေ့ကျင့်ရန် အကောင်းဆုံးသောနည်းလမ်းဖြစ်သည်။ နံနက်တိုင်း၌ ကျွန်ုပ်တို့သည် အဝတ်ဝတ်ဆင်ခြင်း သို့မဟုတ် ဆေးကြောခြင်းပြုစဉ်တွင် ကျွန်ုပ်တို့၏ ဝိညာဉ်မှ သခင်ဘုရားထံ တစ်စုံတစ်ခုပြောဆိုနိုင်သည်။ ကျွန်ုပ်တို့သည် အချိန်တိုင်း သခင်ဘုရားထံသို့ လှည့်ပြန်ရန် သင်ယူရမည်ဖြစ်သည်။

ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း၏ စတုတ္ထအချက်မှာ အစားအစာအကြောင်းအရာဖြစ်သည်။ ကျွန်ုပ်တို့၏ ဝိညာဉ်ထံသို့ လှည့်ပြန်သောအခါ၊ ကျွန်ုပ်တို့သည်

အလင်းဖွင့်ပြခြင်း၊ သစ်လွင်လန်းဆန်းခြင်းနှင့် ကျွေးမွေးခြင်းကို ခံစားရသည်။ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ကို ဖတ်ရှုစဉ်တွင် ကျွန်ုပ်တို့၏ အသိဉာဏ်ကို လွန်ကဲစွာ လေ့ကျင့်ခြင်းမပြုရန် သင်ယူရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ကို ဖတ်ရှုသောအခါ၊ အသိဉာဏ်ကို အလွန်အမင်းလေ့ကျင့်မည်ဆိုပါက၊ ကျေနပ်မှုရမည့်အစား ပင်ပန်းခြင်းသာဖြစ်လိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရားကို ဆက်သွယ်ရန် ဝိညာဉ်ကို လေ့ကျင့်ကာ၊ ဖတ်ခြင်းထက် ပို၍ဆုတောင်းရန် သင်ယူရမည်။ ကျွန်ုပ်တို့သည် ဤသို့လုပ်ဆောင်မည်ဆိုလျှင်၊ ကျွေးမွေးခြင်း၊ ကျေနပ်နှစ်သိမ့်ခြင်းနှင့် ခွန်အားရှိခြင်းကို ကျွန်ုပ်တို့ခံစားရပြီး၊ ခရစ်တော်၏ တစ်စုံတစ်ခုသည် ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးလျက်ရှိသည်။ ကျွန်ုပ်တို့သည် ဤအရာကို လက်တွေ့လုပ်ဆောင်မည်ဆိုပါက ကျွန်ုပ်တို့၌ မည်သို့သော ချိုမြိန်ခြင်း၊ အဖိုးတန်ခြင်းနှင့် ကြွယ်ဝခြင်းအား မွေ့လျော်ဝမ်းမြောက်ရမည်ကို ကျွန်ုပ်မပြောပြနိုင်ပေ။ များစွာသော ခရစ်ယာန်များသည် သခင်ဘုရားနှင့်အတူ အချိန်မယူကြပေ။ များစွာသောသူများသည် သခင်ဘုရားနှင့်အတူရှိရန် အလိုဆန္ဒရှိကြသော်လည်း သူတို့သည် မှားယွင်းသောနည်းလမ်း၌ လုပ်ဆောင်ခြင်းဖြစ်သည်။ ဤညီအစ်ကို၊ ညီအစ်မများစွာတို့သည် သူတို့၏ အသိဉာဏ်ကို လွန်ကဲစွာ အသုံးပြုခြင်းဖြင့် နှုတ်ကပတ်တော်ကို လေ့လာပြီး၊ ဖတ်ရှုကြသည်။ သူတို့သည် သခင်ဘုရားကို ထိတွေ့ရန်နှင့် ကိုယ်တော်နှင့်အတူ ထိတွေ့အလို့ငှါ၊ ဝိညာဉ်ထံ မည်သို့လှည့်ပြန်ရမည်ကို မသိကြပါ။ ဝိညာဉ်ထံသို့ လှည့်ပြန်ရန် သင်ယူပါ။ ဤသည်မှာ ခရစ်တော်ကို အလင်း၊ လေ၊ ရေနှင့် အစားအစာအဖြစ် မွေ့လျော်ဝမ်းမြောက်ရန် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဝိညာဉ်ထံသို့လှည့်ပြန်ရန် သင်ယူမည်ဆိုပါက၊ အသင်းတော်တစ်ခုလုံးသည် ပြောင်းလဲလာလိမ့်မည်ဖြစ်ပြီး၊ အသင်းတော်အသက်တာ၌ ကြီးစွာသောပြောင်းလဲမှုဖြစ်လိမ့်မည်ဖြစ်သည်။ (*Christ Our Portion*, pp. 25,29,31)

*ပို၍ဖတ်ရန်* – *Messages to the Trainees in Fall 1990*, ch. 14; CWWL, 1966, vol. 1, "Christ Our Portion," ch.3

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ယော၊ ယေရှုက ငါသည် လမ်းခရီးဖြစ်၏။ စစ်မှန်ခြင်းလည်းဖြစ်၏။**
**၁၄း၆ အသက်လည်းဖြစ်၏။ ငါ့အားဖြင့်မဟုတ်လျှင် အဘယ်သူမျှ ခမည်းတော်ထံသို့မရောက်ရ။**
**၆း၆၃ ဝိညာဉ်တော်သာလျှင် အသက်ပေး၏။ အသွေးအသားသည် အလျှင်းမတတ်နိုင်။ ငါပြောသောစကားသည် ဝိညာဉ်ဖြစ်၏။ အသက်လည်းဖြစ်၏။**

ဓမ္မဟောင်းကျမ်း၌ ပုံဆောင်ချက်များ၏ အဓိကအမျိုးအစား(၆) ခုရှိသည်။ ပထမအမျိုးအစားမှာ လူသားဖြစ်ခြင်း၊ ဒုတိယမှာ တိရစ္ဆာန်များ၊ တတိယမှာ အပင်များ၊ စတုတ္ထမှာ သတ္တုများ၊ ပဥ္စမမှာ ယဇ်များနှင့် ဆဋ္ဌမမှာ အစားအစာများဖြစ်သည်။ ဤ အဓိကအမျိုးအစား (၆) ခုလုံး၌ ခရစ်တော်၏ပုံဆောင်ချက်များ ပါဝင်သည်။

လူသားဖြစ်ခြင်းအမျိုးအစားမှ ဥပမာအချို့မှာ လူသားမျိုးနွယ်၏ ဦးခေါင်းတော်တည်းဟူသော ခရစ်တော်ကိုပုံဆောင်သည့် အာဒံ၊ အာဗြဟံ၏မျိုးစေ့တည်းဟူသော ခရစ်တော်ကို ပုံဆောင်သည် ဣဇက်၊ ဒါဝိဒ်၏မျိုးစေ့ဖြစ်သော ခရစ်တော်ကို ပုံဆောင်သည့် ဒါဝိဒ်၏ သားတည်းဟူသော ရှောလမုန်တို့ဖြစ်သည်။ ခရစ်တော်သည် လူသားမျိုးနွယ်၏ ဦးခေါင်းဖြစ်ရုံသာမက၊ လူသား၏မျိုးစေ့နှင့် မိန်းမ၏မျိုးနွယ်လည်းဖြစ်သည်။ ကိုယ်တော်သည် ဘုရင်၊ ယဇ်ပုရောဟိတ်နှင့် ပရောဖက်ဖြစ်သည်။ ဘုရင်တည်းဟူသော ကိုယ်တော်သည် ယုဒနှင့် ဒါဝိဒ်အားဖြင့် ပုံဆောင်ထားသည်။ ယဇ်ပုရောဟိတ်တည်းဟူသော ကိုယ်တော်သည် မေလခိဇေဒက်နှင့် အာရုန်အားဖြင့် ပုံဆောင်ထားသည်။ ပရောဖက်တည်းဟူသော ကိုယ်တော်သည် ဟေရှာယနှင့် ယောနအားဖြင့် ပုံဆောင်ထားသည်။ ထို့ကြောင့် လူသားဖြစ်ခြင်း၏ သွင်ပြင်လက္ခဏာ၌ ခရစ်တော်၏ပြသခြင်းအားလုံးကို နားလည်ရန် ကျွန်ုပ်တို့သည် အာဒံ၊ အာဗြဟံ၊ ဒါဝိဒ်၊ ရှောလမုန်၊ မေလခိဇေဒက်၊ အာရုန်၊ ဟေရှာယ၊ ယောနနှင့် အခြားသူများကိုလေ့လာရမည်။ (*The Four Crucial Elements of the Bible-Christ, the Spirit, Life and the Church*, pp. 52-53)

## ယနေ့ဖတ်စရာ

ယခု ကျွန်ုပ်တို့သည် တိရစ္ဆာန်၏ အမျိုးအစားသို့ ရောက်ရှိလာပြီဖြစ်သည်။ သိုးသူငယ်တည်းဟူသော ခရစ်တော်သည် ရွေးနုတ်ခြင်းအတွက် ကျွန်ုပ်တို့၏ အပြစ်များကို ဆက်ဆံဖြေရှင်းရန် ယဇ်ဖြစ်လာခဲ့သည်။ နွားတည်းဟူသော ကိုယ်တော်သည် ယဇ်ဖြစ်

ရုံသာမကဘဲ၊ ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ကျွန်အဖြစ် ကျွန်ုပ်တို့၏ဝန်ကို ထမ်းဆောင်ရန် နှိမ့်ချခြင်းဖြစ်လာခဲ့သည်။ ခြင်္သေ့တည်းဟူသော ကိုယ်တော်သည် ကျွန်ုပ်တို့၏ ကိုယ်စား စာတန်ကို အောင်နိုင်သောသူ အောင်မြင်သောအရှင်ဖြစ်သည်။ လင်းယုန်အဖြစ် ကိုယ်တော်သည် ကျွန်ုပ်တို့ကို အရာအားလုံးအထက်သို့ တက်ကြွစေရန် သယ်ဆောင်မည့် သာလွန်တက်ကြွသော ကောင်းကင်ဆိုင်ရာအရှင်ဖြစ်သည်။ ချိုးငှက် တည်းဟူသော ကိုယ်တော်သည် လှပခြင်းနှင့် ရိုးသားဖြောင့်မတ်ပြီး၊ ခိုးသူငယ်တစ်ကောင် တည်းဟူသော ကိုယ်တော်သည် နှိမ့်ချခြင်းနှင့် ဆင်းရဲခြင်းဖြစ်သည်။

အပင်များအကြား ခရစ်တော်နှင့်ပတ်သက်သည့် အမျိုးအစား ပိုများသည်။ သခင်ဘုရားက သူသည် စစ်မှန်သောစပျစ်နွယ်ပင်ဖြစ်ကြောင်း ပြောဆိုထားသည် (ယော၊ ၁၅း၁)။ စကြဝဠာ၌ မှန်သောစပျစ်ပင်တစ်ခုတည်းသာရှိပြီး ဤမှန်သောစပျစ်နွယ်ပင်မှာ ခရစ်တော်ဖြစ်သည်။ ကိုယ်တော်သည် ပန်းသီးပင်ဖြစ်ကြောင်း ရှောလမုန်သီချင်း၊ ၂း၃ တွင် ပြောဆိုသည်။ ထို့ပြင် အပင်၏ခြားနားသော အစိတ်အပိုင်းများသည် ခရစ်တော်ကို ပုံဆောင်ထားခြင်းဖြစ်ကြောင်း ဓမ္မဟောင်းကျမ်းတွင် ပြောထားသည်။ ခရစ်တော်သည် အမြစ် (ဟေရှာ၊၁၁း၁၀၊ ဗျာ၊၅း၅)၊ ပင်စည်နှင့် အငုတ်ဖြစ်သည်။ ကိုယ်တော်သည် အကိုင်းအခက်(ဟေရှာ၊၁၁း၁)နှင့် အသီး (၄း ၂။ ဗျာ၊ ၂၂း ၂)လည်း ဖြစ်သည်။ ထို့ကြောင့် ကိုယ်တော်သည် မာရိဝမ်း၌တည်သော အသီးဖြစ်ကြောင်း ဓမ္မသစ်ကျမ်းတွင် ပြောဆိုထားသည် (လု၊၁း၄၂)။ ခရစ်တော်သည် သူကိုယ်တိုင်အပင်ဖြစ်ကြောင်း ပို၍အံ့ဖွယ်သောအကြောင်းအရာဖြစ်သည်။ ကိုယ်တော်သည် စကြဝဠာ၌ အသက်ပင်၏ တုနှိုင်းရာမဲ့ဖြစ်သည်။ ကိုယ်တော်သည် အကာရှသစ်သားလည်းဖြစ်သည်။ ဤသည်မှာ ကိုယ်တော်၏ လူသားဇာတိဖြစ်ခြင်းသည် အရည်အချင်း၌ မြင့်မြတ်ကာ သန့်စင်ပြီး၊ အနေအထား၌ မြင့်မြတ်ကာ ထူးကဲသာလွန်သည်။

ကျွန်ုပ်တို့သည် သခင်ဘုရား၏နှုတ်ကပတ်တော်ထံလာသည့်အခါတိုင်း ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခုလုံးကို ဖွင့်ပေးပြီး၊ သမ္မာကျမ်းစာရှိ ဝိညာဉ်တော်၏ ကြွယ်ဝခြင်းများကို ရယူရန် ကျွန်ုပ်တို့၏ဝိညာဉ်ကို လေ့ကျင့်ရမည်။ ကျွန်ုပ်တို့သည် ဤနည်းလမ်း၌ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဆုတောင်းဖတ်ပါက၊ သမ္မာကျမ်းစာ၏စကားလုံးတိုင်းသည် ကျွန်ုပ်တို့ထံ ဝိညာဉ်နှင့် အသက်ဖြစ်လာသည်။ ထို့ကြောင့် ဝိညာဉ်တော်သည် ကျွန်ုပ်တို့၌ မှန်ကန်သောစကားပြောခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့ သိနားလည်ရသည်။ ကျွန်ုပ်တို့အထဲ၌ ကိန်းဝပ်နေသော ဝိညာဉ်တော်၏စကားပြောခြင်းသည် လူတိုင်း၊ အခြေအနေတိုင်းနှင့် အကြောင်းအရာတိုင်းကို တွေ့ကြုံစေရန်နှင့် ပြဿနာတိုင်းကို ဆက်ဆံ

ပြေရှင်းစေရန် ကျွန်ုပ်တို့ကို ဦးဆောင်ပေးနေသည်။ ယနေ့ စကားပြောသောဤဝိညာဉ်တော်သည် ခရစ်တော်ဖြစ်သည်။ ခရစ်တော်ကိုသိကျွမ်းရန် ကျွန်ုပ်တို့သည် လူသားဖြစ်ခြင်းများ၊ တိရစ္ဆာန်များ၊ အပင်များ၊ သတ္တုများ၊ ယဇ်များနှင့် အစားအစာများတည်းဟူသော ဓမ္မဟောင်းကျမ်းရှိ ပုံဆောင်ချက် အဓိကအမျိုးအစား(၆)ခုကို လေးလေးနက်နက်လေ့လာရန် လိုအပ်သည်။ ဤပုံဆောင်ချက်များသည် အလွန်ကြွယ်ဝသည်။ ယနေ့ ကျွန်ုပ်တို့သည် မည်မျှကောင်းကြီးခံစားရပါတကား။ ပုံဆောင်ချက်အားလုံး၏စစ်မှန်ခြင်း ဒြပ်သဘောသဘာဝများသည် ဝိညာဉ်တော်၌ရှိပြီး၊ ဝိညာဉ်တော်သည် သခင်ဘုရား၏နှုတ်ကပတ်တော်အားဖြင့် ကျွန်ုပ်တို့အထဲသို့ ထိုကြွယ်ဝခြင်းများအားလုံးကို ပို့လွှတ်ကာ ဝေငှဖြန့်ဖြူးသည်။ ထို့ကြောင့် တစ်နေ့ပြီးတစ်နေ့ ကျွန်ုပ်တို့သည် သခင်ဘုရား၏နှုတ်ကပတ်တော်ကို စားသုံးရန်နှင့် ဝိညာဉ်တော်၏ဝေငှဖြန့်ဖြူးခြင်းကို လက်ခံရရှိရန်လိုအပ်သည်။ ဤသည်မှာ အသက်ရှူခြင်း၊ သောက်သုံးခြင်းနှင့် စားသုံးခြင်းကဲ့သို့ဖြစ်ပြီး၊ ယင်းမှာ ကျွန်ုပ်တို့သည် အားလုံးအတွက်တစ်ကြိမ်တည်း လုပ်ဆောင်သောအကြောင်းအရာမဟုတ်ဘဲ၊ ကျွန်ုပ်တို့သည် တစ်နေ့ပြီးတစ်နေ့၊ မကြာခဏလုပ်ဆောင်သောအကြောင်းအရာဖြစ်သည်။ ထိုနောက် ကျွန်ုပ်တို့၏ဝိညာဉ်ကို လေ့ကျင့်ရန်နှင့် ကျွန်ုပ်တို့သည် သခင်ဘုရားနှင့်အတူ ပူပေါင်းခြင်းအတွက် သခင်ဘုရားမျက်မှောက်တော်၌ ကျွန်ုပ်တို့၏ဝိညာဉ်ကို လွှတ်မြောက်စေရန် လိုအပ်သည်။ ထို့နောက် ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာအသက်တာသည် ကျန်းမာလာလိမ့်မည်ဖြစ်ပြီး၊ ပုံမှန်နည်းလမ်း၌ ဆက်လက်ကြီးထွားလိမ့်မည်ဖြစ်သည်။ (*The Four Crucial Elements of the Bible-Christ, the Spirit, Life and the Church*, pp. 53-54, 67-68)

*ပို၍ဖတ်ရန် – The Four Crucial Elements of the Bible-Christ, the Spirit, Life and the Church, ch. 4; The Conclusion of the New Testament, msgs. 48-49*

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း***

## နံနက်ခင်းကျွေးမွေးခြင်း

**ကော၊ ၂း၁၉** **. . . ဦးခေါင်းတော်ကို ကိုင်စွဲခြင်းမပြုကြ။ ဦးခေါင်းတော်မှ ခန္ဓာတော်တစ်ကိုယ်လုံးသည် အဆစ်အပိုင်းအမျှင်များအားဖြင့်ကြွယ်ဝစွာ အားဖြည့်ထုံးဖွဲ့လျက်၊ ဘုရားသခင်၏ကြီးထွားခြင်းနှင့်အညီ ကြီးထွားတတ်၏။**

**၁း၄** **အကြောင်းမူကား၊ သင်တို့သည် ခရစ်တော်ယေရှု၌ ယုံကြည်၌ သန့်ရှင်းသူအပေါင်းတို့ကို ချစ်ကြသည်ဟု ငါတို့သည် ကြားသဖြင့် လည်းကောင်း၊**

ကော၊၂း၁၇၌ ခန္ဓာတော်သည် ခရစ်တော်ဖြစ်ပြီး၊ အငယ်၊၁၉ ၌ ခရစ်တော်ကိုပြောဆိုထားခြင်းမဟုတ်ဘဲ၊ ဦးခေါင်းတော်ကို ကိုင်စွဲခြင်းအား ပေါလုပြောထားသည်။ ခရစ်တော်မှ ဦးခေါင်းတော်အဖြစ် အခေါ် အဝေါ် ပြောင်းလဲရခြင်းမှာ သခင်ဘုရားကို ကျွန်ုပ်တို့မွေ့လျော်ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့အား ကိုယ်ခန္ဓာတော်ကို သတိပြုခြင်းဖြစ်လာစေသည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကို ဆက်လက်ဝမ်းမြောက်သောသူဖြစ်မည်ဆိုပါက၊ ကျွန်ုပ်တို့သည် တစ်ဦးချင်းဆိုင်ရာအဖြစ် ဆက်လက်ရှိလိမ့်မည်မဟုတ်ပါ။ တစ်ဦးချင်းဆိုင်ရာဖြစ်နေသည့် သန့်ရှင်းသူများသည် သခင်ဘုရားကို စဉ်ဆက်မပြတ်ဝမ်းမြောက်သောသူ မဟုတ်ကြပါ။ ကျွန်ုပ်တို့သည် နံနက်စောစော၌ သခင်ဘုရားကို ထိတွေ့လိမ့်မည်ဖြစ်ပြီး၊ ညနေပိုင်း၌ ကျွန်ုပ်တို့သည် အသင်းတော်အစည်းအဝေးသို့ လာလိမ့်မည်ဖြစ်သည်။ နေ့ဘက်တွင် သခင်ဘုရားကိုဝမ်းမြောက်ကာ၊ ကိုယ်တော်၏ ကိုယ်ခန္ဓာတော်ဖြစ်သည့် အသင်းတော်၏ အစည်းအဝေးကို လျစ်လျူရှုထားခြင်းမှာ ပုံမှန်အခြေအနေမဟုတ်ပါ။ သင်သည် အစည်းအဝေးအားလုံးကို တက်ရန်အခြေအနေမပေးသော်လည်း သင်၏ အတွင်းပိုင်းဖြစ်ခြင်းတစ်ခုလုံးသည် အသင်းတော်အစည်းအဝေးရှိ သန့်ရှင်းသူများနှင့်အတူရှိကြောင်း ခံစားရမည်ဖြစ်သည်။ ကိုယ်ခန္ဓာတော်၏ အသိစိတ်သည် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းမှ လာသည်။ (*Life-study of Colossions,* p. 491)

## ယနေ့ဖတ်စရာ

ကျွန်ုပ်တို့သည် တစ်နေ့ပြီးတစ်နေ့ ခရစ်တော်ကိုဝမ်းမြောက်သည့်အရာမှာ အမှန်တွင် ဦးခေါင်းတော်တည်းဟူသော ကိုယ်တော်၏ တစ်စုံတစ်ရာဖြစ်သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ခရစ်တော်ကိုဝမ်းမြောက်သောအခါ၊ ကိုယ်ခန္ဓာတော်ကို သိရှိလာစေခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ အတွေ့အကြုံအရ၊ ကျွန်ုပ်တို့သည် ခရစ်တော်ကို ဝမ်းမြောက်လေလေ၊

ကိုယ်ခန္ဓာတော်အတွက် ကျွန်ုပ်တို့၏ အလိုဆန္ဒသည် ပို၍ထက်သန်လေလေဖြစ်ကြောင်း ကျွန်ုပ်တို့သိနားလည်ကြသည်။ မည်သို့ပင်ဆိုစေ၊ ကျွန်ုပ်တို့သည် အချိန်တော်တော်ကြာမျှ သခင်ဘုရားကို မဆက်သွယ်ဘဲနေပါက၊ အလိုအလျောက် ကျွန်ုပ်တို့သည် အသင်းတော် အသက်တာကို လျစ်လျူရှုလိမ့်မည် သို့မဟုတ် အစည်းအဝေး၌ စိတ်ဝင်စားမှု ပျောက်ဆုံးလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရားကို ဆက်သွယ်ခြင်းလျော့နည်းလေလေ၊ ကျွန်ုပ်တို့သည် အသင်းတော် သို့မဟုတ် သန့်ရှင်းသူများ၏ ပို၍ အပြစ်ရှာလေလေ ဖြစ်သည်။ ဤခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း၏ နည်းပါးမှုမှာ ကျွန်ုပ်တို့က ကိုယ်ခန္ဓာတော်၏ အခြားအင်္ဂါဝင်များကို အပြစ်ရှာရန် စာတန်၊ ရန်သူအတွက် တံခါးဖွင့်ပေးခြင်းဖြစ်သည်။ သို့သော် ကျွန်ုပ်တို့သည် သခင်ဘုရားကို ဝမ်းမြောက်ရန် တစ်ဖန်အစပြုမည်ဆိုလျှင် တံခါးသည် တဖြည်းဖြည်းပိတ်သွားလိမ့်မည်ဖြစ်သည်။ နောက်ဆုံးတွင် ကျွန်ုပ်တို့သည် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း၌ ဆက်လက်တည်ရှိနေပါက၊ တံခါးသည် လုံးလုံးပိတ်သွားလိမ့်မည်။ ထို့ကြောင့် အသင်းတော်ကိုအပြစ်တင်ဝေဖန်မည့်အစား၊ ကျွန်ုပ်တို့သည် အသက်းတော်အသက်တာအတွက် သခင်ဘုရားကို ချီးမွမ်းလိမ့်မည်။ ကျွန်ုပ်တို့သည် ၎င်းကို မည်မျှချစ်ကြောင်း သက်သေခံလာမည်ဖြစ်သည်။ ထိုကဲ့သို့ ပြောင်းလဲသည့်အကြောင်းအရာကို ယူဆောင်သည့်အရာမှာ သတိပေးချက် သို့မဟုတ် အမှားပြင်ခြင်းမဟုတ်ဘဲ၊ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း၏ ပြန်လည်ရယူခြင်း ဖြစ်သည်။

ကျွန်ုပ်တို့၏ စားစရာ၊ သောက်စရာနှင့် လေအဖြစ် ကျွန်ုပ်တို့ဝမ်းမြောက်သည့် ချစ်ဖွယ်သော ဖိုးထိုက်ရှင်သည် ကိုယ်ခန္ဓာတော်၏ ဦးခေါင်းတော်ဖြစ်သည်။ ပေါလုသည် ထိုအရာကို ရှင်းလင်းစွာ သိရှိနားလည်ခဲ့သောကြောင့်၊ သူသည် ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် အကောင်းဘက်မှအရာအားလုံး၏ စစ်မှန်ခြင်းဖြစ်သော ခရစ်တော်မှ ဦးခေါင်းတော်တည်းဟူသော ခရစ်တော်၏ အကြောင်းအရာသို့ ခုန်ကျော်နိုင်သည်။ ကျွန်ုပ်တို့၏ အရာခပ်သိမ်းအဖြစ် ကျွန်ုပ်တို့မွေ့လျော်ဝမ်းမြောက်သော ခရစ်တော်သည် ကိုယ်ခန္ဓာတော်၏ ဦးခေါင်းတော်ဖြစ်သည့်အတွက်၊ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ပို၍ ဝမ်းမြောက်လေလေ၊ ကျွန်ုပ်တို့သည် ခန္ဓာတော်ကို ပို၍သိလေလေ ဖြစ်လာသည်။ ဤသည်မှာ ခရစ်တော်ကိုမွေ့လျော်ဝမ်းမြောက်ခြင်းသည် တစ်ဦးချင်းဆိုင် ရာအကြောင်းအရာမဟုတ်ကြောင်း ညွှန်ပြသည်။ ဤသည်မှာ ကိုယ်ခန္ဓာတော်၏ အကြောင်းအရာဖြစ်သည်။ ကျွန်ုပ်တို့သည် စုပေါင်းသောနည်းလမ်း၌ ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များအဖြစ် ခရစ်တော်ကိုဝမ်းမြောက်ရန် လိုအပ်သည်။

ကော၊ ၂း၁၉ ၌ ပေါလုက "ခန္ဓာတော်တစ်ကိုယ်လုံး"ကို ပြောထားသည်။ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းသည် ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များအဖြစ် ကျွန်ုပ်တို့ကို တစ်လုံးတစ်ဝဖြစ်ခြင်း၌ စောင့်ထိန်းသည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကို ပို၍ ဝမ်းမြောက်လေလေ၊ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၏ အခြားသောအင်္ဂါဝင်များကို ပို၍ချစ်လေလေဖြစ်သည်။ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းသည် အသင်းတော်အသက်တာ၌ အယောက်စီတိုင်းကိုချစ်ရန် ဖြစ်စေသည်။ ကျွန်ုပ်တို့ချစ်ရန် ခက်ခဲသည်ဟု ထင်ရသူတို့ပင်လျှင် ချစ်ဖွယ်ကောင်းပြီး၊ အဖိုးထိုက်လာသည်။ အမှန်တွင် အသင်းတော်နှင့်သန့်ရှင်းသူများသည် မပြောင်းမလဲ အတူတူပင်ဖြစ်သည်၊ ပြောင်းလဲနေသည်မှာ ကျွန်ုပ်တို့၏ စိတ်နေသဘောထားဖြစ်သည်။ သို့သော် ခရစ်တော်၏ မစခြင်းသည် ကျွန်ုပ်တို့ထံအမှုဆောင်ပြီး၊ ကျွန်ုပ်တို့သည် နောက်တစ်ဖန် ကိုယ်တော်ကိုဝမ်းမြောက်ရန် အစပြုပါက ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များအားလုံးသည် နောက်တစ်ကြိမ် ကျွန်ုပ်တို့အဖို့ ချစ်ဖွယ်ကောင်းလာလိမ့်မည်။ ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များတည်းဟူသော ကျွန်ုပ်တို့သည် အခြားသောအင်္ဂါဝင်များအားလုံးကို ချစ်ကြောင်း ကျေနပ်စရာ သိနားလည်ခြင်းလည်း ရှိလိမ့်မည် ဖြစ်သည်။

ခရစ်တော်၏ ဦးခေါင်းတော်အရိုက်အရာမှာ ရှင်ပြန်ထမြောက်ခြင်း၌ဖြစ်ပြီး၊ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းသည်လည်း ရှင်ပြန်ထမြောက်ခြင်းအထဲသို့ ကျွန်ုပ်တို့ကို အလိုအလျောက် ခေါ်ဆောင်ကာ၊ ကျွန်ုပ်တို့၏ ဇာတိဖြစ်ခြင်းမှ ကယ်တင်ခဲ့သည်။ ကျွန်ုပ်တို့အားလုံးသည် ဇာတိလူဖြစ်ကြသည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကိုမွေ့လျော်ဝမ်းမြောက်ခြင်းအားဖြင့် ရှင်ပြန်ထမြောက်ခြင်းအထဲသို့ ခေါ်ဆောင်မခံရပါက၊ ကျွန်ုပ်တို့သည် ဇာတိပုဂ္ဂိုလ်၌သာ ကျန်ရှိလိမ့်မည်ဖြစ်သည်။ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းသည် ရှင်ပြန်ထမြောက်ခြင်းအထဲသို့ ကျွန်ုပ်တို့ကိုခေါ်ဆောင်သောကြောင့် သခင်ဘုရားကို ချီးမွမ်းပါသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ပို၍ဝမ်းမြောက်လေလေ၊ နောက်တစ်ကြိမ် ကျွန်ုပ်တို့ဇာတိလျော့နည်းလေလေဖြစ်သည်။ ဤသည်မှာ ဩဝါဒမျှသာ မဟုတ်ဘဲ၊ ခရစ်ယာန်အတွေ့အကြုံ၏ အကြောင်းအရာဖြစ်သည်။ (*Life-study of Colossians*, pp. 491-493)

*ပို၍ဖတ်ရန် – Life-study of Colossians, msgs. 56-57*

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**ကော၊ ၃း၁–၂** **အထက်ဆိုခဲ့ပြီးသည့်အတိုင်း၊ သင်တို့သည် ခရစ်တော်နှင့်အတူ ထမြောက်ကြသည်မှန်လျှင်၊ ဘုရားသခင်၏လက်ယာတော်ဘက်မှာ ခရစ်တော်သည် ထိုင်တော်မူရာအရပ်၌ရှိသော အထက်အရာတို့ကိုသာ ရှာကြလော့။**

**၂း၇** **ထိုသခင်၌ အမြစ်စွဲခြင်း၊ တည်ဆောက်ခြင်းရှိလျက်၊ သွန်သင်ခြင်းကို ခံရပြီးသည့်အတိုင်း၊ ယုံကြည်ခြင်း၌ မြဲမြံစွာ စွဲလမ်းလျက်၊ ကျေးဇူးတင်ခြင်း၌ တိုးပွားခြင်းရှိကြလော့။**

ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းသည် တက်ကြွခြင်းအထဲသို့ ကျွန်ုပ်တို့ကို ခေါ် ဆောင်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကိုပို၍ဝမ်းမြောက်လေလေ၊ ကျွန်ုပ်တို့သည် ကောင်းကင်ဆိုင်ရာတွေ့ကြုံခံစားခြင်း၌ ပို၍ရှိလေလေဖြစ်သည်။ ဤသည်မှာ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကောင်းကင်ဆိုင်ရာဖြစ်လာကြောင်း ဆိုလိုသည်။ ကျွန်ုပ်တို့ဇာတိ၌ အသက်မရှင်ရုံသာမက၊ ကျွန်ုပ်တို့သည် မြေကြီးဆိုင်ရာလည်း မဟုတ်တော့ပါ။ ခရစ်တော်ကိုမွေ့လျော်ဝမ်းမြောက်ခြင်းသည် ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်း၌ ကျွန်ုပ်တို့ကိုရှိစေသည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကိုပို၍ဝမ်းမြောက်လေလေ၊ ကျွန်ုပ်တို့သည် ကောင်းကင်၌ ပို၍ရှိလေလေဖြစ်သည်။ ထို့ကြောင့် ခရစ်တော်ကို ဦးခေါင်းတော်အဖြစ် ကိုင်စွဲခြင်းမှာ ကျွန်ုပ်တို့၏ အတွေ့အကြုံ၌ ကောင်းကင်များ၌ရှိရန်ဖြစ်သည်။ ကောင်းကင်များ၌ရှိရန် ဦးခေါင်းတော်ကို ကိုင်စွဲရမည်ဟု ပြောဆိုခြင်းမှာလည်း မှန်ကန်ပါသည်။ အတွေ့အကြုံအရ ဦးခေါင်းတော်ကို ကိုင်စွဲခြင်းနှင့် ကောင်းကင်များ၌ဖြစ်ခြင်းသည် အတူတူပင် ဖြစ်ပြီး၊ တစ်ခုတည်းဖြစ်သည်။

ကျွန်ုပ်တို့၏ အတွေ့အကြုံ၌ ခရစ်တော်ကို ခေတ္တယာယီ ပစ်ထားကာ ကိုယ်တော်ကို ဦးခေါင်းတော်အဖြစ် ဆက်လက်ကိုင်စွဲခြင်းမရှိလျှင် ကျွန်ုပ်တို့သည် လောကဆန်ကြောင်း ခံစားရလိမ့်မည်။ ဥပမာ– ညီအစ်မ တစ်ယောက်သည် ဈေးဝယ်ခြင်းအကြောင်းအရာ၌ ခရစ်တော်ကို ဦးခေါင်းတော်အဖြစ် မကိုင်စွဲဘူး ဆိုပါစို့။ သို့ဖြစ်လျှင် အနည်းဆုံး သူမသည် ဈေးဝယ်သည့် အချိန်အတောအတွင်း ဦးခေါင်းတော်ကို ယာယီစွန့်ပစ်ထားခဲ့သည်။ (*Life-study of Colossians,* pp. 493-493)

# ယနေ့ဖတ်စရာ

ခင်ပွန်းနှင့် ဇနီးသည် အငြင်းအခုံပြုသည့်အခါ၊ သူတို့၏ တွေ့ကြုံခံစားခြင်း၌ သူတို့သည် ကောင်းကင်များ၌မရှိပါ။ အနည်းဆုံး သူတို့သည် လောကဆိုင်ရာဖြစ်ပြီး၊ သူတို့စကားများကြသောအခါ၊ ဦးခေါင်းတော်တည်းဟူသော ခရစ်တော်ကို မကိုင်စွဲပါ။ ကျွန်ုပ်တို့သည် လောကဆိုင်ရာဖြစ်လာသည့်အခါတိုင်း၊ ဦးခေါင်းတော်ကိုမကိုင်စွဲပါ။ သို့သော် ကျွန်ုပ်တို့၏ ထိမ်းမြားခြင်းအသက်တာ၌ ခရစ်တော်ကိုအစဉ်အမြဲ ဝမ်းမြောက်မည်ဆိုပါက၊ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ဦးခေါင်းတော်အဖြစ် ကိုင်စွဲလိမ့်မည်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ အတွေ့အကြုံမှာ ကောင်းကင်များ၌ ရှိလိမ့်မည်ဖြစ်သည်။ ထိုနောက် ကျွန်ုပ်တို့သည် ကောင်းကင်ဆိုင်ရာလူများဖြစ်လိမ့်မည်။ မည်သည့်အရာကမျှ ကျွန်ုပ်တို့ကို ကောင်းကင်မှ မြေကြီးသို့ မဆွဲချနိုင်တော့ပေ။ အကြောင်းမလှစွာပင် ကျွန်ုပ်တို့၏ အတွေ့အကြုံ၌ ကျွန်ုပ်တို့သည် လျင်မြန်စွာပင် ဆင်းသက်ကြသည်။ စကားတစ်ခွန်း သို့မဟုတ် မနှစ်မြို့ဖွယ်အကြည့်တစ်ချက်သည်ပင်လျှင် ကျွန်ုပ်တို့ကို ကောင်းကင်မှ မြေကြီးသို့ ဆွဲချသွားနိုင်သည်။ ကျွန်ုပ်တို့၏ နေ့စဉ်အသက်ရှင်ခြင်း၌ ဦးခေါင်းတော်ကို ကိုင်စွဲခြင်းမှ ရပ်နားသွားရန် မည်မျှ လျင်မြန်လှပါတကား။

ကော၊၃း၁–၄ အရ ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းသည် ဘုရားသခင်၏ ပလ္လင်တော်ရှိသည့် ကောင်းကင်များ၌ ဖြစ်သည်။ တစ်ဘက်မှကြည့်လျှင် ကျွန်ုပ်တို့၏ ဦးခေါင်းတော်တည်းဟူသော ခရစ်တော်သည် ကျွန်ုပ်တို့၏ ဝိညာဉ်၌ဖြစ်သည်။ အခြားတစ်ဘက်မှ ကြည့်လျှင် ကိုယ်တော်သည် ကောင်းကင်များ၌ဖြစ်ပြီး၊ မြေကြီးပေါ်၌မဟုတ်ပါ။ ကျွန်ုပ်တို့သည် ကောင်းကင်များ၌ရှိသည့်အခါမှသာလျှင် ဦးခေါင်းတော်တည်းဟူသော ကိုယ်တော်ကို ကိုင်စွဲကြသည်။ ခရစ်တော်ကိုဝမ်းမြောက်ရန် ဦးခေါင်းတော်ကို ကိုင်စွဲရမည်ဖြစ်ပြီး၊ ဦးခေါင်းတော်ကို ကိုင်စွဲရန် ကောင်းကင်များ၌ရှိရမည်ဖြစ်သည်။

ကျွန်ုပ်တို့၏ ဝိညာဉ်၌ အသက်ပေးသောဝိညာဉ်တော်တည်းဟူသော ဦးခေါင်းတော်၊ ခရစ်တော်ကို ဝမ်းမြောက်ခြင်းအားဖြင့်သာလျှင် ကောင်းကင်များ၌ တွေ့ကြုံခံစားနိုင်သည်။ ၂ကော၊၃း၁၇ "အကြောင်းမူကား၊ သခင်ဘုရားသည် ထိုဝိညာဉ်တော်ဖြစ်မူ၏"ဟု ပြောဆိုထားသည်။ ခရစ်တော်သည် ဦးခေါင်းတော်မျှသာဖြစ်ပြီး ဝိညာဉ်တော်မဟုတ်ခဲ့လျှင် ကိုယ်တော်ကိုဆက်သွယ်ရန် ကျွန်ုပ်တို့ဖို့ နည်းလမ်းရှိလိမ့်မည်မဟုတ်ပါ၊ သို့မဟုတ် အတွေ့အကြုံ၌ ကိုယ်တော်ကို ကိုင်စွဲရန် နည်းလမ်းရှိလိမ့်မည်မဟုတ်ပါ။ သို့သော် အနေအထားအားဖြင့် ခရစ်တော်သည် ဦးခေါင်းတော်ဖြစ်သော်လည်း ကျွန်ုပ်တို့၏ တွေ့ကြုံခံစားခြင်း၌ ကိုယ်တော်သည် အသက်ပေးသောဝိညာဉ်တော်ဖြစ်သည်။

ထို့ကြောင့် ဦးခေါင်းတော် တည်းဟူသော ခရစ်တော်ကို ကိုင်စွဲခြင်းမှာ ကိုယ်တော်ကို ဝမ်းမြောက်ကာ၊ ကောင်းကင်များ၌ ရှိရန်မျှသာမဟုတ်ဘဲ ကျွန်ုပ်တို့၏ဝိညာဉ်၌လည်း ရှိရမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် ခရစ်တော်ကိုဝမ်းမြောက်ကာ၊ ဦးခေါင်းတော်ဖြစ်သော ကိုယ်တော်ကို ကိုင်စွဲရန်ခြင်းဖြင့် ကိုယ်တော်၏ကြွယ်ဝခြင်းများကို စုပ်ယူသည်။ ကော၊ ၂း၁၉ အရ ဦးခေါင်းတော်မှ ထွက်ပေါ်လာသောတစ်စုံတစ်ခုသည် ကိုယ်ခန္ဓာတော်ကို ဘုရားသခင်၏ ကြီးထွားခြင်းနှင့်အညီ ကြီးထွားစေသည်။ ကျွန်ုပ်တို့၏ဝိညာဉ်နှင့် ကောင်းကင်များ၌ ခရစ်တော်ကိုဝမ်းမြောက်သည့်အခါ၊ ကျွန်ုပ်တို့သည် ဦးခေါင်းတော်ကို ကိုင်စွဲပြီး၊ ကိုယ်တော်၏ကြွယ်ဝခြင်းများကို စုပ်ယူသည်။ ထို့နောက် ဦးခေါင်းတော်မှ ထွက်လာသော တစ်စုံတစ်ရာသည် ကျွန်ုပ်တို့၌ ဘုရားသခင်၏ကြီးထွားခြင်းကို ထုတ်လုပ်ရန်ဖြစ်ပေါ်လာသည်။ ဤသည်မှာ ဘုရားသခင်၏ဒြပ်သဘောသဘာဝသည် ကျွန်ုပ်တို့ဖြစ်ခြင်းနှင့် ကိုယ်ခန္ဓာတော်အထဲသို့ ပို၍ ပေါင်းထည့်ခြင်းဖြစ်ကြောင်း ဆိုလိုသည်။ ဤအရာသည် ကိုယ်ခန္ဓာတော်ကို ဘုရားသခင်၏တိုးပွားခြင်း၊ ကြီးထွားခြင်းနှင့်အညီ ကြီးထွားစေသည်။

ဦးခေါင်းတော်တည်းဟူသော ခရစ်တော်ကို ကိုင်စွဲခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်ကိုသိမြင်လာသည်။ ကိုယ်ခန္ဓာတော်၏ အသက်တာကို တွေ့ကြုံခံစားခြင်းအရ ကျွန်ုပ်တို့သည် ဦးခေါင်းတော်မှ ထွက်လာသော ကြွယ်ဝခြင်းများကို စုပ်ယူသည်။ ဤကြွယ်ဝခြင်းများသည် ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များ၌ ကိုယ်ခန္ဓာတော်တစ်ခုလုံးကို ဘုရားသခင်၏ကြီးထွားခြင်းနှင့်အညီ ကြီးထွားစေသော ဘုရားသခင်၏ဒြပ်သဘာဝများပင်ဖြစ်သည်။ ထို့ကြောင့် ကိုယ်ခန္ဓာတော်၏ကြီးထွားခြင်းသည် ခရစ်တော်ကို ဝမ်းမြောက်ခြင်း၊ ဦးခေါင်းတော်ကို ကိုင်စွဲခြင်းနှင့် ကိုယ်တော်၏ကြွယ်ဝခြင်းများကို စုပ်ယူခြင်း၏ ရလဒ်ထွက်ပေါ်ခြင်းဖြစ်သည်။ (*Life-study of Colossians,* pp. 494-496)

*ပို၍ဖတ်ရန် – Life-study of Colossians, msg. 55*

***အလင်းဖွင့်ပြခံရခြင်းနှင့်နိုးဆော်ခံရခြင်း*** ——————————————————————

### *Hymns,* # E-496, M,

၁။ ခရစ်တော်သည် ခပ်သိမ်း၏စစ်မှန်ခြင်း
လူနှင့်အရာအားလုံး၏ ဦးခေါင်းဖြစ်
ကိုယ်တော်မပါ၊ ဘုရားမတွေ့နိုင်ပါ
ကိုယ်တော်မပါလျှင်၊ ချည်းနှီးသက်သက်ပင်။

၂။ ရှေးခေတ်၏ပုံဆောင်ချက်များရှိသမျှ
ကျွန်ုပ်လိုအပ်ရာကြီးငယ်အရာများ
ခရစ်တော်၏ပုံရိပ်များသာဖြစ်ရာ
ကိုယ်တော်သာရာခပ်သိမ်းဖြစ်ကြောင်းပြဖော်။

၃။ အရာခပ်သိမ်း အနတ္တ၊ အနတ္တ
ခရစ်တော်သာ ခပ်သိမ်း၏စစ်မှန်ခြင်း
အရာအားလုံးပိုင်ဆိုင်ဝမ်းမြောက်နိုင်လည်း
ခရစ်တော်မပါလျှင်၊ ဟာလာဟင်းလင်း။

၄။ ခရစ်တော်သည် ဘုရားမှန်၊ သခင်မှန်
ခရစ်တော်သည် အသက်၊ အလင်းစစ်မှန်
ကိုယ်တော်သည် စားစရာနှင့်သောက်စရာ
ကိုယ်တော်သည် ဝတ်ဆင်စရာနှင့်တန်ခိုး။

၅။ ခရစ်တော်သည် ဘုရားလေ့လာခြင်းနှင့်
ဩဝါဒများ၏စစ်မှန်ခြင်းဖြစ်ရှင်
ကိုယ်တော်မပါသောကျမ်းစာအသိသည်
စာ၌သာရှိ ချည်းနှီးသက်သက်အတိ။

၆။ ခရစ်တော်သည် အချိန်နယ်ပယ်စစ်မှန်
ကိုယ်တော်သည် အခြေအနေ၏စစ်မှန်
ခရစ်တော်သည် ရာခပ်သိမ်း၏စစ်မှန်
တစ်ခေတ်ပြီးတစ်ခေတ် ထာဝရဖြစ်ရှင်။

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ–––––––––––

## *ခရစ်တော်၏ကိုယ်ခန္ဓာတော်၊ အသင်းတော်၏ ရုပ်ပါရုံ*

ဖတ်ရန်ကျမ်း။ ဧ၁း၁၇–၁၀၊ ၂၂–၂၃၊ ၄း၁၆။ မ၁၆း၁၀၊ ၁၈း၁၇။ ၁ကော၁၂း၁၂–၁၃

*Day 1* **I. အသင်းတော်သည် ဘုရားသခင်၏စိတ်နှလုံးအလိုဆန္ဒဖြစ်သည်။ ဤခေတ်ကာလ၌ ဘုရားသခင်၏အလိုဆန္ဒမှာ အသင်းတော်ရရှိရန် ဖြစ်သည် (ဧ၁း၅၊ ၉၊ ၂၂း၂၃)။**

က။ အသင်းတော်သည် ဘုရားသခင်၏ထာဝရစီမံကိန်း၌ ဝှက်ထားသော နက်နဲခြင်းဖြစ်သည် (အဧယ်၁၁၊ ၂၂–၂၃။ ၃း၄၊ ၉း၁၁။ ကော၊ ၂း၂)။

ခ။ ဧ၃း၉ အရ ဖန်ဆင်းခြင်းနှင့် အသင်းတော်အကြား ဆက်နွယ်ခြင်းရှိသည်။ လူအပါအဝင် ကိုယ်တော့်ဖန်ဆင်းခြင်း၏ အရာအားလုံး၌ ဘုရား၏ ရည်ရွယ်ချက်မှာ လူသည် ဘုရားသခင်နှင့်အတူ ရောနှောပေါင်းစည်းကာ အသင်းတော်ကို ထုတ်လုပ်ရန်ဖြစ်သည် (ဗျာ၊ ၄း၁၁။ ရော၁၂း၂)။

ဂ။ ဘုရားသခင်၏စီမံကိန်းတွင် အသင်းတော်အတွက် ဘုရား၏ရည်ရွယ်ချက်နှင့် ပတ်သက်၍ အချက်သုံးခုရှိသည်–

၁။ အသင်းတော်အတွက် ဘုရားသခင်၏ရည်ရွယ်ချက်မှာ အသင်းတော်သည် သားအရာကို ရရှိရမည်ဖြစ်ပြီး၊ ဘုရားသခင်သည် များစွာသော ရင့်ကျက်သည့် သားများအားဖြင့် ထင်ရှားရန်ဖြစ်သည် (ဧ၁း၅)။

က။ ဘုရားသခင်၏ ထာဝရရည်ရွယ်ချက်မှာ ကျွန်ုပ်တို့အထဲတွင် ခရစ်တော်၌ သူကိုယ်တော်တိုင် အလုပ်လုပ်ရန်ဖြစ်သည်။ သို့မှသာ ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူ လုံးလုံးရောနှောပေါင်းစည်းနိုင်ပြီး၊ ကျွန်ုပ်တို့အားဖြင့် ထင်ရှားနိုင်မည် (ဧ၃း၁၆–၁၇၊ ၂၁)။

*Day 2* ခ။ ကျွန်ုပ်တို့ ဖန်ဆင်းခြင်းမခံရမီ ဘုရားသားများဖြစ်ရန် ဘုရားသခင်အားဖြင့် ရှေးမဆွကပင် ရွေးချယ်ခန့်ခွဲခဲ့သည်။ ထို့ကြောင့် ဘုရားသခင်၏ဖန်ဆင်းခံများအဖြစ်

ကျွန်ုပ်တို့သည် ကိုယ်တော်အားဖြင့် အသစ်တဖန် မွေးဖွားခြင်းခံရန် လိုအပ်သည်။ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်၏ သားများဖြစ်ရန် ကိုယ်တော်၏ အသက်ကို ရရှိမည်ဖြစ်သည် (၁း၅။ ယော၊၃း၃၊ ၆)။

ဂ။ သားအရာသည် သား၏ အသက်ကိုသာမကဘဲ၊ သား၏ နေရာကိုလည်း ရည်ညွှန်းခြင်းဖြစ်သည်။ ဘုရားသခင်အားဖြင့် တံဆိပ်ခပ်ထားသောသူများတွင် ကိုယ်တော်၏ သားများနှင့် ကိုယ်တော့်ကို အမွေဆက်ခံရန် အသက်ရှိသည် (ရော၊၈း၁၄–၁၅၊ ၁၇၊ ၂၉။ ဟေဗြဲ၊၂း၁၀)။

၂။ အသင်းတော်အတွက် ဘုရား၏ရည်ရွယ်ချက်မှာ ကိုယ်တော်၏ ပညာတော်ကို ရန်သူအားသိစေရန်နှင့် အသင်းတော်အားဖြင့် သူ၏ရန်သူကို ဆက်ဆံဖြေရှင်းရန်ဖြစ်သည် (ဧ၊၃း၁၀။ က၊၁း၂၆)။

က။ အသင်းတော်သည် ကောင်းကင်ဆိုင်ရာ အစိုးရသောသူများနှင့် အာဏာစက်တို့ကို ဘုရားသခင်၏ အထူးထူးအပြားပြားသော ပညာတော်အား သိစေရန် လမ်းကြောင်းဖြစ်သည် (ဧ၊၃း၁၀)။

ခ။ ဘုရားသခင်၏ စီမံကိန်း၌ရှိသော အသင်းတော်သည် ကိုယ်တော်၏ ရန်သူကို အရှက်ရစေရန်နှင့် ရှုံးနိမ့်စေရန်အတွက် ကိုယ်တော်၏ အထူးထူးအပြားပြားသော ပညာတော်ကို ပြသခြင်း၌ ဘုရားသခင်၏ အကြီးမားဆုံးသော ဝင့်ကြွားစရာအချက်ဖြစ်သည် (အငယ်၊၁၀။ ရော၊၁၆း၂၀)။

ဂ။ သခင်ဘုရားသည် ကိုယ်တော်၏ ရန်သူကို ရှုံးနိမ့်စေရန်နှင့် မြေကြီးကို ပြန်လည်ရယူရန် အသင်းတော်ကို အသုံးပြုခြင်း၏ ရှုပါရုံကို ကျွန်ုပ်တို့လိုအပ်သည် (က၊၁း၂၆–၂၇။ ဗျာ၊၁၁း၁၅။ ၁၂း၁၀)။

*Day 3*

၃။ အသင်းတော်အတွက် ဘုရားသခင်၏ ရည်ရွယ်ချက်မှာ အသင်းတော်အားဖြင့် ခရစ်တော်၌ အလုံးစုံတို့ကို ချုပ်ခြာစေရန်ဖြစ်သည် (ဧ၊၁း၁၀၊ ၂၂)။

က။ အငယ်၊ ၂၂ က ၌ ဖော်ပြထားသောချုပ်ခြာခြင်းသည် အသင်းတော်အဖို့ ဖြစ်သည်။ သို့မှသာ အသင်းတော်သည် ဦးခေါင်းတော်အဖြစ် ခရစ်တော်၏ ဖြစ်ခြင်းအားလုံးကို မျှဝေခံစားနိုင်မည်ဖြစ်သည်။

ခ။ အသင်းတော်သည် ခရစ်တော်ကိုယ်တော်တိုင် အသက်အဖြစ် ကျွန်ုပ်တို့ထဲ၌ အလုပ်လုပ်ဆောင်ခြင်းအားဖြင့် ခရစ်တော်၌ အလုံးစုံတို့ကို ချုပ်ခြာစေရန်အတွက်ဖြစ်သည်။ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် အလင်းဖြင့် ပြည့်ဝမည်ဖြစ်သည် (အငယ်၊၁၀၊ ၂၂–၂၃)။

ဂ။ အသင်းတော်သည် ဤအသက်ဖြင့် တည်ဆောက်ထားပြီး၊ ကျွန်ုပ်တို့သည် ခရစ်တော်၏ ဦးခေါင်းတော်အောက်တွင် အသက်အလင်း၏ ချုပ်ခြာမှုအောက်တွင်ရှိသည် (ဋ း၁၅–၁၆။ ယော၊၈း၁၂။ ကော၊၁း၁၃)။

ဃ။ အသင်းတော်သည် စကြာဝဠာဆိုင်ရာနှင့် ဒေသန္တရဆိုင်ရာနှစ်ခုလုံးဖြစ်သည် (မ၊၁၆း၁၈။ ၁၈း၁၇)။

င။ အသင်းတော်သည် အသင်းတော်၏ ရူပါရုံအားဖြင့် ဆွဲဆောင်ခြင်းခံရရန် လိုအပ်ပြီး၊ ဤရူပါရုံဖြင့် ထိန်းချုပ်ခြင်းခံရရန် အဖိုးအခပေးကာ ၎င်းအတိုင်းအသက်ရှင်ရမည် (တ၊၂၆း၁၉က။ ရော၊၁၂း၂)။

*Day 4* **II. အသင်းတော်၏ ရူပါရုံကို မြင်ပြီးနောက်၊ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၏ ရူပါရုံကို မြင်ရန်လိုအပ်သည် (ဧ၊၁း၁၇–၁၈၊ ၂၂–၂၃။ ၄း၁၆။ ရော၊၁၂း၅။ ၁ကော၊၁၂း၁၃၊ ၂၇)။**

က။ ခရစ်တော်၏ ကိုယ်ခန္ဓာတော်သည် အသင်းတော်၏ ပင်ကိုယ်မူလပုံဆောင်ချက်ဖြစ်သည် (ဧ၊၁း၂၂–၂၃)။

၁။ ဘုရားသခင်၏ အသင်းတော်သည် ကိုယ်ထည်ဖြစ်ပြီး၊ ခရစ်တော်၏ ကိုယ်ခန္ဓာတော်သည် အသက်ရှင်ခြင်းဖြစ်သည်။

(က) ကိုယ်ခန္ဓာမရှိပါက အသင်းတော်သည် အဓိပ္ပါယ်မရှိပါ။

(ခ) ကိုယ်ခန္ဓာတော်မပါရှိဘဲ အသင်းတော်သည် အချည်းနှီးသာဖြစ်သည်။ သို့သော် ကိုယ်ခန္ဓာတော်နှင့် အတူ အသင်းတော်၏ ပင်ကိုယ်မူလ ပုံဆောင်ချက်ရှိသည်။

၂။ ကျွန်ုပ်တို့သည် မိမိကိုယ်ကို သီးသန့်ဖြစ်သော အသင်းတော်များ သို့မဟုတ် တစ်ဦးချင်းဆိုင်ရာ ယုံကြည်သူများအဖြစ် စဉ်းစားမည်ဆိုပါက ကျွန်ုပ်တို့သည် အဆုံးသတ်သွားပြီဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကို ကိုယ်ခန္ဓာတော်တစ်ခုတည်းအဖြစ် မှတ်ယူသင့်ပါသည် (ရော၊၁၂း၄–၅)။

ခ။ ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် ခရစ်တော်၌ ယုံကြည်သူများနှင့်အတူ သုံးပါးတစ်ပါးဘုရား၏ ဘုရားဆိုင်ရာ စေ့စပ်ထုံးဖွဲ့ထားခြင်းဖြစ်သည် (ဧ၊၄း၄–၆)။

၁။ ခမည်းတော်၊ သားတော်၊ ဝိညာဉ်တော်နှင့် လူတို့သည် ရောနှောပေါင်းစည်းနေပြီး၊ လေးပါးတစ်ပါး ရှင်သန်သောပေါင်းစည်းခြင်းဖြစ်သည့် ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်လာရန် အတူတကွ တည်ဆောက်ထားသည် (ငယ်၊၄–၆)။

၂။ ခရစ်တော်၏ ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းသည် သုံးပါးတစ်ပါးဘုရားနှင့် သုံးပိုင်းရှိလူသားတို့၏ ဘုရား၏ဝိညာဉ်တော်နှင့် လူ၏ဝိညာဉ်၌ စေ့စပ်ထုံးဖွဲ့ထားခြင်းဖြစ်သည် (၁ကော၊၆း၁၇။ ရော၊၈း၁၆)။

**Day 5**

၃။ ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် အသက်ဆိုင်ရာဖြစ်သည်။ ဘုရားဆိုင်ရာနှင့် လူသားဆိုင်ရာနှစ်ခုလုံးသည် ခရစ်တော်ကို ထင်ရှားရန်ဖြစ်သည် (ဧ၊၁း၂၃)။

ဂ။ ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် ဘုရားသခင်အဖို့ ကိုယ်တော်၏ စီမံခန့်ခွဲမှုကို သယ်ဆောင်ရန် နည်းလမ်းဖြစ်သည် (ရော၊၁၂း၄–၅။ ဧ၊၁း၂၂–၂၃။ ၁ကော၊၁၂း၁၂–၁၃၊ ၂၅၊ ၂၇)။

၁။ ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် ဘုရားသခင်၏စီမံခန့်ခွဲမှုနှင့် လုံးလုံးအပြည့်အဝ ဆက်နွှယ်နေသည်။ ခရစ်တော်၏ကိုယ်ခန္ဓာတော်မရှိလျှင် ကိုယ်တော်၏စီမံခန့်ခွဲခြင်းကို သယ်ဆောင်ရန် ဘုရားသခင်၌ နည်းလမ်းမရှိပါ။

၂။ ဘုရားသခင်၏ ထာဝရရည်ရွယ်ချက်သည် ကိုယ်တော်စီမံခန့်ခွဲခြင်းကို သယ်ဆောင်သွားရန် ရှင်သန်သော ကိုယ်ခန္ဓာတော်အဖြစ် တစ်လုံးတစ်ဝတည်းဖြစ်လာခဲ့သော ကယ်တင်ခြင်းခံရ

သောအုပ်စုနှင့် အသစ်တစ်ဖန်မွေးဖွားခြင်းခံရသောလူများ ကို ရရန်ဖြစ်သည်။

၃။ ခရစ်တော်၏ ကိုယ်ခန္ဓာတော်၊ အသင်းတော်သည် မြေကြီးပေါ်တွင် ခရစ်တော်၏ လှုပ်ရှားလုပ်ဆောင်မှုအတွက်ဖြစ်သည်။ ဦးခေါင်းတော်သည် ခန္ဓာတော်အားဖြင့် ဘုရားသခင်၏ စီမံခန့်ခွဲခြင်းကို ယခု လုပ်ဆောင်နေသည် (၁း၃။ ၁၂း၁၂)။

ဃ။ ခရစ်တော်၏ ကိုယ်ခန္ဓာတော်သည် စုပေါင်းထားသော ခရစ်တော်ဖြစ်သည် (ငယ်၊၁၂–၁၃)။

၁။ အငယ်၊၁၂ ရှိ ခရစ်တော်သည် တစ်ဦးတည်းဖြစ်သော ခရစ်တော်ကို ဖော်ပြခြင်းမဟုတ်ဘဲ စုပေါင်းထားသော၊ ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို ဖော်ပြခြင်းဖြစ်သည်။

၂။ စုပေါင်းထားသောခရစ်တော်သည် ဦးခေါင်းတော်နှင့် အသင်းတော်၊ ယုံကြည်သူများ အားလုံးနှင့်အတူ ကိုယ်တော်၏ ကိုယ်ခန္ဓာတော်၊ ကိုယ်တော်၏ အင်္ဂါဝင်များအဖြစ် ခရစ်တော်ကိုယ်တော်တိုင် ပါဝင်ဖွဲ့စည်းထားသည် (တ၊၉း၄)။

၃။ ခရစ်တော်၌ရှိသော ယုံကြည်သူများအားလုံးသည် ကိုယ်တော်နှင့် ရှင်သန်စွာပေါင်းစည်းခြင်း(ရော၊၁၂း၄–၅)၊ ကိုယ်တော်၏ အသက်နှင့် ဒြပ်သဘောသဘာဝဖြင့် စေ့စပ်ထုံးဖွဲ့ပြီး(ကော၊ ၃း၄၊ ၁၁) ကိုယ်တော့်ကို ထင်ရှားရန် ရှင်သန်သော ကိုယ်ခန္ဓာတော်ဖြစ်လာသည်။ ထို့ကြောင့် ခရစ်တော်သည် ဦးခေါင်းသာမဟုတ်ဘဲ ကိုယ်ခန္ဓာလည်းဖြစ်သည်။

***Day 6***

ဃ။ စကြာဝဠာဆိုင်ရာအသင်းတော်၊ ခရစ်တော်၏ တုနိုင်းရာမဲ့ဖြစ်သော ကိုယ်ခန္ဓာတော်သည် ဒေသန္တရအသင်းတော်များအဖြစ် ဒေသန္တရများစွာတွင် ထင်ရှားသည် (ကော၊၄း၁၅–၁၆။ ဧ၊၄း၄။ ဗျာ၊၁း၄၊ ၁၁)။

၁။ ကိုယ်ခန္ဓာတော်တစ်ခုသည် များစွာသော ဒေသန္တရအသင်းတော်များအဖြစ် ထင်ရှားသော ဘုရားသခင်၏ အသင်းတော်တစ်ပါးတည်းဖြစ်သည် (မ၊၁၆း၁၈။ ၁၈း၁၇။ ဧ၊၁း ၂၂–၂၃။ ၂း ၂၁–၂၂။ ၁ကော၊၁း ၂)။

၂။ ဒေသန္တရအသင်းတော်သည် ဒေသအသီးသီး၌ ခရစ်တော်ကိုယ်ခန္ဓာတော်၏ထင်ရှားခြင်းဖြစ်သည် (ငယ်၊ ၂။ ၁၀း၃၂၊ ၁၇။ ၁၂း၁၂–၁၃၊ ၂၀၊ ၁၇)။

၃။ ဒေသန္တရအသင်းတော်များသည် တည်ရှိခြင်း၌ များစွာရှိနေသော်လည်း ဒြပ်သဘောသဘာဝ၌ စကြဝဠာဆိုင်ရာ ခန္ဓာတော်တစ်ခုတည်းဖြစ်သည်။ ဒေသန္တရအသင်းတော်များသည် စကြဝဠာဆိုင်ရာ၊ ဩဝါဒဆိုင်ရာနှင့် လက်တွေ့ဆိုင်ရာတွင် ခန္ဓာတော်တစ်ကိုယ်တည်းဖြစ်သင့်ပါသည် (ဧ၊၄း၄။ ၁ကော၊၄း၁၇။ ၇း၁၇။ ၁၁း၁၆။ ၁၄း၃၃။ ၁၆း၁)။

## နံနက်ခင်းကျွေးမွေးခြင်း

**ဧ၊ ဘုရားသခင်သည် မိမိကိုယ်တော်တိုင်၌ ကြံစည်တော်မူသောသူ၏**
**၁း၉ ကောင်းသောကျေနပ်နှစ်သိမ့်မှုအတိုင်း၊ အလိုတော်၏နက်နဲသော**
**အရာကို ငါတို့အားသိစေတော်မူ၏။**
**၂၂-၂၃ ခြေဖဝါးတော်အောက်သို့ အလုံးစုံတို့ကို ချထားသဖြင့်၊ အသင်း**
**တော်သို့ ကိုယ်တော့်ကို အလုံးစုံတို့၏အချုပ်အခြာ ဦးခေါင်း**
**တော်ဖြစ်စေတော်မူ၏။ ထိုအသင်းတော်ကား၊ အလုံးစုံတို့ကို အ**
**လုံးစုံတို့၌ပြည့်စုံစေတော်မူသောသူ ၏ပြည့်ဝပြည့်စုံခြင်းတည်းဟူ**
**သော ကိုယ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်သတည်း။**

ကျွန်ုပ်တို့အားလုံးသည် အသင်းတော်၏ရူပါရုံကို မြင်ရန်လိုအပ်သည်။ ခရစ်တော်၏ရူပါရုံထက် အသင်းတော်၏ရူပါရုံကို ခရစ်ယာန်များက လျစ်လျူရှုထားကြသည်။ ဩဝါဒဆိုင်ရာနည်းလမ်း၌ ခရစ်ယာန်များသည် ခရစ်တော်အကြောင်းကို ပြောကြသော်လည်း အသင်းတော်အကြောင်းကိုမူ ပြောလေ့မရှိပါ။ ကျွန်ုပ်တို့ ဓမ္မသစ်ကျမ်းကို ဂရုတစိုက်ဖတ်မည်ဆိုပါက အသင်းတော်၏အရေးကြီးခြင်းကို မြင်လာလိမ့်မည်။ ဓမ္မသစ်ကျမ်းက အသင်းတော်မပါရှိဘဲ ခရစ်တော်သည် တစ်ဦးတည်းသာဖြစ်ကာ မည်သည့်အရာကိုမျှ လုပ်ဆောင်ရန် မတတ်နိုင်ကြောင်း ဖွင့်ပြထားသည်။ ဓမ္မသစ်ကျမ်းက အထူးသဖြင့် အသင်းတော်သည် ဘုရားသခင်၏ စိတ်နှလုံးတော်အလိုဆန္ဒဖြစ်ကြောင်း ဖော်ပြထားသည်။ ဤခေတ်ကာလ၌ ဘုရားသခင်၏ အလိုဆန္ဒမှာ အသင်းတော်ရှိရန်ဖြစ်သည်။

ကျွန်ုပ်တို့သည် အသင်းတော်၏အရေးပါမှုကို မြင်နိုင်ရန် ဆုတောင်းရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုအတွက် ကယ်တင်ခံရခြင်းမဟုတ်ပါ၊ ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက်မျှသာ မဟုတ်ပါ။ ကျွန်ုပ်တို့သည် အသင်းတော်တည်ဆောက်ခြင်းအတွက် ကယ်တင်ခံရခြင်းဖြစ်သည်။ အသင်းတော်သည် ဘုရားသခင်၏စိတ်နှလုံး အလိုဆန္ဒဖြစ်သည်။ (*CWWL, 1965, vol.3,* "The Heavenly Vision," p.171)

## ယနေ့ဖတ်စရာ

အသင်းတော်နှင့်ပတ်သက်၍ ကျွန်ုပ်တို့စဉ်းစားရမည့် ပထမဆုံးသောအကြောင်းအရာမှာ ဘုရားသခင်၏ထာဝရစီမံကိန်းတွင် ဝှက်ထားလျက်ရှိသော နက်နဲခြင်းဖြစ်သည်။ ဝှက်ထားလျက်ရှိသည့် နက်နဲသောအရာသည် ဘုရားသခင်၏ထာဝရစီမံကိန်း၌ရှိသည်။ ဤနေရာ၌ နက်နဲခြင်းနှင့် စီမံကိန်းဟူသော အရေးကြီးသည့် စကားလုံးနှစ်လုံး

ကို တွေ့ရပြီး၊ နာမဝိသေသန "ဝှက်ထားသော"နှင့်"ထာဝရ"စကားလုံးတို့ဖြင့် အသီးသီး အထူးပြုထားပါသည်။ ထို့ကြောင့် ဓမ္မသစ်ကျမ်း၌ ဝှက်ထားသော နက်နဲခြင်းနှင့် ထာဝရ စီမံကိန်းရှိသည်။

နက်နဲခြင်းဆိုသည်မှာ အဘယ်နည်း။ ကျွန်ုပ်တို့က နက်နဲခြင်းသည် လျှို့ဝှက်သော ဝတ္ထုတစ်ပုဒ်ဖြစ်သည်ဟု ပြောကောင်းပြောမည်ဖြစ်သည်။ နက်နဲသော၊ လျှို့ဝှက်သော ဝတ္ထုသည် ထာဝရဘုရားသခင်နှင့် ကိုယ်တော်၏ ထာဝရ စီမံကိန်း (*oikonomia*) ၌ ဝှက် ထားခဲ့သည်။ ကျွန်ုပ်တို့ မြင်သည့်အတိုင်း ဤနက်နဲသော၊ လျှို့ဝှက်သောဝတ္ထုသည် အသင်းတော် ဖြစ်သည်။

ယနေ့ "အသင်းတော်"ဟူသောစကားသည် အလွန်ရိုးစင်းပါသည်။ သို့သော် ပေါလုက အသင်းတော်၏ ဖွင့်ပြချက်သို့ ရောက်လာသောအခါ၊ နက်နဲသော ဖော်ပြချက် များကို အသုံးပြုခဲ့သည်။ သူသည် အသင်းတော်ကို နက်နဲခြင်း၊ ဝှက်ထားသော နက်နဲ ခြင်းဟူ၍ခေါ် သည်။ ဤနက်နဲခြင်းမှာ ဘုရားသခင်၏ အိမ်ထောင်စုဆိုင်ရာ စီမံခန့်ခွဲခြင်း ၌ ဝှက်ထားသည်။ ထာဝရအတိတ်ကာလ၌ ခမည်းတော်ဘုရားတွင် အိမ်ထောင်စုဆိုင်ရာ စီမံခန့်ခွဲခြင်းရှိခဲ့ပြီး၊ ထိုစီမံခန့်ခွဲခြင်း၌ နဲနက်ခြင်းသည် ဝှက်ထားခြင်းခံခဲ့ရသည်။

ဧဖက်၊၃း၉ ၌ ပေါလုသည် "အလုံးစုံတို့ကို ဖန်ဆင်းတော်မူသော ဘုရားသခင်၌ ခေတ်များတစ်လျှောက်လုံးဝှက်ထားလျက်ရှိသော ထိုနက်နဲသောအရာ၏ စီမံကိန်း" အကြောင်း ပြောဆိုထားသည်။ ဘုရားသခင်၏ နက်နဲခြင်းမှာ ကိုယ်တော်၏ ဝှက်ထားသော ရည်ရွယ်ချက်ဖြစ်သည်။ ကိုယ်တော်၏ ရည်ရွယ်ချက်မှာ သူ၏ ရွေးချယ်ခံသူများ အထဲသို့ သူကိုယ်တော်တိုင် ဝေငှဖြန့်ဖြူးရန်ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏ နက်နဲခြင်းကို ဝေငှဖြန့်ဖြူးခြင်းရှိသည်။ ထိုနက်နဲခြင်းကို ခေတ်များ (ယင်းသည် ထာဝရအတိတ်ကာလ မှ) နှင့် ခေတ်များတစ်လျှောက်လုံး ဘုရားသခင်၌ ဝှက်ထားခဲ့သော်လည်း၊ ယခုတွင် ၎င်း သည် ဓမ္မသစ်ယုံကြည်သူများထံသို့ အလင်းအဖြစ် ရောက်ရှိလာခဲ့ပြီးဖြစ်သည်။ ကျွန်ုပ် တို့သည် ၃း၉ ၌ ပါဝင်သော အကြောင်းအရာများကို စဉ်းစားဆင်ခြင်မည်ဆိုပါက၊ ဖန် ဆင်းခြင်း နှင့် အသင်းတော်အကြားဆက်နွယ်မှုကို မြင်ရလိမ့်ဖြစ်သည်။ ဘုရားသခင်သည် အရာခပ်သိမ်းကို အသင်းတော်အတွက် ဖန်ဆင်းခဲ့သည်။ ဘုရားသခင်သည် အသင်း တော်ကို ရရှိရန် ကောင်းကင်များ၊ မြေကြီးနှင့် သန်းပေါင်းများစွာသောအရာများကို ဖန်ဆင်းခဲ့သည်။ (*The Conclusion of the New Testament*, pp.2045-2047, 2055)

ဘုရားသခင်၏ စီမံကိန်းတွင် အသင်းတော်နှင့်ပတ်သက်၍ အရေးကြီးသည့်အရာ သုံးခုရှိသည်။ ပထမတစ်ခုမှာ အသင်းတော်သည် သားအရာ၌ ရှိရမည်ဖြစ်ပြီး၊ ဘုရား

သခင်သည် ထိုသားများအားဖြင့် ထင်ရှားရမည်။ ၈:၁၅ ၌ ဘုရားသခင်သည် ကျွန်ုပ်တို့အား သားအရာအဖြစ် ခွဲခန့်မှတ်သားတော်မူခဲ့ကြောင်း ပြောထားသည်။ *သားအရာ* ဟူသော စကားလုံးသည် မည်သည့်အရာကို ဆိုလိုခြင်းဖြစ်ပြီး၊ မည်သည့်အရာ ပါဝင်ပါသနည်း။ အချုပ်အားဖြင့် ၎င်းသည် မွေးဖွားခြင်း အပေါင်း ကြီးထွားခြင်း အပေါင်း သားဦးအရာကို ဆိုလိုခြင်းဖြစ်သည်။

ဘုရားသခင်၏ ထာဝရရည်ရွယ်ချက်မှာ ကျွန်ုပ်တို့အထဲသို့ သူကိုယ်တော်တိုင် အလုပ်လုပ်ရန်ဖြစ်ပြီး၊ ကျွန်ုပ်တို့နှင့်အတူ လုံးလုံးရောနှောပေါင်းစည်းကာ ကျွန်ုပ်တို့အားဖြင့် သူ့အား ထင်ရှားရန်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ထဲ၌ မွေးဖွားခြင်းခံရစဉ်ခါ ကိုယ်တော်သည် ဤရောနှောပေါင်းစည်းခြင်းဖြစ်စဉ်ကို အစပြုခဲ့သည်။ မည်သို့ပင်ဖြစ်စေ ဤသည်မှာ အစပြုခြင်းသာရှိသေးသည်။ ကြီးထွားခြင်းရှိရမည်။ ကျွန်ုပ်တို့၌ မွေးဖွားခြင်းရှိပြီး ကြီးထွားခြင်းမရှိပါက သားဦးအရာကို မည်သည့်အခါမျှ မွေ့လျော်ဝမ်းမြောက်နိုင်မည်မဟုတ်ပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဝိညာဉ်အထဲ၌ မွေးဖွားခဲ့သည်။ ယင်းသည် ကျွန်ုပ်တို့ဖြစ်ခြင်း၏ အလယ်ဗဟိုပင်ဖြစ်သည်။ ထို့နောက် ကိုယ်တော်၏ အလိုဆန္ဒမှာ ကျွန်ုပ်တို့၏ ဝိညာဉ်မှ စိတ်၏ အစိတ်အပိုင်းများအားလုံးကို ပုံသဏ္ဌာန်ပြောင်းလဲသည်ထိ ပျံ့နှံ့သွားရန်ဖြစ်ပြီး၊ အဆုံး၌ ကျွန်ုပ်တို့၏ ရုပ်ပိုင်းဆိုင်ရာခန္ဓာကို အဆင်းသဏ္ဌာန်ပြောင်းလဲစေသည်။ ဤဖြစ်စဉ်များအားဖြင့် ကျွန်ုပ်တို့၏ ဖြစ်ခြင်းတစ်ခုလုံးသည် ဘုရားသခင်ကိုယ်တော်တိုင်၏ အနှစ်သာရဖြင့် စိမ့်ဝင်ပျံ့နှံ့သွားလိမ့်မည်ဖြစ်သည်။ ဘုရားသခင်နှင့်အတူ အပြည့်အဝရောနှောပေါင်းစည်းခြင်းမှာ စစ်မှန်သော သန့်ရှင်းခြင်းနှင့် စစ်မှန်သော သန့်ရှင်းစင်ကြယ်ခြင်းဖြစ်သည်။ (*God's Purpose for the Church,* p.5, 7-8)

*ပို၍ဖတ်ရန် –* *The Conclusion of the New Testament,* msgs.189-194

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ဧ၊ ငါတို့သည် ယေရှုခရစ်အားဖြင့် သူကိုယ်တော်တိုင်ထံသို့ သားအရာကို**
**၁း၅ ရမည့်အကြောင်း၊ အလိုတော်ရှိသောစေတနာတော်အတိုင်း၊ ငါတို့ကို ကြိုတင်ခွဲခန့်မှတ်သားတော်မူ၏။**
**၃း၁၀ အဘယ်ကြောင့်နည်းဟူမူကား၊ ကောင်းကင်ဆိုင်ရာများ၌ အစိုးရသော သူများနှင့် အာဏာစက်တို့သည် ဘုရားသခင်၏အထူးထူးအပြားပြားသော ပညာတော်ကို အသင်းတော်အားဖြင့် ယခု သိရကြမည့်အကြောင်းတည်း။**

အသစ်မွေးဖွားခြင်းမှ ဘုရားသခင်၏ သားများအဖြစ် ကိုယ်ထင်ရှားလာသည့်တိုင်အောင် ကျွန်ုပ်တို့သည် ဖြစ်စဉ်တစ်ခုအောက်တွင် ရှိနေကြောင်းမြင်ရပြီးဖြစ်သည်။ ကျွန်ုပ်တို့၌ မွေးဖွားခြင်းရှိပြီး၊ ထိုမွေးဖွားခြင်းမတိုင်မှီ ကျွန်ုပ်တို့သည် ဘုရားသခင်၏ သားများကို ကိုယ်ထင်ရှားမည့် သားအရာ၏ ပန်းတိုင်နှင့် ဘုန်းထင်ရှားလာမည့် ပန်းတိုင်တို့သည် ရှိပြီးသားဖြစ်သည်။ နောက်ဆုံးတွင် အပြည့်အဝ ကြီးထွားရင့်ကျက်မည့် အချိန်ထိ ရောက်ရှိလာလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် သားအရာသည် အသစ်မွေးဖွားခြင်းမှ ကြီးထွားရင့်ကျက်ခြင်း၊ အသစ်တစ်ဖန် မွေးဖွားခြင်းမှ ဘုန်ထင်ရှားခြင်းအထိ ရောက်ရှိလာမည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ယေရှုခရစ်အားဖြင့် သားအရာကိုရမည့်အကြောင်း ရှေးမဆွကပင် ရွေးချယ်ခွဲခန့်မှတ်သားတော်မူခဲ့သည်။ (*God's Purpose of the Church*, p.10)

## ယနေ့ဖတ်စရာ

ထာဝရအတိတ်ကာလ၌ ဘုရားသခင်သည် ကျွန်ုပ်တို့ကို သားအရာရရှိရန်နှင့် ကမ္ဘာမတည်မရှိမီက ကိုယ်တော်၏ရွေးချယ်ခံများဖြစ်ရန်အတွက် ခွဲခန့်မှတ်သားတော်မူခဲ့သည်။ ဘုရားသခင် ခွဲခန့်မှတ်သားခြင်း၏ပန်းတိုင်သည် သားအရာဖြစ်သည်။ ကျွန်ုပ်တို့သည် ဖန်ဆင်းခြင်းမတိုင်မှီ ဘုရားသခင်၏ သားများဖြစ်လာရန် ရွေးချယ်ခန့်ခွဲထားခဲ့သည်။ ထို့ကြောင့် ဘုရားသခင်၏ဖန်ဆင်းခံများအဖြစ် ကျွန်ုပ်တို့သည် ကိုယ်တော်အားဖြင့် အသစ်တစ်ဖန်မွေးဖွားခြင်းခံရန်လိုအပ်သည်။ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်၏ သားများဖြစ်လာရန် ကိုယ်တော်၏ အသက်၌ ပါဝင်ဆက်ဆံနိုင်မည်ဖြစ်သည်။ သားအရာသည် အသက်ကိုသာ ရည်ညွှန်းခြင်းမဟုတ်ဘဲ သား၏ အနေအထားကိုလည်း ရည်ညွှန်းခြင်းဖြစ်သည်။ ဘုရားသခင် ခွဲခန့်မှတ်သားတော်မူသောသူများသည် ကိုယ်တော်

၏ သားများနှင့် ကိုယ်တော်၏ အမွေကို ဆက်ခံမည့်အနေအထားကို ရရှိနိုင်သော အသက် ရှိသည်။ (*Life-Study of Ephesian,* pp. 35-36)

သားများ အဖြစ် ကိုယ်တော်၏ အသက်ကို မျှဝေခွင့်ရကာ ကိုယ်တော်၏ ကြွယ်ဝခြင်း အားလုံးကို မွေလျော်ဝမ်းမြောက်ရန် အသက်၌ ရင့်ကျက်ကြီးထွားသောသားများ အဖြစ် မွေးဖွားခြင်း အားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့ကို စုပေါင်းထားသောထင်ရှားခြင်းဖြစ် စေကာ ကျွန်ုပ်တို့အားဖြင့် ကိုယ်တော်တိုင် ထင်ရှားခဲ့သည်။ ဤသည်မှာ အသင်းတော် အတွက် ဘုရားသခင်၏ ရည်ရွယ်ချက်မှ ပထမ အချက်ဖြစ်ကာ များစွာသောရင့်ကျက်သည့် သားများ အားဖြင့် ကိုယ်တော်တိုင်ထင်ရှားရန်ဖြစ်သည်။ အသင်းတော်အတွက် ဘုရား သခင်၏ ရည်ရွယ်ချက် ဒုတိယ အချက်မှာ ကိုယ်တော်၏ ရန်သူကို ဆက်ဆံဖြေရှင်းရန်ဖြစ် သည်။ ဧဖက်စာစောင်၏ အခန်းကြီးတစ်၌ သားအရာအတွက် အကောင်းဘက်မှ ဘုရား သခင်၏ ရည်ရွယ်ချက်ရှိပြီး၊ အခန်းကြီးသုံးတွင် ရန်သူနှင့်ပတ်သက်၍ ရန်သူကို နှိမ်နင်း ကာ ဘုရားသခင်၏ အထူးထူး အပြားပြားသောပညာတော်ကို သိစေရန် အနှုတ်လက္ခဏာ ဘက်ရှိနေသည်။ ဘုရားသခင်သည် ထိုသို့သော ဆိုးညစ်သူ စာတန်ရှိနေခြင်းကြောင်း နောင်တမရပေ၊ အကြောင်းမှာ ထိုသို့သောသူအားဖြင့် ဘုရားသခင်၏ အထူးထူး အပြား ပြားသောပညာတော်သည် ထင်ရှားခြင်းရှိမည်ဖြစ်သည်။ စာတန်မှလာသော ဒုက္ခပြဿနာ များ အားဖြင့် ဘုရားသခင်သည် ကိုယ်တော်တိုင်၏ ပညာတော်ကို ပြသရန် အခွင့်ရခဲ့သည်။ (*God's Purpose for the Church,* pp. 11-12)

ဧ၊၃း၈ ၌ အသင်းတော်သည် ခရစ်တော်၏ စစ်၍မကုန်နိုင်သောကြွယ်ဝခြင်းများ မှ ထွက်ပေါ် လာခြင်းဖြစ်ကြောင်း ဖွင့်ပြထားသည်။ ဘုရားသခင်၏ ရွေးချယ်ခံများသည် ခရစ်တော်၏ ကြွယ်ဝခြင်းများကို စားသုံးကာ မွေလျော်ဝမ်းမြောက်ရသောအခါ ဤကြွယ်ဝ ခြင်းများသည် သူတို့ကို အသင်းတော်အဖြစ် စေ့စပ်ထုံးဖွဲ့ပေးပြီး၊ ယင်း အားဖြင့် ဘုရား သခင်၏ အထူးထူး အပြားပြားသောပညာတော်သည် ကောင်းကင်များရှိ ကောင်းကင်တ မန် အစိုးရသူများနှင့် အာဏာစက်များထံ သိစေနိုင်မည်ဖြစ်သည်။ ထို့ကြောင့် အသင်းတော် သည် ခရစ်တော်၏ ဖြစ်ခြင်း အားလုံးကို ဖော်ပြသော ဘုရားသခင်၏ ပညာတော် သရုပ်ပြပွဲ ဖြစ်သည်။

အသင်းတော်သည် တစ်ချိန်က ပျက်စီးခြင်း၊ ကျဆင်းခြင်း၊ ယိုယွင်းခြင်းရှိခဲ့သော သူများဖြင့် ဖွဲ့စည်းထားသည်။ ကျွန်ုပ်တို့ကယ်တင်မခံရမီက ကျွန်ုပ်တို့သည် မြေဟောက် များ၊ အဆိပ်ပြင်းသောမြွေများဖြစ်ကြသည်။ ထို့ထက်မက ကျွန်ုပ်တို့သည် လွန်ကျူးခြင်း များနှင့် အပြစ်များ၌ သေနေကြသည်။ ထို့အပြင် ပြန့်ကျဲကာ ကွဲပြားနေပြီး၊ တစ်လုံးတစ်

ဝလုံးလုံး မဖြစ်နိုင်ကြသောသူများဖြစ်သည်။ ထို့ကြောင့် အသင်းတော်၏ အင်္ဂါဝင်များ အားလုံးသည် မျှော်လင့်ချက်မဲ့သောအခြေအနေ၌ ရှိနေကြသည်။ သို့ဖြစ်သော်လည်း ဘုရားသခင်သည် ပညာတော်အားဖြင့် ကျွန်ုပ်တို့ကို အသင်းတော်ဖြစ်စေရန် တတ်နိုင်တော်မူသည်။ ယခု ကျွန်ုပ်တို့သည် ရွေးနုတ်ခြင်း၊ ကယ်တင်ခြင်း၊ သန့်ရှင်းခြင်း၊ လွတ်မြောက်ခြင်း၊ ချုပ်ချယ်မှုကင်းခြင်းနှင့် အသစ်မွေးဖွားခြင်းခံရရုံသာမက ကျွန်ုပ်တို့သည် ပေါင်းစည်းနေပြီဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် တစ်လုံးတစ်ဝဖြစ်ကာ အချင်းချင်းနှင့်လည်း တစ်လုံးတစ်ဝဖြစ်နေကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အသင်းတော်ဖြစ်သည်။

အသင်းတော်သည် ဘုရားသခင်၏ အကြီးမားဆုံး ဝါကြွားမှုဖြစ်သည်။ သင်သည် အသင်းတော်ကို ထိုမျှလောက် ဂရုမစိုက်သော်လည်း ဘုရားသခင်သည် အသင်းတော်ကို လွန်စွာ ဂရုစိုက်သည်။ တစ်ခါတစ်ရံ ဘုရားသခင်က “စာတန်၊ ကြည့်ပါ။ သင်ဖျက်ဆီးခဲ့သောလူများကို ငါသည် ရယူခဲ့ပြီး၊ သူတို့ကို အသင်းတော်ဖြစ်စေခဲ့ပြီ။ သင်၌ ထိုသို့ပြုရန် ဉာဏ်ပညာရှိပါသလား။ သင်၌ ဉာဏ်ပညာမရှိပါ။ သို့သော် ငါ၌ရှိသည်”ဟု ပြောလိမ့်မည်ဖြစ်သည်။ (*Life-study of Ephesians*, pp. 268-270)

သခင်ဘုရား၏ အမြင်၌ စာတန်သည် ကျဆုံးခဲ့ပြီးဖြစ်သည်။ ကျွန်ုပ်တို့၌ ဤသို့သောအမြင်ရှိမည်ဆိုပါက တစ်နေ့ပြီးတစ်နေ့ ကျွန်ုပ်တို့သည် “အောင်မြင်ခြင်းအတွက် ဟာလေလုယ”ဟု သီချင်းဆိုလိမ့်မည်ဖြစ်သည်။ သခင်ယေရှုက လူများသည် ကိုယ်တော်၏ ကိုယ်ခန္ဓာကို ဖျက်ဆီးသော်လည်း ကိုယ်တော်သည် သုံးရက်အတွင်းတွင် ပြန်လည်တည်ဆောက်မည်ဟု ပြောခဲ့သည် (ယော၊ ၂း၁၉)။ စာတန်က ဖျက်ဆီးလေလေ၊ ခရစ်တော်က တည်ဆောက်လေလေဖြစ်သည်။ သူ၏ ဖျက်ဆီးခြင်းသည် သခင်ဘုရား၏ တည်ဆောက်ခြင်းအတွက် ပြင်ဆင်ပေးခြင်းမျှသာဖြစ်သည်။ သခင်ဘုရားသည် ရန်သူကို နှိမ်နင်းရန်နှင့် မြေကြီးတစ်ပြင်လုံးကို ပြန်လည်ရယူရန် အသင်းတော်ကို မည်သို့အသုံးပြုကြောင်း ရူပါရုံကို ကျွန်ုပ်တို့မြင်ရန်လိုအပ်သည်။ (*God's Purpose for the Church*, pp. 19-20)

*ပို၍ဖတ်ရန်* – *God's Purpose for the Church*, pp.1-20; *CWWL, 1965*, vol.3, "The Heavenly Vision," ch. 2

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

——————————————————————————————————————

——————————————————————————————————————

——————————————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**ဧ၊ ၁း၁၀ ထိုနက်နဲသောအရာဟူမူကား၊ ကာလအချိန်စေ့စုံခြင်း၏စီမံကိန်းအဖို့၊ ရှိရှိသမျှကို ခရစ်တော်၌ချုပ်ခြာစေတော်မူလျက်၊ ကောင်းကင်များ၌ ရှိသော အရာများနှင့် မြေကြီးပေါ်ရှိအရာများကို ကိုယ်တော်၌ ချုပ်ချာစေတော်မူလိမ့်သတည်း။**

**ကော၊ ၁း၁၃ ကိုယ်တော်သည် မှောင်မိုက်တန်ခိုးမှ ငါတို့ကိုနုတ်၍ ချစ်တော်မူသော သားတော်၏နိုင်ငံတော်အထဲသို့ သွင်းတော်မူ၏။**

ဘုရားသခင်၏စီမံကိန်း၌ အသင်းတော်၏တတိယအဓိက သွင်ပြင်မှာ ခရစ်တော်၌ အရာအားလုံးကို ချုပ်ခြာစေရန်ဖြစ်သည်။ သားအရာ၏ပထမအချက်သည် အပေါင်းလက္ခဏာဘက်မှ အသင်းတော်အတွက်ဖြစ်ကြောင်းကို ကျွန်ုပ်တို့မြင်ရပြီးဖြစ်သည်။ ဒုတိယအချက်မှာ အသင်းတော်သည် ဘုရားသခင်၏ အထူးထူးအပြားပြားသော ပညာတော်ကို အစိုးရသူများ၊ အာဏာစက်များထံ သိစေရန်နှင့် အနုတ်လက္ခဏာဘက်မှ ရန်သူကို နှိမ်နင်းရန်ဖြစ်သည်။ ယခု တတိယအချက်မှာ ခရစ်တော်၌ အရာအားလုံးကို စကြဝဠာဆိုင်ရာ ချုပ်ခြာစေရန်ဖြစ်သည်။ အသင်းတော်သည် သားအရာကို ရရှိရမည်၊ စာတန်သည် ရှုံးနိမ့်ကာ နှင်ထုတ်ခြင်းခံရမည်၊ ဖန်ဆင်းခြင်းတစ်ခုလုံးသည် မှန်ကန်သင့်လျော်သည့် အခြေအနေ၌ ယူဆောင်ခံရကာ တစ်လုံးတစ်ဝတည်းရှိရမည်ဖြစ်သည်။ ၎င်းမှာ ကာလအချိန်စေ့စုံခြင်း၏ စီမံကိန်း၌ ဘုရားသခင်၏ထာဝရအကြံအစည်တော်ဖြစ်ပြီး ခရစ်တော်၌ အရာအားလုံးကို ချုပ်ခြာစေရန်ဖြစ်သည်။ (*God's Purpose for the Church*, pp. 20-21)

## *ယနေ့ဖတ်စရာ*

ဧ၊၁း ၂၂ ၌ ဘုရားသခင်သည် ခရစ်တော်အား အရာခပ်သိမ်း၏ဦးခေါင်းတော်ဖြစ်စေကြောင်း ပြောထားသည်။ ဤသည်မှာ အလုံးစုံတို့ကို ချုပ်ခြာစေခြင်းသည် အသင်းတော်အဖို့ဖြစ်ပြီး၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် ဦးခေါင်းတော်ဖြစ်သော ခရစ်တော်၏ ဖြစ်ခြင်းအားလုံးကို မျှဝေကာ၊ ပုန်ကန်သောကောင်းကင်တမန်များနှင့် ပုန်ကန်သော လူများက ဖြစ်ပေါ်စေသော သေခြင်းနှင့် မှောင်မိုက်ရှိ စကြဝဠာဆိုင်ရာ ပျက်စီးခြင်းအစုအပုံမှ ကယ်တင်ခံရခြင်းကို ဖွင့်ပြထားသည်။ ခရစ်တော်၌ ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးပေါ်ရှိ အရာအားလုံးကို ချုပ်ခြာစေခြင်းဖြစ်စဉ်၌ ရှိနေသည်။ မည်သို့

ဆိုစေ ဦးခေါင်းတော်ခရစ်တော်ကို လိုက်ဖက်ညီစေမည့် ကိုယ်ခန္ဓာတော်ဖြစ်သော အသင်းတော်မပါဘဲ ဘုရားသခင်သည် အရာအားလုံးကို ခရစ်တော်၌ ချုပ်ခြာစေရန် မဖြစ်နိုင်ပေ။ အလုံးစုံတို့ကို ချုပ်ခြာစေခြင်းသည် ဦးခေါင်းတော်မှ ပြီးမြောက်စေခြင်း ဖြစ်သော်လည်း ယင်းသည် ဦးခေါင်းတော်အတွက် ကိုယ်ခန္ဓာတော်မပါဘဲ ပြီးစီးစေရန် မဖြစ်နိုင်ပါ။ ခရစ်တော်သည် အလုံးစုံတို့၏ ဦးခေါင်းတော်ဖြစ်နိုင်ခြင်း ရှိမရှိ၊ အရာအား လုံးသည် ခရစ်တော်၏ အခွင့်အာဏာအောက်၌ ဝန်ခံခြင်းရှိမရှိ၊ အရာအားလုံးသည် ခရစ်တော်၌ ချုပ်ခြာခြင်းခံရ မခံရဆိုသည်မှာ အသင်းတော်သည် ထွက်ပေါ် လာကာ ကြီး ထွားလာခြင်းရှိမရှိအပေါ် တွင် မူတည်နေသည် (၄း၁၄–၁၆။ ကော၊ ၂း၁၉)။ အသင်းတော် သည် ပြည့်ဝစွာရင့်ကျက်လာသောအခါ ဘုရားသခင်သည် အရာအားလုံးကို ခရစ်တော် ၏ အခွင့်အာဏာအောက်သို့ ဝန်ခံစေနိုင်မည်ဖြစ်သည်။ (*The Conclusion of the New Testament*, p. 3342)

အသင်းတော်အဖို့ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့အထဲသို့ အသက် အဖြစ် မိမိကိုယ်တော်တိုင် လုပ်ဆောင်ရန်နှင့် ကျွန်ုပ်တို့သည် အလင်းနှင့်ပြည့်ဝရန်ဖြစ် သည်။ ကျွန်ုပ်တို့သည် ဤအလင်းအားဖြင့် ထိန်းချုပ်ခံရသောအခါ ကျွန်ုပ်တို့၌ တစ်လုံး တစ်ဝဖြစ်ခြင်းနှင့် လိုက်လျောညီထွေဖြစ်ခြင်းရှိလာကာ စစ်မှန်သောတည်ဆောက်ခြင်း ရှိလာမည်ဖြစ်သည်။ ဤတည်ဆောက်ခြင်းအားဖြင့် ဘုရားသခင်သည် ဖန်ဆင်းခြင်း အားလုံးကို ရှုပ်ထွေးခြင်းထဲမှ ထုတ်ဆောင်ရန် ထွန်းလင်းနိုင်မည်ဖြစ်သည်။

အသင်းတော်တည်ဆောက်ခြင်းမရှိဘဲ ဘုရားသခင်သည် ခရစ်တော်၌ အလုံးစုံ တို့ကို ချုပ်ခြာစေနိုင်မည်မဟုတ်ပါ။ အသင်းတော်အား အသက်ပေးခြင်း၊ ဤအသက် အားဖြင့် အသင်းတော်သည် တည်ဆောက်ခံရခြင်းအားဖြင့် ဘုရားသခင်၏ အလင်း သည် ထိန်းချုပ်ပေးသောအကြောင်းခံအဖြစ် ထွန်းလင်းလာမည်ဖြစ်သည်။ ဤအရာက ဖန်ဆင်းခြင်းအားလုံးကို ရှုပ်ထွေးခြင်းထဲမှ လွတ်မြောက်စေကာ ဘုရားသခင်၏ သား များထွန်းလင်းခြင်းအောက်သို့ ယူဆောင်ပေးလိမ့်မည်ဖြစ်သည်။ ထို့နောက် ခရစ်တော် သည် အသင်းတော်အားဖြင့် အရာခပ်သိမ်း၏ ဦးခေါင်းတော်ဖြစ်လာမည်ဖြစ်သည်။

အသင်းတော်အားဖြင့် ခရစ်တော်၌ အလုံးစုံတို့ကို ချုပ်ခြာစေခြင်းမှာ ဘုရားသခင် ၏ ထာဝရအကြံအစည်တော်ဖြစ်သော်လည်း ယင်းသည် အသင်းတော်၏ တည်ဆောက် ခြင်းအားဖြင့်သာလျှင် ပြီးမြောက်နိုင်မည်ဖြစ်သည်။ အသင်းတော်သည် ခရစ်တော်ကို အသက်အဖြစ် တွေ့ကြုံခံစားခြင်းအားဖြင့် တည်ဆောက်ကာ၊ ဤအသက်၌ လူတိုင်းကို ထိန်းချုပ်ပေးမည့် အလင်းရှိလိမ့်မည်ဖြစ်သည်။ (*God's Purpose for the Church*, pp. 33-34, 29)

အသင်းတော်သည် စကြဝဠာဆိုင်ရာနှင့် ဒေသန္တရဆိုင်ရာဖြစ်သည် စကြဝဠာတစ်ခုလုံး၌ ဘုရားသခင်၏ အသင်းတော်တည်းဟူသော အသင်းတော်တစ်ပါးတည်းသာရှိသည် (၁ကော၊၁၀း၃၂)။ ဤတုနှိုင်းရာမဲ့သောအသင်းတော်သည် မြေကြီးပေါ်ရှိ ဒေသန္တရများစွာ၌ ထင်ရှားကာ ယင်းဒေသအသီးသီး၌ ၎င်းသည် ဒေသန္တရအသင်းတော်များဖြစ်လာသည်။ စကြဝဠာဆိုင်ရာအသင်းတော်သည် ဒေသန္တရအသင်းတော်များ အားလုံးဖြင့် ဖွဲ့စည်းထားပြီး၊ ဒေသန္တရအသင်းတော်များသည် စကြဝဠာဆိုင်ရာအသင်းတော်၏ လက်တွေ့ကျသောထင်ရှားခြင်းဖြစ်သည်။ (*Watchman Nee - a Seer of the Divine Revelation in the Present Age*, pp. 154-155)

အသင်းတော်နှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့၌ ရှင်းလင်းသောရူပါရုံရှိရန်လိုအပ်ပြီး၊ ကျွန်ုပ်တို့သည် ယင်းအတွက် အဖိုးအခပေးရန် အဆင်သင့်ရှိရမည်ဖြစ်ကာ ကျွန်ုပ်တို့၏ အသက်ကိုပင် အဖိုးအခပေးရမည်ဖြစ်သည်။ ထို့နောက် အစမှအဆုံးတိုင် ကျွန်ုပ်တို့သည် မိမိတို့၏ သဘောထားကို ပြောင်းလဲတော့မည်မဟုတ်ပေ။ အသင်းတော်နှင့်စပ်လျဉ်း၍ မှန်ကန်သင့်လျော်သောလမ်းကို ရွေးချယ်ရန် ဆန္ဒရှိမည်ဆိုပါက ကျွန်ုပ်တို့၏ သဘောထားသည် အစဉ်အမြဲ တူညီနေရမည်ဖြစ်သည်။ (*The Heavenly Vision*, pp. 23-24)

*ပို၍ဖတ်ရန်* – *CWWL,1965*, vol. 1, “The Vision, Practice, and Building Up of the Church,” pp. 37-77; *Life-study of Ephesians*, msgs. 8-10, 96

***အလင်းဖွင့်ပြခံရခြင်းနှင့်နှီးဆော်ခံရခြင်း*** ————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ဧ၊ သင်တို့ကိုခေါ်တော်မူခြင်း၏ မျှော်လင့်ခြင်းတစ်ခုတည်း၌ သင်တို့သည်**
**၄း၄–၆ ခေါ်တော်မူခြင်းခံရသည်နှင့်အညီ၊ ကိုယ်ခန္ဓာတော်တစ်ကိုယ်နှင့် ဝိညာဉ်တော်တစ်ဝိညာဉ်တည်းရှိ၏။ သခင်တစ်ပါး၊ တစ်ခုသောယုံကြည်ခြင်း၊ တစ်ခုသောနှစ်ခြင်း၊ ခပ်သိမ်းသောငါတို့၏အဖနှင့် ဘုရားသခင်တစ်ပါးတည်းရှိတော်မူ၏။ ထိုဘုရားသခင်သည် ခပ်သိမ်းသောငါတို့၏အပေါ်မှာ ရှိတော်မူ၏။ ခပ်သိမ်းသော ငါတို့တွင် နှံ့ပြားတော်မူ၏။ ခပ်သိမ်းသောငါတို့၏အထဲ၌ ရှိတော်မူ၏။**

ခရစ်တော်၏ရုပ်ပါရုံနှင့် အသင်းတော်၏ရုပ်ပါရုံကို မြင်ပြီးနောက် ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၏ရုပ်ပါရုံကို မြင်ရန်လိုအပ်သည်။ သင်သည် အသင်းတော်၏ရုပ်ပါရုံနှင့် ကိုယ်ခန္ဓာတော်၏ရုပ်ပါရုံအကြား မည်သို့သောခြားနားချက်ရှိမည်ကို စဉ်းစားကောင်း စဉ်းစားမည်ဖြစ်သည်။ သခင်ဘုရား၏ကရုဏာတော်အားဖြင့် ကျွန်ုပ်တို့များစွာသည် အသင်းတော်၏ အခြေပြုနေရာသို့ ခေါ်ဆောင်ခံရကာ မှန်ကန်သောအခြေပြုနေရာ၌ အသင်းတော်အသက်တာကို လက်တွေ့လုပ်ဆောင်နေပြီဖြစ်သည်။ ကျွန်ုပ်တို့သည် တုနှိုင်းရာမဲ့သော တစ်လုံးတစ်ဝဖြစ်ခြင်း၏ အခြေပြုနေရာကို သိမြင်ခြင်းသို့ ခေါ်ဆောင်ခံရပြီးဖြစ်သော်လည်း ကိုယ်ခန္ဓာတော်ကို သိမြင်ခြင်းအား ကျွန်ုပ်တို့လိုအပ်နေဆဲဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ကိုယ်ခန္ဓာတော်ဝင်များဖြစ်ကြောင်း၊ အတူတကွတည်ဆောက်ခြင်းခံရန် အချင်းချင်း တစ်ယောက်ကိုတစ်ယောက်ဆက်နွှယ်လျက်ရှိကြောင်း ရုပ်ပါရုံကိုမြင်ရန်လိုအပ်သည်။ အသင်းတော်၏အခြေတည်ရာနှင့်စပ်လျဉ်းသည့် နားလည်သဘောပေါက်ခြင်းအထဲသို့ ခေါ်ဆောင်ခြင်းခံရရုံဖြင့် မလုံလောက်ဘဲ၊ တိကျသောအခြေတည်ရာပေါ်တွင် ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်အဖြစ် တည်ဆောက်ခြင်းခံရန်လိုအပ်ပါသည်။ (*The Heavenly Vision*, p. 31)

## ယနေ့ဖတ်စရာ

ကိုယ်ခန္ဓာတော်သည် အသင်းတော်သည်၏ပင်ကိုမူလပုံဆောင်ချက်ဖြစ်သည်။ ကိုယ်ခန္ဓာတော်မရှိပါက အသင်းတော်သည် အဓိပ္ပာယ်ရှိမည်မဟုတ်ပါ။ အသင်းတော်သည် ကိုယ်ခန္ဓာတော်မပါဘဲ ဘာမျှမဟုတ်ပါ။ သို့သော် ဟာလေလုယ၊ ကိုယ်ခန္ဓာတော်ရှိနေပြီ။ သာလွန်ထူးကဲသော ခရစ်တော်သည် အရာအားလုံးအထက်တွင်ရှိသည်။ ကိုယ်တော်သည် မရဏာနိုင်ငံ၏အထက်၊ မြေကြီး၏အထက်၊ လေထု၏အထက်နှင့် တတိယ

ကောင်းကင်၏ အထက်တွင် ရှိနေသည်။ ဤအရှင်သည် မိမိကိုယ်တော်တိုင်ကို အလုံးစုံတို့ကို အလုံးစုံတို့၌ ပြည့်စုံစေသောသူ၏ ကိုယ်ခန္ဓာတော်ဖြစ်သည့် အသင်းတော်သို့ ပို့လွှတ်ပေးနေသည်။

ဘုရားသခင်၏ အသင်းတော်သည် ကိုယ်ထည်နှင့် ခရစ်တော်၏ ကိုယ်ခန္ဓာတော်သည် အသက်ဆိုင်ရာဖြစ်ကြောင်းကို ကျွန်ုပ်တို့မြင်ရန်လိုအပ်သည်။ ပန်းသီးပင်ကို သရုပ်ဖော်ပြချက်အဖြစ် အသုံးပြုနိုင်သည်။ အပင်သည် ကိုယ်ထည်ဖြစ်ပြီး ပန်းသီးများသည် ဤအပင်၏ ရှင်သန်သောအနှစ်သာရဖြစ်သည်။ အပင်သည် ပန်းသီးများအတွက်ဖြစ်သည်။ ကျွန်ုပ်တို့သည် အပင်ကို မစားပါ၊ ပန်းသီးများကို စားခြင်းဖြစ်သည်။ အသင်းတော်သည် ပန်းသီးပင်ကဲ့သို့ ကိုယ်ထည်ဖြစ်ပြီး၊ ခရစ်တော်၏ ကိုယ်ခန္ဓာတော်သည် အသင်းတော်၏ ရှင်သန်သောအနှစ်သာရဖြစ်သည်၊ ယင်းမှာ ပန်းသီးများသည် ပန်းသီးပင်၏ ရှင်သန်သောအနှစ်သာရဖြစ်သည့်နည်းတူ ဖြစ်သည်။ ဤနှစ်ခုသည် တစ်ခုတည်းဖြစ်သည်။ အသင်းတော်သည် တည်ရှိခြင်းအတွက် ကိုယ်ထည်ဖြစ်သည်။ ခရစ်တော်၏ ကိုယ်ခန္ဓာတော်သည် လူများ၏ ကျေနပ်နှစ်သိမ့်ခြင်းအတွက် ရှင်သန်သောအနှစ်သာရဖြစ်သည်။

ယနေ့ ပြန်လည်ရယူခြင်း၌ ကမ္ဘာတဝှမ်းတွင် အသင်းတော်ပေါင်း တစ်ထောင့်နှစ်ရာကျော် ရှိပြီးဖြစ်သော်လည်း ကျွန်ုပ်တို့အားလုံးသည် ကိုယ်ခန္ဓာတော်တစ်ကိုယ်တည်းဖြစ်သည်။ ကျွန်ုပ်တို့ကိုယ်ကို တစ်ဦးချင်းဆိုင်ရာအသင်းတော်များ သို့မဟုတ် တစ်ဦးချင်းဆိုင်ရာယုံကြည်သူများအဖြစ် မှတ်ယူမည်ဆိုပါက ကျွန်ုပ်တို့သည် အဆုံးသတ်သွားပြီဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကို ကိုယ်ခန္ဓာတော်တစ်ခုတည်းအဖြစ်မှတ်ယူသင့်ပါသည်။ ကျွန်ုပ်တို့ရုပ်ပိုင်းဆိုင်ရာ ကိုယ်ခန္ဓာ၏ အစိတ်အပိုင်းများသည် အသီးသီးကိုယ်ပိုင် စီရင်ပိုင်ခွင့်ရှိကာ အသီးသီး အုပ်ချုပ်မှုရှိမည်ဆိုလျှင် ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာသည် အဆုံးသတ်သွားလိမ့်မည်ဖြစ်သည်။

ခရစ်တော်၏ ကိုယ်ခန္ဓာတော်သည် သုံးပါးတစ်ပါးဘုရားနှင့် ခရစ်တော်၌ ယုံကြည်သူများ၏ ဘုရားဆိုင်ရာစေ့စပ်ထုံးဖွဲ့ထားခြင်းဖြစ်သည်။ ဧ၊၄း၄–၆ ၌ ဘုရားဆိုင်ရာပုဂ္ဂိုလ်သုံးပါးနှင့် ကိုယ်တော်၏ ရွေးချယ်ခံလူများ၏ စေ့စပ်ထုံးဖွဲ့ထားခြင်းကို မြင်ရသည်။ ထို့ကြောင့် ကိုယ်ခန္ဓာတော်တစ်ကိုယ်၊ ဝိညာဉ်တော်တစ်ဝိညာဉ်၊ သခင်တစ်ပါး၊ တစ်ပါးတည်းသောဘုရားသခင်နှင့် ခမည်းတော်တို့ အတူရောနှောပေါင်းစည်းထားခြင်းဖြစ်သည်။ (*The Issue of the Dispensing of the Processed Trinity and the Transmitting of the Transcending Christ*, pp. 91, 90, 92)

ယနေ့ ဘုရားသခင်သည် ကိုယ်တော်ရွေးနုတ်ကာ အသစ်မွေးဖွားပြီး ပုံသဏ္ဌာန်ပြောင်းလဲသောသူများကို အပြင်ပိုင်းကိုယ်ထည်အဖြစ် ပြုလုပ်ခဲ့သည်။ ဘုရားသခင်ကိုယ်တော်တိုင်၊ ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော်သည် အတွင်းပိုင်းဒြပ်သဘာဝဖြစ်သည်။ ခမည်းတော်သည် အရင်းအမြစ်၊ သားတော်သည် ဒြပ်သဘာဝနှင့် ဝိညာဉ်တော်သည် အနှစ်သာရဖြစ်သည်။ ခမည်းတော်၊ သားတော်၊ ဝိညာဉ်တော်နှင့် လူ – ဤလေးခုသည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ဖြစ်လာစေရန် အတူတကွ ပေါင်းစည်းကာ တည်ဆောက်ထားသည်။

ခမည်းတော်၊ သားတော်၊ ဝိညာဉ်တော် – သုံးပါးတစ်ပါးဘုရားသည် ကိုယ်တော်၏ ရွေးနုတ်ခြင်း၊ အသစ်မွေးဖွားခြင်း၊ သန့်ရှင်းခြင်း၊ အသစ်ပြုပြင်ခြင်းနှင့် ပုံသဏ္ဌာန်ပြောင်းလဲခြင်းခံရသော ယုံကြည်သူများအထဲသို့ မိမိကိုယ်တော်တိုင်ကို ဝေငှဖြန့်ဖြူးခြင်း၊ ထည့်သွင်းပေးခြင်း၊ တည်ဆောက်ခြင်းပြုနေသည်။ သို့မှသာ ရွေးနုတ်ကာ ပုံသဏ္ဌာန်ပြောင်းလဲပေးသောဘုရားသခင်နှင့် သူတို့သည် ခရစ်တော်၏ ရှင်သန်သောကိုယ်ခန္ဓာတော်တည်းဟူသော စုပေါင်းထားသောတည်ဆောက်ခြင်းအထဲသို့ စေ့စပ်ထုံးဖွဲ့နိုင်မည်ဖြစ်သည်။ ခရစ်တော်၏ ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းသည် သုံးပါးတစ်ပါးဘုရားနှင့် သုံးပိုင်းရှိသောလူ၏ ဘုရားဝိညာဉ်တော်နှင့် လူသားဝိညာဉ်၌ စေ့စပ်ထုံးဖွဲ့ခြင်းပင်ဖြစ်သည်။ ဤစေ့စပ်ထုံးဖွဲ့ခြင်းသည် ဘုရားသခင်နှင့် လူသား၏ ပေါင်းစည်းကာ ရောနှောခြင်းပင်ဖြစ်သည်။ ယင်းမှာ ဘုရားဇာတိသည် လူသား၏ ကိန်းဝပ်ရာနေရာဖြစ်လာရန် လူသားဇာတိအထဲသို့ စေ့စပ်ထုံးဖွဲ့ခြင်းနှင့် လူသားဇာတိသည် ဘုရား၏ ကိန်းဝပ်ရာနေရာဖြစ်လာရန် ဘုရားဇာတိအထဲသို့ တည်ဆောက်ခြင်းဖြစ်သည်။ (*The Issue of the Union of the Consummated Spirit of the Triune God and the Regenerated Spirit of the Believers*, pp. 52, 54)

*ပို၍ဖတ်ရန် – CWWL, 1965, vol. 3,* "The Heavenly Vision," ch. 3; *Words of Training for the New Way,* vol. 1, chs. 5-6

***အလင်းဖွင့်ပြခံရခြင်းနှင့်နိုးဆော်ခံရခြင်း*** ————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**၁ကော၊ ဥပမာကား၊ ကိုယ်တစ်ခုတည်း၌ အင်္ဂါအများရှိသည်ဖြစ်၍၊ ထိုတစ်ခု**
**၁၂း၁၂ တည်းသောကိုယ်အင်္ဂါအပေါင်းတို့သည် များလျက်နှင့် ကိုယ်တစ်ခု တည်းဖြစ်သကဲ့သို့၊ ထိုနည်းတူ ထိုခရစ်တော်ဖြစ်၏။**
**၂၅ ထိုသို့ဖြင့် ကိုယ်ခန္ဓာ၌ အချင်းချင်းကွဲပြားခြင်းမရှိဘဲ၊ အင်္ဂါများတို့ သည် အချင်းချင်းအညီအမျှဂရုစိုက်ကြ၏။**
**၂၇ သင်တို့သည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ဖြစ်ကြ၏။ အသီးသီး အင်္ဂါချင်းများဖြစ်ကြ၏။**

ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် ဘုရားဆိုင်ရာသုံးပါးတစ်ပါးနှင့် ကိုယ်တော်၏ရွေးချယ်ခံ လူသားအားလုံး၏ ရောနှောပေါင်းစည်းခြင်းဖြစ်သည်။ ယင်းမှာ ဘုရားဇာတိနှင့် လူသားဇာတိ၏ ရောနှောပေါင်းစည်းခြင်းဖြစ်သည်။ ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် အသက်ဆိုင်ရာဖြစ်သည်။ တစ်ဘက်တွင် ၎င်းသည် ဘုရားဆိုင်ရာဖြစ်သည်။ အခြားတစ်ဘက်တွင် ယင်းသည် ပြည့်စုံသောဘုရားသခင်နှင့် စုံလင်သောလူသားတည်းဟူသော ဘုရားနှင့် လူဖြစ်သော ခရစ်တော်ကို ထင်ရှားစေမည့် လူသားဖြစ်သည်။ (*The Issue of the Dispensing of the Processed Trinity and the Transmitting of the Transcending Christ*, p. 92)

## *ယနေ့ဖတ်စရာ*

တုန့်ပြန်နိုင်းရာမဲ့သော နက်နဲသည့် ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် ဘုရားသခင်အဖို့ ကိုယ်တော်၏စီမံခန့်ခွဲခြင်းကို သယ်ဆောင်ရန်အတွက် နည်းလမ်းဖြစ်သည်။ ဘုရားသခင်၏ထာဝရအကြံအစည်တော်သည် ကယ်တင်ခြင်း၊ ရွေးနုတ်ခြင်း၊ အသစ်မွေးဖွားခြင်းခံရသောလူအုပ်စုကို ရရှိကာ သူတို့သည် ကိုယ်တော်၏စီမံခန့်ခွဲခြင်းကို သယ်ဆောင်ရန် ရှင်သန်သောကိုယ်ခန္ဓာတော်ဖြစ်ရန် တစ်လုံးတစ်ဝတည်းဖြစ်လာရန်ဖြစ်သည်။ သို့သော် စာတန်၏လျှို့ဝှက်သော လက်နက်မှာ ကိုယ်ခန္ဓာတော်ကို တစ်စစီအပိုင်းပိုင်းခုတ်ပစ်ရန်ဖြစ်သည်။ ဤအရာသည် ဘုရားသခင်၏စီမံခန့်ခွဲခြင်းကို နှောင့်ယှက်နေသည်။ ကျွန်ုပ်တို့သည် ကွဲပြားခြင်း၌ ရှိနေသရွေ့ ဘုရားသခင်၏စီမံခန့်ခွဲခြင်းနှင့် လွဲချော်နေမည်ဖြစ်သည်။ ခရစ်ယာန်များသည် စိတ်များကို ကယ်တင်ရန် ဧဝံဂေလိဟောပြောခြင်း သို့မဟုတ် အခြားသူများကို နှုတ်ကပတ်တော်သိရှိစေရန် သမ္မာကျမ်းစာသွန်သင်ပေးခြင်း

ရှိကောင်းရှိပေလိမ့်မည်။ သို့သော် ဤအရာသည် ဘုရားသခင်၏ စီမံခန့်ခွဲခြင်းကို သယ်ဆောင်ရန် လုံးဝ လုံလောက်မှုမရှိပေ။ ဘုရားဆိုင်ရာစီမံခန့်ခွဲခြင်းကို သယ်ဆောင်ရန် တုန့်ပြန်နိုင်သော ကိုယ်ခန္ဓာတော်၊ နက်နဲသောကိုယ်ခန္ဓာတော်ကို လိုအပ်သည်။

ယနေ့ ဘုရားသခင်၏ စီမံခန့်ခွဲခြင်းနှင့် လုံးလုံးလျားလျားဆက်နွယ်မှုရှိသောအရာမှာ နက်နဲခြင်းဆိုင်ရာခရစ်တော်၏ ကိုယ်ခန္ဓာတော်ဖြစ်သည်။ နက်နဲသောခရစ်တော်၏ ကိုယ်ခန္ဓာတော်မှလွဲ၍ ဘုရားသခင်၌ ကိုယ်တော်၏ စီမံခန့်ခွဲခြင်းကို သယ်ဆောင်ရန် မည်သည့်နည်းလမ်း၊ လမ်းကြောင်းမျှ ရှိမည်မဟုတ်ပါ။ ဆိုလိုသည်မှာ ဘုရားသခင်၏ စီမံခန့်ခွဲခြင်းသည် နက်နဲသောခရစ်တော်၏ ကိုယ်ခန္ဓာတော်အားဖြင့် သယ်ဆောင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် မြေကြီးပေါ်၌ နက်နဲသောခရစ်တော်၏ ကိုယ်ခန္ဓာတော်အဖြစ် ဘာကို လုပ်ဆောင်နေကြသနည်း။ ကျွန်ုပ်တို့သည် ရွေးနုတ်ခြင်းပြီးမြောက်ပြည့်စုံစေရန် လုပ်ဆောင်နေခြင်းလုံးဝမဟုတ်ပါ၊ အကြောင်းမှာ ရွေးနုတ်ခြင်းသည် သခင်ယေရှုအားဖြင့် တစ်ကြိမ်တည်းဖြင့် အားလုံးအတွက် ပြီးမြောက်ခဲ့ပြီးဖြစ်သောကြောင့်ဖြစ်သည်။ ရွေးနုတ်ခြင်းသည် ကားတိုင်ပေါ်တွင် ယေရှု၏ ရုပ်ပိုင်းဆိုင်ရာကိုယ်ခန္ဓာကို ပူဇော်ခြင်းအားဖြင့် လုံးလုံးပြည့်စုံခဲ့ပြီးဖြစ်သည်။ သို့သော် ယနေ့ ခရစ်တော်၌ နက်နဲသောကိုယ်ခန္ဓာတော်ရှိနေပြီး၊ ဤကိုယ်ခန္ဓာတော်သည် ဘုရားသခင်၏ စီမံခန့်ခွဲခြင်းကို သယ်ဆောင်ရန်အတွက် ဖြစ်သည်။

ကျွန်ုပ်တို့သည် သခင်ဘုရား၏ စားပွဲတော်သို့ လာသောအခါ ကျွန်ုပ်တို့အလေးထားသောအရာမှာ မွေ့လျော်ဝမ်းမြောက်ခြင်းရှိရန်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် သခင်ဘုရားစားပွဲတော်သို့လာခြင်းမှာ မိတ်သဟာယ၌ သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ စီမံခန့်ခွဲခြင်းကို စဉ်းစားမိမည်မဟုတ်ပေ။ မည်သို့ဆိုစေ သခင်ဘုရား၏ ညစာစားပွဲသည် သခင်ဘုရား၏ မွေ့လျော်ဝမ်းမြောက်မှုနှင့် ကျေနပ်နှစ်သိမ့်ခြင်းဖြင့် ဆက်နွယ်နေပေသည်။ ကျွန်ုပ်တို့သည် စားပွဲတော်၌ ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်မှုကိုသာ ဂရုမစိုက်ပဲ ညစာစားပွဲ၌ သခင်ဘုရား၏ မွေ့လျော်ဝမ်းမြောက်မှုကိုလည်း ဂရုစိုက်ရမည်ဖြစ်သည်။

ကျွန်ုပ်တို့၌ ရုပ်ပိုင်းဆိုင်ရာခန္ဓာမရှိပါက လှုပ်ရှားလုပ်ဆောင်မှုများကို ပြုနိုင်မည်မဟုတ်ပေ။ ထိုအလေ့အလာအတိုင်းပင် ခရစ်တော်၏ နက်နဲသောကိုယ်ခန္ဓာတော်ဖြစ်သည့် အသင်းတော်သည် မြေကြီးပေါ်၌ ခရစ်တော်၏ လှုပ်ရှားလုပ်ဆောင်မှုအတွက်ဖြစ်သည်။ ဟုတ်ပါသည် ဦးခေါင်းတော်သည် အဝေးသို့ရောက်နေသည်၊ သို့သော် ကိုယ်ခန္ဓာတော်သည် မြေကြီးပေါ်တွင် ကျန်ရှိနေသည်။ ဦးခေါင်းတော်သည် ဘုရားသခင်၏ စီမံ

ခန့်ခွဲခြင်းကို ယခု ကိုယ်ခန္ဓာတော်အားဖြင့် လုပ်ဆောင်နေသည်။ အသင်းတော်သည် သခင်ဘုရား၏ ပထမကြွလာခြင်းနှင့် ဒုတိယအကြိမ်ကြွလာခြင်းအကြားရှိ ဟာကွက်ကို တံတားခင်းပေးထားသည်။ ဤတံတားသည် ခရစ်တော်၏ အသေခံခြင်းမှ ဘုရားသခင်၏ နိုင်ငံတော်သို့ အဝေးပြေးလမ်းမလည်းဖြစ်သည်။ အဝေးပြေးလမ်းနှင့်အတူ ဤတံတားမရှိပါက တစ်ဘက်တွင်ရှိသော ခရစ်တော်၏ အသေခံခြင်းမှ အခြားတစ်ဘက်တွင်ရှိသော ဘုရားသခင်၏ နိုင်ငံတော်သို့ သွားရန် နည်းလမ်းမရှိပေ။ တုနှိုင်းရာမဲ့သော ဆက်သွယ်မှုမှာ တံတားဖြစ်သော အသင်းတော်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာကို ပိုင်းခြားသိမြင်ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် တံတားကို မည်သည့်အခါမျှ မဖျက်ဆီးသင့်ပေ။ (*Life-study of 1 Corinthians*, pp. 483-484,481-482, 503)

၁ကော၊၁၂း၁၂ ရှိ ခရစ်တော်သည် ဦးခေါင်းတော်ဖြစ်သော ခရစ်တော် ကိုယ်တော်တိုင်နှင့် အင်္ဂါဝင်များဖြစ်သောယုံကြည်သူများ အားလုံးနှင့်အတူ ကိုယ်တော်၏ ကိုယ်ခန္ဓာတော်ဖြစ်သော အသင်းတော်တို့ ပါဝင်ဖွဲ့စည်းထားသည့်ပေါင်းစည်းထားသော ခရစ်တော်ကို ရည်ညွှန်းခြင်းဖြစ်သည်။ ခရစ်တော်၏ ယုံကြည်သူများအားလုံးသည် ကိုယ်တော်နှင့် ရှင်သန်စွာပေါင်းစည်းခဲ့ကြ၍၊ ကိုယ်တော်၏ အသက်၊ ဒြပ်သဘောသဘာဝနှင့် အတူ စေ့စပ်ထုံးဖွဲ့ထားပြီး၊ ကိုယ်တော်ကို ထင်ရှားရန် အသက်ရှင်သောကိုယ်တော်၏ ကိုယ်ခန္ဓာတော်ဖြစ်လာကြသည်။ ထို့ကြောင့် ကိုယ်တော်သည် ဦးခေါင်းတော်သာလျှင်မဟုတ်ဘဲ၊ ကိုယ်ခန္ဓာတော်လည်း ဖြစ်သည်။ ကျွန်ုပ်တို့၏ ရုပ်ပိုင်းဆိုင်ရာကိုယ်ခန္ဓာသည် များစွာသောအင်္ဂါများရှိကြသော်လည်း၊ တစ်ခုတည်းဖြစ်သကဲ့သို့၊ ဤခရစ်တော်သည်လည်း ထိုသို့ဖြစ်သည်။ (၁ကော၊၁၂း၁၂ မှတ်စု ၂)

*ပို၍ဖတ်ရန်* – *Life-study of 1 Corinthians*, msg.54; *The Conclusion of the New Testament*, msg. 210-212

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**၁ကော၊ ခရစ်တော်ယေရှု၌ သန့်ရှင်းစင်ကြယ်ခြင်းခံရ၍၊ သန့်ရှင်းသူများအဖြစ်**
**၁း၂ ခေါ်ထားခြင်းခံရသောသူတည်းဟူသော ကောရိန္တုမြို့၌ရှိသော ဘုရား**
**သခင်၏ အသင်းတော်မှစ၍ ခပ်သိမ်းသောအရပ်တို့၌ ငါတို့သခင်ယေရှု**
**ခရစ်၏နာမကို ခေါ်သောသူအပေါင်းတို့ကို ကြားလိုက်ပါ၏။ ထိုသခင်**
**သည် သူတို့နှင့် ငါတို့၏သခင်ဖြစ်တော်မူ၏။**
**၄၊ ထိုတိုက်ထောင့်အမြစ်ကျောက်၌ တစ်တိုက်လုံးသည် အတူတကွစေ့စပ်၍၊**
**၂း၂၁-၂၂ သခင်ဘုရား၌ သန့်ရှင်းသောဗိမာန်တော်အထဲသို့ ကြီးပွားလျက်ရှိ၏။**
**ထိုဗိမာန်တော်၌ သင်တို့သည်လည်း ဝိညာဉ်၌ ဘုရားသခင်၏ကိန်းဝပ်**
**ရာနေရာအထဲသို့ အတူတကွတည်ဆောက်ခြင်းခံလျက်ရှိကြ၏။**

ရှင်သန်သောကိုယ်ခန္ဓာတော်သည် ကွဲပြားခြင်းမရှိသလို ကွဲပြား၍လည်းမရနိုင်ပေ (၁ကော၊၁း၁၃က)။ ၎င်းသည် မိမိကိုယ်ကိုထိန်းချုပ်မှုရှိသောအရာမဟုတ်ပေ။ ဤတုန္နိုင်းရာမဲ့သောခရစ်တော်၏ကိုယ်ခန္ဓာတော်သည် များစွာသောဒေသန္တရအသင်းတော်များ၌ ထင်ရှားကာ (ဗျာ၊၁း၁၁) ဘုရားဆိုင်ရာတစ်လုံးတစ်ဖြစ်ခြင်းအဖြစ် သုံးပါးတစ်ပါးဘုရား (ယော၊၁၇း၁၁၊ ၂၁၊ ၂၃) နှင့် ဘုရားဆိုင်ရာ ဇာတိ၊ ဒြပ်သဘာဝ၊ အနှစ်သာရ၊ ထင်ရှားခြင်း၊ လုပ်ဆောင်ခြင်းနှင့် သက်သေခံချက်တို့ဖြင့် ထင်ရှားနေသည်။ အသင်းတော်များစွာရှိသော်လည်း ယင်းတို့သည် တစ်ခုတည်းသော ဘုရားဇာတိ၊ တစ်ခုတည်းသော ဘုရားဒြပ်သဘာဝ၊ တစ်ခုတည်းသော ဘုရားအနှစ်သာရ၊ တစ်ခုတည်းသော ဘုရားထင်ရှားခြင်း၊ တစ်ခုတည်းသော ဘုရားဆိုင်ရာလုပ်ဆောင်မှု၊ တစ်ခုတည်းသော ဘုရားဆိုင်ရာသက်သေခံချက်ရှိနေသည်၊ အကြောင်းမှာ သူတို့သည် ကိုယ်ခန္ဓာတော်တစ်ကိုယ်တည်းဖြစ်သောကြောင့်ဖြစ်သည်။ ဤအကြောင်းကြောင့် ကျွန်ုပ်တို့ပြဿနာဖြစ်နေရခြင်းမှာ ကိုယ်ခန္ဓာတော်ကို မမြင်သောကြောင့်ဖြစ်သည်ဟု ကျွန်ုပ်ပြောရခြင်းဖြစ်သည်။ ကိုယ်ခန္ဓာတော်ကို မြင်မည်ဆိုလျှင် ပြဿနာများရှိတော့မည်မဟုတ်ပေ။ တစ်ခုတည်းသောကိုယ်ခန္ဓာတော်၏ အလေ့အလာနှင့် လက်တွေ့လုပ်ဆောင်ခြင်းများသည် ယုံကြည်သူများ၏ လက်တွေ့ကျသော သဘောတစ်ညီတစ်ညွတ်တည်းရှိခြင်းအားဖြင့် စောင့်ထိန်းထားခြင်းဖြစ်သည် (တ၊၁း၁၄။ ၂း၄၆။ ၄း၂၄။ ၅း၁၂။ ၁၅း၂၅။ ရော၊၁၅း၆)။ (*The Issue of the Dispensing of the Processed Trinity and the Transmitting of the Transcending Christ*, pp. 93-94)

## ယနေ့ဖတ်စရာ

နှစ်ဦး သို့မဟုတ် သုံးဦးတို့သည် သခင်ဘုရား၏ နာမတော်၌ စည်းဝေးသောအခါ ကိုယ်တော်သည် သူတို့အလယ်တွင်ရှိသည် (မ၊၁၈း၂၀)။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ နာမတော်အထဲသို့ စုဝေးသောအခါ ကိုယ်တော်၏ မျက်မှောက်တော်ကို အထူးဖြစ်သော နည်းလမ်း၌ မွေ့လျော်ဝမ်းမြောက်ကြရသည်။ ကိုယ်တော်၏ မျက်မှောက်တော်သည် ကျွန်ုပ်တို့အား အလင်းထွန်းလင်းခြင်း၊ ကျေးဇူးတော်၊ မစခြင်း၊ အမျိုးမျိုးသောကောင်း ကြီးမင်္ဂလာအားလုံးကို ယူဆောင်ပေးသည်။

မ၊၁၈း၁၅–၂၀ ၌ ဒေသန္တရအသင်းတော်၏ ရုပ်ပုံကားချပ်ကို တွေ့ရသည်။ ဒေသန္တရ အသင်းတော်သည် ဒေသန္တရတစ်ခု၌ အထူးသဖြင့် အုပ်စုငယ်များအဖြစ်စည်းဝေးသော သန့်ရှင်းသူများဖြင့် ဖွဲ့စည်းထားသည့် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို ထင်ရှားခြင်းဖြစ် သည်။ သူတို့သည် မြေကြီးဆိုင်ရာအလုပ်အကိုင်များအားလုံးထဲမှ ခရစ်တော်ကိုယ်တော် တိုင်အထဲသို့ ကယ်နုတ်ခံရခြင်းနည်းလမ်း၌ စည်းဝေးခြင်းဖြစ်သည်။ ခရစ်တော်အထဲသို့ စည်းဝေးပြီး သူတို့သည် ကိုယ်တော်၌ တွေ့ဆုံကာ ကိုယ်တော်နှင့်အတူ ရှိကြသည်။ သူတို့ သည် ကိုယ်တော်၏ မျက်မှောက်တော်နှင့်အတူ ကိုယ်တော်၌ တွေ့ဆုံကြသောကြောင့် သူ တို့၌ ကောင်းကင်များ၏ နိုင်ငံတော် အခွင့်အာဏာ အမှန်ပင် ရှိကြသည်။ (*The Conclusion of the New Testament*, pp.2080-2081)

ဒေသန္တရအသင်းတော်များသည် တည်ရှိခြင်း၌ များစွာရှိသော်လည်း ဒြပ်သဘာဝ ၌ စကြဝဠာဆိုင်ရာကိုယ်ခန္ဓာတော် တစ်ကိုယ်တည်းဖြစ်သည် (ဧ၊၄း၄)။ ဥပမာ၊ ထိုင်ပေ မြို့ရှိ အသင်းတော်၊ လန်ဒန်မြို့ရှိအသင်းတော်၊ အတ္တလန်တာမြို့ရှိအသင်းတော်ဟူ၍ရှိ နေသည်။ မည်သို့ဆိုစေ ဒြပ်သဘာဝ၌ အသင်းတော်များအားလုံးသည် တစ်ခုတည်းဖြစ် သည်။ ကျွန်ုပ်တို့သည် အသင်းတော်တစ်ပါး၊ ကိုယ်ခန္ဓာတော်တစ်ကိုယ်၊ လူသစ်တစ်ဦး ဖြစ်သည်။ ဒြပ်သဘာဝ၌ ကျွန်ုပ်တို့သည် ကွဲပြားခြင်းမရှိ၊ ကိုယ်ပိုင်သီးသန့်အုပ်ချုပ်ခြင်း လည်း မရှိနိုင်ပေ။

ကိုယ်ခန္ဓာတော်တစ်ကိုတည်းဖြစ်ရန် လက်တွေ့ကျခြင်း၌ လျှို့ဝှက်ချက်မှာ ပထမဆုံး ဒေသန္တရအသင်းတော်များရှိ သဘောတစ်ညီတစ်ညွတ်တည်းဖြစ်ခြင်းဖြစ်သည် (ဖိလိ၊ ၁း၂၇ခ။ ၂း၂)။ များစွာသောသူများက တမန်တော်ဝတ္ထုရှိ အရေးကြီးသောအချက်မှာ ဝိညာဉ်တော်သွန်းလောင်းခြင်းဖြစ်သည်ဟု ပြောကြသော်လည်း ဝိညာဉ်တော်၏ သွန်း လောင်းခြင်းသည် သဘောတညီတညွတ်တည်းဖြစ်ခြင်းမှ လာခြင်းဖြစ်သည်။

ဒုတိယအနေဖြင့် အသင်းတော်အသက်တာ လက်တွေ့လုပ်ဆောင်ခြင်း၏ လျှို့

ဝှက်ချက်မှာ စကြဝဠာဆိုင်ရာကိုယ်ခန္ဓာတော်ရှိ တစ်လုံးတစ်ဝဖြစ်ခြင်းဖြစ်သည် (ဧ၊ ၄း၃။ ယော၊ ၁၇း၁၁၊ ၂၁–၂၃)။ အချို့က "ကျွန်ုပ်တို့သည် ဒေသန္တရအသင်းတော်များဖြစ်သည်။ ဒေသန္တရအသင်းတော်တိုင်းသည် မိမိကိုယ်ပိုင် စီရင်ပိုင်ခွင့်ရှိကြသည်။ ကျွန်ုပ်တို့၏ အကြောင်းကိစ္စကို လာမထိပါနှင့်။ ကျွန်ုပ်တို့၏ကိစ္စကို လာထိမည်ဆိုပါက သင်သည် ကျွန်ုပ်တို့၏ ဒေသဆိုင်ရာစီမံခန့်ခွဲခြင်းကို ထိခိုက်ခြင်းဖြစ်သည်"ဟု ပြောကြမည်ဖြစ်သည်။ ထိုသို့သောစကားပြောခြင်းသည် ဒေသန္တရအသင်းတော်များအားလုံးကို တစ်ခုနှင့်တစ်ခု ခွဲခြားပေးလိုက်ခြင်းဖြစ်သည်။ ဤအရာသည် ခွဲခြားခြင်းဖြစ်ပြီး၊ တစ်လုံးတစ်ဝဖြစ်ခြင်းမဟုတ်ပါ။ တစ်လုံးတစ်ဝဖြစ်ခြင်းသည် ဒေသန္တရအသင်းတော်များအကြားရှိရမည်ဖြစ်ပြီး၊ သဘောတညီတညွတ်ဖြစ်ခြင်းသည် ဒေသန္တရအသင်းတော်အသီးသီး၌ ရှိရမည်ဖြစ်သည်။ ထိုနောက် ကျွန်ုပ်တို့သည် ကောင်းကြီးကိုရရှိမည်ဖြစ်သည်။

ဒေသန္တရဆိုင်ရာနှင့် စကြဝဠာဆိုင်ရာ၌ ကိုယ်တော်၏ပြန်လည်ရယူခြင်းရှိ သခင်ဘုရား၏ လှုပ်ရှားမှုအတွက် ကျွန်ုပ်တို့အားလုံးသည် သဘောတညီတညွတ်ဖြစ်ခြင်း၌ ကိုယ်ခန္ဓာတော်သိကျွမ်းခြင်းနှင့် တစ်လုံးတစ်ဝဖြစ်ခြင်း၌ ကိုယ်ခန္ဓာတော်ကို ဗဟိုပြုခြင်းရှိရမည်ဖြစ်သည်။ သဘောတညီတညွတ်ဖြစ်ခြင်း၌ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်ကို သိခြင်းရှိရမည်ဖြစ်သည်။ တစ်လုံးတစ်ဝဖြစ်ခြင်း၌ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်ကို ဗဟိုပြုခြင်းရှိရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ စဉ်းစားခြင်း၌ ကိုယ်ခန္ဓာတော်သည် ပထမနေရာတွင်ရှိရမည်ဖြစ်ပြီး၊ ဒေသန္တရအသင်းတော်များသည် ဒုတိယနေရာတွင်ရှိရမည်ဖြစ်သည်။ မည်သည့်ဒေသန္တရမဆို မိမိကိုယ်ပိုင်စီရင်ခွင့်ရှိသည်ဟု ကြွေးကြော်ခြင်းမှာ မည်မျှရှက်ဖွယ်ကောင်းလှပါတကား။ ဒေသန္တရအသင်းတော်များသည် ကိုယ်ပိုင်စီရင်ခွင့်ရှိကြောင်း သွန်သင်ခြင်းမှာ ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို လုံးလုံး ကွဲပြားစေခြင်းပင်ဖြစ်သည်။ ဒေသန္တရအသင်းတော်များအားလုံးသည် စကြဝဠာဆိုင်ရာ၊ သြဝါဒဆိုင်ရာနှင့် လက်တွေ့ဆိုင်ရာ၌ ကိုယ်ခန္ဓာတော်တစ်ကိုယ်တည်းဖြစ်ရမည်ဖြစ်သည်။ ထိုသို့မဟုတ်ပါက တုန့်ပြန်နိုင်းရာမဲ့သော ဘုရားသခင်၏ အသင်းတော်နှင့် ဘုရားသခင်၏ စီမံကိန်းကို ပြည့်စုံစေရန် တုနှိုင်းရာမဲ့သောလူသစ်တစ်ဦးမှာ အဘယ်မှာရှိမည်နည်း။ (*One Body and One Spirit*, pp. 19-20, 26)

*ပို၍ဖတ်ရန်* – *A Genuine Church; One Body and One Spirit*, ch.1; *The Conclusion of the New Testament*, msgs. 199-200

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

————————————————————————————

**Hymns, # E- 824, M-229, K-598**

၁။ သင်းတော်သည် ခရစ်ခန္ဓာ
ခမည်းတော်ကျိန်းနေရာ
တစ်စုတည်း ခေါ်တော်မူ၍
လူမျိုးစုံ ပေါင်းစည်းပြီ
ဖန်ဆင်းခြင်း မပြုမှီက
ရွေးချယ် ကယ်နှုတ်ခဲ့ပြီ
ထို့ကြောင့် သင်းတော်သက်တာသည်
ကောင်းကင်ဘုံကဲ့သို့တည်း။

၂။ ကိုယ်တော်ရှင်ထမြောက်ခြင်းဖြင့်
လူသစ်ဖြစ်ဘွားစေပြီ
ဝိညာဉ်ဘုရား၌ နှစ်ခြင်း
နှုတ်ကပတ်ဖြင့် သန့်ရှင်း
သင်းတော်တွက် ကိုယ်တော်သက်ပေး
ဦးခေါင်းဘုန်း ထင်ရှားစေ
သင်းတော်ပြုမူလေသမျှ
ကိုယ်တော်တွက် ဖြစ်စေပါ။

၃။ ခရစ်အုတ်မြစ်မှတပါး
ခြားသူမချနိုင်ပြီ
သင်းတော်ရှိ ခရစ်တော်ဖြင့်
အရာအားလုံးဖြစ်ပြီ
ဝိညာဉ်တော်ဖြင့် သင်းဝင်စေ
တိုင်ပေါ်တွင် သေခံလေ
ထမြောက်သက်တာတည်ဆောက်ပေး
ရွှေငွေကျောက်ကောင်းဖြစ်စေ။

၄။ တစ်ပါးတည်းသော ဘုရားရှင်
တစ်ပါးတည်း ဝိညာဉ်တော်
တစ်ခုသော ယုံကြည်ခြင်းနှင့်
တစ်ခုသော မျှော်လင့်ခြင်း
တစ်ခုသော နှစ်ခြင်းအားဖြင့်
တစ်ခုတည်းသော ခန္ဓာ
ခရစ်တော်တည်စေမူပြီ
သင်းတော်ဖြင့်ဘုန်းထင်ရှား။

၅။ လူမျိုးစုံ နိုင်ငံစုံမှ
သင်းသားများ လာစေပြီ
အဆင့်အတန်း လူမျိုးနှင့်
အမြင့်နိမ့်မရှိပေ
ကျွန်မရှိ လူလွတ်မရှိ
သခင်မရှိတော့ပြီ
သို့သော် ခရစ်တော်အားဖြင့်
လူသစ်ဖြစ်စေမူပြီ။

၆။ အားလုံးနှင့်ဆိုင်သောခန္ဓာ
နေရာနှံ့ ပျံ့ကျဲလာ
ဒေသန္တရသင်းအားဖြင့်
မြေပေါ်၌ တည်စေပြီ
ဒေသဆိုင်ရာ စီစဉ်ခွင့်
ကိုယ်တော်သီးသီးပေးသည်
အားလုံး ညီညွတ်စွာဖြင့်တည်
တစ်လုံးတစ်ဝထူမည်။

၇။ ယေရုရှလင်မြို့သစ်တွင်
ဒေသအားလုံးပါဝင်
ခရစ်သိုးငယ်အလင်းဖြင့်
အားလုံး ထွန်းလင်းစေပြီ
ဘုရား၏ ဘုန်းတော်ရောင်ခြည်
ဆီမီးတိုင်များလင်းသည်
ထိုဆီမီးတိုင်သည် သင်းတော်
ပြည့်စုံ ကိုယ်တော်ဘုန်းတော်။

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ–

# အတ္တနှင့် စပ်လျဉ်းသော ရှုပါရုံ

ဖတ်ရန်ကျမ်း။ ။ မ၊ ၁၆း ၂၁–၂၆။ လု၊ ၉း ၂၃–၂၅။ ရော၊ ၆း၆။ ဂး၁၃။ ဂလ၊ ၂း ၂၀။ ဧ၊၃း၁၇က။

*Day 1*

**I. ကျွန်ုပ်တို့သည် အတ္တနှင့်စပ်လျဉ်းသော ရူပါရုံကိုမြင်ရန် လိုအပ်သည်။ သို့မှသာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏သခင်ဘုရားနှင့် ကိုယ်ခန္ဓာတော် အပေါ် မှီခိုမှုမရှိခြင်းကို မုန်းတီးလာမည်ဖြစ်ပြီး၊ အတ္တသည် ဖော်ထုတ်ခြင်းနှင့် ငြင်းပယ်ခြင်းကို ခံရမည်ဖြစ်သည်(မ၊ ၁၆း ၂၁–၂၆။ ယော၊ ၁၅း ၄–၅။ ဖိလေ၊ ၈–၁၄)။**

က။ အတ္တသည် လူသားထင်မြင်ယူဆခြင်းနှင့် တွေးခေါ်ခြင်းကို အထူးအလေးထားသော စိတ်အသက်ဖြစ်သည်(မ၊ ၁၆း ၂၃–၂၅)။

၁။ မ၊၁၆း ၂၃–၂၅ ၌ရှိသော စိတ်၊ သူ့ကိုယ်သူနှင့် စိတ်အသက်ဟူသော ဝေါဟာရသုံးခုသည် တစ်ခုနှင့် တစ်ခုဆက်နွယ်မှုရှိသည်။

၂။ ကျွန်ုပ်တို့၏ အသိဉာဏ်သည် ကျွန်ုပ်တို့အတ္တ၏ ထင်ရှားခြင်းနှင့် ကျွန်ုပ်တို့၏ အတ္တသည် ကျွန်ုပ်တို့စိတ်အသက်၏ ကိုယ်ထင်ရှားခြင်းဖြစ်သည် (အငယ်၊ ၂၃–၂၅)။

၃။ ကျွန်ုပ်တို့၏ စိတ်အသက်သည် ကျွန်ုပ်တို့၏ အတ္တဖြင့် ရှင်ထွက်သော ကိုယ်ထင်ရှားခြင်းဖြစ်၍၊ ကျွန်ုပ်တို့၏ အတ္တသည် ကျွန်ုပ်တို့၏ အသိဉာဏ်၊ စိတ်ကူး၊ သဘောထားနှင့် အတွေးအခေါ်အားဖြင့် ထင်ရှားခဲ့ခြင်းဖြစ်သည် (အငယ်၊ ၂၂–၂၃)။

*Day 2*

ခ။ အတ္တသည် စာတန်၏ကိုယ်ထင်ရှားခြင်းဖြစ်သည်။ အတ္တသည် စိတ်၌ စာတန်၏ အနှစ်သာရဖြစ်ပြီး၊ စိတ်အား မိမိ၏ ကိုယ်ပိုင်ထင်မြင်ယူဆချက်နှင့် ကိုယ်ပိုင်အလိုဆန္ဒကို ဖော်ပြထင်ရှားရန် ဘုရားသခင်ထံမှ မှီခိုမှုကင်းစေသည် (အငယ်၊ ၂၃)။

၁။ အတ္တ၏ မူလအရင်းအမြစ်မှာ လူသားတို့၏ အသိဉာဏ်အထဲသို့ ထိုးသွင်းပေးခဲ့သော စာတန်၏ အတွေးဖြစ်သည်(က၊ ၃း၁–၆)။

၂။ စိတ်အထဲသို့ စာတန်၏ တစ်စုံတစ်ရာပေါင်းထည့်ခြင်းခံခဲ့ရသောကြောင့် စိတ်သည် အတ္တဖြစ်လာခဲ့သည်။ စိတ်အထဲသို့ ပေါင်းထည့်ခံခဲ့ရသောအရာမှာ စာတန်၏ အတွေးအခေါ် သို့မဟုတ်

စာတန်၏ အသိစိတ်ဖြစ်သည်(မ၊ ၁၆း ၂၃။ ၂ကော၊ ၁၁း၃)။

၃။ အတ္တသည် စိတ် အပေါင်း စာတန်ဆိုင်ရာအသိဉာဏ် ဖြစ်သည် (မ၊ ၁၆း ၂၃၊ ၂၅)။

*Day 3*

င။ အကယ်၍ ကျွန်ုပ်တို့၌ အတ္တနှင့်စပ်လျဉ်းသော ရူပါရုံရှိမည်ဆိုပါက၊ အတ္တသည် မည်သည့်အရာဖြစ်ကြောင်းကို ကျွန်ုပ်တို့မြင်တွေ့လာမည်ဖြစ်သည်။ အတ္တသည် ဘုရားသခင်ထံမှ မှီခိုခြင်းကင်းလွတ်လပ်စွာရှိကြောင်းကို ကြေညာသောစိတ်ဖြစ်သည်(အငယ်၊ ၂၃။ လု၊၁၄း၂၆။ ယောဘ၊၄၂း၅–၆)။

၁။ ကျဆင်းခြင်းကြောင့်၊ ဘုရားသခင်အားဖြင့်ဖန်ဆင်းခံရသော စိတ်အသက်သည် ဘုရားသခင်ထံမှ မှီခိုခြင်းကင်းမဲ့စွာဖြင့်ရှိကြောင်းကို ကြွေးကြော်လာသည်(က၊၃း၁–၆)။

က။ လူသည် သူ၏စိတ်အသက်ထဲသို့ စာတန်၏အတွေးအခေါ်၊ အကြံအစည်များယူဆောင်လာသောအခါ ရလဒ်အနေဖြင့် စိတ်အသက်သည် ဘုရားသခင်ထံမှ မှီခိုခြင်းကင်းမဲ့သော အတ္တဖြစ်လာသည်။

ခ။ စိတ်အသက်သည် အထူးသဖြင့် ထင်မြင်ယူဆချက်များနှင့် အလိုဆန္ဒများ၌ ဘုရားသခင်ထံမှ မှီခိုခြင်းကင်းမဲ့နေသည်(မ၊၁၆း ၂၂–၂၃)။

(၁) အတ္တသည် ထင်မြင်ယူဆချက်များဖြင့်ထင်ရှားသော စိတ်အသက်ထဲ၌ရှိသော စာတန်၏တစ်စုံတစ်ခုပင်ဖြစ်သည်(အငယ်၊ ၂၃)။

(၂) ကျွန်ုပ်တို့၌ အတ္တ၏ မွေးဖွါးခြင်းနှင့် ထင်ရှားခြင်းတို့ ရှိနေသည်၊ အဘယ်ကြောင့်ဆိုသော်၊ ကျွန်ုပ်တို့သည် ဘုရားသခင်ထံမှ မှီခိုခြင်းကင်းမဲ့နေသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ထံမှမှီခိုခြင်းကင်းမဲ့လေလေ၊ အတ္တ၏ထင်ရှားခြင်းဖြစ်သော ထင်မြင်ယူဆချက်များ ပို၍ ရှိလေလေဖြစ်သည်။

၂။ ကျွန်ုပ်တို့သည် ဘုရားသခင်၌မှီခိုခြင်းမရှိဘဲ တစ်စုံတစ်ခုကိုလုပ်ဆောင်သောအချိန်တိုင်း၊ ကျွန်ုပ်တို့သည် အတ္တထဲ၌ရှိနေခြင်း

ဖြစ်သည်(အငယ်၊ ၂၂–၂၃။ အညွန်း။ ဖိ၊၃း၃)။

၃။ ကိုယ်ခန္ဓာတော်ကို မှီခိုမှုမရှိခြင်းမှာ ဘုရားသခင်ကိုမှီခိုမှုမရှိခြင်းနှင့်အတူတူပင်ဖြစ်သည်။

*Day 4*

**II. ကိုယ်ခန္ဓာတော်၏ရုပ်ပါရုံနှင့် ကိုယ်ခန္ဓာတော်အသက်တာကို လေ့ကျင့်လုပ်ဆောင်ခြင်းအားမြင်ခြင်းမှ ဟန့်တားသောအရာမှာ အတ္တဖြစ်သည် (ကော၊၁း၁၈။ ၂း၁၈–၂၀၊ ၂၃။ ၃း၁၅)။**

က။ ကိုယ်ခန္ဓာတော်သည် အတ္တနှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး၊ အတ္တသည် ကိုယ်ခန္ဓာတော်၏ရန်သူဖြစ်သည် (မ၊၁၆း၁၈၊ ၂၃)။

ခ။ အတ္တသည် သခင်ဘုရားနှင့် ကိုယ်ခန္ဓာတော်ကို မှီခိုခြင်းကင်းသော တစ်စုံတစ်ရာဖြစ်သည့်အတွက်ကြောင့်၊ အတ္တသည် ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းအတွက် အကြီးမားဆုံးသော ပြဿနာဖြစ်သည် (ကော၊၁း၁၈။ ၂း၁–၁၉၊ ၂၃)။

၁။ ကျွန်ုပ်တို့၌ အတ္တရှိသောအခါ၊ ကိုယ်ခန္ဓာတော်မရှိပါ (မ၊၁၆း၂၄)။

၂။ ကျွန်ုပ်တို့၌ ကိုယ်ခန္ဓာတော်ရှိသောအခါ၊ အတ္တ မရှိပါ(အငယ်၊ ၁၈။ ၉၊ ၄း၁၆)။

ဂ။ ကျွန်ုပ်တို့သည် မိမိတို့၏အတ္တကို ငြင်းပယ်၍၊ မိမိကိုယ်ကို ကိုယ်ခန္ဓာတော်နှင့် ရပ်တည်ရမည်။ ဤသို့လုပ်ဆောင်မည်ဆိုပါက၊ ကျွန်ုပ်တို့အသက်ရှင်သော အသက်တာသည် ပြည့်စုံသောကိုယ်ခန္ဓာတော်အသက်တာဖြစ်လိမ့်မည် ဖြစ်ကာ၊ သခင်ဘုရားသည် ကိုယ်တော်၏ကိုယ်ခန္ဓာတော်၏ ထင်ရှားခြင်းကို ရရှိနိုင်လိမ့်မည် ဖြစ်သည်(၁ကော၊ ၁၂း၂၇။ ကော၊ ၁း၁၈။ ၃း၁၅)။

ဃ။ ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းရှိရန်အလို့ငှါ၊ အတ္တ၊ မှီခိုခြင်းကင်းသော စိတ်အသက်သည် စီရင်ခြင်း၊ ငြင်းပယ်ခြင်း၊ ပစ်ပယ်ခြင်းနှင့်စွန့်လွှတ်ခြင်းကို ခံရမည်(မ၊ ၁၆း၁၈၊ ၂၁–၂၆။ လု၊ ၉း၂၃–၂၅)။

*Day 5*

**III. ကျွန်ုပ်တို့သည် အတ္တကို ငြင်းပယ်ရမည်၊ မိမိကားတိုင်ကို ထမ်း၍ ကိုယ်တော်နောက်တော်သို့ လိုက်ရမည်(မ၊ ၁၆း၂၄)။**

က။ မိမိကိုယ်ကို လွှန်ကဲ့စွာ ဂရုစိုက်သောလူတို့သည် အတ္တကိုချစ်သောသူ၊ အမြဲတမ်းသူကိုယ်တိုင်အဖို့ ရှာဖွေသော၊ မိမိကိုယ်တိုင်အဖို့ကြံစည်

သော၊ စဉ်းစားတွေးခေါ်သောသူ ဖြစ်သည်(၂တိ၊ ၃း ၂)။

ခ။ အတ္တကို ငြင်းပယ်ရန်မှာ မိမိတို့၏ အတ္တကို မေ့လိုက်ရန်နှင့် ကျွန်ုပ်တို့၏ စိတ်အသက်ကို လက်လွှတ်ခံရန်ဖြစ်သည်။ စိတ်အသက်ကို အဆုံးရှုံးခံခြင်းသည် အတ္တကို ငြင်းပယ်ခြင်းအမှန်ဖြစ်သည် (မ၊၁၆း ၂၆။ လု၊၉း ၂၄–၂၅)။

ဂ။ ကျွန်ုပ်တို့သည် အတ္တကို မည်သို့ငြင်းပယ်ခြင်း၊ အတ္တကိုမည်သို့ဆက်ဆံဖြေရှင်းခြင်းကို မြင်ရန်လိုအပ်သည်။

၁။ ကျွန်ုပ်တို့၏ လူဟောင်းသည် ခရစ်တော်နှင့်အတူ လက်ဝါးကားတိုင်မှာ အသေခံပြီးဟူသော ဖွင့်ပြခြင်းရှိရန် လိုအပ်သည် (ရော၊ ၆း၆။ ဂလ၊ ၂း ၂၀)။

၂။ ဤဖွင့်ပြခြင်းကို မြင်သောအခါ၊ ကျွန်ုပ်တို့သည် ဤအကြောင်းရင်းမှန်ကို အသိအမှတ်ပြုရန်နှင့် လက်ခံရန်လိုအပ်သည်။

၃။ ကျွန်ုပ်တို့သည် ကိုယ်တော်ပြီးမြောက်ပြည့်စုံခဲ့သောအရာနှင့် ကျွန်ုပ်တို့ အသိအမှတ်ပြုခဲ့သော ခရစ်တော်၏ အသေခံတော်မူခြင်းကို ကိုယ်ကိုယ်တိုင်အဖို့ ကျင့်သုံးရန်လိုအပ်သည်။ ၎င်းမှာ ကားတိုင်ကို ယူဆောင်ခြင်း၏ မှန်ကန်သော အဓိပ္ပါယ်ဖြစ်သည် (မ၊ ၁၆း ၂၄)။

က။ ဤလေ့ကျင့်လုပ်ဆောင်ခြင်းကို ဝိညာဉ်တော်၌သယ်ဆောင်ရန် လိုအပ်သည် (ရော၊၈း၁၃)။

ခ။ ကျွန်ုပ်တို့သည် ဝိညာဉ်၌ အသက်ရှင်လျှောက်လှမ်းသောအခါ၊ ဝိညာဉ်တော်သည် ခရစ်တော်၏ အသေခံခြင်းကို ကျွန်ုပ်တို့ထံ ယူဆောင်ပေးသည် (ဂလ၊၅း၁၆၊ ၂၄–၂၅။ ရော၊၈း၄၊ ၁၃)။

၄။ ကားတိုင်ကို ယူဆောင်ခြင်းဆိုသည်မှာ ကျွန်ုပ်တို့၏ အတ္တ၊ ဇာတိအသက်နှင့် လူဟောင်းကို မြှုပ်နှံခြင်းခံရန်အတွက် ခရစ်တော်၏ အသေခံခြင်း၏ သေခြင်းအောက်တွင် တည်မြဲနေရန်ဖြစ်သည်။ ဤသို့လုပ်ဆောင်ခြင်းအားဖြင့်၊ ကျွန်ုပ်တို့သည် အတ္တကိုငြင်းပယ်လိုက်ခြင်းဖြစ်သည်။ သို့မှသာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဝိညာဉ်၌ အသက်ပေးသောဝိညာဉ်တော်တည်းဟူသော ရှင်ပြန်

ထမြောက်ခဲ့သော ခရစ်တော်၊ သခင်ဘုရား၏ နောက်တော်သို့ လိုက်နိုင်မည်ဖြစ်သည်(၁ကော၊၁၅း၄၅ခ၊ ဖိ း၁၇။ ဂလ၊၅း ၂၅)။

*Day 6* **VI. ကျွန်ုပ်တို့သည် အတ္တကိုငြင်းပယ်၍၊ ခရစ်တော်ကို ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်တော်အဖြစ် ယူဆောင်ခြင်းမှာ လူသစ်တစ်ဦးကို အသက်ရှင်ခြင်းဖြစ်သည့် အသင်းတော်အသက်တာအတွက် အရေးပါသည် (၂း၂၀။ ဧ၊ ၂း၁၅။ ၄း၂၄။ ၃း၁၇က။ ကော၊ ၃း၁၀–၁၁)။**

က။ လူသစ်တစ်ဦး၌ ခရစ်တော်တည်းဟူသော ပုဂ္ဂိုလ်တစ်ဦးတည်းသာရှိသည် (ဂလ၊၂း၂၀။ ဧ၊၃း၁၇က)။

ခ။ ကျွန်ုပ်တို့၏ ဝိညာဉ်သည် အတွင်းလူဖြစ်၍၊ ဤအတွင်းလူ၏ ပုဂ္ဂိုလ်သည် ခရစ်တော်ဖြစ်ကြောင်းကို သိရှိရန်မှာ ကျွန်ုပ်တို့အတွက် မရှိမဖြစ် အရေးပါသောအရာ ဖြစ်သည်(ရော၊ ၈း၁၆။ ဧ၊ ၃း၁၇က)။

၁။ ကျွန်ုပ်တို့သည် ခရစ်တော်ကို ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်တော်အဖြစ် ယူဆောင်မည်ဆိုပါက၊ ကျွန်ုပ်တို့၏ ဝိညာဉ်သည် အင်္ဂါတစ်ခုမျှသာ မဟုတ်ဘဲ၊ ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်ဖြစ်ကြောင်းကို မြင်ရန်လိုအပ်သည်(၁း၁၇။ ၃း၁၆–၁၇က)။

၂။ ကျွန်ုပ်တို့သည် မိမိတို့၏ အတ္တ၊ ကျွန်ုပ်တို့ကိုယ်ကို ငြင်းပယ်၍၊ ကျွန်ုပ်တို့၏ လူသစ်၊ ကျွန်ုပ်တို့ဝိညာဉ်ဖြင့် အသက်ရှင်ရမည်(မ၊ ၁၆း၂၄။ ရော၊ ၈း၄။ ဧ၊ ၃း၁၇က)။

ဂ။ ဤလူသစ်ကို အသက်ရှင်ခြင်းဖြစ်သော အသင်းတော်အသက်တာအတွက် ကျွန်ုပ်တို့သည် မိမိတို့၏ လူဟောင်းကို ငြင်းပယ်၍ ကျွန်ုပ်တို့၏ လူသစ်တစ်ဦး အဖြစ် ခရစ်တော်ကို ယူဆောင်ရန် ဖြစ်သည်(လု၊၉း၂၃–၂၅။ ရော၊ ၆း၆။ ဂလ၊ ၂း၂၀)။

ဃ။ ကျွန်ုပ်တို့သည် မိမိကိုယ်ကို သခင်ဘုရားထံသို့အပ်နှံခြင်းနှင့် ကိုယ်တော်ထံသို့ ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်တော်ကို ပေးအပ်ခြင်း၏ အကြွင်းမဲ့သောဆက်ကပ်အပ်နှံခြင်းကို လိုအပ်သည်။ သို့မှသာ ကိုယ်တော်သည် ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်တော်ဖြစ်လာနိုင်ပြီး၊ ကျွန်ုပ်တို့၏ ဆက်ကပ်အပ်နှံခြင်းသည် ခရစ်တော်ကို ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်တော်အဖြစ် ယူဆောင်ရန် ဖြစ်သည်(ရော၊ ၁၂း၂။ ၁၄း၇–၈။ ဧ၊ ၃း၁၇က၊ ၂ကော၊ ၅း၁၅)။

# *နံနက်ခင်းကျွေးမွေးခြင်း*

**မ၊ ၁၆း၂၃–၂၅ ကိုယ်တော်သည် မျက်နှာတော်ကိုလှည့်၍၊ အချင်းစာတန်ငါ့နောက်သို့ ဆုတ်လော့။ သင်သည် ငါတိုက်မိ၍ လဲစရာအကြောင်းဖြစ်၏။ သင်သည် ဘုရားသခင်၏ အရာကို အသိဉာဏ်၌ မစွဲလမ်း၊ လူတို့၏အရာကိုသာ စွဲလမ်းသည်ဟု မိန့်တော်မူ၏။ ထိုအခါယေရှုက၊ ငါ့နောက်သို့ လိုက်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်။ကိုယ်လက်ဝါးကပ်တိုင်ကို ထမ်း၍ ငါ့နောက်သို့လိုက်ရမည်။အကြင်သူသည် မိမိ၏ စိတ်–အသက်ကို ကယ်ဆယ်ခြင်းငှါ အလိုရှိ၏။ ထိုသူသည် အသက်ရှုံးလိမ့်မည်။ အကြင်သူသည် ငါ့ကြောင့် မိမိ၏စိတ်–အသက်ရှုံး၏။ ထိုသူသည် အသက်ကို တွေ့လိမ့်မည်။**

ကျွန်ုပ်တို့သည် အတ္တနှင့်စပ်လျဉ်းသောသင်ခန်းစာများကို သင်ယူဖို့ရန်လိုအပ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၌ တည်ဆောက်ခြင်းခံရနိုင်မည် ဖြစ်သည်။ ကျွန်ုပ်တို့သည် အတ္တနှင့်စပ်လျဉ်းသော၍အကြောင်းအရာများကို စဉ်းစားဆင်ခြင်ကြသောအခါ၊ အတ္တသည် ထုတ်ဖော်ခြင်းခံရရန်အတွက် များစွာသောကျေးဇူးတော်ကို လက်ခံရရှိရန်အတွက် ကျွန်ုပ်တိုက်တွန်းလိုပါသည်။ အခြားသူများနှင့်တည်ဆောက်ရာတွင် အကြီးမားဆုံးသောပြဿနာမှာ အတ္တပင်ဖြစ်သည်။(*The Heavenly Vision*, p. 35)

မဿဲ၁၆း၂၃–၂၅ ရှိ စကားလုံးသုံးလုံးသည် တစ်ခုနှင့်တစ်ခုဆက်စပ်လျက်ရှိသည်–*အသိဉာဏ်၊ ကိုယ်ကိုကိုယ်နှင့် စိတ်အသက်*။ ကျွန်ုပ်တို့၏ အသိဉာဏ်သည် ကျွန်ုပ်တို့အတ္တ၏ထင်ရှားခြင်းပင်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏အတ္တသည် ကျွန်ုပ်တို့စိတ်အသက်၏ကိုယ်ထင်ရှားခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့စိတ်အသက်သည် ကျွန်ုပ်တို့အတ္တဖြင့်ရှင်ထွက်သောကိုယ်ထင်ရှားခြင်းဖြစ်၍ ကျွန်ုပ်တို့၏အတ္တသည် ကျွန်ုပ်တို့၏ အသိဉာဏ်၊ စိတ်ကူး၊သဘောထားနှင့် အတွေးအခေါ်များအားဖြင့် ထင်ရှားခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အသိဉာဏ်ကို ဘုရားသခင်၏အရာများအပေါ်တွင်မဟုတ်ဘဲ၊ လူ၏အရာများအပေါ်တွင်သာထားရှိသောအခါ၊ ကျွန်ုပ်တို့အသိဉာဏ်သည် မိမိကိုယ်ကိုပြုမူထင်ရှားစေမည့် အခွင့်အရေးကိုအမိအရဆုပ်ကိုင်လေသည်။ ဤအရာသည် ပေတရု၌ဖြစ်သောအကြောင်းအရာပင်ဖြစ်သည်။ ထို့ကြောင့်၊ သခင်ဘုရား၏ နောက်ဆက်တွဲစကားမှာ ပေတရုသည်မိမိကိုယ်ကိုငြင်းပယ်ရန် လိုအပ်ကြောင်းနှင့် ၎င်းမှာသူ၏စိတ်အသက်ကိုမကယ်တင်ဘဲ အဆုံးရှုံးခံရမည်ဖြစ်ကြောင်းညွှန်ပြနေသည်။ စိတ်အသက်ကို

အဆုံးရှုံးခံခြင်းသည် အတ္တကိုငြင်းပယ်ခြင်း၏ စစ်မှန်ခြင်းပင်ဖြစ်သည်။ ဤသည်မှာ ကားတိုင်ကိုယူဆောင်ခြင်းဖြစ်သည်။ (Matt. 16:24, footnote 2)

## ***ယနေ့ဖတ်စရာ***

အကယ်၍ ကျွန်ုပ်တို့သည် အတ္တကိုဆက်ဆံဖြေရှင်းရန် အလိုဆန္ဒရှိမည်ဆိုပါက၊ အတ္တသည် မည်သည့်အရာဖြစ်ကြောင်းကို အတိအကျသိရှိဖို့ရန်လိုသည်။ အတ္တသည် လူသား၏ထင်မြင်ယူဆခြင်းနှင့် လူသားတွေးခေါ်ခြင်းများကို အထူးအလေးပေးသော စိတ်အသက်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤအရာကို အတ္တအကြောင်းရှင်းလင်းစွာဖော်ပြထားသော သမ္မာကျမ်းစာအုပ်ထဲ၌ ရှာဖွေတွေ့ရှိနိုင်သည်။

သခင်ဘုရားသည် တပည့်တော်များအား သူတို့၏ကိုယ်ပိုင်စဉ်းစားတွေးခေါ်ခြင်းများဘေးဖယ်ရန်ဖြစ်သော အတ္တကိုငြင်းပယ်ကျော်ခိုင်းရန် ပြောဆိုခဲ့သည်။ သခင်ဘုရားသည် တပည့်တော်များအား ကားတိုင်ကိုယူဆောင်ရမည်ဖြစ်ကြောင်းပြောဆိုသောအခါ၊ ၎င်းမှာ ဘုရားသခင်၏ အသိဉာဏ်နှင့် ဘုရားသခင်၏ အလိုဆန္ဒကို ယူဆောင်ရမည်ဖြစ်ကြောင်းပြောဆိုခြင်းပင်ဖြစ်သည်။ ထို့ကြောင့် သခင်ဘုရားသည် ဤနေရာ၌ တပည့်တော်များအား သူတို့၏ကိုယ်ပိုင်အတွေးအခေါ်များအား စွန့်ခွါ၍ ဘုရားသခင်၏ အလိုဆန္ဒဖြစ်သော ကားတိုင်ကိုယူဆောင်ရမည်ဖြစ်ကြောင်းပြောဆိုထားခြင်းပင်ဖြစ်သည်။

ဤနည်းအားဖြင့် အတ္တသည် လူသားတွေးခေါ်ခြင်းနှင့် များစွာ ဆက်စပ်ကြောင်းတွေ့ရှိရသည်။ အတ္တသည် လူသားတွေးခေါ်ခြင်း မဟုတ်သကဲ့သို့ လူသားတွေးခေါ်ခြင်းသည်လည်း အတ္တမဟုတ်ပါ။ ထို့ကြောင့် မ၊၁၆း၂၅ ၌ သခင်ဘုရားက မိမိစိတ်အသက်ကို ကယ်ဆယ်ခြင်းငှါ အလိုရှိသောသူသည် အသက်ကိုရှုံးလိမ့်မည်ဖြစ်ကြောင်းနှင့် သခင်ဘုရားကြောင့်မိမိစိတ်အသက်ကိုရှုံးသောသူသည် အသက်ကိုတွေ့လိမ့်မည်ဖြစ်ကြောင်း ပြောဆိုရန်သွားခဲ့သည်။ အတ္တကိုငြင်းပယ်ခြင်းသည် အရင်ကျသောကျမ်းပိုဒ်များ၌ စိတ်အသက်ကိုအဆုံးရှုံးခံခြင်းအားဖြင့် ချက်ချင်းကိုယ်တော့်နောက်တော်သို့လိုက်ခြင်းပင်ဖြစ်ကြောင်းဖော်ပြသည်။ ဤအရာက အထက်တွင် ဖော်ပြထားသောအတ္တသည် အောက်ပါအတိုင်း တိုက်ရိုက်ပြောဆိုသော စိတ်အသက်ဖြစ်သည်။ စိတ်အသက်သည် အတ္တဖြစ်သည်။

ဤစာပိုဒ်၌ သခင်ဘုရား၏နှုတ်ကပတ်တော်ကို တဆင့်ပြီးတဆင့်တွေ့ရသည်။ အငယ်၊ ၂၂ ၌ ပေတရုသည် သခင်ဘုရားအား မိမိကိုယ်ကိုသနားရန် သတိပေးခဲ့၍ အငယ်၊ ၂၃ တွင် သခင်ဘုရားက ဤအရာများသည် လူသားတွေးခေါ်ခြင်းများနှင့် လူသား

ထင်မြင်ယူဆချက်များသာဖြစ်ကြောင်း ညွှန်ပြခဲ့ကာ၊ အငယ်၊ ၂၄ ၌ ကိုယ်တော်က ထင်မြင်ယူဆချက်များသည် အတ္တသာဖြစ်ကြောင်းပြောခြင်းဖြင့် အရင်းမြစ်ကိုဖော်ထုတ်ခဲ့သည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့သည် ၎င်းကို စွန့်လွှတ်ငြင်းပယ်ရမည်ဖြစ်သည်။ ထို့နောက်၊ အငယ်၊ ၂၅၌ ကိုယ်တော်က အတ္တသည် စိတ်အသက်ဖြစ်ကြောင်းပြသခြင်းဖြင့် အတ္တ၏ အရင်းမြစ်ကို ထိတွေ့ခဲ့သည်။ အကယ်၍ စိတ်အသက်သည် သေခြင်းအပေါ် သို့ ထားရှိသောအခါ၊ ဆိုလိုသည်မှာ အတ္တသည်ငြင်းပယ်ခံရသောအခါ၊ လူသားထင်မြင်ယူဆခြင်းများနောက်ထပ်ရှိတော့မည်မဟုတ်ပါ။ ဤစာပိုဒ်၌ အငယ်၊ ၂၃ သည် ထင်မြင်ယူဆချက်များအကြောင်းပြောဆိုကာ အငယ်၊ ၂၄ သည် အတ္တအကြောင်းပြောဆို၍ အငယ်၊ ၂၅ သည် စိတ်အသက်အကြောင်းပြောဆိုသည်။

ထို့ကြောင့်၊ ကျွန်ုပ်တို့သည် ဤနေရာမှ အတ္တ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကိုတွေ့နိုင်သည်။ အတ္တ၏ အနှစ်သာရသည် စိတ်အသက်ဖြစ်ပြီး၊ အတ္တ၏ ထင်ရှားခြင်းသည် ထင်မြင်ယူဆချက်များဖြစ်သည်။ အတ္တ၊ စိတ်အသက်နှင့် ထင်မြင်ယူဆချက်များသည် တစ်ခုတည်းသောအရာ၏ သွင်ပြင်သုံးခုဖြစ်သည်။ ဤသည်မှာ ခရစ်တော်ကိုယ်တော်တိုင်သည် ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်၍ ခရစ်တော်၏ ထင်ရှားခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်ဖြစ်ခြင်းနှင့် တူသည်။ သုံးပါးသည် တစ်ပါးတည်းဖြစ်သည်။ ဘုရားသခင်သည် လူ့ဇာတိခံ၍ ခရစ်တော်၌ထင်ရှားကာ စိတ်အသက်သည် အတ္တ၌ထင်ရှားသည်။ ခရစ်တော်သည် လူအားဖြင့်ထိတွေ့၍ ထင်ရှားသောအခါ၊ ကိုယ်တော်သည် သန့်ရှင်းသောဝိညာဉ်တော်ဖြစ်သည်။ ထိုနည်းတူ၊ အတ္တသည် လူ၌ လူသားထင်မြင်ယူဆချက်များနှင့် လူသားရှုထောင့်များမှ ထင်ရှားထွက်ပေါ် သည်။ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ကိုထိတွေ့သောအခါ၊ ခရစ်တော်ကိုထိတွေ့သကဲ့သို့ ကျွန်ုပ်တို့၏ ထင်မြင်ယူဆချက်များနှင့် ရှုထောင့်များကိုသာထိတွေ့သောအခါ၊ ကျွန်ုပ်တို့သည်အတ္တကိုထိတွေ့ကာ စိတ်အသက်ကိုလည်းထိတွေ့ကြမည်ဖြစ်သည်။ (*The Experience of Life*, pp. 219-221)

*ပို၍ဖတ်ရန်-* *CWWL,1965*,vol. 3, “The HeavenlyVision,” ch. 3;*The Experience of Life*, ch. 10; *Life-study of Matthew*, msg. 48

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**မ၊ အချင်းစာတန် ငါ့နောက်သို့ ဆုတ်လော့။ သင်သည် ဘုရားသခင်၏ အရာ**
**၁၆း၂၃ ကို အသိဉာဏ်၌ မစွဲလမ်း၊ . . .**

**က၊ မြွေသည် ထာဝရအရှင်ဘုရားသခင် ဖန်ဆင်းတော်မူသော မြေတိရစ္ဆာန်**
**၃း၁ တကာတို့ထက် လိမ္မာသည်ဖြစ်၍၊ မိန်းမအား၊ သင်တို့သည် ဥယျာဉ်ရှိ သမျှသော အပင်တို့၏ အသီးကိုမစားရဟု ဧကန်စင်စစ်ဘုရားသခင် မိန့်တော်မူသလောဟု မေး၏။**
**၄ မြွေကလည်း၊ သင်တို့သည် ဧကန်အမှန်သေရမည်မဟုတ်၊..**

အတ္တသည် စာတန်၏ ကိုယ်ထင်ရှားခြင်းဖြစ်သည်။ ခရစ်တော်သည် ဘုရားသခင်၏ ကိုယ်ထင်ရှားခြင်းဖြစ်သကဲ့သို့ အတ္တသည် စာတန်၏ ကိုယ်ထင်ရှားခြင်းဖြစ်သည်။ ဤအရာကို သခင်ယေရှုက ပေတရုအား "အချင်းစာတန်၊ ငါ့နောက်သို့ဆုတ်လော့" ဟု ပြောဆိုခြင်းအားဖြင့်ညွှန်ပြထားသည်။ ကိုယ်တော်သည် ပေတရုအားစကားပြောနေချိန်တွင် ပေတရုကို စာတန်ဟု ခေါ် ခဲ့သည်၊ အဘယ့်ကြောင့်ဆိုသော် စာတန်သည် ပေတရုအထဲမှ ထင်ရှားခဲ့သောကြောင့်ဖြစ်သည်။ စာတန်သည် မည်သည့်နေရာမှ ထင်ရှားထွက်ပေါ် လာခဲ့သနည်း။ စာတန်သည် ပေတရု၏ စိတ်အသက်ထဲ၌ သူ၏ အသိဉာဏ်ကို ရယူသိမ်းပိုက်ခြင်းအားဖြင့် ကိုယ်ထင်ရှားခဲ့ခြင်းဖြစ်သည်။ အသိဉာဏ်သည် စိတ်အသက်ကို ဦးဆောင်သောအပိုင်းဖြစ်၍ ကိုယ်စားပြုသောအပိုင်းပင်ဖြစ်သည်။ လူပုဂ္ဂိုလ်တစ်ဦး၏ အသိဉာဏ်ကို ထိန်းသိမ်းရန်မှာ သူ၏ ဖြစ်ခြင်းတစ်ခုလုံးကို ထိန်းသိမ်းရန်ဖြစ်သည်။

ကိုယ်ခန္ဓာသည် အသွေးအသားဖြစ်လာသည်။ အဘယ့်ကြောင့်ဆိုသော် စာတန်၊ အပြစ်၏ တစ်စုံတစ်ခုသောအရာသည် ၎င်းအထဲသို့ ထည့်သွင်းခြင်းခံရသောကြောင့်ဖြစ်သည်။ စာတန်၏ တစ်စုံတစ်ခုသောအရာသည် စိတ်အသက်ထဲသို့ထည့်သွင်းခြင်းခံရသောအခါ၊ စိတ်အသက်သည်လည်း အတ္တဖြစ်လာသည်။ စိတ်အသက်ထဲသို့ ကျွန်ုပ်တို့ပေါင်းထည့်သောအရာသည် စာတန်၏ စဉ်းစားခြင်း သို့မဟုတ် အသိဉာဏ်ပင်ဖြစ်သည်။ ထို့ကြောင့်၊ အတ္တသည် စိတ်အသက် အပေါင်း စာတန်၏ အသိဉာဏ်ပင်ဖြစ်သည်။ စာတန်၏ အသိဉာဏ်၊ စဉ်းစားခြင်းများသည် လူ၏ စိတ်အသက်ထဲသို့ထည့်သွင်းခြင်းခံရသောအခါ၊ လူသားစိတ်အသက်သည် ဖောက်ပြန်ပျက်စီး၍ အတ္တဖြစ်လာသည်။ [cf. Gen. 3:1-6]. (*The Heavenly Vision*, pp. 40-41)

# ယနေ့ဖတ်စရာ

စိတ်အသက်ထဲ၌ အတ္တရှိသည်။ အတ္တထဲ၌ အသိဉာဏ်ရှိ၍ အသိဉာဏ်ထဲ၌ ထင်မြင်ယူဆချက်များရှိသည်။ အပြစ်သည် ကိုယ်ခန္ဓာထဲရှိ စာတန်၏ တစ်စုံတစ်ခုသောအရာဖြစ်သကဲ့သို့ အတ္တသည် ထင်မြင်ယူဆချက်များဖြင့် များစွာထင်ရှားသော စိတ်အသက်ထဲရှိ စာတန်၏ တစ်စုံတစ်ခုသောအရာဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့သည် ဤအကြောင်းအရာကိုသင်ယူမည်ဆိုပါက၊ ကျွန်ုပ်တို့အတူစည်းဝေးကြသောအခါတိုင်း ထင်မြင်ယူဆချက်များရှိမည်ကို စိုးရိမ်နေကြမည်ဖြစ်သည်။ ဤအရာသည် အသင်းတော်အသက်တာအတွင်း၌သာမက မိသားစုအသက်တာအထဲထိပင်ရှိနေခြင်းဖြစ်သည်။ ယနေ့ခေတ်မိသားစုများ၌ ပြဿနာများရှိနေကြသည်။ အဘယ့်ကြောင့်ဆိုသော်၊ ခင်ပွန်းသည် သူ၏ထင်မြင်ယူဆချက်၌ရှိ၍ ဇနီးသည်လည်း သူမ၏ ထင်မြင်ယူဆချက်၌ရှိကာ ထိုနှစ်ဦးလုံး၏ ထင်မြင်ယူဆချက်၌ စာတန်ရှိနေသည်။ ရလဒ်မှာ တစ်ခါတစ်ရံကွဲပြားခြင်းများဖြစ်၍၊ နောက်တွင် ကွာရှင်းပြတ်စဲကြလေသည်။ အကယ်၍ ဇနီးသည်များ အားလုံးသည် ဘုရားသခင်၌ မှီခိုသောသင်ခန်းစာကို သင်ယူ၍ မိမိတို့၏ ထင်မြင်ယူဆချက်များကို စွန့်လွှတ်မည်ဆိုလျှင်၊ ကွာရှင်းပြတ်စဲမှုများဖြစ်နိုင်သည်ဟုသင်ထင်ပါသလား။ ခင်ပွန်းသည်များအားလုံးသည်လည်း မိမိတို့၏ ထင်မြင်ယူဆချက်များကို စွန့်ပစ်၍၊ ဘုရားသခင်၌ မှီခိုမှုရှိမည်ဆိုလျှင် မည်မျှပင်ကောင်းမွန်လှပါတကား။ ပြဿနာမှာ ရိုးရှင်းစွာပင် အယောက်စီတိုင်းသည် ထင်မြင်ယူဆချက်များ၌သာထင်ရှားနေ၍ သခင်ဘုရား၌ မှီခိုခြင်းကင်းမဲ့ကာ အယောက်တိုင်းသည် အတ္တ၊ ထင်မြင်ယူဆချက်များနှင့် အကြောင်းပြချက်များနှင့်သာ ပြည့်ဝနေသောအချက်ကြောင့်ပင်ဖြစ်သည်။

ကျွန်ုပ်တို့၏ မိသားစုအသက်တာ၌ ဘုရားသခင်၌မှီခိုခြင်းအကြောင်းအရာကိုသင်ယူမည်ဆိုပါက၊ တစ်စုံတစ်ခုဖြစ်ပွါးသောအခါ ခင်ပွန်းသည်၊ ဇနီးသည်နှင့် မိသားစုဝင်များအားလုံးတို့သည် ထင်မြင်ယူဆချက်များကို ထင်ရှားတော့မည်မဟုတ်ပါ။ ထိုအစား၊ သူတို့သည် “ဘုရားသခင်ထံသို့သွားကြရအောင်။ သခင်ဘုရား၏ အသိဉာဏ်ကိုရှာဖွေကြရအောင်” ဟုပြောဆိုကြမည်ဖြစ်သည်။ ဤအဖြစ်အပျက်၌၊ ပြဿနာမရှိပါ။ ဤအရာသည်မှန်ကန်သောနည်းလမ်းဖြစ်သည်။ အကယ်၍ကျွန်ုပ်တို့သည် ဤအကြောင်းကိုမိသားစုထဲ၌သင်ယူမည်ဆိုလျှင် အသင်းတော်အသက်တာသို့ကျွန်ုပ်တို့လာသောအခါ၊ ကျွန်ုပ်တို့သည် ဤကဲ့သို့တူညီသောနည်းလမ်း၌ ပြုမူလုပ်ဆောင်ကြမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် “ညီအစ်ကိုများ၊ သခင်ဘုရားထံသို့သွားကြရအောင်။ ဆုတောင်း၍ ကိုယ်တော့်ကိုစောင့်မျှော်ကြရအောင်”ဟု ပြောဆိုကြမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော့်အား

ဖြင့်ဝါးမျိုခြင်းခံရလိမ့်မည်ဖြစ်၍ ကိုယ်တော့်အပေါ်၌ မှီခိုခြင်းရှိလာမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် "ငါခံစားရတယ်"၊ "ငါထင်တယ်" သို့မဟုတ် "ငါ့အထင်တော့" ဟူသောစကားလုံးများမပြောရပါ။ ဤအရာသည် အတ္တဖြစ်သည်။

မဿဲ၊၁၆၌ ပေတရုသည် ကောင်းကင်ဆိုင်ရာအဖ၏ ဖွင့်ပြခြင်းအောက်တွင်ရှိခဲ့သည်(အငယ်၊ ၁၆–၁၇)၊ သို့သော် အချိန်အနည်းငယ်ကြာပြီးနောက် သူသည်စာတန်အားဖြင့်အသုံးချခြင်းခံခဲ့ရသည်။ အချိန်ခဏအတွင်းမှာပင် သူသည် ကောင်းကင်ဆိုင်ရာအဖထံမှစကားပြောဆို၍ ခဏအကြာတွင် စာတန်ထံမှလာသောစကားကိုပြောဆိုခဲ့သည်။

ယခု ကျွန်ုပ်တို့သည် အတ္တ၏ အဓိပ္ပါယ်ကို မြင်နိုင်ပြီဖြစ်သည်။ အတ္တသည် စိတ်၌စာတန်၏ အနှစ်သာရဖြစ်ပြီး၊ စိတ်အား မိမိ၏ကိုယ်ပိုင်ထင်မြင်ယူဆချက်နှင့် ကိုယ်ပိုင်အလိုဆန္ဒကို ဖော်ပြထင်ရှားရန်ဘုရားသခင်ထံမှ မှီခိုမှုကင်းစေသည်။ ဤအရာသည် အတ္တ၏ အကောင်းဆုံးသော အဓိပ္ပါယ်ဖွင့်ဆိုချက်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၌မှီခိုမှုကင်းမဲ့၍ ထင်မြင်ယူဆချက်များနှင့် အလိုဆန္ဒများရှိနေမည်ဆိုလျှင် ကျွန်ုပ်တို့သည် အတ္တဖြစ်သောစာတန်နှင့်အတူအတ္တရှိနေခြင်းပင်ဖြစ်သည်။ ဤအဓိပ္ပါယ်ကိုကျွန်ုပ်တို့ နားလည်သဘောပေါက်၍ ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာ၌ ယူဆောင်လျှောက်လှမ်းမည်ဆိုပါက၊ ဤအရာသည် နေ့စဉ်ကျွန်ုပ်တို့အယောက်စီတိုင်း၌ ပြဿနာဖြစ်နေကြောင်း ကျွန်ုပ်တို့မြင်တွေ့ကြမည်ဖြစ်သည်။ ကလေးများသည် အဘယ့်ကြောင့်မိဘများကို မနာခံကြသနည်း။ ၎င်းမှာ ရိုးရှင်းစွာပင် သူတို့၏စိတ်အသက်၊ အသိဉာဏ်နှင့် အလိုဆန္ဒတို့သည် သူတို့၏မိဘများထံမှ မှီခိုမှုကင်းမဲ့နေသောကြောင့်ပင်ဖြစ်သည်။ သူတို့၌သူတို့၏ကိုယ်ပိုင်ထင်မြင်ယူဆချက်များရှိနေပြီး ကိုယ်ပိုင်အလိုဆန္ဒများပင် ရှိနေကြသောကြောင့်ဖြစ်သည်။ ဤသည်မှာအတ္တဖြစ်၍ စာတန်သည် ထိုအတ္တအတွင်း၌ရှိနေသည်။ (*Basic Principles of the Experience of Life,* pp. 116-118)

*ပို၍ဖတ်ရန်- Basic Principles of the Experience of Life,*chs.11-12

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

## ***နံနက်ခင်းကျွေးမွေးခြင်း***

**ယောဘ၊ သီတင်းတော်ကို အကျွန်ုပ်သည် နားနှင့်ကြားဘူးပါပြီ။ ။ ယခုမူကား၊**
**၄၂း၅–၆ ကိုယ်တော်ကိုမျက်စိနှင့်မြင်ရပါ၏။ ထိုကြောင့် အကျွန်ုပ်သည် ကိုယ်ကို ရွံရှာပါ၏။ မြေမှုန့်နှင့် မီးဖိုပြာ၌ထိုင်၍ နောင်တရပါ၏ဟု လျှောက် တင်လေ၏။**

**ဖိ၊ ငါတို့သည် ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် အစေခံ၍၊ အသွေးအ**
**၃း၃ သား၌ ကိုးစားခြင်းမရှိဘဲ၊ ခရစ်တော်ယေရှု၌ ဝါကြွားဝမ်းမြောက် သောသူဖြစ်၍၊ မှန်သောအရေဖျားလှီးခြင်းကို ခံသောသူဖြစ်ကြ၏။**

အတ္တ၏မူလအရင်းမြစ်မှာ စာတန်၏စဉ်းစားတွေးခေါ်ခြင်းကို လူ၏အသိဉာဏ်ထဲသို့ ထိုးသွင်းခဲ့ခြင်းဖြစ်သည်။ အတ္တသည် ဘုရားသခင်၌ မှီခိုခြင်းကင်းလွတ်လပ်သော စိတ်အသက်ဖြစ်သည်။ စိတ်အသက်သည် ဘုရားသခင်ထံ၌မှီခိုမှုမရှိဘဲ မိမိကိုယ်ကို မှီခိုမှုရှိသောအခါတိုင်း၊ စိတ်အသက်သည် ချက်ခြင်းပင် အတ္တဖြစ်လာသည်။ ဤအရာသည် ဘုရားသခင်ထံ၌မှီခိုမှုမရှိဘဲ တစ်စုံတစ်ခုကိုကျွန်ုပ်တို့ကိုယ်တိုင်အားဖြင့် လုပ်ဆောင်လျှင် ကျွန်ုပ်တို့သည် အတ္တထဲ၌ရှိနေကြောင်းဖော်ပြနေခြင်းဖြစ်သည်။ ကျွန်ုပ်တို့မည်သူ ဖြစ်၍ မည်သည့်အရာကိုလုပ်ဆောင်နေပါစေ၊ ဘုရားသခင်ထံ၌ မှီခိုမှုကင်းမဲ့သောအချိန်တိုင်း၊ ကျွန်ုပ်တို့သည် အတ္တအထဲ၌ရှိနေခြင်းဖြစ်သည်။ (*The Heavenly Vision*, p. 43)

## ***ယနေ့ဖတ်စရာ***

ဘုရားသခင်သည် လူကိုစိတ်အဖြစ်ဖန်ဆင်းခဲ့ခြင်းမှာ ကိုယ်တော့်အပေါ် တွင် အစဉ်အမြဲမှီခိုမှုရှိရန်ဖြစ်သည်။ လူသည်စိတ်ဖြစ်၍(က၊ ၂း၇)၊ သူသည် ဘုရားသခင်အပေါ် တွင်အရာအားလုံး၌ မှီခိုရမည်ဖြစ်သည်။ ဘုရားသခင်ပေါ် တွင် ကျွန်ုပ်တို့မှီခိုခြင်းနှင့် စပ်လျဉ်း၍ အိမ်ထောင်အသက်တာအားဖြင့် သရုပ်ဖော်ပြချက်ကို အသုံးပြုနိုင်သည်။ မိန်းမသည် သူမ၏ခင်ပွန်းယောက်ကျားအပေါ် တွင် မှီခိုရသည်။ ဤအရာကို မင်္ဂလာဆောင်ရာနေ့ရက်၌ သူမဝတ်ဆင်ထားသော သူတို့သမီးခေါင်းဖုံးအားဖြင့် ရည်ညွှန်းထားခြင်းဖြစ်သည်။ ခေါင်းဖုံးကို ဝတ်ဆင်ထားခြင်း၏ပုံဆောင်ချက်မှာ သူမသည် ခင်ပွန်းသည်ကို သူမ၏ဦးခေါင်းအဖြစ်ယူဆောင်ကြောင်းနှင့် သူ့အပေါ် တွင် မှီခိုမည်ဖြစ်ကြောင်းကို ဆိုလိုခြင်းဖြစ်သည်။ ထိုသို့မဟုတ်ပါက၊ ဦးခေါင်းနှစ်ခုရှိလိမ့်မည်ဖြစ်၍ ၎င်းသည် ဆန့်ကျင်ဘက်ဖြစ်ခြင်းသို့လည်းကောင်း၊ ရန်ဖြစ်စကားများခြင်းနှင့် ကွာရှင်းပြတ်စဲခြင်းသို့ လည်း

ကောင်း ဦးဆောင်လိမ့်မည်ဖြစ်သည်။ မိန်းမသည် သူမ၏ခင်ပွန်းအပေါ် မှီခိုရသကဲ့သို့ စိတ်သည် ဘုရားသခင်အပေါ် တွင် မှီခိုရမည်ဖြစ်သည်။

မည်သို့ပင်ဆိုစေ၊ စိတ်မှာအတ္တဖြစ်လာခဲ့ပြီဖြစ်သည်။ အတ္တသည် ဘုရားသခင်ထံမှ မှီခိုခြင်းကင်းလွတ်လပ်စွာရှိကြောင်း ကြေညာသည့်စိတ်ပင်ဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့၌ အတ္တနှင့်စပ်လျဉ်းသောရုပါရုံရှိမည်ဆိုလျှင်၊ အတ္တမှာ ဘုရားသခင်ထံမှ မှီခိုခြင်းကင်းမဲ့ကြောင်းကြေညာသည့်စိတ်ဖြစ်ကြောင်း မြင်တွေ့လာလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤရူပါရုံကိုမြင်မည်ဆိုပါက၊ ဘုရားသခင်ထံမှ မှီခိုခြင်းကင်းမဲ့စွာ ဆက်လက်၍အသက်ရှင်၍မရတော့ကြောင်း၊ နားလည်သဘောပေါက်လာလိမ့်မည်ဖြစ်သည်။ ထိုအခါ "ကျွန်ုပ်မည်သည့်အရာလုပ်ပါစေ၊ ကျွန်ုပ်သည် ဘုရားသခင်အပေါ် ၌ တစ်ချိန်လုံးမှီခိုရမည်ဖြစ်သည်။ ကျွန်ုပ်မည်သူဖြစ်ပါစေ၊ ကျွန်ုပ်သည် ဘုရားသခင်အပေါ် တွင် မှီခိုရမည်ဖြစ်သည်" ဟူ၍ ပြောဆိုလာလိမ့်မည်ဖြစ်သည်။

အတ္တသည် မှီခိုခြင်းကင်းလွတ်လပ်သောကြောင့်၊ ၎င်းသည် ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်း၌အကြီးမားဆုံးသောပြဿနာဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အပေါ် တွင် မှီခိုရမည်သာမက၊ ကိုယ်ခန္ဓာတော်ရှိညီအစ်ကိုညီအစ်မများအပေါ် တွင်လည်း မှီခိုရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ညီအစ်ကိုညီအစ်မများနှင့် မှီခိုခြင်းကင်းမဲ့သောအခါတိုင်း ကျွန်ုပ်တို့သည် အတ္တစိတ်၌ရှိနေကြခြင်းပင်ဖြစ်သည်။ ယနေ့တွင် ကိုယ်ခန္ဓာတော်၌ မှီခိုမှုမရှိခြင်းမှာ ဘုရားသခင်ကိုမှီခိုမှုမရှိခြင်းနှင့် အတူတူပင်ဖြစ်သည်။ ဤအရာမှာ သြဝါဒဆိုင်ရာမဟုတ်ဘဲ၊ အတွေ့အကြုံဆိုင်ရာဖြစ်သည်။ အကယ်၍ သင်သည် သင်၏ အတွေ့အကြုံကို စစ်ဆေးမည်ဆိုပါက၊ သင်သည် ညီအစ်ကိုညီအစ်မများကို မှီခိုခြင်းမရှိခဲ့သောအချိန်တွင် ဘုရားသခင်ကိုလည်း မှီခိုမှုမရှိကြောင်းကို အာရုံပြုခံစားမည်ဖြစ်သည်။ ထိုနည်းတူပင် သင်သည် ညီအစ်ကိုညီအစ်မများထံမှ သီးခြားနေသောအခါ၊ သင်သည် ဘုရားသခင်ထံမှလည်း သီးခြားခွဲနေသကဲ့သို့ဖြစ်ကြောင်း အာရုံပြုခံစားရမည်ဖြစ်သည်။

အချို့မှာ ဤအရာကိုကြားရသောအခါ "သခင်ဘုရား၏ မျက်မှောက်တော်သည် အတိုင်းအဆမရှိဖြစ်ပါသလား။ သခင်ဘုရားသည် နေရာတိုင်းတွင်ရှိသောကြောင့် ကျွန်ုပ်သည် ကိုယ်တော်၏မျက်မှောက်တော်ကို မည်သည့်နေရာ၌မဆိုရရှိနိုင်သည်။ ကျွန်ုပ်သည် သခင်ဘုရား၏မျက်မှောက်တော်ကို ကျွန်ုပ်၏ အိမ် သို့မဟုတ် အခြားမည်သည့်နေရာ၌မဆိုရရှိနိုင်သည်" ဟု ပြောဆိုကြလိမ့်မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ၊ သခင်ဘုရား၏မျက်မှောက်တော်ရှိခြင်းမှာ သင်သည် ကိုယ်ခန္ဓာတော်၌မှီခိုခြင်းရှိ၊ မရှိဆိုသည့်အချက်အပေါ် တွင်မူတည်နေသည်။ အကယ်၍သင်သည် ကိုယ်ခန္ဓာတော်၌မှန်ကန်စွာ ဆက်နွယ်မှုရှိမည်

ဆိုပါက၊ သင်၌ သခင်ဘုရား၏ မျက်မှောက်တော်သည် နေရာတိုင်း၌ရှိနေလိမ့်မည်ဖြစ်သည်။ သို့သော်လည်း၊ အကယ်၍ သင်သည် ကိုယ်ခန္ဓာတော်၌ မှန်ကန်စွာဆက်နွယ်မှုမရှိပါက၊ သင်မည်သည့်နေရာ၌ရှိပါစေ သင်၌ သခင်ဘုရား၏ မျက်မှောက်တော်ရှိလိမ့်မည်မဟုတ်ပါ။ ထို့ကြောင့်၊ သခင်ဘုရား၏ မျက်မှောက်တော်ရှိခြင်းမှာ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၌ ဆက်နွယ်မှုရှိနေခြင်း၌ မူတည်နေပါသည်။ အကယ်၍ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်ဆက်နွယ်နေခြင်း၌ မှားယွင်းနေပါက၊ ကျွန်ုပ်တို့၌ သခင်ဘုရား၏ မျက်မှောက်တော်မရှိကြောင်းကို အာရုံပြုခံစားရမည်ဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၌ မှန်ကန်နေပါက၊ မည်သည့်နေရာသို့သွားပါစေ ကျွန်ုပ်တို့၌ သခင်ဘုရား၏ မျက်မှောက်တော်ရှိကြောင်းကို အာရုံပြုခံစားရမည်ဖြစ်သည်။

သခင်ဘုရားအပေါ်တွင် မှီခိုမှုရှိခြင်းငှါ၊ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်အပေါ်တွင် မှီခိုမှုပြုရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်အပေါ်တွင် မှီခိုမှုရှိမည်ဆိုပါက၊ သခင်ဘုရားအပေါ်တွင်လည်း မှီခိုမှုရှိမည်ဖြစ်သည်။ သင်သည် သခင်ဘုရား၏ မျက်မှောက်တော်ကို နက်နဲစွာအာရုံပြုခံစားမှုမရှိသည်မှာ အဘယ့်ကြောင့်နည်းဟု စဉ်းစားမည်ဖြစ်သည်။ သင်၌ သခင်ဘုရား၏ မျက်မှောက်တော်မရှိခြင်းမှာ သင်သည် ကိုယ်ခန္ဓာတော်မှသီးခြားခွဲနေသောကြောင့်၊ သင်သည် ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များနှင့် စစ်မှန်စွာဆက်နွယ်မှုမရှိသောကြောင့်ဖြစ်သည်။ ကိုယ်ခန္ဓာတော်နှင့်အတူ တည်ဆောက်ခြင်းခံရရန်နှင့် ကိုယ်ခန္ဓာတော်နှင့်အတူ မှန်ကန်မှုရှိရန်ကြိုးစားပါ။ အကယ်၍ သင်သည် ကိုယ်ခန္ဓာတော်၌ မှန်ကန်နေမည်၊ ကိုယ်ခန္ဓာတော်၌ တည်ဆောက်ခြင်းရှိမည်ဆိုပါက၊ သင်သည် သခင်ဘုရား၏ မျက်မှောက်တော်ကို အမှန်ပင်အာရုံပြုခံစားရမည်ဖြစ်သည်။ (*The Heavenly Vision*, pp. 43-44)

*ပို၍ဖတ်ရန်- CWWL,1965*,vol.3,“TheHeavenlyVision,”ch.4

***အလင်းဖွင့်ပြခံရခြင်းနှင့် နှိုးဆော်ခံရခြင်း*** ——————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**ကော၊ ကိုယ်တော်သည် အသင်းတော်တည်းဟူသော ကိုယ်ခန္ဓာတော်၏ဦးခေါင်း**
**၁း၁၈ ဖြစ်တော်မူ၏။ ကိုယ်တော်ကိုယ်တိုင်သည် အရာရာ၌ ပထမနေရာရှိစေ**
**ခြင်းငှါ၊ မူလအစဖြစ်၍၊ သေသောသူတို့တွင် သားဦးဖြစ်တော်မူ၏။**
**မ၊ ထိုအခါ ပေတရုသည် ကိုယ်တော်ကိုမိမိနှင့်အတူခေါ်၍၊ သခင်၊ ကိုယ်**
**၁၆း၂၂ တော်၌ ဘုရားသခင်၏ ကရုဏာသက်ရောက်ပါစေ။ ကိုယ်တော်၌ ဤသို့**
**မဖြစ်ပါစေနှင့်ဟု အပြစ်တင်သောစကားကိုလျှောက်သော်၊**

အတ္တနှင့်စပ်လျဉ်းသော ရူပါရုံကိုမြင်ခြင်းသည် ကိုယ်ခန္ဓာတော်နှင့်များစွာသက်ဆိုင်နေသည်။ ယနေ့ ကျွန်ုပ်တို့သည် သခင်ဘုရားပြန်လည်ရယူခြင်း၌ရှိ၍ ပြန်လည်ရယူခြင်းသည် နောက်ဆုံးတွင် ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းဟူသော ဤအရေးကြီးသောအချက်သို့ရောက်ရှိလာကြမည်ဖြစ်သည်။ ကိုယ်ခန္ဓာတော်၏ရန်သူသည် အတ္တဖြစ်သည်။ ကိုယ်ခန္ဓာတော်၏ အကြီးမားဆုံးသောပြဿနာ၊ အကြီးမားဆုံးသောအတားအဆီးနှင့် အကြီးမားဆုံးသောဆန့်ကျင်ဘက်ဖြစ်ခြင်းသည် အတ္တဖြစ်သည်။ ကျွန်ုပ်တို့၌အတ္တရှိသောအခါ၊ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၌မရှိပါ။ ကျွန်ုပ်တို့ကိုယ်ခန္ဓာတော်၌ရှိသောအခါ၊ ကျွန်ုပ်တို့၌အတ္တမရှိပါ။ ကိုယ်ခန္ဓာတော်ကိုတည်ဆောက်ရန်အတွက် မှီခိုခြင်းကင်းလွတ်လပ်သောစိတ်အသက်ဖြစ်သော အတ္တသည် ဆက်ဆံဖြေရှင်းခြင်းခံရမည်ဖြစ်သည်။ အတ္တသည် မှီခိုခြင်းကင်းသော "ငါ"၊ မှီခိုခြင်းကင်းသော"ငါ့ကို" ဖြစ်သည်။ ကျွန်ုပ်တို့သည် မှီခိုခြင်းကင်းသောအခါ၊ ကျွန်ုပ်တို့သည်အတ္တ၌ရှိ၍ ကိုယ်ခန္ဓာတော်သည် မရှိတော့ပါ။ ထို့နောက်၊ ကျွန်ုပ်တို့၌ ငြိမ်သက်ခြင်းရှိတော့မည်မဟုတ်ပါ။ (*The Heavenly Vision*, p. 43)

## *ယနေ့ဖတ်စရာ*

ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်း၌ အဟန့်အတားဖြစ်စေသောအရာမှာ အတ္တဖြစ်သည်။ အချို့သော ညီအစ်ကို၊ ညီအစ်မများသည် ခရစ်တော်နှင့်အသင်းတော်၏ တစ်စုံတစ်ခုကိုမြင်ရသောကြောင့် အသင်းတော်၏ အခြေတည်ရာသို့ ရောက်ရှိလာကြခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေ၊ သူတို့သည် အခြားသူများအတွက် သူတို့ကိုယ်သူတို့တံခါးမဖွင့်ပေးကြပါ။ အပြင်ပိုင်းအရကြည့်သော်၊ သူတို့သည် ဦးဆောင်သူများကို အပြစ်တင်ဝေဖန်ခြင်းမရှိကြ၍ သူတို့သည် အလွန်ကောင်းမွန်သည်ဟု ထင်မြင်ရသော်လည်း၊ အတွင်းပိုင်း၌မူ သူတို့သည် အပြစ်တင်ဝေဖန်ကြသည်။ သူတို့၌ရှိသောပြဿနာသည်

အပြစ်မဟုတ်ဘဲ၊ အတ္တဖြစ်သည်။ ဤအရာမှာ တည်ဆောက်ဖို့ရန်အတွက် ကျွန်ုပ်တို့သည် တံခါးဖွင့်ပေးခြင်းရှိရမည်၊ အားနည်းချက်ဖော်ထုတ်ခြင်းခံရမည်၊ ကြိုးပွဲကြေမွခြင်း ခံရရန်လိုအပ်ကြောင်း ရည်ညွှန်းထားသည်။ ကျွန်ုပ်တို့သည် မိတ်သဟာယဖွဲ့ခြင်း၌ အခြားသူများထံသို့ မိမိကိုယ်ကိုပေးအပ်ရန် တတ်စွမ်းနိုင်ရမည်ဖြစ်၍ သူတို့နှင့် အတူတကွ တည်ဆောက်ရန် လိုအပ်သည့်အရာများအတွက် အဆင်သင့်ရှိကြောင်းသူတို့အား ပြောရမည်ဖြစ်သည်။

သခင်ဘုရားသည် ကိုယ်ခန္ဓာတော်၏ စစ်မှန်သောထင်ရှားခြင်းကို တည်ဆောက်ရန်ရည်ရွယ်ချက်ရှိသည်။ ကိုယ်တော်၏ အလိုဆန္ဒသည် ကျွန်ုပ်တို့ရိုးရှင်းစွာဖြင့် လာကြ၍ အတူတကွတွေ့ဆုံခြင်းအတွက်မျှမဟုတ်ဘဲ ကျွန်ုပ်တို့အတူတကွ တည်ဆောက်ကြရန်အလိုရှိခြင်းဖြစ်သည်။

အို၊ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်နှင့်စပ်လျဉ်းသောရူပါရုံကိုမြင်ရန် မည်မျှလိုအပ်လှပါတကား။ ကျွန်ုပ်တို့သည် “ကိုယ်တော်၊ ကိုယ်ခန္ဓာတော်နှင့်စပ်လျဉ်းသောရူပါရုံကိုမြင်ရန် ကျွန်ုပ်အားကူညီတော်မူပါ။ ကျွန်ုပ်သည် ခရစ်ယာန်တစ်ဦးနှင့် အသင်းတော်၏ အသင်းဝင်တစ်ဦးဖြစ်ရုံမျှနှင့်လုံလောက်မှုမရှိပါ။ ကျွန်ုပ်သည် ကိုယ်ခန္ဓာတော်၌ တည်ဆောက်ခြင်းခံရမည်ဖြစ်သည်။ လက်တွေ့ကျသောနည်းလမ်း၌၊ ကျွန်ုပ်သည် အသက်ရှင်သောကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်တစ်ဦးဖြစ်ရမည်ဖြစ်သည်။ ကျွန်ုပ်သည် အခြားသူများနှင့်မိတ်သဟာယဖွဲ့ခြင်းရှိရမည်ဖြစ်၍ ကိုယ်ခန္ဓာတော်၌အခြားသူများနှင့် ဆက်နွယ်ရမည်ဖြစ်သည်”ဟု ဆုတောင်းရန် ဝန်တာရှိရမည်ဖြစ်သည်။

ဘုရားသခင်၏ရည်ရွယ်ချက်မှာ အသင်းတော်ကိုရရှိရန်ဖြစ်၍၊ ထိုအသင်းတော်သည် ကိုယ်ခန္ဓာတော်ဖြစ်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၌ တည်ဆောက်ခြင်းခံရမည်ဖြစ်သည်။ သို့သော်လည်း၊ ဤတည်ဆောက်ခြင်းကို အဟန့်အတားဖြစ်စေသောအရာမှာအတ္တဖြစ်၍ ၎င်းမှာ သခင်ဘုရားအားဖြင့် ဆက်ဆံဖြေရှင်းရန် ကျွန်ုပ်တို့အထဲ၌ နောက်ဆုံးကျန်ရှိနေသောအရာလည်းဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၌ တည်ဆောက်ခြင်းခံမည်ဆိုပါက၊ အတ္တမှာစီရင်ခြင်းခံရမည်၊ မမှန်ကန်ကြောင်းကြေညာခြင်းခံရမည်၊ ငြင်းပယ်ခြင်းခံရမည်ဖြစ်ပြီး၊ စွန့်ပစ်ခြင်းခံရမည်ဖြစ်သည်။ အတ္တသည် တစ်နေ့ပြီးတစ်နေ့ အရာအားလုံး၌စွန့်လွှတ်ခြင်းခံရမည်ဖြစ်သည်။ အတ္တကိုစွန့်လွှတ်လိုက်မှသာ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်ကိုရရှိမည်ဖြစ်၍ ကိုယ်ခန္ဓာတော်၏ စစ်မှန်သောအင်္ဂါဝင်များဖြစ်ကြမည်ဖြစ်သည်။

ကိုယ်ခန္ဓာတော်အားဖြင့် ဘုရားသခင်၏ အကြံအစည်တော်ပြီးမြောက်ပြည့်စုံမည်

ဖြစ်၍ ကိုယ်ခန္ဓာတော်အားဖြင့် ခရစ်တော်ကိုထင်ရှားမည်ဖြစ်ပြီး၊ ကိုယ်ခန္ဓာတော်အား ဖြင့်ဘုရားသခင်၏ရန်သူသည် ရှုံးနိမ့်ခြင်းခံရမည်ဖြစ်သည်။ မည်သည့်အရာမျှကိုယ်ခန္ဓာ တော်လောက် အဖိုးတန်ခြင်းမရှိပေ။ မည်သည့်အရာမျှ ကိုယ်ခန္ဓာတော်တည်ဆောက် ခြင်းနှင့် နှိုင်းယှဉ်၍မရပေ။ ကျွန်ုပ်တို့အယောက်စီတိုင်းသည် ကိုယ်ခန္ဓာတော်နှင့်စပ်လျဉ်း သောရူပါရုံကိုမြင်၍ ထိုရူပါရုံအားဖြင့် ဖမ်းဆီးသိမ်းပိုက်ခြင်းခံရပါစေသော။

အရာများစွာကိုလုပ်ဆောင်ခြင်း၌ ကျွန်ုပ်တို့၏လှုပ်ရှားမှု၊ ရည်ရွယ်ချက်၊ ရည်မှန်း ချက်နှင့် ပန်းတိုင်တို့မှာ မှန်ကန်မှုရှိမည်ဖြစ်သော်လည်း ကျွန်ုပ်တို့သည် မှီခိုမှုကင်းမဲ့စွာလုပ် ဆောင်မည်ဆိုပါက၊ ကျွန်ုပ်တို့သည် အတ္တ၌ရှိနေခြင်းဖြစ်သည်။ ဇဝ်ဂေလိဟောပြောခြင်း ၌ပင်လျှင် ကျွန်ုပ်တို့၏ အခြေအနေမှာ ထိုကဲ့သို့ဖြစ်ကောင်းဖြစ်ပေမည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် သခင်ဘုရားအတွက် အလုပ်များစွာကို လုပ်ဆောင်နေမည်ဖြစ်သော် လည်း၊ ၎င်းတို့ကို အတ္တ၌၊ အတ္တအားဖြင့် လုပ်ဆောင်နေခြင်းဖြစ်ကောင်းဖြစ်ပေမည်။

မ၁၆း ၂၁– ၂၉ ၌ ပေတရုသည် သခင်ဘုရားအတွက် တစ်စုံတစ်ခုဆိုးဝါးသောအ ရာကို လုပ်ဆောင်ခဲ့ခြင်းမရှိပေ။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ သူသည် ကိုယ်တော့်ကိုချစ် သောမေတ္တာဖြင့်လုပ်ဆောင်ခဲ့၍၊ ကိုယ်တော့်အဖို့အလို့ငှါကောင်းသောအရာ တစ်စုံတစ်ခု ကိုလုပ်ဆောင်ရန် ရည်ရွယ်ခဲ့သည်။ မည်သို့ပင်ဆိုစေ၊ ပေတရုသည် သခင်ဘုရားကို မှီခို ခြင်းမရှိခဲ့သောကြောင့် သခင်ဘုရားသည် ပေတရုထံလှည့်၍၊ "အချင်းစာတန်၊ ငါ့နောက် သို့ဆုတ်လော့"ဟု ပြောဆိုခဲ့သည်။ ဤသည်မှာ ကျွန်ုပ်တို့မည်သည့်အရာလုပ်ဆောင်နေပါ စေ၊ ထိုအရာသည် မည်မျှကောင်းမွန်သောအရာဖြစ်နေစေကာမူ၊ ကျွန်ုပ်တို့ကိုသခင်ဘု ရားအပေါ်၌ မှီခိုမှုကင်းမဲ့သောအခါတိုင်း ကျွန်ုပ်တို့သည် အတ္တ၌ရှိနေကြခြင်းပင်ဖြစ် သည်။ ကိုယ်တော်သည် သူ့အပေါ် သို့ကျွန်ုပ်တို့၏မှီခိုမှုကိုသာ ဂရုစိုက်သောသူဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့သည် သခင်ဘုရားအပေါ်၌ မှီခိုမှုရှိသောအခါ၊ ကျွန်ုပ်တို့သည် ချက် ခြင်းပင် ကိုယ်ခန္ဓာတော်အပေါ်၌ မှီခိုမှုရှိကြခြင်းပင်ဖြစ်သည်။ (*The Heavenly Vision*, pp. 37-38, 45)

*ပို၍ဖတ်ရန်-* *The Exercise of the Kingdom for the Building of the Church*, chs. 2-4; *Life-study of Luke*, msg. 21

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**လု၊ ထိုမှတစ်ပါး လူအပေါင်းတို့အား မိန့်တော်မူသည်ကား၊ ငါ့နောက်သို့လိုက်**
**၉း၂၃ လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်**
**ကို နေ့တိုင်းထမ်း၍ ငါ့နောက်သို့ လိုက်ရမည်။**
**ရော၊ ထိုမှတစ်ပါး ငါတို့၏လူဟောင်းသည် ထိုသခင်နှင့်အတူ လက်ဝါးကပ်တိုင်**
**၆း၆ မှာ အသေသတ်ခြင်းကိုခံပြီဟု ငါတို့သိကြ၏။ အကြောင်းမူကား၊ ငါတို့**
**သည် နောက်မှ အပြစ်၏အစေကိုမခံစေခြင်းငှါ၊ အပြစ်၏ကိုယ်ကို ပယ်**
**ဖျက်မည်အကြောင်းတည်း။**

မိမိကိုယ်ကို ဂရုစိုက်လွန်းသောသူသည် မိမိကိုယ်ကသာကြည့်ရှု၊ စဉ်းစား၍ မိမိအတွက်သာ အမြဲစဉ်းစားတွေးခေါ်သည်။ ၎င်းမှာ သူ၏ အသက်ရှင်ခြင်း၊ စားခြင်းနှင့် သောက်ခြင်းများအပေါ်တွင် ဂရုစိုက်ခြင်းမဟုတ်ဘဲ၊ ထိုအစား ၎င်းမှာ သူသည် မာနကြီးသလား၊ နှိမ့်ချသလား၊ သခင်ဘုရားနှင့်အမှန်တကယ်ရှိသလား၊ မှန်ကန်သလား သို့မဟုတ် တစ်စုံတစ်ဦးကိုပေးကမ်းခြင်းရှိသလား ဆိုသည့်အရာများအပေါ်တွင် စဉ်းစားတွေးခေါ်ခြင်းဖြစ်သည်။ ထိုသို့သောသူ၌ သူ၏ ကိုးဆယ့်ကိုးရာခိုင်နှုန်းသည် သူ၏ အတ္တဖြစ်၍၊ တစ်ရာခိုင်နှုန်းသည်သာ သခင်ဘုရားဖြစ်သည်။ သူသည် မိမိကိုယ်ကိုဂရုစိုက်ရန်အတွက် အတ္တအားဖြင့် များစွာနေရာယူထားခြင်းခံရသည်။ ထိုကဲ့သို့သောသူမျိုးတွင်၊ များစွာသောကျဆင်းမှုများသည် သူ့အတွက်အကူအညီများဖြစ်လာသည်။ ကျဆင်းမှုများသည် မိမိကိုယ်ကို ဂရုစိုက်ခြင်း၌ လူအား ချွတ်ခြုံကျစေသည်။

များစွာသောယုံကြည်သူများသည် မိမိတို့၏အကျင့်စာရိတ္တနှင့်ပတ်သက်၍ ဂရုစိုက်ရန်လိုအပ်သော်လည်း၊ မိမိကိုယ်ကိုပြန်လည်ဆန်းစစ်နေသောသူအဖို့ သူ၏ အကျင့်စာရိတ္တနှင့်ပတ်သက်၍ မေ့ထားသင့်သည်။ သူသည် သူ၏ အကျင့်စာရိတ္တကိုပို၍တည်ဆောက်လေလေ၊ သူသည် အတ္တအထဲ၌ပို၍ရှိလေလေဖြစ်သည်။ ထိုသို့ အကျင့်စာရိတ္တတည်ဆောက်မှုမျိုးသည် သူ့ကိုယ်သူဆန်းစစ်ဖို့ရန်သာ ဖြစ်စေလိမ့်မည်။ အကယ်၍ သူသည် စစ်မှန်၍မှန်ကန်နေမည်ဆိုလျှင် ထိုအရာများကိုမြင်ရန်သာ စစ်ဆေးနေလိမ့်မည်ဖြစ်သည်။ ထိုအရာသည် ဝိညာဉ်ရေးရာကြီးထွားဖွံ့ဖြိုးမှုအတွက် အကြီးမားဆုံးသောအတားအဆီးပင်ဖြစ်နေသည်။ ထိုအစား၊ ဝိညာဉ်ရေးရာကြီးထွားဖွံ့ဖြိုးမှုသည် အတ္တကိုငြင်းပယ်ခြင်းအပေါ်တွင် မူတည်နေ၍၊ အတ္တကိုငြင်းပယ်ခြင်းသည် အတ္တနှင့်စပ်လျဉ်း၍ မေ့ပစ်လိုက်ရုံသာဖြစ်သည်။ (*Basic Principles of the Experience of Life, pp. 107-108*)

# ယနေ့ဖတ်စရာ

ကျဆင်းသွားသောလူနှင့်စပ်လျဉ်း၍ ပြဿနာနှစ်ခုရှိသည်၊ ကိုယ်ခန္ဓာထဲ၌ရှိသော အပြစ်နှင့် စိတ်အသက်ထဲ၌ရှိသောအတ္တဖြစ်သည်။ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းခံရပြီး နောက်၊ ဤအရာနှစ်ခုနှင့်ဆက်ဆံဖြေရှင်းရန်လိုအပ်သည်။ ဤနေရာ၌ ကျွန်ုပ်တို့သည် အတ္တကို မည်ကဲ့သို့ဆက်ဆံဖြေရှင်းကြောင်း မြင်တွေ့ကြမည်ဖြစ်သည်။ ပထမဦးစွာ ကျွန်ုပ်တို့၏ လူဟောင်းသည်ကားတိုင်ပေါ်တွင် အသေသတ်ခြင်းခံရပြီဖြစ်ကြောင်းဖွင့်ပြခြင်းကို မြင်ရန်လိုအပ်သည်။ စိတ်အသက်သည် လူဟောင်းအသက်ဖြစ်၍၊ အတ္တသည် ထိုစိတ်အသက်ထဲတွင်ရှိသည်။ စိတ်အသက်ဖြစ်သော ကျွန်ုပ်တို့၏လူဟောင်းသည် ကားတိုင်ပေါ်တွင် အသေသတ်ခြင်းခံရသော ကျွန်ုပ်တို့၏အတ္တဖြစ်သည်။ ကျွန်ုပ်တို့သည် ဤအချက်၏ဖွင့်ပြခြင်းကိုရရှိရန် မြင်ဖို့လိုသည်။ ဒုတိယအနေဖြင့်၊ ကျွန်ုပ်တို့၏လူဟောင်းသည် ကားတိုင်ပေါ်တွင် အသေသတ်ခြင်းကိုခံပြီးဖြစ်ကြောင်း မြင်ပြီးနောက်တွင်၊ ထိုအချက်ကို ကျွန်ုပ်တို့သည် အသိအမှတ်ပြုလက်ခံဖို့ရန်လိုသည်။ ကျွန်ုပ်တို့သည် "ကိုယ်တော်၊ ကျွန်ုပ်သည် အသေသတ်ခြင်းခံရပြီးဖြစ်သောကြောင့် ကိုယ်တော့်ကိုချီမွမ်းပါသည်"ဟု ပြောကြသည်။ ကျွန်ုပ်တို့သည် ရန်သူမာရ်နတ်ကိုလည်း "စာတန်၊ ကျွန်ုပ်သည် ကားတိုင်ပေါ်တွင် အသေသတ်ခြင်းခံရပြီးဖြစ်သည်"ဟုပြောဆိုကြမည်ဖြစ်သည်။

တတိယအနေဖြင့်၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်တိုင်အသိအမှတ်ပြု၍ ကိုယ်တော်ပြီးမြောက်ပြည့်စုံခဲ့သော ခရစ်တော်၏ အသေခံခြင်းကို ယူဆောင်လျှောက်လှမ်းရမည်ဖြစ်သည်။ ဤအရာသည် ကားတိုင်ထမ်းခြင်း၏မှန်ကန်သော အဓိပ္ပါယ်ပင်ဖြစ်သည်။ ကျွန်ုပ်သည် ထိုအရာကိုအသိအမှတ်ပြုလိုက်သောအခါ၊ ကားတိုင်၌အသေသတ်ခြင်းကိုခံရ၍၊ ထိုအချက်ကိုလက်ခံရရှိကြသည်။ ယခုတွင်၊ ကျွန်ုပ်တို့သည် ကားတိုင်ကိုယူဆောင်ကြသောကြောင့် ကားတိုင်ကိုလက်ခံရရှိ၍ ကျွန်ုပ်တို့အပေါ်၌ယူတင်ဝတ်ဆင်ကြခြင်းဖြစ်သည်။ ဤနည်းလမ်းအားဖြင့် ကျွန်ုပ်တို့သည် နေ့စဉ်ကားတိုင်ထမ်း၍ အတ္တကိုသေခြင်းအပေါ်တွင်ထားရှိနိုင်ကြမည်ဖြစ်သည်။

ဤယူဆောင်လျှောက်လှမ်းခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်သယ်ဆောင်ခြင်းပင်ဖြစ်သည်။ ၎င်းသည် ဝိညာဉ်၌ ကားတိုင်ထမ်းခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဝိညာဉ်၌အသက်ရှင်လျှောက်လှမ်းသောအခါ၊ ဝိညာဉ်တော်သည် ခရစ်တော်၏ အသေခံခြင်းကို ကျွန်ုပ်တို့အားယူဆောင်လျှောက်လှမ်းစေသည်။ တစ်ဆင့်ပြီးတစ်ဆင့်၊ တစ်နေ့ပြီးတစ်နေ့၊ တစ်ချိန်ပြီးတစ်ချိန်နှင့် ဖြစ်ရပ်တစ်ခုပြီးတစ်ခု၌ ကျွန်ုပ်တို့သည် ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့၏ အတ္တ၊ ထင်မြင်ယူဆချက်များ၊ အလိုဆန္ဒ၊ စဉ်းစားခြင်းများ

နှင့် အတွေးအခေါ် များကို စစ်ဆေးဖို့လိုသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အား အချိန်တိုင်းစစ်ဆေးနေ၍ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်စစ်ဆေးခြင်းခံရသောအခါ၊ ကျွန်ုပ်တို့သည် အတ္တကို ခရစ်တော်၏ သေခြင်းအပေါ် ၌ထားရှိရန်အလိုဆန္ဒရှိလာကြမည်ဖြစ်သည်၊ ဆိုလိုသည်မှာ အတ္တကိုကားတိုင်အပေါ် တွင်ထားရှိရန်နှင့် အတ္တသေရန်အတွက် ခရစ်တော်၏ သေခြင်းကို ယူတင်ဝတ်ဆောင်ရန်ဖြစ်သည်။ ဤကားတိုင်ကို ယူတင်ဝတ်ဆောင်ခြင်းသည် အစဉ်အမြဲဝိညာဉ်၌ဖြစ်၍ ဝိညာဉ်တော်အားဖြင့်သာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် သခင်ဘုရားကိုဆက်သွယ်ရမည်ဖြစ်၍ သခင်ဘုရားနှင့်အတူတကွမိတ်သဟာယဖွဲ့ခြင်းရှိရမည်ဖြစ်သောကြောင့်ဖြစ်သည်။ (*Basic Principles of the Experience of Life,* pp. 118-119)

အတ္တသည် ဖျက်ဆီးခြင်းခံရမည်ဖြစ်သည်။ အတ္တနှင့်ဆက်ဆံဖြေရှင်းရန်အတွက်၊ ကျွန်ုပ်တို့သည် ကားတိုင်ထမ်းရန်လိုအပ်သည်။ ဆိုလိုသည်မှာ၊ ကျွန်ုပ်တို့၏ အတ္တကိုအဆုံးသတ်နိုင်ရန် ခရစ်တော်အသေခံခြင်း၏ သေစေခြင်း၌ တည်ရှိနေဖို့ရန်လိုအပ်သည်။ အတ္တသည် အလွန်ပင်ရှင်သန်နေသည်၊ လှုပ်ရှားနေသည်၊ စိတ်အားထက်သန်နေသည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့သည် တစ်နေ့ပြီးတစ်နေ့နှင့် နေ့ရက်စဉ်တိုင်း ကားတိုင်ကိုယူတင်ဝတ်ဆင်ရန်လိုအပ်သည်။

အကယ်၍ ကျွန်ုပ်တို့၏ အတ္တသည် ဖျက်ဆီးခြင်းကိုခံရသောအခါ၊ အမှုတော်သည် အံ့သြဖွယ်ရာဖြစ်လိမ့်မည်၊ ဦးဆောင်ခြင်းများအားလုံးသည် အံ့သြဖွယ်ရာဖြစ်လိမ့်မည်၊ အစေခံခြင်းများအားလုံးသည် အံ့သြဖွယ်ရာဖြစ်လိမ့်မည်ဖြစ်၍ ကျွန်ုပ်တို့အကြား၌ပြဿနာများ၊ ကျဆင်းမှုများနှင့် ကွဲပြားခြင်းများရှိတော့မည်မဟုတ်ပေ။ အတ္တသည် အသင်းတော်၌ကျွန်ုပ်တို့အစေခံခြင်း၏ အကြီးမားဆုံးသော၊ အဖုံးကွယ်ဆုံးသော၊ အဖျက်ဆီးဆုံးသောအရာပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် အတ္တကိုငြင်းပယ်ရန်ကျွန်ုပ်တို့၏ လိုအပ်ခြင်းကိုနက်နဲစွာသရုပ်ဖော်ပြရန် အသက်၏ အမှုဆောင်ခြင်းနှင့်အတူ သန့်ရှင်းသူများအား ဤသင်ခန်းစာကိုဝေငှပေးရန်လိုအပ်သည်။ (*Basic Lessons on Service, p. 149)*

*ပို၍ဖတ်ရန်- Basic Lessons on Service,* lsn. 19;*The Christian Life,* chs. 12-16

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**ဂလ၊ ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာအသေခံပြီ။ ငါသည်**
**၂း၂၀ ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ရှင်တော်မူ၏။ အသွေးအသား၌**
**ယခု ငါရှင်သောအသက်သည် ငါ့ကိုချစ်၍၊ ငါ့အဖို့ ကိုယ်ကိုယ်ကိုစွန့်တော်မူ**
**သောဘုရားသခင်၏သားတော်ကို ယုံကြည်သော ယုံကြည်ခြင်း၌တည်၏။**
**ဧ၊ ကိုယ်တော်၏ဝိညာဉ်တော်အားဖြင့် အတွင်းလူအထဲသို့ တန်ခိုးတော်**
**၃း၁၆–၁၇ နှင့်ခွန်အားမြဲမြံခိုင်ခံ့စေခြင်းငှါ၊ ဘုန်းတော်၏ကြွယ်ဝခြင်းများနှင့်ညီ**
**လျော်စွာ သင်တို့အားပေးတော်မူမည့်အကြောင်း၊ ယုံကြည်ခြင်းအား**
**ဖြင့် သင်တို့၏စိတ်နှလုံးများ၌ ခရစ်တော်သည် သူ၏အိမ်တော်ဆောက်**
**လုပ်မည့်အကြောင်း၊**

ကျွန်ုပ်တို့၏ဝိညာဉ်သည် အတွင်းလူဖြစ်၍၊ ခရစ်တော်သည် ထိုအတွင်းလူ၏ပုဂ္ဂိုလ်ဖြစ်သည်။ အတိတ်ကာလ၌၊ ကျွန်ုပ်တို့သည် ခရစ်တော်၏တန်ခိုးတော်ကိုတွေ့ကြုံခံစားရ၍ ထိုအရာအားဖြင့်၊ ကျွန်ုပ်တို့၏ဝိညာဉ်သည် အင်္ဂါအစိတ်အပိုင်းတစ်ခုအဖြစ်လုံလောက်မှုရှိသည်။ သို့သော်၊ ယခု ကျွန်ုပ်တို့သည် ခရစ်တော်၏ပုဂ္ဂိုလ်တော်ကို တွေ့ကြုံခံစားဖို့လိုပြီး ထိုအရာအတွက် ကျွန်ုပ်တို့၏ဝိညာဉ်သည် အတွင်းလူဖြစ်ကြောင်းကို သိရှိဖို့ရန်လိုအပ်သည်။

ခရစ်တော်ကို ကျွန်ုပ်တို့၏ပုဂ္ဂိုလ်အဖြစ်ယူဆောင်ရန်မှာ အတ္တကိုငြင်းပယ်ရန်ဖြစ်သည်(မ၊၁၆း၂၄)။ အတ္တသည် ကျွန်ုပ်တို့၏ကျဆင်းသောပုဂ္ဂိုလ်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ပုဂ္ဂိုလ်ကိုငြင်းပယ်ပြီး ခရစ်တော်ကိုကျွန်ုပ်တို့၏ပုဂ္ဂိုလ်အဖြစ်ယူဆောင်ရမည်ဖြစ်သည်။ များစွာသောသူတို့က သခင်ယေရှုသည် ကျွန်ုပ်တို့၏ဆုတောင်းချက်များကိုနားထောင်ပေးသည်ဟု သက်သေခံနိုင်ကြသည်။ အကယ်၍ သခင်ဘုရားသည် ဆုတောင်းချက်များကိုနားမထောင်ပါက၊ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းပင်ခံရမည်မဟုတ်ပေ။ မည်သို့ပင်ဆိုစေ၊ ကျွန်ုပ်တို့ကယ်တင်ခံရပြီး အချိန်အနည်းငယ်ကြာပြီးနောက် သခင်ဘုရားသည် ကျွန်ုပ်တို့၏ဆုတောင်းသံကိုနားမထောင်ပါဟု ထင်ရသည်။ အကြောင်းမှာ ကိုယ်တော်သည် ကျွန်ုပ်တို့အား ကိုယ်တော့်စကားကိုနားထောင်စေလိုသောကြောင့်ဖြစ်သည်။ သခင်ဘုရားသည် ကျွန်ုပ်တို့အား မိမိတို့၏ဖြစ်ခြင်းတို့ကိုဘေးဖယ်ထားပြီး၊ ကိုယ်တော်အား ကျွန်ုပ်တို့၏ပုဂ္ဂိုလ်ဖြစ်စေရန် အလိုရှိသည်။ အချို့သောအချက်များ၌ ကျွန်ုပ်တို့သည် အရာဝတ္ထုများအတွက် မတောင်းဆိုသော်လည်း၊ ကိုယ်တော့်ကို ကျွန်ုပ်တို့၏ပုဂ္ဂိုလ်အဖြစ်

ကိုယ်တော်၏ ခံစားချက်နှင့် ကိုယ်တော်၏ ဦးဆောင်မှုကိုကြားနိုင်ရန် ဆုတောင်းခြင်းအားဖြင့် ကျွန်ုပ်တို့၏ အခြေအနေများကို ပြောထွက်ကြသည်။ (*Taking Christ as Our Person for the Church Life*, pp. 72-74)

## ***ယနေ့ဖတ်စရာ***

ယုံကြည်သူအယောက်တိုင်း၌ လူပုဂ္ဂိုလ်နှစ်မျိုးရှိသည်။ ယုံကြည်သူတစ်ဦးသည် ကယ်တင်ခြင်းမခံရခင်က၊ သူ၏ပုဂ္ဂိုလ်သည် သူ၏စိတ်အသက်၌ရှိသည်။ သို့သော်၊ ကယ်တင်ခံရပြီးနောက် သူ၏ဝိညာဉ်အတွင်း၌ အခြားသောပုဂ္ဂိုလ်တစ်ဦးရှိနေသည်။ ထို့ကြောင့်၊ ယုံကြည်သူအယောက်စီတိုင်း၌ လူပုဂ္ဂိုလ်နှစ်ဦးရှိသည်။ သမ္မာကျမ်းစာအရ၊ ကျွန်ုပ်တို့အတွင်း၌ရှိသောလူပုဂ္ဂိုလ်တစ်ဦးသည် အသေသတ်ခြင်းကိုခံရ၍ ငြင်းပယ်ခြင်းကိုခံရမည်။ ရော၊၆း၆ ၌ ကျွန်ုပ်တို့စိတ်အသက်ထဲ၌ရှိသောသူဖြစ်သော လူဟောင်းသည် ခရစ်တော်နှင့်အတူ အသေခံပြီဟုပြောဆိုထားသည်။ ကျွန်ုပ်တို့စိတ်အသက်ထဲ၌ရှိသောသူသည် အသေသတ်ခြင်းနှင့်ငြင်းပယ်ခြင်းကိုခံရသော်လည်း၊ ကျွန်ုပ်တို့စိတ်အသက်ထဲ၌ရှိသော လှုပ်ရှားလုပ်ဆောင်မှုများသည် ဆက်လက်၍ရှိနေဆဲဖြစ်သည်။ ဆိုလိုသည်မှာ စိတ်ထဲ၌ရှိသောအသက်သည် အသေသတ်ခြင်းခံရန်လိုအပ်ပြီး၊ ကျွန်ုပ်တို့စိတ်အသက်ရှိ စွမ်းရည်များဖြစ်သော အသိဉာဏ်၊ ခံစားမှု၊ အလိုဆန္ဒများသည် အသစ်ပြုပြင်ခြင်းခံဖို့ရန်လိုသည်။ ခရစ်တော်နှင့်အတူအသေခံခြင်းဆိုသည်မှာ ကျွန်ုပ်တို့၏ အသိဉာဏ်ကို အသုံးပြုခြင်း သို့မဟုတ် ကျွန်ုပ်တို့၏ ခံစားချက်များကိုထင်ရှားခြင်းမဟုတ်ပါ။ ထိုအစား၊ ၎င်းသည် ကျွန်ုပ်တို့စိတ်အသက်ထဲရှိ ယိုယွင်းပျက်စီးနေသောအသက်၊ ကျွန်ုပ်တို့၏ လူဟောင်းသည် အသစ်ပြုပြင်ခံရသောစိတ်အသက်ဖြစ်စေရန် အသေခံခြင်းရှိရမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် ဤအကြောင်းအရာနှင့်ပတ်သက်၍ ရှင်းလင်းမှုရှိရမည်ဖြစ်သည်။ အစပိုင်း၌၊ ကျွန်ုပ်တို့၏ စိတ်အသက်သည် ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်ဖြစ်သည်၊ သို့သော် ယနေ့ ကျွန်ုပ်တို့၏ ဝိညာဉ်သည် ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်ဖြစ်သည်။ အစပိုင်း၌၊ ဝိညာဉ်သည် အသုံးပြုရသောအင်္ဂါဖြစ်၍ ယခု စိတ်သည်အသုံးပြုရသောအင်္ဂါဖြစ်သည်။ ကျွန်ုပ်တို့၏ စိတ်အသက်သည် မိမိ၏ ထင်မြင်ယူဆချက်များကို ကြွေးကြော်ရန်နှင့် ဦးဆောင်မှုပြုရန် အခွင့်မပေးသင့်ပေ။ ဤသည်မှာ ကျွန်ုပ်တို့၏ စိတ်အသက်သည် ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်အဖြစ် ထင်ရှားခြင်းမှ ငြင်းပယ်ရမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ၊ ကျွန်ုပ်တို့သည် တစ်စုံတစ်ခုကို သတိရရန်လိုအပ်သောအခါ၊ ထိုမှတ်ဉာဏ်နှင့်စပ်လျဉ်း၍ အင်္ဂါတစ်ခုအဖြစ် ကျွန်ုပ်တို့၏ အသိဉာဏ်သည် စွမ်းရည်ကိုအကျိုးရှိရှိအသုံးချနိုင်သည်။ ထို့ကြောင့်၊ ကျွန်ုပ်

တို့၏ စိတ်အသက်သည် ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်မဖြစ်ရဘဲ၊ ကျွန်ုပ်တို့၏ အသုံးပြုသော အင်္ဂါ အဖြစ်သာရှိရမည်ဖြစ်သည်။ ယနေ့၊ ကျွန်ုပ်တို့၏ ဝိညာဉ်သည် ကျွန်ုပ်တို့၏ ပုဂ္ဂိုလ် ဖြစ်သည်။

အကယ်၍ ကျွန်ုပ်တို့သည် ခရစ်တော်ကိုကျွန်ုပ်တို့၏ ပုဂ္ဂိုလ်အဖြစ်ယူဆောင်မည်ဆို ပါက၊ ကျွန်ုပ်တို့၏ ဝိညာဉ်သည် ဘုရားသခင်ကို ထိတွေ့ရန် ကျွန်ုပ်တို့အတွက် အင်္ဂါမျှသာမ ဟုတ်ဘဲ၊ ကျွန်ုပ်တို့၏ ဝိညာဉ်သည် ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်ဖြစ်လာကြောင်းကို မြင်ရမည်ဖြစ် သည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ စိတ်အသက်၊ ကျွန်ုပ်တို့၏ လူဟောင်းကို ငြင်းပယ်၍ ဝိညာဉ်နှင့် ကျွန်ုပ်တို့၏ လူသစ်အားဖြင့် အသက်ရှင်ရမည်ဖြစ်သည်။ သခင် ယေရှုသည် ထိုလူသစ်ဖြစ်သည်။ ဖေက်၊၁ ၌ ကျွန်ုပ်တို့၏ ဝိညာဉ်သည် အင်္ဂါအစိတ်အပိုင်း တစ်ခုသာဖြစ်၍၊ ဖေက်၊၃ ၌ ကျွန်ုပ်တို့၏ ဝိညာဉ်သည် အတွင်းလူဖြစ်သည်။ အခန်းကြီး၊၁ ၌ ကျွန်ုပ်တို့၏ ဝိညာဉ်သည် ခရစ်တော်၏ တန်ခိုးတော်ကိုတွေ့ကြုံခံစားရန် ကျွန်ုပ်တို့အ တွက် အင်္ဂါဖြစ်၍၊ အခန်းကြီး၊၃ ၌ ကျွန်ုပ်တို့၏ ဝိညာဉ်သည် ခရစ်တော်ကို ကျွန်ုပ်တို့၏ အသက်အဖြစ်ယူဆောင်ရန် ကျွန်ုပ်တို့အတွက်အတွင်းလူဖြစ်သည်။

လုံးလုံးဆက်ကပ်အပ်နှံခြင်းဆိုသည်မှာ သခင်ဘုရားရှေ့တော်၌ မိမိကိုယ်ကိုပေး အပ်ခြင်းနှင့် ခရစ်တော်ကိုအသက်အဖြစ်ယူဆောင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ် တော်ကို ကျွန်ုပ်တို့၏ အသက်အဖြစ် တစ်ကြိမ်ယူဆောင်ပြီးသောအခါ၊ ကျွန်ုပ်တို့သည် ဆင်းရဲခြင်း သို့မဟုတ် ချမ်းသာခြင်း၊ ပေါများကြွယ်ဝခြင်း သို့မဟုတ် လိုအပ်မှုရှိခြင်း၊ ဝစွာစားခြင်း သို့မဟုတ် ဆာလောင်မှုရှိခြင်းဖြစ်သော်လည်း ကျွန်ုပ်တို့၌ ပြဿနာရှိတော့ မည်မဟုတ်ပါ။ အရာခပ်သိမ်း၌ ကျွန်ုပ်တို့သည် ခရစ်တော်ကိုအသက်အဖြစ်ရယူခြင်း၏ လျှို့ဝှက်ချက်ကို သင်ယူနိုင်မည်ဖြစ်သည်။ (*Taking Christ as Our Person for the Church Life,* pp. 28-31, 91-92)

*ပို၍ဖတ်ရန်-* *CWWL, 1970,* vol. 3, “Taking Christ as Our Person for the Church Life,” chs. 1, 3-4, 7-10

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

## *Hymns,* # M-231, E-840, K-606

၁။ ဇာတိ၊ အတ္တမှ လွတ်မြောက်ကာ
သန့်ရှင်းသူများနှင့်အတူ
ဗိမာန်တော်အဖြစ် တည်ဆောက်ခံ
ဘုန်းတော်ကို မြင်ရအမှန်
ထူးခြားခြင်း၊ သီးသန့်ဖြစ်ခြင်းမှ
ကျွန်ုပ်လွတ်မြောက်ခြင်းခံရ
ကိုယ်တော်၏ကျိန်းဝပ်နေရာတွက်
ကျွန်ုပ်၏သက်တာပေးအပ်။

၂။ ဘုရားအသက်စီးဆင်းခြင်း၌
ကြီးထွားကာ၊ သဏ္ဌာန်ပြောင်းလဲ
သန့်ရှင်းသူများနှင့်စုပေါင်းကာ
သဏ္ဌာန်တော်၌ တည်ဆောက်ခံ
ခန္ဓာတော်၌ အစဉ်တကျ
အလိုတော်တိုင်း လှုပ်ရှားလုပ်ဆောင်
ခြားသူကို အစေခံ၊ ကူညီ
ကြံစည်တော်ပြီးမြောက်ပြည့်စုံ။

၃။ တတ်သိခြင်း၊ အတွေ့အကြုံဖြင့်
ကိုယ်ကို ချီးမြှောက်ခြင်းမပြု
ခန္ဓာတော်၏ညှိညွှတ်ပေးခြင်း
ကျွန်ုပ်အစဉ်ဝန်ခံမည်
ဦးခေါင်းတော်ကို ကိုင်စွဲကြီးထွား
လမ်းတော်၌ အစဉ်တိုးပွား
အဆစ်အပိုင်းများမစရာ
နေ့စဉ်စေ့စပ်ထုံးဖွဲ့ခံ။

၄။ ဝိညာဉ်တော်ခွန်အားပေးခြင်းဖြင့်
အတွင်းလူ တန်ခိုးရှိလာ
အလျား၊ အနံ၊ အမြင့်ရှိသော
ကြီးမားမေတ္တာတော်သိရ
ကြွယ်ဝခြင်းများအစဉ်ယူဆောင်
ကိုယ်တော်၏ပြည့်စုံခြင်းတိုင်
လူသားထဲ အစဉ်ကြီးထွားရာ
ခန္ဓာတော်တည်ဆောက်ခြင်းမြင်။

၅။ အိမ်တော်နှင့်ကိုယ်ခန္ဓာတော်၌
တည်ဆောက်ခံရန် မျှော်လင့်လှ
ဤစုပေါင်းတန်ဆာပလာ၌
ကိုယ်တော်၏ဘုန်းတော်မြင်ရ
သတို့သမီး၊ ဘုန်းကြီးမြို့တော်
မြေကြီးပေါ် ထင်ရှားလာရာ
မီးခုံတိုင်၏တောက်ပအလင်း
မြေကြီးတစ်ပြင်လုံးထွန်းလင်း။

***ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ***----------
------------------------------------------------
------------------------------------------------
------------------------------------------------
------------------------------------------------
------------------------------------------------
------------------------------------------------
------------------------------------------------
------------------------------------------------
------------------------------------------------
------------------------------------------------
------------------------------------------------

## လောကနှင့် စပ်လျဉ်းသော ရှုပါရုံ

ဖတ်ရန်ကျမ်း။ ။ ၁ယော၊ ၂း၁၅–၁၇။ ယာ၊ ၄း၄။ ဧ၊ ၂း၁–၃၊ ၁၂ခ။ ဂဠ၊ ၁း၄။ရော၊
၁၂း၁–၂။

*Day 1*

**I. ၁ယော၊၂း၁၅–၁၇နှင့် ယာ၊၄း၄ ၌ရှိသော လောကဟူသောဝေါဟာရသည် ဂရိဘာသာစကားဖြင့် အစဉ်တကျရှိခြင်း၊ ပုံစံဖွဲ့ထားခြင်း၊ စနစ်တကျစီစဉ်ထားခြင်းကို ရည်ညွှန်းသောကြောင့် ၎င်းသည် ကမ္ဘာမြေကြီးမဟုတ်ဘဲ(ဘုရားသခင်၏ရန်သူတည်းဟူသော စာတန်အားဖြင့် ဖွဲ့စည်းထားသည့်) အစီစဉ်တကျရှိသောစနစ်ဖြစ်သည်။ လောကသည် စာတန်အားဖြင့် နည်းစနစ် တကျစီစဉ်ထားသော ဆိုးညစ်သောစနစ်ဖြစ်သည်။**

က။ ဘုရားသခင်သည် သူ၏ အကြံအစည်တော် ပြီးမြောက်ပြည့်စုံရန် အလို့ငှါ မြေကြီးပေါ်တွင်နေထိုင်ဖို့ လူကို ဖန်ဆင်းခဲ့သည်။ သို့သော် ဘုရား၏ရန်သူစာတန်သည် ဘုရားဖန်ဆင်းခဲ့သောလူကို လုယူဖျက်ဆီးရန်အလို့ငှါ လူအား ဘာသာတရား၊ ရိုးရာယဉ်ကျေးမှု၊ ပညာရေး၊ စက်ရုံ၊ အလုပ်ရုံ၊ ကုန်သွယ်ခြင်း၊ ပျော်ပွဲရွှင်ပွဲ စသည်တို့ကို နည်းစနစ်တကျရှိစေခြင်းအားဖြင့် ဤမြေကြီးပေါ်တွင် ဘုရားသခင်နှင့် ဆန့်ကျင်ဘက်ဖြစ်သော လောကအရာကို ဖြစ်ပေါ်စေခဲ့သည်။ လူသား၏ ကျဆင်းခြင်း သဘောသဘာဝအားဖြင့် လူတို့သည် သူတို့၏တပ်မက်ခြင်း၊ ပျော်မွေ့ခြင်းများ၊ မှိုင်ဝဲလိုက်စားခြင်းများ၊ သူတို့၏ အသက်ရှင်ခြင်းအတွက် မရှိမဖြစ်လိုအပ်သော အစားအစာ၊ အဝတ်အစား၊ နေထိုင်ရာအိမ်နှင့် ပို့ဆောင်ဆက်သွယ်ရေး စသည်တို့၌ ရှုပ်ထွေးငြိတွယ်နေကြသည်။

ခ။ ဤသို့သော စာတန်၏နည်းစနစ်တစ်ခုလုံးသည် ဆိုးညစ်သောသူ၌ တည်ရှိနေသည် (၁ယော၊၅း၁၉။ cf. ဧ၊၆း၁၂)။ ထိုသို့သော လောကကို မချစ်ခြင်းမှာ ဆိုးညစ်သောသူကို အောင်မြင်နိုင်ရန် အခြေခံအချက်ဖြစ်သည် (cf. ၁ပေ၊၃း၃–၄။ ဗျာ၊ ၂း၁၂–၁၃က၊ ၁၇)။ လောကကိုအနည်းငယ်မျှ ချစ်ခြင်းသည်ပင် ကျွန်ုပ်တို့အား ရှုံးနိမ့်စေရန်နှင့် ထိုအရာများဖြင့် သိမ်းပိုက်ခြင်းခံရရန် ဆိုးညစ်သောသူကို နေရာပေးခြင်းဖြစ်သည်။

ဂ။ စာတန်သည် နောက်ဆုံး၌ အရာခပ်သိမ်းကို အန္တိခရစ်၏ နိုင်ငံ၌ ချုပ်ခြာစေသည်အထိ ရုပ်ပိုင်းဆိုင်ရာလောက၊ လောကလူများနှင့် လောကတွင်ရှိသောအရာအားလုံးကို အသုံးချနေသည်။ ထိုအချိန်နာရီ၌ လောကနည်းစနစ်သည် အထွတ်အထိပ်သို့ ရောက်ရှိမည်ဖြစ်ကာ၊ ထိုအချိန်နာရီအတွင်းမှာပင် ၎င်း၏ ယူနစ်တစ်ခုစီသည် ခရစ်ယာန်ကို ဆန့်ကျင်ခြင်းအဖြစ် ဖွင့်ပြခြင်းကို ခံရမည်ဖြစ်သည်။ နောက်ဆုံးတွင် ဤလောကနိုင်ငံသည် “ကျွန်ုပ်တို့ သခင်ဘုရားနှင့် ကိုယ်တော်၏ ခရစ်တော်၏ နိုင်ငံတော်” ဖြစ်လာမည်ဖြစ်သည် (ဗျာ၊၁၁း၁၅။ ၂သက်၊ ၂း၃–၁၂။ ဒံ၊ ၂း၄၄–၄၅)။

*Day 2*

ဃ။ မြေကြီးပေါ်တွင်ရှိသောအရာအားလုံး၊ အထူးသဖြင့် လူသားမျိုးနွယ်နှင့် စပ်လျဉ်းသောအရာများနှင့် လေထုထဲတွင်ရှိသောအရာများအားလုံးသည် လူတို့အား သိမ်းပိုက်ရန်၊ သူတို့အား ဘုရားသခင်၏ အကြံအစည်တော်ကို ပြည့်စုံစေခြင်းမှ နှောင့်ယှက်ရန်နှင့် ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ခြင်းမှ အာရုံပျက်ပြားစေရန် စာတန်အားဖြင့် သူ၏ မှောင်မိုက်နိုင်ငံတော်အဖြစ်သို့ နည်းစနစ်တကျ စီစဉ်ထားခြင်း ခံရသည်။

င။ လောကသည် ခမည်းတော်ဘုရားကို ဆန့်ကျင်သကဲ့သို့ လောက၌ရှိသောလောကအရာများသည် ဘုရားသခင်၏ အလိုတော်ကို ဆန့်ကျင်သည်(၁ယော၊ ၂း၁၅–၁၇)။ လောကသည် ဘုရားသခင်ကို ဆန့်ကျင်သောကြောင့်၊ လောကကိုချစ်သောသူများသည် ဘုရားသခင်၏ ရန်သူများ ဖြစ်ကြသည် (ယာ၊၄း၄)။

စ။ “လောကကို ချစ်သောသူတို့၌ ခမည်းတော်၏ ချစ်ခြင်းမေတ္တာမရှိ” (၁ယော၊ ၂း၁၅)။ အဆုံးစွန်အနေဖြင့် ကျွန်ုပ်တို့သည် လောက၏ အရာများကို ထိတွေ့သောအခါတိုင်း၌ ကျွန်ုပ်တို့သည် မိမိကိုယ်မိမိ အစဉ်မေးသင့်သောမေးခွန်းမှာ “ဤအရာသည် ခမည်းတော်နှင့် ကျွန်ုပ်၏ ဆက်နွယ်မှုကို မည်သို့အကျိုးသက်ရောက်စေသနည်း” ဟု မေးရမည်ဖြစ်သည်။

ဆ။ ဤဆိုးညစ်သော နည်းစနစ်၊ မှောင်မိုက်နိုင်ငံသည် အသွေးအသား၌ သခင်ဘုရား၏ အသေခံတော်မူခြင်းအားဖြင့်၊ ပြင်သို့နှင်ထုတ်ခြင်းခံ

ရပြီး၊ ၎င်းကို အစိုးရသောမင်း၊ စာတန်သည် တရားစီရင်ခြင်းကို ခံရပြီးဖြစ်သည်(ယော၊ ၁၂း၃၁–၃၂။ ၁၆း၁၁)။

ဇ။ ဂလ၊၆း၁၄ ၌ လောကသည် ကျွန်ုပ်တို့အဖို့ ရိုက်ထားခြင်းကို ခံရ၍၊ ကျွန်ုပ်တို့သည်လည်း လောကအဖို့ရိုက်ထားခြင်းကို ခံရပြီးဖြစ်သည်။ ဤအရာသည် တိုက်ရိုက်ဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ၊ အသေခံတော်မူခဲ့သော ခရစ်တော်အားဖြင့် ဖြစ်သည်။ အငယ်၊၁၅ ၌ ဤနေရာရှိ လောကသည် အဓိကအနေဖြင့် ဘာသာရေးလောကကို ဆိုလိုကြောင်း သက်သေပြထားသည် (cf. ၁း၃–၄)။

*Day 3* **II. ကာဣနသည် ဘုရားသခင်၏အထံတော်မှ ထွက်ခွာ၍ (က၊၄း၁၆)၊ သူ၏အကာအကွယ်နှင့် ကိုယ်တိုင်တည်ရှိခြင်းအတွက် မြို့ကိုတည်၍၊ ဤမြို့အထဲ၌ ဘုရားမပါသော လောကီယဉ်ကျေးမှုကို ဖန်တီးခဲ့သည် (အငယ်၊၁၇)။**

က။ ဒေင်ဥယျာဉ်၌ လူအတွက် ဘုရားသခင်သည် အရာခပ်သိမ်းဖြစ်သည်– သူ၏အကာအကွယ်၊ သူ၏ထောက်ပံ့မှု၊ ဖြည့်ပေးခြင်းနှင့် ဖျော်ဖြေမှုဖြစ်သည်။ လူသည် ဘုရားသခင်ကို ဆုံးရှုံးသွားသောအခါ၊ သူသည် အရာအားလုံးကို ဆုံးရှုံးမည်ဖြစ်သည်။

ခ။ လူသည် ဘုရားသခင်ကို ဆုံးရှုံးခြင်းသည် လောကဆိုင်ရာလောကီသားတို့၏ယဉ်ကျေးမှုဖြစ်သော၊ ထိုမြို့ရပ်တည်ခြင်းအတွက် အဓိကဒြပ်သဘာဝများဖြစ်သည့် အသက်ရှင်ခြင်းအတွက် သိုးနွားမွေးမြူခြင်း၊ ဖျော်ဖြေမှုအတွက် ဂီတနှင့် တိုက်ခိုက်ခြင်းအတွက် လက်နက်များကိုတီထွင်ဖန်တီးရန် သူ့အား ဖိအားပေးခဲ့သည်(အငယ်၊ ၂၀–၂၂)။

ဂ။ ကမ္ဘာဦး၊၄ ၌ တီထွင်ခဲ့သော ဘုရားမဲ့သော ယဉ်ကျေးမှုသည် ဗာဗုလုန်မြို့ကြီးဖြစ်သည့်တိုင် ၎င်း၏အထွတ်အထိပ်သို့ရောက်သည့်တိုင်အောင် ဆက်လက်ကြီးထွားလာမည် ဖြစ်သည် (ဗျာ၊၁၇–၁၈)။

*Day 4* **III. ထွက်မြောက်ရာကျမ်း၌ ဘုရားသခင်၏အလိုဆန္ဒသည် ကိုယ်တော်၏ရွေးချယ်ခံရသောလူများကို လောက၌ သိမ်းပိုက်ခံထားခြင်းနှင့် လုယူ ခံရခြင်းနည်းလမ်းအပေါင်းမှ ကယ်တင်ရန်ဖြစ်ကြောင်းကို ဖွင့်ပြထားသည်။ သို့မှသာ သူတို့သည် ဘုရားသခင်ကိုယ်တော်တိုင်မှလွဲ၍ အခြားမည်သည့်အရာမျှ ရှိတော့မည်မဟုတ်ပါ (က၊ ၅၀း၂၆။ ၎၊ ၂း၁–၃၊ ၁၂ခ။ ဂလ၊ ၁း၄)။**

က။ ကယ်တင်ခြင်းခံရန်ဆိုသည်မှာ ဘုရားသခင်မှလွဲ၍ အခြားမည်သည့် အရာမျှ မရှိသောနေရာသို့ ခေါ် ဆောင်ခံရရန်ဖြစ်သည်(cf.၉း၇–ဂ)။

ခ။ ကန္တရတော၌ အထူးသဖြင့် ဟောရပ်အမည်ရှိသော ဘုရားသခင်၏ တောင်၌ ဘုရားသခင်သည် ကိုယ်တော့်ရွေးချယ်ခံလူတို့၏ အလယ် ဗဟို၊ သူတို့၏ အကြံအစည်၊ သူတို့၏ အသက်၊ သူတို့၏ အိမ်နှင့် သူတို့ ၏ အရာခပ်သိမ်းဖြစ်သည် (ဆာ၊၉၀း၁)။

ဂ။ ဘုရားသခင်သည် ကိုယ်တော်၏ ရွေးချယ်ခံလူတို့အား အီဂျစ်ပြည် (လောက) ၏ စိတ်သဘောထားအမှန်၊ အဓိပ္ပါယ်နှင့် ထွက်ပေါ် လာ သောရလဒ်ကို ဖွင့်ပြရခြင်း၏ ရည်ရွယ်ချက်မှာ ကိုယ်တော်၏ ရွေး ချယ်ခံလူတို့သည် အီဂျစ်ပြည်ကို မုန်တီးခြင်းနှင့် စက်ဆုပ်ရွံရှာခြင်းရှိ လာပြီး၊ အီဂျစ်ပြည်ကို ချန်ထားကာ၊ ကိုယ်တော်၏ ကိန်းဝပ်နေထိုင် ရာနေရာအတွက် ဘုရားသခင်အဖို့ ခွဲခြားထားခြင်းခံရန် ဖြစ်စေ သည် (ထွ၊၅း၁။ ၄၀း၃၄။ ရော၊၁၂း၁–၂)။

၁။ အီဂျစ်ပြည်တစ်ပြည်လုံး၌ ရေသည် သွေးဖြစ်လာခဲ့ခြင်း၏ ဘေး ဒဏ်မှာ– လောက၌ ဖျော်ဖြေမှုများနှင့် ပျော်ပွဲရွှင်ပွဲများရှိ အသက်တာ၏ သဘောသဘာဝနှင့် ထွက်ပေါ် လာသောရလဒ် သည် သေခြင်းဖြစ်သည်ကို သက်သေပြခြင်းဖြစ်သည်(ထွ၊ ၇း၁၄–၂၅)။

**Day 5**

၂။ ဖား၏ ဘေးဒဏ်မှာ– လောက၌ရှိသောအသက်တာသည် စိတ် အနှောင့်အယှက်ဖြစ်ဖွယ်ရာနှင့် မဆုံးနိုင်သောပြဿနာများ ဖြင့်ပြည့်သော အသက်တာ ဖြစ်သည်ကို ပြသထားသည် (ဂး၁– ၁၅)။

၃။ အီဂျစ်ပြည်တစ်လျှောက်လုံး၌ရှိသော မြေမှုန့်သည် ခြင်ကောင် ဖြစ်လာခြင်း၏ ဘေးဒဏ်မှာ– လောက၌ ကျွန်ုပ်တို့အသက်ရှင် ခြင်းအတွက် မစထောက်ပံ့ခြင်းအရင်းအမြစ်သည် နောက်ဆုံး တွင် ကြီးစွာ မသက်မသာဖြစ်စေပြီး၊ လွန်ကဲစွာဒေါသဖြစ်စေ ကြောင်းကို သရုပ်ဖော်ပြထားသည် (အငယ်၊ ၁၆–၁၉)။

၄။ ယင်ရဲအစု၏ ဘေးဒဏ်မှာ– လောက၏ ကျင့်ဝတ် အခြေအနေ သည် ညစ်ညမ်းပြီး၊ မသန့်ရှင်းသော၊ ဆိုးညစ်သောအမူအကျင့်

များနှင့် ပြည့်နေကြောင်းကို သရုပ်ဖော်ပြထားခြင်းဖြစ်သည် (အငယ်၊ ၂၀–၃၂)။

၅။ အီဂျစ်လူမျိုးတို့၏ သိုး၊ နွား၊ မြင်း၊ မြည်း တိရစ္ဆာန်များတို့အပေါ်၌ ကျရောက်သော အလွန်ဆိုးရွားသော ကပ်ရောဂါမှာ – လောက၌ ကုန်သွယ်သွားလာရေးနှင့် စားသောက်ခြင်းနည်းလမ်းသည် ဘုရားသခင်အားဖြင့် စီရင်ခြင်းခံရပြီး၊ ကိုယ်တော်၏ဖြောင့်မတ်သောစီရင်ခြင်းသည် အပြစ်နှင့်ပြည့်ဝသော အခြေအနေ၏ ပါဝင်ပတ်သက်ခြင်းများနှင့် ဆက်ဆံဖြေရှင်းခြင်းကို ရည်ညွှန်းခြင်းဖြစ်သည် (၉း၁–၇)။

၆။ မီးဖိုထဲမှ ပြာသည် ဒဏ်ခတ်သောအမှုန့်ဖြစ်လာ၍၊ လူနှင့်တိရစ္ဆာန်တို့၌ အကျိတ်အခဲပြည့်သော ဘေးဒဏ်မှာ –ကျွန်ုပ်တို့၏ကျဆင်းသွားသော လူသား၏အသက်တာတွင် တည်မြဲနေသောအရာတိုင်းသည် ဘုရာသခင်အားဖြင့် ဆက်ဆံဖြေရှင်းခြင်းခံရမည်ကို ပုံဆောင်ခြင်းဖြစ်သည် (အငယ်၊ ၈း၁၂)။

၇။ မီးနှင့်ရော၍ ရွာသောမိုးသီးသည် မြေကြီးမှထွက်ရှိသမျှသောအရာတို့ကို ဖျက်ဆီးသောဘေးဒဏ်မှာ– အကယ်၍ ကျွန်ုပ်တို့သည် ခေါင်းမာခြင်း သို့မဟုတ် ပုန်ကန်ခြင်းပြုမည်ဆိုပါက၊ ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ဆက်စပ်မှုသည် ပျက်စီးသွားကာ၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏ဝိညာဉ်ကို လောင်ကျွမ်းမည့် မိုးသီးနှင့် ပြင်းထန်သောဖျက်ဆီးမှုကိုဖြစ်စေရန် မီးနှင့်ရောသော မိုးသီးကို စေလွှတ်ခြင်းအားဖြင့် ဝိညာဉ်ရေးရာလုပ်ဆောင်ချက်ကို ပြောင်းလဲစေမည်ဖြစ်ကြောင်းကို ဖော်ပြခြင်းဖြစ်သည် (အငယ်၊ ၁၃–၃၅)။

၈။ လေသည် ကျိုင်းကောင်တို့ကို ဆောင်လာခြင်း၏ဘေးဒဏ်မှာ– လူသည် ဘုရားသခင်၏စီရင်ခြင်းအောက်၌ရှိသော လောက၌ အသက်ရှင်နေသရွေ့၊ စာတန်သည် လူသားအသက်၏မစထောက်ပံ့ခြင်းများနှင့် သူနှင့် စပ်လျဉ်းသော အရာအားလုံးအား စားပစ်မည်ကို ဖော်ပြခြင်းဖြစ်သည် (၁၀း၁–၂၀)။

၉။ အီဂျစ်ပြည်တစ်လျှောက်လုံး၌ ထူထပ်သော မှောင်မိုက်ဖုံးလွှမ်း

သော ဘေးဒဏ်မှာ– ဘုရားသခင်၏ မျက်မှောက်တော်ပြင်ပ၌ ရှိသော လောကဆန်သောအသက်တာသည် ကြောက်မက်ဘွယ် သော မှောက်မိုက်နှင့် ပြည့်နေကြောင်းကို ဖော်ပြထားခြင်းဖြစ် သည် (၂၁–၂၉)။

၁၀။ အီဂျစ်ပြည်တစ်လျှောက်လုံး၌ သားဦးများအားလုံးအပေါ် ဘုရားသခင်၏ စီရင်ခြင်း ဘေးဒဏ်မှာ – သားဦးဖြစ်သော ပထမလူ၊ အာဒံနှင့်စပ်လျဉ်းသော အရာအားလုံးတို့သည် ဘုရားသခင်အားဖြင့် စီရင်ခြင်းခံရမည်ကို ဖော်ပြခြင်းဖြစ် သည် (အငယ်၊ ၁–၁၀)။

*Day 6*

ဃ။ လောက၌အသက်ရှင်ခြင်း၏ သဘောသဘာဝ၊ ပုံဆောင်ချက်နှင့် ထွက်ပေါ်သောရလဒ်၏ ဖွင့်ပြခြင်းနှင့် ထိုကဲ့သို့သောအသက်ရှင်ခြင်း အပေါ် တွင်ထားရှိသော ဘုရားသခင်၏ စိတ်နေသဘောထား ဖွင့်ပြ ခြင်းကို လက်ခံရရှိခြင်းရှိမှသာလျှင်၊ ကျွန်ုပ်တို့သည် လောကမှခွဲထွက် လာနိုင်မည်ဖြစ်ပြီး၊ လောကဆန်သောအသက်တာကို မုန်းတီးလာနိုင် မည်ဖြစ်သည် (၁ယော၊ ၂း၁၅–၁၇။ ယာ၊ ၄း၄)။

၁။ ဘုရားသခင်အဖို့ လောကဆန်ခြင်းသည် အပြစ်ထက်ဆိုးဝါး သောအရာဖြစ်သည်။ အပြစ်သည် ဘုရားသခင်၏ ဖြောင့်မတ် ခြင်းကို ဆန့်ကျင်ပြီး၊ လောကဆန်ခြင်းသည် ကိုယ်တော်၏ ဖြောင့်မတ်တော်မူခြင်းထက်မြင့်မားသော ဘုရားသခင်၏ သန့်ရှင်းတော်မူခြင်းကို ဆန့်ကျင်သည်။

၂။ အကယ်၍ ကျွန်ုပ်တို့သည် လောကအကြောင်းကို အသေးစိတ် သိရှိမည်ဆိုပါက၊ ၎င်းအပေါ် ဘုရားသခင်၏ စိတ်နေသဘော ထားကို ကျွန်ုပ်တို့သိရှိနိုင်မည် ဖြစ်ပြီး၊ ၎င်းအပေါ် ချစ်ခြင်းကို လည်း အလိုအလျောက် ရပ်စဲနိုင်မည်ဖြစ်သည်။

၃။ အကယ်၍ ကျွန်ုပ်တို့သည် မြေကြီးပေါ်တွင် ဘုရားသခင်၏ ကိန်းဝပ်ရာနေရာဖြစ်မည်ဆိုပါက၊ ကျွန်ုပ်တို့သည် လောကအ ကြောင်းကို လုံးလုံးအကုန်အစင်သိရှိရမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့ ၏ ဖြစ်ခြင်းထဲမှ လောက၏ ဒြပ်သဘာဝသည်လည်း သုတ်သင် ဖယ်ရှားရမည်ဖြစ်သည် (ဗျာ၊ ၂း၁၂–၁၃က၊ ၁၇)။

## နံနက်ခင်းကျွေးမွေးခြင်း

**၁ယော၊ ၂း၁၅–၁၇ လောကကိုလည်းကောင်း၊ လောက၌ရှိသောအရာတို့ကိုလည်းကောင်း မချစ်ကြနှင့်။ လောကကို ချစ်သောသူ၌ ခမည်းတော်ကို ချစ်သော မေတ္တာမရှိ။ လောက၌ရှိသမျှသောအရာ တည်းဟူသော အသွေး အသားတပ်မက်ခြင်း၊ မျက်စိတပ်မက်ခြင်း၊ အသက်တာ၌ အချည်း နှီးသောဝါကြွားခြင်းတို့သည် ခမည်းတော်နှင့် မစပ်ဆိုင်၊ လောကနှင့် သာစပ်ဆိုင်ကြ၏။ လောကနှင့် လောကီတပ်မက်ခြင်းသည် ရွေ့သွား ကွယ်ပျောက်တတ်၏။ ဘုရားသခင်၏ အလိုတော်နှင့် အညီပြုသော သူမူကား၊ ကာလအစဉ်တည်၏။**

ဂရိဘာသာစကား၌ *(Kosmos)*လောကဟူသော ဝေါဟာရသည် အဓိပ္ပါယ်တစ်ခု ထက်ပိုသည်။ မ၊ ၂၅း၃၄။ယော၊၁၇း၅။တ၊ ၁၇း ၂၄။ ဧ၊၁း ၄ နှင့် ဗျာ၊၁၃း၈၌ ၎င်းသည် ဘုရားသခင်အားဖြင့် ဖန်ဆင်းထားသောရုပ်ဝတ္ထုပိုင်းဆိုင်ရာ စကြဝဠာကို ဆိုလိုသည်။ ယော၊၁း ၂၉။ ၃း၁၆ နှင့် ရော၊၅း၁၂ သည် စာတန်၏ ဆိုးညစ်သောလောကစနစ်၌ အစိတ် အပိုင်းများအဖြစ် ပါဝင်ဖွဲ့စည်းမှု ရှိလာရန် စာတန်အားဖြင့် ပျက်စီးခြင်းနှင့် လုယက် ဖျက်ဆီးခြင်းခံရသည့် ကျဆင်းသွားသော လူသားမျိုးနွယ်ကို ဆိုလိုသည်။ ၁ပေ၊၃း၃ သည် မွမ်းမံစီချယ်ခြင်း၊ တန်ဆာဆင်ခြင်းတို့ကို ရည်ညွှန်းထားသည်။ (၁ယော၊ ၂း၁၅–၁၇ ၌) ယော၊ ၁၅း ၁၉။ ၁၇း၁၄ နှင့် ယာ၊၄း၄ ကဲ့သို့ အစဉ်တကျရှိခြင်း၊ ပုံစံဖွဲ့ထားခြင်း၊ စနစ်တကျစီစဉ်ထားခြင်းကို ရည်ညွှန်းသောကြောင့် ၎င်းသည် ကမ္ဘာမြေကြီးမဟုတ်ဘဲ၊ (ဘုရားသခင်၏ ရန်သူတည်းဟူသော စာတန်အားဖြင့် ပုံစံဖွဲ့တည်ဆောက်ထားသည့်) အစီ အစဉ်တကျရှိသောစနစ်ဖြစ်သည်။ ဘုရားသခင်သည် သူ၏ အကြံအစည်တော်ပြီးမြောက် ပြည့်စုံရန်အလို့ငှါ မြေကြီးပေါ်တွင်နေထိုင်ဖို့ လူကို ဖန်ဆင်းခဲ့သည်။ သို့သော် ဘုရား၏ ရန်သူစာတန်သည် ဘုရားဖန်ဆင်းခဲ့သောလူကို လုယူဖျက်ဆီးရန်အလို့ငှါ လူအား ဘာသာ တရား၊ ရိုးရာယဉ်ကျေးမှု၊ ပညာရေး၊ စက်ရုံ၊ အလုပ်ရုံ၊ ကုန်သွယ်ခြင်း၊ ပျော်ပွဲရွှင်ပွဲ စသည် တို့ကို နည်းစနစ်တကျရှိစေခြင်းအားဖြင့် ဤမြေကြီးပေါ်တွင် ဘုရားသခင်နှင့် ဆန့်ကျင် ဘက်ဖြစ်သော လောကအရာကို ဖြစ်ပေါ်စေခဲ့သည်။ လူသား၏ ကျဆင်းခြင်း သဘော သဘာဝအားဖြင့် လူတို့သည် သူတို့၏ တပ်မက်ခြင်း၊ ပျော်မွေ့ခြင်းများ၊ မှီဝဲလိုက်စားခြင်း များ၊ သူတို့၏ အသက်ရှင်ခြင်းအတွက် မရှိမဖြစ်လိုအပ်သော အစားအစာ၊ အဝတ်အစား၊ နေထိုင်ရာအိမ်နှင့် ပို့ဆောင်ဆက်သွယ်ရေး စသည်တို့၌ ရှုပ်ထွေးငြိတွယ်နေကြသည်။

ဤသို့သော စာတန်၏ နည်းစနစ်တစ်ခုလုံးသည် ဆိုးညစ်သောသူ၌ တည်ရှိနေသည် (၅း၁၉)။ ထိုသို့သော လောကကို မချစ်ခြင်းမှာ ဆိုးညစ်သောသူကို အောင်မြင်ခြင်းအတွက် အခြေခံအချက်ဖြစ်သည်။ လောကကို အနည်းငယ်မျှချစ်ခြင်းသည်ပင် ကျွန်ုပ်တို့အား ရှုံးနိမ့်စေရန်နှင့် ထိုအရာများဖြင့် သိမ်းပိုက်ခြင်းခံရရန် ဆိုးညစ်သောသူကို နေရာပေးခြင်းဖြစ်သည်။ (*Life-study of 1John*, pp. 170-171)

## ယနေ့ဖတ်စရာ

သမ္မာကျမ်းစာသည် ဘုရားသခင်၏ ကောင်းကင်များနှင့်မြေကြီးကို ဖန်ဆင်းခြင်းနှင့် အစပြုထားသည်။ ၎င်းသည် ယခု ကျွန်ုပ်တို့ဆွေးနွေးနေသည့် လောကကို ဖန်ဆင်းခဲ့သည်ဟု မပြောဆိုထားပါ။ သမ္မာကျမ်းစာတစ်လျှောက်လုံး၌ "လောက"ဟူသော အဓိပ္ပါယ်သည် တိုးတက်ဖြစ်ပွါးခြင်းဖြစ်စဉ်၌ရှိပြီး၊ ၎င်းသည်(ဆာလံကျမ်းနှင့် ပရောဖက်စာစောင်များ၌ အနည်းဆုံးသော အတိုင်းအတာတစ်ခုထိ ရှိကောင်းရှိမည်ဖြစ်သော်လည်း)၊ ဓမ္မသစ်ကျမ်း၌သာ "လောက"သည် ၎င်း၏ ပြည့်စုံသော ဝိညာဉ်ရေးဆိုင်ရာရည်ရွယ်ချက်ရှိလာသည်။ လူသားကျဆင်းခြင်းမရှိမီ၊ လောကသည် မြေကြီးသဘော၊ မြေကြီးပေါ်ရှိ လူသားများနှင့် မြေကြီးအရာများ အဖြစ်သာ တည်ရှိခဲ့သည်။ အစဉ်တကျ ဖွဲ့စည်းတည်ဆောက်ထားသော သဘော၌*(Kosmos)*"လောက"ဟူ၍ မရှိသေးပါ။ မည်သို့ပင်ဆိုစေ၊ ကျဆင်းခြင်းနှင့်အတူ စာတန်သည် ဤလောကသို့ သူကိုယ်တိုင်သန္ဓေတည်သော အစဉ်တကျဖြစ်ခြင်းကို ယူဆောင်လာခဲ့ပြီး၊ ထိုအရာမှစ၍ ယခု ကျွန်ုပ်တို့ပြောဆိုနေသည့် လောကနည်းစနစ် တည်ရှိလာခဲ့သည်။ မူလအစတွင် ကျွန်ုပ်တို့၏ရုပ်ဝတ္ထုပိုင်းဆိုင်ရာ မြေကြီးသည်လည်းကောင်း၊ လူသားသော်လည်းကောင်း၊ စာတန်ဆိုင်ရာနည်းစနစ်၏ သဘောတရား၌ရှိသည့် "လောက"နှင့်ဆက်နွယ်မှုမရှိခဲ့ပါ။ သို့သော် စာတန်သည် လူသားတို့၏ အပြစ်ကို အမြတ်ထုတ်ယူဆောင်ခဲ့ခြင်းအားဖြင့်၊ ဤအရာသည် သူကိုယ်တိုင်အတွက် တည်ထောင်ရန်စီစဉ်ထားသောအဖွဲ့အစည်းကို မြေကြီးပေါ်သို့ မိတ်ဆက် ပေးရန်စာတန်အတွက် တံခါးပွင့်သွားခဲ့သည်။ ထိုအချိန်၊ ထိုအချက်မှစ၍၊ ဤမြေကြီးသည် "လောက"၌ ရှိလာကာ၊ လူသည်လည်း "လောက"၌ရှိလာခဲ့သည်။ လောကသည် စာတန်ပိုင်ဆိုင်သောအရာဖြစ်သကဲ့သို့၊ နိုင်ငံတော်သည် ကျွန်ုပ်တို့၏ သခင်ဘုရားပိုင်ဆိုင်သောအရာဖြစ်သည်။ ထို့ပြင် ယင်းမှာ ဤနိုင်ငံတော်သည် လောကကို နေရာယူကာ၊ အစားထိုး၍ဝင်ရောက်မည် ဖြစ်သည်။ "လက်ဖြင့် မထုမလုပ်သော ကျောက်"သည် လူသား၏ ဂုဏ်ယူဝါကြွားသော ရုပ်ထုကို အစိတ်စိတ်အမြွာမြွာဖျက်ဆီးသောအခါ၊ ဤလောကနိုင်ငံ

တော်သည် "ကျွန်ုပ်တို့ သခင်ဘုရားနှင့် ကိုယ်တော်၏ ခရစ်တော်၏ နိုင်ငံတော်" ဖြစ်လာမည် ဖြစ်သည် (ဒံ၊ ၂း၄၄–၄၅။ ဗျာ၊ ၁၁း၁၅)။

နိုင်ငံရေး၊ ပညာရေး၊ စာပေ၊ သိပ္ပံပညာ၊ အနုပညာ၊ ဥပဒေ၊ ကုန်သွယ်မှု၊ ဂီတ စသည်တို့သည် *kosmos* (လောက)ကို စေ့စပ်ထုံးဖွဲ့ထားသောအရာများဖြစ်၍၊ ဤအရာများသည် ကျွန်ုပ်တို့နေ့စဉ် တွေ့ကြုံနေရသောအရာများ ဖြစ်သည်။ ၎င်းတို့ကို နုတ်ယူလိုက်မည်ဆိုလျှင်၊ တစ်ခုနှင့် တစ်ခုဆက်စပ်နေသော နည်းစနစ်ဖြစ်သည့် လောကသည်လည်း ရပ်စဲသွားပေမည် ဖြစ်သည်။ လူသားသမိုင်းကို လေ့လာရာ၌ ကျွန်ုပ်တို့သည် ဤကိစ္စတစ်ခုချင်းစီ၏ တိုးတက်ခြင်းအမှတ်အသားကို သိရှိရမည်။ မည်သို့ပင်ဆိုစေ မေးခွန်းမှာ ဤ "တိုးတက်ခြင်း"သည် မည်သည့်ဘက်သို့ ယိမ်းယိုင်နေသနည်း။ ဤတိုးတက်ခြင်းများအားလုံး၏ အဆုံးစွန်သောပန်းတိုင်သည် အဘယ်နည်း။ အဆုံး၌ ယောဟန်သည် ကျွန်ုပ်တို့အား အန္တိခရစ်ပေါ် လာ၍၊ ဤလောက၌ သူ၏ နိုင်ငံကို တည်ထောင်မည်ဖြစ်ကြောင်းကို ကျွန်ုပ်တို့သည် ပြောထားသည် (၁ယော၊ ၂း၁၈၊ ၂၂။ ၄း၃။ ၂ယော၊ ၇။ ဗျာ၊၁၃)။ *ယင်းမှာ* ဤလောက၏ တိုးတက်လာခြင်း၏ ဦးတည်ချက်ဖြစ်သည်။ စာတန်သည် လောကဆိုင်ရာရုပ်ဝတ္ထုများ၊ လောကရှိသော လူသားများ၊ လောက၌ရှိသော အရာများအားလုံးကို အသုံးချခြင်းအားဖြင့် အဆုံး၌ အန္တိခရစ်၏ နိုင်ငံအပေါ် တွင် အရာအားလုံးကို ချုပ်ခြာစေမည်ဖြစ်သည်။ ထိုအချိန်တွင် လောကနည်းစနစ်သည် ၎င်း၏ အထွတ်အထိပ်သို့ရောက်မည်ဖြစ်ပြီး၊ ထိုအချိန်၌ပင် ၎င်း၏ ယူနစ်များအားလုံးသည် ခရစ်ယာန်ကို ဆန့်ကျင်ခြင်းအဖြစ် ဖွင့်ပြခြင်းခံရလိမ့်မည်ဖြစ်သည်။ (*CWWN, vol. 39*, pp. 63-64)

*ပို၍ဖတ်ရန်-* *Life-study of 1 John*, msg. 20; *CWWN*, vol. 39, "Love Not theWorld," ch. 1

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––

## *နံနက်ခင်းကျွေးမွေးခြင်း*

**ယော၊ ၁၂း၃၁** **ယခုတွင် ဤလောကသည် တရားစီရင်ခြင်းကို ခံရ၏။ ယခုတွင် ဤလောကကို အစိုးရသောမင်းသည် ပြင်သို့နှင်ထုတ်ခြင်းကို ခံရလိမ့်မည်။**

**ဂလ၊ ၆း၁၄** **ငါဖြစ်လျှင်၊ ငါတို့သခင်ယေရှုခရစ်၏ လက်ဝါးကပ်တိုင်တော်မှတစ်ပါး၊ အဘယ်အရာ၌မျှ ဝါကြွားခြင်းမရှိပါစေနှင့်။ ကိုယ်တော်အားဖြင့် ဤလောကသည် ငါ့အဖို့ လက်ဝါးကပ်တိုင်ပေါ်မှာ ရိုက်ထားခြင်းကိုခံလျက်ရှိ၏။ ငါသည်လည်း ဤလောကအဖို့ ရိုက်ထားခြင်းကို ခံလျက်ရှိ၏။**

လောကသည် စာတန်အားဖြင့် စနစ်တကျစီမံဖန်တီးထားသည့် ဆိုးညစ်သောစနစ်တစ်ခုဖြစ်သည်။ မြေကြီးပေါ်၌ရှိသော အထူးသဖြင့် လူသားမျိုးနွယ်နှင့် စပ်ဆိုင်သည့်အရာအားလုံးနှင့် လေ၌ရှိသောအရာအားလုံးတို့သည် စာတန်အားဖြင့် သူ၏မှောင်မိုက်နိုင်ငံအထဲသို့ စနစ်အဖြစ် ဖွဲ့စည်းခဲ့ပြီးဖြစ်၍၊ ၎င်းမှာ လူများကိုရယူသိမ်းပိုက်ရန်၊ သူတို့ကို ဘုရား၏ အကြံအစည် တော်ပြီးမြောက်ပြည့်စုံခြင်းမှ အနှောင့်အယှက်ဖြစ်စေရန်၊ ဘုရားသခင်ကိုမွေ့လျော်ဝမ်းမြောက်ခြင်းမှ သွေဖည်လွဲချော်စေရန်အတွက်ဖြစ်သည်။ ဤဆိုးညစ်သောစနစ်၊ မှောင်မိုက်နိုင်ငံမှာ ၎င်းကို အစိုးရသောမင်း၊ စာတန်သည် သခင်ဘုရား၏ အသွေးအသား၌ အသေခံခြင်းအားဖြင့် ပြင်သို့နှင်ထုတ်ခြင်းခံရသော အခါ၌ စီရင်ခံလိုက်ရပြီဖြစ်သည်။ (ယော၊၁၂း၃၁၊ မှတ်စု ၂)

## *ယနေ့ဖတ်စရာ*

၁ယော၊ ၂း၁၃ နှင့် ၁၄ ၌ ဆိုးညစ်သောသူကို ဖော်ပြထားသည်။ သို့သော်ငြားလည်း၊ ဤဆိုးညစ်သူ၊ စာတန်၊ မာရ်နတ်သည် ဤနေရာတွင် တိုက်ရိုက်ထွက်ပေါ်မလာခဲ့ပါ။ ၎င်းအစား သူသည် လောကနှင့် အန္တိခရစ်၏ မျက်နှာဖုံးကို ဝတ်ဆင်ခဲ့သည်(အငယ်၊ ၁၅၊ ၁၈)။ အကယ်၍ သူသည် တိုက်ရိုက်ထွက်ပေါ်လာခဲ့မည်ဆိုပါက၊ မည်သူတစ်ဦးတစ်ယောက်မျှ မာရ်နတ်ကို ချစ်မည်မဟုတ်ပါ။ သို့သော် အယောက်တိုင်းသည် လောကကို ချစ်ခင်ကြသည်။ လောကသည် ကျွန်ုပ်တို့ကို လှည့်ဖြားရန်နှင့် လိမ်လည်လှည့်စားရန် အသုံးပြုသော စာတန်၏မျက်နှာဖုံးဖြစ်သည်။ ၁ယော၊ ၇ ဤအပိုင်း၌ ပြဿနာမှာ မာရ်နတ်မဟုတ်ဘဲ၊ မာရ်နတ်၏ မျက်နှာဖုံးဖြစ်သော လောကပင် ဖြစ်သည်။

သမ္မာကျမ်းစာအရ၊ လောကသည် ခမည်းတော်ကို ဆန့်ကျင်၍(အငယ်၊ ၁၅) မာရ်နတ်သည် သားတော်ကိုဆန့်ကျင်ကာ(၃း၈)၊ အသွေးအသားသည် ဝိညာဉ်တော်ကို ဆန့်ကျင်

သည် (ဂလ၊၅း၁၇)။ တစ်ဘက်တွင် ကျွန်ုပ်တို့၌ ဘုရားဆိုင်ရာ သုံးပါးတစ်ပါး– ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော်ရှိသည်။ အခြားတစ်ဘက်တွင် ကျွန်ုပ်တို့၌ လောက၊ စာတန်နှင့် အသွေးအသား ဟူ၍ ဆိုးညစ်ခြင်းသုံးခု ရှိသည်။ အကယ်၍ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာသုံးပါးတစ်ပါးကို ဝမ်းမြောက်မည်ဆိုပါက၊ ဆိုးညစ်ခြင်းသုံးခုနှင့်စပ်လျဉ်း၍၊ ဘာမျှစပ်ဆိုင်ခြင်းမရှိတော့ပါ။

၁ယော၊ ၂း၁၇၌ ယောဟန်သည် "လောကနှင့် လောကီတပ်မက်ခြင်းသည် ရွေ့သွားကွယ်ပျောက်တတ်၏။ ဘုရားသခင်၏ အလိုတော်နှင့်အညီ ပြုသောသူမူကား၊ ကာလအစဉ်တည်၏"ဟု ပြောထားသည်။ လောကသည် ခမည်းတော်ဘုရားကို ဆန့်ကျင်သကဲ့သို့ လောကီတပ်မက်မှုကိုဖြစ်စေသည့် လောကအရာများသည်(အငယ်၊၁၅) ခမည်းတော်၏ အလိုတော်ကို ဆန့်ကျင်သည်။ အပြုသဘော၌၊ ကျွန်ုပ်တို့၌ ခမည်းတော်နှင့် သူ၏အလိုတော်ရှိသည်။ အနုတ်လက္ခဏာအားဖြင့်၊ ကျွန်ုပ်တို့၌ လောကနှင့် လောက၌ရှိသောအရာများ အားလုံးရှိသည်။

အငယ်၊ ၁၇ ရှိ ယောဟန်၏ စကားအရ၊ လောကနှင့် လောကီတပ်မက်ခြင်းသည် ရွေ့သွားကွယ်ပျောက်သွားသော်လည်း၊ ဘုရားသခင်၏ အလိုတော်နှင့်အညီ ပြုသောသူမူကား၊ ကာလအစဉ်တည်၏။ ဘုရားသခင်၏ အလိုတော်ကို လုပ်ဆောင်ရန်မှာ ရံဖန်ရံခါမျှသာလုပ်ဆောင်ခြင်းမဟုတ်ဘဲ၊ အလေ့အထအဖြစ် စဉ်ဆက်မပြတ်လုပ်ဆောင်ခြင်းဖြစ်သည်။ လောကီတပ်မက်ခြင်းများသည် လောကကို ချစ်သောသူနှင့်အတူ ရွေ့သွားကွယ်ပျောက်သွားမည်ဖြစ်သော်လည်း၊ ဘုရားသခင်၏ အလိုတော်နှင့်အတူ ပြုသောသူမူကား၊ ကာလအစဉ် တည်နေမည်ဖြစ်သည်။ (*Life-study of 1 John*, pp. 169, 176)

နောက်ဆုံး၌ လောကအရာများကို ကျွန်ုပ်တို့ထိတွေ့သောအခါ၊ မိမိကိုယ်ကို အစဉ်မေးရမည့်မေးခွန်းမှာ "ဤအရာများသည် ခမည်းတော်နှင့် ကျွန်ုပ်၏ဆက်နွယ်မှုကို မည်သို့အကျိုးသက်ရောက်စေသနည်း" ဟူ၍ မေးမြန်းရမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် လောကနှင့် ဆက်သွယ်ရန်၊ လောကထဲသို့ ထွက်သွားရန် အချိန်သည် ပြီးသွားခဲ့ပြီးဖြစ်သည်။ ယနေ့မှာ လောကသည် ကျွန်ုပ်တို့အား လာ၍၊ ရှာဖွေကြသည်။ ယခု လူတို့ကို ညှို့ယူဖမ်းစားသော ပြင်ပအရှိန်ရှိနေသည်။ ယနေ့ကဲ့သို့ လောက၏ ဩဇာလွှမ်းမိုးခြင်းမျိုးကို တစ်ချိန်တုန်းက ခံစားခဲ့ဘူးပါသလော။ ငွေကြေး အကြောင်း အလွန်ပြောဆိုကြသည်ကို တစ်ချိန်တုန်းက သင်ကြားနာခဲ့ဘူးပါသလော။ တစ်ချိန်က အစားအစာနှင့် အဝတ်အစားအကြောင်းကို အလွန်စဉ်းစားခဲ့ဘူးပါသလော။ သင်သွားသောနေရာတိုင်း၌၊ ခရစ်ယာန်များအကြားတွင်ပင်၊ စကားစမြည်ပြောကြရာတွင် လောကီ

အရာများသည် အကြောင်းအရာ ခေါင်းစဉ်အဖြစ် ပါရှိနေသည်။ လောကသည် အသင်းတော်၏ တံခါးဝတိုင်အောင်ရောက်နှင့်နေကာ၊ ဘုရားသခင်၏ သန့်ရှင်းသူတို့ကို ၎င်း၏လက်ထဲသို့ဆွဲဆောင်ရန် ရှာဖွေနေသည်။ ဤအဝန်းအဝိုင်း၌ရှိသောအရာများသည် ကျွန်ုပ်တို့ကိုရွေးနုတ်ပေးမည့် ခရစ်တော်ကားတိုင်၏ တန်ခိုးတော်ကို သိရှိစေမည်မဟုတ်ပါ။ (*CWWN*, vol.39,“LoveNot theWorld,”pp. 65-66)

လောကသည် ကျွန်ုပ်တို့အဖို့ ရိုက်ထားခြင်းကိုခံ၍၊ ကျွန်ုပ်တို့သည် လောကအဖို့ ရိုက်ထားခြင်းကို ခံရပြီးဖြစ်သည်။ ဤသည်မှာ တိုက်ရိုက်ဖြစ်ပေါ် လာခြင်းမဟုတ်ဘဲ၊ အသေခံတော်မူခဲ့သော ခရစ်တော်အားဖြင့် ဖြစ်သည်(ဂလ၊ ၆း၁၄၊ မှတ်စု ၂)။

(ဂလာတိကျမ်း)၌ ပေါလုသည် ဘုရားသခင်၏ အရာများအတွက်ဟူ၍၊ ထင်မှတ်နေကြသော ဘာသာရေးပုဂ္ဂိုလ်များ၏ မှားယွင်းစွာဦးဆောင်ပြီး၊ လွဲမှားနေသောဘာသာတရားမှာ လောကဖြစ်လာကြောင်းကို ကိုင်တွယ်ဖြေရှင်းထားသည်။ ကျွန်ုပ်တို့သည် ကားတိုင်အားဖြင့် ဘာသာရေးလောကမှ ခွဲခြားထားခြင်းခံကြရပြီး၊ ဖန်ဆင်းခြင်းအသစ်၌ အသက်ရှင်ရန်၊ အရည်အချင်းပြည့်မီကြပြီ ဖြစ်သည်။(ဂလ၊၆း၁၄၊ မှတ်စု ၃)။

*ပို၍ဖတ်ရန်-* *CWWL, 1965*, vol. 3, “The Heavenly Vision,”chs. 5-6;*The Experience of Life*, ch. 5.

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း***

## *နံနက်ခင်းကျွေးမွေးခြင်း*

**က၊ ကာဣနသည် ယေဟောဝါမျက်မှောက်တော်မှ ထွက်သွား၍၊ ဒေင်**
**၄း၁၆–၁၇ ပြည်အရှေ့၊ နောဒပြည်တွင်နေလေ၏။ ထိုအခါ ကာဣနသည် မိမိ**
**ဇနီးနှင့် ဆက်ဆံသဖြင့်၊ သူသည် ပဋိသန္ဓေစွဲယူ၍၊ သားဧနောက်ကို**
**ဖွားမြင်လေ၏။ ကာဣနသည်လည်း မြို့ကိုတည်၍ မိမိသား၏**
**အမည်အလိုက်၊ ထိုမြို့ကို ဧနောက်မြို့ဟု သမုတ်လေ၏။**

ဘုရားသခင်မှ ထွက်သွားပြီးနောက် (က၊၄း၁၆)၊ ကာဣနသည် မိမိ၏အကာအကွယ်နှင့် မိမိ၏တည်ရှိမှုအတွက် မြို့ကိုတည်ခဲ့သည်။ ဤမြို့အတွင်းတွင် သူသည် ဘုရားမရှိသောယဉ်ကျေးမှုကို ထွက်ပေါ်စေခဲ့သည်။ ဥယျာဉ်၌ ဘုရားသခင်သည် လူအဖို့ အရာခပ်သိမ်းဖြစ်သည်– လူ၏ အကာအကွယ်၊ စောင့်ထိန်းခြင်း၊ မစခြင်းနှင့် ဖျော်ဖြေမှု တို့ဖြစ်သည်။ လူသည် ဘုရားသခင်ကို ဆုံးရှုံးသွားသောအခါ၊ အရာခပ်သိမ်းကိုလည်း ဆုံးရှုံးသွားသည်။ လူ၏ ဘုရားကိုရှုံးဆုံးမှုသည် လူ့ယဉ်ကျေးမှုကို တီထွင်ရန် လူအား တွန်းအားပေးကာ၊ ၎င်း၏အဓိကကျသော ဒြပ်သဘာဝများမှာ တည်ရှိခြင်းအတွက် မြို့များ၊ အသက်ရှင်ခြင်းအတွက် တိရစ္ဆာန်များကို မွေးမြူခြင်း၊ ပျော်ရွှင်မှုအတွက် တေးဂီတနှင့် ကာကွယ်မှုအတွက် လက်နက်များတို့ဖြစ်ကြသည် (အငယ်၊၂၀–၂၂)။ ဘုရားမရှိသောယဉ်ကျေးမှုသည် ဗာဗုလုန်မြို့ကြီး၌ အထွတ်အထိပ်ရောက်သည့်တိုင်အောင် ဆက်လက်ကြီးထွားလာခြင်းဖြစ်သည် (ဗျာ၊၁၇–၁၈)။ (က၊၄း၁၇၊ မှတ်စု ၂)။

## *ယနေ့ဖတ်စရာ*

ကာဣနသည် ဘုရားသခင်၏မျက်မှောက်တော်မှ ထွက်ခွာ၍၊ သူ၏ကိုယ်တိုင်နည်းလမ်းအတိုင်းသွားလေသည်။ ပထမဦးစွာ သူလုပ်ဆောင်သောအရာမှာ မြို့ကိုတည်ထောင်ရန် ဖြစ်သည်။ သူသည် ဘုရားမရှိသော ယဉ်ကျေးမှုကို ထွက်ပေါ်စေခဲ့သည်(က၊၄း၁၆–၂၄)။ သမ္မာကျမ်းစာ၌ မြို့၏ အယူအဆမှာ အလွန်အဓိပ္ပါယ်ရှိပြီး၊ ကျမ်းစာတစ်လျှောက်လုံး၌ ကာဣနတည်ခဲ့သော ဧနောက်မြို့မှစ၍ ဘုရားသခင်တည်ဆောက်ခဲ့သောမြို့၊ ယေရုရှလင်မြို့သစ်နှင့်ဆုံးသောမြို့များ၏ဇာစ်မြစ်ကို ခြေရာခံနိုင်သည်။ ကာဣနဖြင့်တည်ဆောက်ခဲ့သောမြို့သည် ဗာဗုလုန်မြို့ကြီး၌ အဆုံးသတ်လိမ့်မည် ဖြစ်သည်။ ဧနောက်မြို့သည် ဘုရားသခင်၏တည်ဆောက်ခြင်းကို တုပတည်ဆောက်ထားခြင်းဖြစ်သည်။ ယင်းမှာ ဘုရားသခင်၏ အရာမဟုတ်ဘဲ၊ ကာဣနအတွင်း၌ စာတန်ဖြင့် အစပြုခဲ့သော အရာဖြစ်သည်။

လူသားယဉ်ကျေးမှုသည် လူက ဘုရားကို ဆုံးရှုံးခဲ့သောကြောင့် တိုးတက်လာခဲ့ခဲ့သည်။ မူလအစတွင် လူကိုဖန်ဆင်းခဲ့သော ဘုရားသခင်သည် လူအဖို့အရာခပ်သိမ်းဖြစ်သည်။ ဘုရားသခင်သည် လူ၏အကာအကွယ်၊ စောင့်ထိန်းခြင်း၊ မစခြင်း၊ ဝမ်းမြောက်မှုနှင့် ပျော်ရွှင်ခြင်းနှင့် အကာအကွယ်ဖြစ်သည်။ ဥယျာဉ်၌ လူသည် ဘုရားသခင်နှင့်ပူးပေါင်းလုပ်ဆောင်ရန် မြေကိုထွန်ယက်ခြင်းမှလွဲ၍ ဘာမျှလုပ်ဆောင်ဖို့ မလိုအပ်ပါ။ ဥယျာဉ်၌ ဘုရားသခင်သည် လူအဖို့အရာခပ်သိမ်း ဖြစ်သည်။ သို့သော်ငြားလည်း လူသည်ဘုရားကို ဆုံးရှုံးသွားသောအခါ၊ သူသည် အရာခပ်သိမ်းကို ဆုံးရှုံးခဲ့ခြင်းဖြစ်သည်။ လူသည် အကာအကွယ်၊ ခုခံပေးခြင်း၊ စောင့်ထိန်းမှု၊ မစခြင်းနှင့် ပျော်ရွှင်ခြင်းကို ဆုံးရှုံးခဲ့သည်။ ဤသို့ ဘုရားကိုဆုံးရှုံးခြင်းသည် လူသားယဉ်ကျေးမှုကို တီထွင်ရန် သူ့အား တွန်းအားဖြစ်စေခဲ့သည်။ လူသည် အရာခပ်သိမ်းကို ဆုံးရှုံးခဲ့ခြင်းကြောင့် သူသည်တစ်စုံတစ်ခုကို တီထွင်ရမည် ဖြစ်သည်။

စာတန်သည် ကာဣန၏ အတွင်းဘက်မှ အလုပ်လုပ်ဆောင်ကာ၊ သူ့အား မြို့ကိုတည်ဆောက်ရန် အကြံပေးခဲ့ခြင်းဖြစ်သည်။ စာတန်သည် “ကာဣန လူတို့သည် သင့်ကိုလာ၍သတ်ဖြတ်မည်ကို ကြောက်သည်မဟုတ်လော။ သင်၏တည်ရှိနေခြင်းအတွက် သင်ကို ကာကွယ်ပေးရန် မြို့ကိုလိုအပ်သည်”ဟု ပြောကောင်းပြောပေလိမ့်မည်။ သူသည်ဘုရားသခင်ကို ဆုံးရှုံးခဲ့ခြင်းကြောင့်၊ ကြောက်ရွံ့နေခြင်းဖြစ်သည်။ သူသည် ဘုရားသခင်ကို သူ၏မစထောက်ပံ့ရာ၊ ဝမ်းမြောက်ရာနှင့် ခုခံရာဖြစ်ခြင်းမှ ဆုံးရှုံးသွားခဲ့သည်။ ရှေးအခါ၌ မြို့တည်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ အကာအကွယ်ဖြစ်စေရန်အတွက်ဖြစ်သည်။ ဘုရားမဲ့သောယဉ်ကျေးမှု၌ လူတို့သည် မိမိကိုယ်တိုင်အတွက် ကိုယ့်အားကိုယ်ကိုးရန် တွန်းအားဖြစ်စေခဲ့သည်။ ကာဣနသည် မြို့ကို ယေဟောဝါမြို့ဟု မခေါ်ဘဲ၊ ဧနောက်မြို့ဟု သူ၏သားအမည်ဖြင့် သမုတ်ခဲ့သည်။ သူသည် မိမိသားနှင့် သူ၏မြို့ကိုတူညီသောအမည်ပေးခဲ့သည်။ သဘောထားအားဖြင့်၊ သူ၏မြို့သည် သူ၏သား ဖြစ်ပြီး၊ ထိုမြို့အား သူ၏သားကိုချစ်သကဲ့သို့ ချစ်ကြောင်းပြခြင်း ဖြစ်သည်။ ဧနောက်၏အမည်သည် “အစပျိုးခဲ့ခြင်း”ကို ဆိုလိုပြီး၊ ကာဣနဖြင့် အစပြုခဲ့သောတစ်စုံတစ်ရာကို ရည်ညွှန်းခြင်း ဖြစ်သည်။ ကာဣနသည် ပထမဦးဆုံးမြို့ကို တည်သောသူ၊ ပထမဆုံးမြို့ကိုပုံစံရေးဆွဲသူနှင့် ပထမဦးဆုံးသော ဗိသုကာပညာရှင် ဖြစ်သည်။ ကာဣနသည် ရှေးဦးတီထွင်သူ၊ အစပျိုးသောသူဖြစ်သည်။ သို့သော်ငြားလည်း သူ၏တီထွင်ခြင်း၌ ပထမဦးဆုံးသောအရာမှာ မြို့မဟုတ်ဘဲ၊ ယင်းမှာ ဘာသာတရားဖြစ်သည်။ ရှေ့ဦးစွာ သူသည်ဘာသာတရားကို တီထွင်ခဲ့ပြီး၊ ဒုတိယအားဖြင့် မြို့တည်ဆောက်ခြင်းကို တီထွင်ခဲ့သည်။

ကာဣနမှ ဆင်းသက်လာသူမှာ လာမက်ဖြစ်သည်။ လာမက်၏ ပထမဇနီးသည် ယာဗလနှင့် ယုဗလကို ဖွားမြင်လေသည်။ ယာဗလသည် သိုးနွားစသည်တို့ကို မွေးသောသူဖြစ်သည်(၄း ၂၀)။ သူသည် အသက်ရှင်ခြင်းအတွက် ရည်ရွယ်ချက်အားဖြင့် သိုးနွားများမွေးမြူခြင်းကို တီထွင်ခဲ့သည်။ သူသည် ရေကြည်ရာမြက်နုရာ လှည့်လည်နေထိုင်သည့် လူမျိုး၊ တစ်နေရာမှတစ်နေရာသို့ လှည့်လည်သောသူ ဖြစ်လာခဲ့သည်။ အကြောင်းမှာ ယင်း၏ ခွန်အားနှင့် သူ့အားအကျိုးဖြစ်ထွန်းစေမည့် မြေမရှိသောကြောင့် ဖြစ်သည်။

ယုဗလသည် ဂီတကို တီထွင်ခဲ့သည်(၄း ၂၁)။ သူသည် စောင်းမျိုး၊ နှဲခရာမျိုးတို့ကို တီထွင်ခဲ့သည်။ အကြောင်းရင်းအားဖြင့် ယုဗလ အမည်သည် "ဂျူဘီလီ" သို့မဟုတ် "ဝမ်းမြောက်သော အသံ" သို့မဟုတ် "တေးဂီတ"ကို ဆိုလိုသည်။ တေးဂီတဆိုသည်မှာ အဘယ်နည်း။ တေးဂီတသည် လူတို့ကိုပျော်ရွှင်စေသော ဖျော်ဖြေရေးတစ်မျိုးဖြစ်သည်။ လူသည် ထိုသို့သော ဖျော်ဖြေရေးမျိုးကို အဘယ်ကြောင့်လိုအပ်ပါသနည်း။ အကြောင်းမှာ သူသည် မိမိ၏ ဝမ်းမြောက်ပျော်ရွှင်ခြင်းအဖြစ် ဘုရားသခင်ကို ဆုံးရှုံးခဲ့သောကြောင့် ဖြစ်သည်။ ဘုရားသခင်သည် လူသားတို့၏ စစ်မှန်သော မွေ့လျော်ဝမ်းမြောက်ခြင်း ဖြစ်သည်။

လူတို့သည် အဘယ်ကြောင့် ရုပ်ရှင်ရုံသို့သွားရောက်ခြင်းနှင့် ကခုန်သည့်ပွဲသို့ သွားကြသနည်း။ သူတို့သည် လွတ်လပ်လဟာ ဖြစ်သောကြောင့် ဖြစ်သည်။ သူတို့၏ ဝမ်းမြောက်ရွှင်လန်းခြင်းအဖြစ် သူတို့၌ ဘုရားမရှိသောကြောင့် ဖြစ်သည်။ ကျွန်ုပ်သည် ရုပ်ရှင်ရုံသို့ သွားမကြည့်ခြင်း၏ အကြောင်းရင်းမှာ အသင်းတော်၌ ၎င်းကိုဆန့်ကျင်သော စည်းမျဉ်းရှိသောကြောင့်မဟုတ်ပါ။ အသင်းတော်သည် ထိုအရာများကို ဆန့်ကျင်သည့် ပညတ်ချက်စာရင်းများ မရှိပါ။ သို့သော်လည်း၊ အသင်းတော်၌ ထိုသို့သော တားမြစ်ချက်များမရှိလျှင်လည်း၊ ၎င်းကို လုပ်ဆောင်ရန် ကျွန်ုပ်အား ဒေါ်လာ တစ်ထောင် ပေးမည်ဆိုလျှင်လည်း ရုပ်ရှင်ရုံသို့ သွားမည်မဟုတ်ပါ။ ကျွန်ုပ်၌ ထိုအရာထက် သာ၍ကောင်းသော အရာရှိသည်။ ကျွန်ုပ်သည် ခရစ်တော်နှင့် ပြည့်ဝနေပြီး၊ ကျွန်ုပ်၌ အခြားအရာများအတွက် ဝင်ဆံ့နိုင်သောနေရာမရှိပါ။ (*Life-study of Genesis*, pp. 323-327)

*ပို၍ဖတ်ရန်- Life-study of Genesis,* msg. 24

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

——————————————————————————————————

——————————————————————————————————

——————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ထွ၊ ထိုနောက်မှ မောရှေနှင့် အာရုန်သည် ဖါရောဘုရင်ထံသို့ဝင်၍၊ အစ္စရေး**
**၅း၁ ၏ယေဟောဝါဘုရားသခင်က၊ ငါ၏လူတို့သည် တော၌ငါ့အဖို့ ပွဲခံစေ**
**ခြင်းငှါ၊ လွှတ်ရမည်ဟု မိန့်တော်မူကြောင်းကို လျှောက်၏။**
**ရော၊ သင်တို့သည် ဤခေတ်ကာလ၏ပုံသဏ္ဌာန်ကို မဆောင်ကြနှင့်။ ကောင်း**
**၁၂း၂ မြတ်သောအရာ၊ နှစ်သက်ဖွယ်သောအရာ၊ စုံလင်သောအရာတည်း**
**ဟူသော ဘုရားသခင်အလိုတော်ရှိသောအရာသည် အဘယ်အရာဖြစ်**
**သည်ကို ပြနိုင်မည်အကြောင်း၊ အသိဉာဏ်အသစ်ပြုပြင်ခြင်းအားဖြင့်**
**ပုံသဏ္ဌာန်ပြောင်းလဲခြင်းရှိကြလော့။**

ထွက်မြောက်ရာကျမ်း၌ ဘုရားသခင်၏ အလိုဆန္ဒသည် ကိုယ်တော်၏ လူတို့အား မိမိကိုယ်တိုင်မှလွဲသော အခြားသောအရာများမှ ကယ်နုတ်ရန်ဖြစ်ကြောင်းကို ဖော်ပြထားသည်။ ယင်းမှာ ကိုယ်တော်သည် ဘုရားမှလွဲသောအရာများမှ သူတို့အား ကယ်နုတ်ရန်ဖြစ်သည်။ အီဂျစ်ပြည်မှ ထွက်သွားပြီးနောက် ဘုရားသခင်၏ လူမျိုးတို့သည် ကောင်းကင်ဆိုင်ရာရူပါရုံကို မြင်ခဲ့ပြီး၊ ထိုအရာအားဖြင့် သူတို့သည် ဘုရားကိုယ်တော်တိုင်ကို သိရှိလာကာ၊ ထိုအပြင် ဘုရားသခင်နှင့်အတူ အသက်ရှင်ခြင်းကိုလည်း သိရှိနားလည်ခဲ့သည်။ ထိုအခါ သူတို့သည် မြေကြီးပေါ်တွင် ဘုရားသခင်၏ကိန်းဝပ်ရာနေရာအဖြစ် တည်ဆောက်ခြင်းခံနိုင်မည် ဖြစ်သည်။

ဘုရားသခင်သည် ကိုယ်တော်၏ ရွေးချယ်ခံလူတို့အား လုယူသိမ်းပိုက်ခံရခြင်းနှင့် စိတ်ကိုနေရာယူလွှမ်းမိုးထားသောအရာများ အားလုံးမှ ကယ်မပေးရန်စောင့်မျှော်လျက်ရှိသည်။ သို့မှသာ သူတို့သည် ဘုရားသခင်မှလွဲ၍၊ ဘာမျှရှိတော့မည်မဟုတ်ပါ။ အစ္စရေးအမျိုးသားတို့သည် အီဂျစ်ပြည်မှ ကယ်နုတ်ခြင်းခံရပြီး၊ ပင်လယ်နီကိုဖြတ်ကျော်ပြီးသောအခါ၊ သူတို့သည် ဟောရပ်တောင်ပေါ်၊ ဘုရားသခင်၏တောင်ပေါ်သို့ ရောက်ရှိလာခဲ့သည်။ ဘုရားသခင်၏တောင်ပေါ်၌ ဘုရားသခင်၏လူတို့သည် ကိုယ်တော်နှင့်အတူရှိရန်ရွေးချယ်ခဲ့ပေမည်။ အစ္စရေးလူမျိုးတို့သည် ဟောရပ်တောင်သို့ရောက်ရှိလာသောအခါ၊ ဘုရားသခင်သည် သူတို့၏ အလယ်ဗဟို၊ သူတို့၏အကြံအစည်၊ သူတို့၏အကြောင်းအရာနှင့် သူတို့၏အသက် ဖြစ်သည်။ ကိုယ်တော်သည် သူတို့၏အိမ်လည်းဖြစ်သည်။ ဘုရားသခင်သည် သူတို့အတွက် အရာခပ်သိမ်းဖြစ်သည်။ ကန္တာရတော၌ အထူးသဖြင့် ဘုရားသခင်၏တောင်ပေါ် ဟောရပ်တောင်တွင် အစ္စရေးအမျိုးသားတို့သည် ဘုရားသခင်မှလွဲ၍၊ ဘာမျှမရှိပါ။ (*Life-study of Exodus,* pp. 193-194)

# ယနေ့ဖတ်စရာ

ဓမ္မသစ်ကျမ်း၌ လောကတစ်ခုလုံးသည် ဆိုးညစ်သူ၏လက်ထဲ၌ ရှိကြောင်း (၁ယော၊၅း၁၉)နှင့် လောကအကြောင်းကို များစွာ ပြောဆိုထားသော်လည်း၊ လောကသည် မည်သည့်အရာဖြစ်ကြောင်း ရှင်းလင်းစွာ သရုပ်ဖော်ပြခြင်းမရှိပါ။ ဤအကြောင်းကြောင့် ကျွန်ုပ်တို့သည် ထွက်မြောက်ရာကျမ်းကို လာရခြင်းဖြစ်သည်။ အခန်း၊၅ မှ ၁၂ အထိ မှန်ကန်စွာဖတ်မည်ဆိုပါက၊ လောကအသက်တာ၏ အဓိပ္ပါယ်နှင့် သဘောသဘာဝကို ဖော်ပြထားသော ရှင်းလင်းသော ရုပ်ပုံကားချပ်ကို မြင်ရပေမည်။

ဘေးဒဏ်ကြီးဆယ်ခုသည် အီဂျစ်လူမျိုးအဖို့ သတိပေးခြင်းနှင့် စီရင်ခြင်းသာမက၊ ထိုအရာများသည် ဘုရားသခင်၏လူမျိုးများအဖို့ ဖွင့်ပြခြင်းနှင့် ထုတ်ဖော်ပြခြင်းလည်း ဖြစ်သည်။ ဤဘေးဒဏ်ကြီးအားဖြင့် အစ္စရေးအမျိုးသားတို့သည် အီဂျစ်လူမျိုးတို့၏ အသက်ရှင်ခြင်းအခြေအနေမှန်ကို မြင်လာခဲ့ခြင်း ဖြစ်ပေမည်။ ဤဘေးဒဏ်ကြီး၏ရလဒ်အနေဖြင့် သူတို့သည် အီဂျစ်ပြည်၌ သူတို့၏ အသက်တာကို စက်ဆုပ်ရွံရှာခဲ့မည်ဖြစ်သည်။ ဘုရားသခင်သည် အီဂျစ်ပြည်၏ အသက်ရှင်ခြင်းကို ထုတ်ဖော်ရန် အလိုရှိခဲ့သည်။ သို့မှသာ ကိုယ်တော်၏လူတို့သည် ၎င်းကို မုန်းတီးလာပြီး၊ ၎င်းမှ လွတ်မြောက်ရန် အလိုရှိမည်ဖြစ်သည်။ ထို့ကြောင့် ဘေးဒဏ်ကြီးဆယ်မျိုးကို စေလွှတ်ရာ၌ ဘုရားသခင်၏ အကြံအစည်တော်သည် အီဂျစ်လူမျိုးတို့အား သတိပေးရန်နှင့် စီရင်ရန်မျှသာမဟုတ်ပါ။ ၎င်းသည် ကိုယ်တော်၏လူမျိုးတို့အား လောကသည် မည်သည့်အရာဖြစ်သည်ကို ပြသရန်လည်းဖြစ်သည်။

အနုတ်လက္ခဏာအားဖြင့် ထွက်မြောက်ရာကျမ်းသည် လောကအကြောင်းကို ထုတ်ဖော်ပြသထားသည်။ အပြုသဘောအားဖြင့် ၎င်းသည် ဘုရားသခင်၏ ကိန်းဝပ်ရာနေရာကို ဖော်ပြထားခြင်းဖြစ်သည်။ ရှေ့ဦးစွာ အီဂျစ်ပြည်ရှိ သဘောသဘာဝအမှန်၊ အဓိပ္ပါယ်နှင့် အသက်တာ၏ရလဒ်ကို ဘုရားသခင်၏လူမျိုးတို့အား ထုတ်ဖော်ပြသပေးခဲ့သည်။ ဤဖွင့်ပြခြင်းကိုပေးရာ၌ ဘုရားသခင်၏ အကြံအစည်တော်မှာ ကိုယ်တော်၏လူမျိုးတို့အား အီဂျစ်ပြည်ကို စက်ဆုပ်ရွံရှာစေပြီး၊ အီဂျစ်ပြည်ကို စွန့်ခွာ၍၊ ကိုယ်တော်၏ ကိန်းဝပ်နေထိုင်ရာအတွက် ဘုရားသခင်အဖို့ ခွဲခြားခံရရန်ဖြစ်သည်။ ယနေ့ အလေ့အလာမှာလည်း ထိုနည်းတူဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့သည် လောကမှ ခွဲခြားခြင်း မခံရပါက၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကိန်းဝပ်ရာနေရာ ဖြစ်မလာနိုင်ပါ။ ကိုယ်တော်၏ ကိန်းဝပ်ရာနေရာကို တည်ဆောက်ခြင်းအတွက် ကျွန်ုပ်တို့သည် လောကကို ၎င်း၏

အခြေအနေမှန်အတိုင်းမြင်ရမည်။ ထို့အပြင် ကျွန်ုပ်တို့သည် လောကနည်းအတိုင်း အသက်ရှင်ခြင်းကို ရှုံ့ရှာရမည်ဖြစ်ပြီး၊ ၎င်းကို စွန့်လွှတ်ရန် အလိုဆန္ဒရှိရမည်။

ဘေးဒဏ်ကြီးကိုစေလွှတ်ရာ၌ ဘုရားသခင်၏ အလိုဆန္ဒမှာ အီဂျစ်လူမျိုးကို စီရင်ရန်အတွက်သာမဟုတ်ဘဲ၊ အီဂျစ်လူမျိုးတို့၏ အသက်ရှင်ခြင်းကိုလည်း ထုတ်ဖော်ပြသရန်လည်းဖြစ်သည်။ ထွက်မြောက်ရာကျမ်း၌ရှိသော အီဂျစ်လူမျိုးကဲ့သို့ ယနေ့လောက၌ရှိသော လူတို့သည် လောက၌ရှိသော အခြေအနေမှန်ကို နားလည်သဘောပေါက်ခြင်း မရှိကြပါ။ လောကလူအားလုံးတို့သည် ဆေးခတ်ခံနေရပြီးဖြစ်သည်။ စာတန်၏ အဆိပ်ခတ် လွှမ်းမိုးခြင်းအောက်တွင် သူတို့သည် လောက၌ သူတို့၏ အသက်တာကို ပျော်ရွှင်ဝမ်းမြောက်ကြသည်။ သူတို့သည် လောက၌ ဘုရားမရှိဘဲ အသက်ရှင်ခြင်းမှာ မည်သည့်အရာဖြစ်သည်ကို နားလည်သဘောပေါက်ခြင်းမရှိပါ။ သူတို့၏ အတွေ့အကြုံ၌ လောကရေကို အသွေးအဖြစ်သို့ ပြောင်းလဲစေရန်လိုအပ်သည်။ ထိုအခါမှသာလျှင်၊ သူတို့သည် လောက၏ သဘောသဘာဝနှင့် လောကတွင် အသက်ရှင်နေထိုင်ခြင်း၏ ရလဒ်ကို သိရှိနားလည်လာမည် ဖြစ်သည်။ လောကသဘောသဘာဝ၏ အသက်မှာ သေခြင်းဖြစ်၍၊ လောကတွင် အသက်ရှင်နေခြင်း၏ ရလဒ်မှာလည်း သေခြင်းသာဖြစ်သည်။ (*Life-study of Exodus*, pp. 194-195)

*ပို၍ဖတ်ရန်- Life-study of Exodus*, msgs. 16-17

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

## *နံနက်ခင်းကျွေးမွေးခြင်း*

**ထွ၊ ဂး၂–၄ မလွှတ်ဘူးဟုငြင်းလျှင်၊ သင်၏ပြည်တစ်လျှောက်လုံးကို ဖားတို့ဖြင့် ဒဏ်ခတ်ဦးမည်။ မြစ်သည်လည်း များစွာသော ဖားတို့ကို ဘွားး၍၊ သူတို့သည် သင်၏အိမ်၌လည်းကောင်း၊ သင်တို့၏အပေါ်၌လည်း ကောင်း၊ သင်၏မီးဖို၌လည်းကောင်း၊ မုန့်နယ်သောခွက်၌လည်း ကောင်း၊ တက်ကြလိမ့်မည်။ သင်မှစ၍ သင်၏လူ၊ သင်၏ကျွန်ရှိသမျှ တို့အပေါ်၌ တက်ကြလိမ့်မည်။**

ဖါရောဘုရင်ကို စတုတ္ထအကြိမ် ဆန့်ကျင်ရာ၌ သခင်ဘုရားသည် အီဂျစ်ပြည်၏ နယ်ပယ်တစ်ခုလုံးကို ဖားများဖြင့် ဒဏ်ခတ်ခဲ့သည် (ထွ၊ဂး ၂)။ ဖားများသည် မြစ်ချောင်း များ၊ စမ်းချောင်းများနှင့် ရေကန်ငယ်များမှ ထွက်ပေါ် လာခြင်းဖြစ်သည်။ ဖါရောဘုရင်၊ သူ၏ အစေခံကျွန်များနှင့် အီဂျစ်လူမျိုးများအားလုံးထံသို့ ရောက်ရှိလာခြင်းအားဖြင့် ဖားများသည် အီဂျစ်လူမျိုး၏ သာယာသောအသက်တာ၏ ပျော်ရွှင်ဝမ်းမြောက်ခြင်းကို ဖျက်ဆီးပစ်လိုက်ခြင်းဖြစ်သည်။ ထိုဖားများသည် မည်မျှဆင်းရဲဒုက္ခဖြစ်ပါမည်နည်း။ အီဂျစ်လူမျိုးများအပေါ် တွင် ဖားတို့၏ဘေးဒဏ်ကို စေလွှတ်ခြင်းအားဖြင့် သခင်ဘုရား သည် အီဂျစ်လူမျိုးတို့အား အီဂျစ်ပြည်၌ သူတို့၏ အသက်တာသည် ပျော်ရွှင်ဝမ်းမြောက် ဖွယ်သောအသက်တာမဟုတ်ဘဲ၊ ဆင်းရဲဒုက္ခများသောအသက်တာဖြစ်သည်ကို သိရှိနား လည်စေလိုသောကြောင့်ဖြစ်သည်။ ဘုရားသခင်၏ အမြင်၌ သူတို့၏ ပျော်ရွှင်ဝမ်းမြောက် ဖွယ်ရာများသည် "ဖားများ"သာဖြစ်သည်ကို အီဂျစ်လူမျိုးတို့သည် သိရှိနားလည်ခြင်း မရှိခဲ့ပါ။

အလေ့အလာ၌ ယနေ့ ကျွန်ုပ်တို့သည်လည်း ထိုတူညီသောအရာကို တွေ့ကြုံခံစား နိုင်သည်။ ကျွန်ုပ်၏ အသက်တာတစ်လျှောက်လုံး၌ "ဖား"အဖြစ်သို့ အသွင်ပြောင်းလဲ သွားသော အရာများစွာကို ကျွန်ုပ်အများကြီး စုဆောင်းခဲ့ဘူးသည်။ ပထမဦးစွာဖြင့်၊ ဤအရာများ၌ ကျွန်ုပ်ဝမ်းမြောက်ပျော်ရွှင်ခဲ့သည်။ သို့သော် ထိုအရာများသည် တစ်ခုပြီး တစ်ခု "ဖား"များဖြစ်လာခဲ့သည်။ အီဂျစ်ပြည်ရှိ ဖားများသည် မည်သူ့ကိုမျှ မသတ်ဖြတ် ပါ၊ သို့သော် သူတို့သည် အယောက်ဆီတိုင်းအတွက် စိတ်ငြိုငြင်စရာဖြစ်စေသည်။ သူတို့ သည် နေရာတိုင်းတွင် ရှိကြသည်။ (*Life-study of Exodus*, p. 196)

## ယနေ့ဖတ်စရာ

ဖားဖြင့် ဒဏ်ခတ်ခြင်းသည် အီဂျစ်ပြည်၌ရှိသော ရေ၏ သဘောသဘာဝကို ထုတ်ဖော်ပြခြင်းဖြစ်သည်။ ခြင်ကောင်များမှာမူ အီဂျစ်ပြည်၌ရှိသော မြေမှုန့်များ၏ သဘောသဘာဝကို ထုတ်ဖော်ပြခြင်းဖြစ်သည်။ မြေမှုန့်များသည် ခြင်ကောင်များဖြစ်လာခြင်းမှာ လောက၌ ကျွန်ုပ်တို့အသက်ရှင်ခြင်း၏မစခြင်း အရင်းအမြစ်သည် နောက်ဆုံးတွင် ဒေါသဖြစ်ဖွယ်ရာများ ဖြစ်စေသည်ကို ဖော်ပြခြင်းဖြစ်သည်။ ရေနှင့် မြေမှုန့်တို့သည် ကျွန်ုပ်တို့အတွက် ဘုရားသခင်ဖြင့် ဖန်ဆင်းထားသောအရာများဖြစ်သော်လည်း၊ ထိုအရာများသည် စာတန်ဖြင့် လုယူသိမ်းပိုက်ခဲ့ပြီး၊ သူ၏ဆိုးညစ်သော အကြံအစည်များအတွက် အသုံးပြုခဲ့သည်။

စကြဝဠာသည် ဘုရားသခင်က ဖန်ဆင်းထားရုံသာမက၊ လူတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ကိုယ်တော်အားဖြင့် အစဉ်တကျစီစဉ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည် စကြာဝဠာ၏ လုပ်ဆောင်ချက်ကို အုပ်စိုးရန် ဥပဒေနှင့် အလေ့အလာတစ်ခုကို စီစဉ်ထားခြင်းဖြစ်သည်။ ဒဏ်ခတ်ခြင်း ခုနစ်မျိုးတွင် ဘုရားသခင်သည် မိုးရေ၏လုပ်ဆောင်ချက်နှင့် စပ်လျဉ်းသောအလေ့အလာကို ပြောင်းလဲခဲ့သည်။ မိုးရေသည် အသက်ကိုထွက်ပေါ်စေရန်အတွက် မြေကြီးအား ရေလောင်းပေးခြင်းမပြုတော့ဘဲ၊ မြေကြီးပေါ်ရှိအသက်ကို ဖျက်ဆီးပစ်ရန် မိုးသီးဖြစ်လာခဲ့သည်။ လူသားတို့၏ ဆာငတ်ခြင်းကို ပြေစေမည့်အစား၊ ၎င်းသည် လူတို့ကို သေစေသည်။ ထွ၊၉း ၂၃ ၌ မိုးသီးသည် ကျလာပြီး မီးသည်လည်း မြေပေါ်မှာ ပြေးလေသည်ဟု ပြောထားသည်။ ထို့အပြင် မီးနှင့်မိုးသီး ရောနှောလျက်ရှိသည် (အငယ်၊ ၂၄)။ ထို့ကြောင့် အလွန်ပြင်းထန်သော အရာနှစ်မျိုးသည် အတူတကွရောနှောနေခြင်းမှာ ဘုရားသခင်သည် စကြာဝဠာ၏ လုပ်ဆောင်ချက်ကို ပြောင်းလဲခဲ့ကြောင်း ပြသခြင်းဖြစ်သည်။

ဤဒဏ်ခတ်ခြင်းကို ကျွန်ုပ်တို့၏ ကိုယ်ပိုင်ဝိညာဉ်ရေးရာအတွေ့အကြုံသို့ ယူဆောင်ကျင့်သုံးနိုင်သည်။ အကယ်၍ ဘုရားသခင်နှင့် ကျွန်ုပ်တို့၏မိတ်သဟာယဖွဲ့ခြင်းသည် မှန်ကန်မှုရှိမည်ဆိုပါက၊ ကိုယ်တော်သည် ကျွန်ုပ်တို့အပေါ်တွင် ဝိညာဉ်ရေးရာမိုးကို ရွာစေပြီး၊ ကျွန်ုပ်တို့ဝိညာဉ်ရှိဥယျာဉ်ကိုရေလောင်းပေးကာ၊ ကျွန်ုပ်တို့၏ဆာငတ်မှုကိုပြေပျောက်စေမည်ဖြစ်သည်။ သို့သော် အကယ်၍ ကျွန်ုပ်တို့သည် ခေါင်းမာခြင်းနှင့် သခင်ဘုရားအား ပုန်ကန်ခြင်းပြုမည်ဆိုပါက၊ ကိုယ်တော်နှင့် ကျွန်ုပ်တို့၏မိတ်သဟာယဖွဲ့ခြင်းသည် ဖျက်ဆီးခြင်းခံရမည်ဖြစ်ပြီး၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏ဝိညာဉ်အပေါ်တွင် မိုးသီးနှင့်အတူ မီးကိုစေလွှတ်ပေးခြင်းအားဖြင့်၊ မိုးရေ၏ဝိညာဉ်ရေးရာ လုပ်ဆောင်ချက်ကို

ပြောင်းလဲစေမည်ဖြစ်သည်။ ဤဝိညာဉ်ရေးရာလုပ်ဆောင်ချက်ကို ပြောင်းလဲခြင်းသည် ပြင်ထန်သော ပျက်စီးခြင်းကို ဖြစ်စေသည်။

ဘေးဒဏ်ကြီးများသည် အီဂျစ်ပြည်၌ လူသားအသက်ရှင်ခြင်းအခြေအနေအား ပျက်စီးခြင်းကို ဖြစ်စေသည်။ အသွေးသည် ရေကိုပျက်စီးစေခဲ့ပြီး၊ ဖားတို့သည် အီဂျစ်လူမျိုးတို့၏ ငြိမ်သက်ခြင်းနှင့် စိတ်ချမ်းသာခြင်းကို အနှောင့်အယှက်ဖြစ်စေသည်။ ခြင်ကောင်များနှင့် ယင်ရဲများ ဘေးဒဏ်သည် အပေါ်ယံမြေဆီလွှာနှင့် လေကို ပျက်စီးစေသည်။ ယင်ရဲများပြီးနောက်တွင် ကပ်ရောဂါ ကျရောက်လာခဲ့သည်။ ထိုအခါ၊ အနာစိမ်းဘေးဒဏ်သည် အရေကြည်ဖုပေါက်စေသည်။ မိုးသီးသည် ပတ်ဝန်းကျင်ကို ပျက်စီးစေပြီး၊ ကျိုင်းကောင်များသည် မိုးသီးများကြောင့် ပျက်စီး၍၊ ကျန်ကြွင်းသောအရာများအားလုံးကို ဖျက်ဆီးဝါးမျိုပစ်သည်။ နောက်ဆုံးတွင် မှောင်မိုက်ဖုံးလွှမ်းခြင်းဘေးဒဏ်သည် မည်သူကိုမျှ လှုပ်ရှား၍၊ မရအောင်ဖြစ်စေသည်။ သို့သော် ဤဘေးဒဏ်ကိုးခုပြီး၍၊ အီဂျစ်ပြည်တစ်လျှောက်လုံး၌ လူသားအသက်ရှင်ခြင်းနှင့် စပ်လျဉ်းသော ပတ်ဝန်းကျင်တစ်ခုလုံးသည် ဖျက်ဆီးခြင်းကို ခံခဲ့ရသော်လည်း ဖါရောဘုရင်သည် ချုပ်တည်းခြင်းမခံရသေးပေ။

၁၂း၃၀ ၌ အီဂျစ်လူမျိုးတို့အကြားတွင် "တစ်စုံတစ်ဦးမသေသော အိမ်မရှိပါ" ဟုပြောဆိုထားသည်။ ဤနောက်ဆုံးသော ဘေးဒဏ်အားဖြင့် ဖါရောဘုရင်သည် ချုပ်တည်းခြင်းကို ခံခဲ့ရသည် (၁၁း၁။ ၁၂း၂၁–၃၀၊ ၃၃)။ ထိုအတိုင်းအတာရောက်မှသာလျှင်၊ သူသည် အစ္စရေးအမျိုးသားတို့အား သူတို့၏သားသမီးများနှင့်အတူ၊ သူတို့၏သိုး၊ နွား၊ တိရိစ္ဆာန်များ(၁၂း၃၁–၃၂)နှင့် သွားခွင့်ပြုရန် အလိုဆန္ဒရှိလေသည်။ သူနှင့် အီဂျစ်လူများအားလုံးတို့သည် အမှန်တကယ်တွင် အစ္စရေးအမျိုးသားတို့အား အီဂျစ်ပြည်မှ မောင်းထုတ်လေသည်(အငယ်၊ ၃၃)။ (*Life-study of Exodus*, pp. 199, 214, 241-243)

*ပို၍ဖတ်ရန်- Life-study of Exodus*, msg. 18

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————
——————————————————————————————————
——————————————————————————————————
——————————————————————————————————
——————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ယာ၊ မှားယွင်းခြင်းအမှုကိုပြုသောယောကျ်ား၊ မိန်းမတို့၊ လောကနှင့်မိတ်**
**၄း၄ ဖွဲ့ခြင်းသည် ဘုရားသခင်နှင့်ရန်ဘက်ဖြစ်သည်ကို မသိကြသလော။**
**ဤလောကနှင့် အဆွေဖွဲ့လိုသောသူသည် ဘုရားသခင်၏ရန်သူဖြစ်၏။**
**ရော၊ ကျမ်းစာ၌ ဖာရောဘုရင်ကို ဆိုသည်ကား၊ "ငါ့တန်ခိုးကို သင်၌ ငါပြ**
**၉း၁၇ ခြင်းငှါ လည်းကောင်း၊ ငါ့နာမကို မြေကြီးတစ်ပြင်လုံးတွင် ကျော်**
**စောစေခြင်းငှါလည်းကောင်း၊ သင့်ကို ချီးမြှောက်ခဲ့ပြီ"ဟုဆိုသတည်း။**

အကယ်၍ ထွက်မြောက်ရာကျမ်း၏ ရှေ့ပိုင်းအခန်း ၁၄ ခန်း မရှိဘူးဆိုလျှင်၊ ကျွန်ုပ်တို့သည် လောကအပေါ် ထားသော ဘုရားသခင်၏စိတ်သဘောထားအတိုင်း လောကကို အကုန်အစင် သို့မဟုတ် ရှင်းလင်းစွာဖြင့် မြင်နိုင်လိမ့်မည်ဟု ကျွန်ုပ်မထင်ပါ။ ဖါရောဘုရင်သည် နှလုံးခိုင်မာရာတွင် အတုမရှိသောသူဖြစ်သည်။ သူသည် သားဦးများ သေသည့်တိုင် နှလုံးခိုင်မာနေဆဲဖြစ်သည်။ ဤအရာကို နောက်ပိုင်းတွင် အစ္စရေးလူမျိုး နောက်သို့လိုက်ခဲ့ခြင်းအကြောင်းရင်းအားဖြင့် သက်သေပြနိုင်သည်။ ဘုရားသခင်သည် ဖါရောဘုရင်ကို အသုံးပြုခြင်းအားဖြင့် အီဂျစ်လူမျိုး၊ အစ္စရေးလူမျိုးနှင့် ခေတ်များ တစ်လျှောက်လုံး၌ ကိုယ်တော်၏လူမျိုးတို့အား ပညာပေးခဲ့သည်။ ယနေ့ အသင်းတော်ရှိလူတို့သည် လောကအသက်တာ၏ သဘောသဘာဝ၊ ပုံဆောင်ချက်နှင့် ၎င်းမှထွက်ပေါ်သောရလဒ်နှင့် ထိုကဲ့သို့သော အသက်တာအပေါ် တွင် ထားရှိသောဘုရားသခင်၏ စိတ်နေသဘောထားကို ထွက်မြောက်ရာကျမ်းရှိ ဤအခန်းများမှ သင်ယူရန်လိုအပ်သည်။ ထိုသို့သော ဖွင့်ပြခြင်းကို လက်ခံရရှိမှသာလျှင်၊ ကျွန်ုပ်တို့သည် လောကကို အမှန်တကယ် မုန်းတီးနိုင်မည်ဖြစ်သည်။ (*Life-study of Exodus,* pp. 217-218)

## ယနေ့ဖတ်စရာ

ယနေ့ များစွာသောခရစ်ယာန်တို့သည် အပြစ်ကို ရွံမုန်းကြသည်၊ သို့သော် လောကကို ရွံမုန်းသောသူ အနည်းငယ်သာရှိသည်။ ကျွန်ုပ်တို့သည် မိမိတို့အမျက်ဒေါသထွက်မည်ကို လွန်စွာစိုးရိမ်ကြသည်။ သို့သော် ကျွန်ုပ်တို့၏ စိတ်နှလုံး အား လောကကိုချစ်ခြင်းမှ စောင့်ထိန်းရန်မှု လွန်စွာ နမော်နမဲ့ဖြစ်ကြသည်။ ကျွန်ုပ်တို့၏ အမျက်ဒေါသထွက်ခြင်းမှာ အပြစ်ဖြစ်သည်၊ သို့သော် လောကကို ချစ်ခြင်းမှာ ဘုရားသခင်၏ရန်သူဖြစ်သည် (ယာ၊ ၄း၄)။ ဘုရားသခင်အဖို့ လောကဆန်ခြင်းသည် အပြစ်ထက် ဆိုးဝါးသောအရာဖြစ်

သည်။ အပြစ်ပြုခြင်းသည် ဘုရားသခင်၏ဖြောင့်မတ်ခြင်းကို ဆန့်ကျင်ခြင်းဖြစ်ပြီး၊ လောကဆန်ခြင်းမှာမူ ဘုရားသခင်၏ သန့်ရှင်ခြင်းကို ဆန့်ကျင်ခြင်းဖြစ်သည်။ ယင်း သန့်ရှင်းခြင်းသည် ကိုယ်တော်၏ဖြောင့်မတ်ခြင်းထက် သာလွန်သောအရာ ဖြစ်သည်။ ထွက်မြောက်ရာကျမ်းက ကျွန်ုပ်တို့အား သွန်သင်ပေးသောပညာကို ကျွန်ုပ်တို့မည်မျှ လို အပ်လှပါတကား။ ဤစာစောင်၏ အရှေ့ပိုင်းအခန်းကြီးများအားဖြင့်သာလျှင် ဘုရား သခင်သည် လောကကို မည်မျှမုန်းတီးကြောင်းကို သိမြင်လာနိုင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့ သည် ဤအခန်းများအားဖြင့် ပညာပေးခြင်းကို ခံရပြီးဆိုပါက၊ ကျွန်ုပ်တို့သည် အပြစ်ကို သာမက၊ လောကကိုလည်း မုန်းတီးလာမည် ဖြစ်သည်။

အကယ်၍၊ ကျွန်ုပ်တို့သည် အသွေး၊ ဖားများ၊ ခြင်ကောင်များ၊ ကပ်ရောဂါ၊ အနာ စိမ်းများ၊ မိုးသီးများ၊ ကျိုင်းကောင်များနှင့် မှောင်မိုက်ခြင်းကို မြင်မည်ဆိုလျှင်၊ ကျွန်ုပ်တို့ အား လောကကို မချစ်ရန်အတွက် တိုက်တွန်းနှိုးဆော်ပေးမည့်သူကို လိုအပ်လိမ့်မည် မဟုတ်ပါ။ ကျွန်ုပ်တို့သည် အလိုအလျောက်ပင် လောကအရာများသည် ချစ်စရာ မကောင်းကြောင်းကို မြင်လာပြီး၊ လောကကိုချစ်ခြင်းမှ အလိုလိုရပ်တန့် သွားပေမည်ဖြစ် သည်။ ဖားများ၊ ခြင်ကောင်များ၊ ယင်ကောင်များ၊ ကပ်ရောဂါများ၊ ကျိုင်းကောင်များနှင့် မှောင်မိုက်ကို ချစ်နှစ်သက်ပါသလား။ မနှစ်သက်သည်မှာ သေချာပါသည်။ လောက၏ သဘောသဘာဝအမှန်ကို မြင်သောအခါမှသာလျှင်၊ သင်သည် လောကအရာများကို ချစ်ခြင်းမှ ရပ်တန့်မည်ဖြစ်သည်။

ဖါရောဘုရင်နှင့် သူ၏ခေါင်းမာခြင်းအတွက် သခင်ဘုရားကို ကျေးဇူးတင်ပါ သည်။ ရောမ၉ ၌ ပေါလုသည် ဖါရောဘုရင်အကြောင်းကို ဥပမာအဖြစ် တင်ဆက်ထား သည်။ ဖါရောဘုရင်သည် နှလုံးခိုင်မာသောကြောင့် ဘုရားသခင်သည် အီဂျစ်လူတို့ အပေါ် တွင် ဘေးဒဏ်တစ်ခုပြီးတစ်ခုကို စေလွှတ်ပေးခဲ့သည်။ ဘေးဒဏ်တစ်ခုချင်းစီ တိုင်းတွင် ကျွန်ုပ်တို့အတွက် သင်ယူရမည့် သင်ခန်းစာရှိသည်။ အကယ်၍ ကျွန်ုပ်တို့သည် ဘေးဒဏ်များ၏ ပုံဆောင်ချက်ကို နက်နက်နဲနဲ စွဲမှတ်ခဲ့မည်ဆိုပါက၊ ကျွန်ုပ်တို့သည် လောက၏ အသက်ရှင်ခြင်းကို စွန့်ခွာလာပေမည်ဖြစ်သည်။

ပထမဘေးဒဏ်ပေးခြင်းမှာ သွေးဖြစ်ပြီး၊ ကိုးခုမြောက်သော ဘေးဒဏ်မှာ မှောင် မိုက်ကျရောက်ခြင်းဖြစ်သည်။ အသွေးနှင့် မှောင်မိုက်ခြင်း နှစ်ခုစလုံးသည် သေခြင်းကို ပုံဆောင်သည်။ ထို့ကြောင့် ဘေးဒဏ်ခတ်ခြင်းသည် သေခြင်းမှ သေခြင်းသို့ ကျရောက် သွားခြင်းဖြစ်သည်။ လောက၏ အသက်တာသည် သေခြင်း၏ အကြောင်းအရာသာဖြစ် သည်။

အီဂျစ်ပြည်သည် လောက၏ပုံစံဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့၌ လောက၏ အသေးစိတ်ကျသောရုပ်ပုံရှိမည်ဆိုလျှင်၊ ၎င်းအပေါ်တွင် ထားရှိသောဘုရားသခင်၏ စိတ်နေသဘောထားကို သိရှိလာမည်ဖြစ်ပြီး၊ ၎င်းကို ချစ်ခြင်းမှလည်း အလိုအလျောက် ပင် ရပ်တန့်သွားပေမည်။ ကျွန်ုပ်တို့သည် မြေကြီးပေါ်ရှိ ဘုရားသခင်၏ ကိန်းဝပ်ရာနေရာ ဖြစ်မည်ဆိုပါက၊ ကျွန်ုပ်တို့သည် လောကကိုလုံးလုံးသိကျွမ်းရမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ဖြစ် ခြင်းထဲရှိ လောက၏ဒြပ်သဘာဝများကို သန့်စင်ဖယ်ရှားရမည်ဖြစ်သည်။ လောကမှ ခွဲခြားခြင်းခံရမှသာလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကိန်းဝပ်ရာနေရာဖြစ်လာနိုင်မည် ဖြစ်သည်။ ဘုရားသခင်၏ပြည့်စုံသောကယ်တင်ပေးခြင်း၌ ကျွန်ုပ်တို့သည် အပြစ်နှင့် ဘုရားသခင်၏စီရင်တော်မူခြင်းမှ ကယ်တင်ခြင်းခံရသည်သာမက၊ လောကမှလည်း ခွဲခြားခြင်းကို ခံရသည်။ ဂလ၊၁း၄ အရ ခရစ်တော်သည် ကျွန်ုပ်တို့အား ဤဆိုးညစ်သော မျက်မှောက်ခေတ်မှ ကယ်နုတ်ရန်အလို့ငှါ၊ မိမိကိုယ်ကိုပေးအပ်တော်မူခဲ့သည်။ ထို့ကြောင့် ပြည့်စုံသောကယ်တင်ခြင်းသည် ပသခါပွဲနှင့် ပင်လယ်နီကိုဖြတ်ကျော်ခြင်းနှစ်မျိုးလုံး ပါဝင်သည်။ အစ္စရေးအမျိုးသားတို့သည် အီဂျစ်ပြည်မှ ခေါ်ထုတ်ခြင်းကို ခံရပြီး၊ ဘုရား သခင်သည် သူတို့ကို ဟောရပ်တောင်ပေါ်သို့ ခေါ်ဆောင်ပေးခဲ့သည်။ ထိုနေရာ၌ သူတို့ သည် ဘုရားသခင်၏ကိန်းဝပ်ရာနေရာနှင့်စပ်လျဉ်းသော ဖွင့်ပြခြင်းကို လက်ခံရရှိခဲ့ သည်။ ထို့ကြောင့် ထွက်မြောက်ရာကျမ်းသည် လောကနှင့် ဘုရားသခင်၏ကိန်းဝပ်ရာ နေရာအကြောင်း၏ ရှင်းလင်းသောမြင်ကွင်းကို ကျွန်ုပ်တို့အားဖွင့်ပြထားသည်။

ဤသည်မှာ ထွက်မြောက်ရာကျမ်း၌ ထုတ်ဖော်ဖွင့်ပြထားသည့် လောကအပေါ် ဘုရားသခင်၏စီရင်တော်မူခြင်းဖြစ်သည်။ (*Life-study of Exodus*, pp. 218-220).

*ပို၍ဖတ်ရန်-* *Life-study of Exodus*, msgs. 19, 22

***အလင်းဖွင့်ပြခံရခြင်းနှင့်နိူးဆော်ခံရခြင်း*** ––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

***Hymns*, E 438, M 123, K 335**

၁။ လောက၏ချည်းနှီးပျော်ပါးရာ
ကျွန်ုပ်ကျော်ခိုင်းထားခဲ့ပြီ
သာလွန်ကောင်းမွန်၊ မြင့်မား၊ သန့်ရှင်း
ဘဏ္ဍာပေါ် စိတ်နှလုံးရှိ
ချည်းနှီးပြိုးပြက်တောက်ပရာများ
မျက်စိမကန်းစေနိုင်ပြီ
ခြားထားပေးသောမျဉ်းဖြတ်ကျော်ပြီ
လောကကို ကျော်ခိုင်းခဲ့ပြီ။

ဝေး၊ ဝေး ကျော်ခိုင်းခဲ့
ဝေး၊ ဝေး ကျော်ခိုင်းခဲ့
ခြားထားပေးသောမျဉ်းဖြတ်ကျော်ပြီ
လောကကို ကျော်ခိုင်းခဲ့ပြီ။

၂။ အပြစ်သား၏လူဟောင်းသက်တာ
မိုက်မဲခြင်းများ ကျော်ခိုင်းထား
ခရစ်တော်၌ ကျွန်ုပ်ရပ်တည်
သန့်ရှင်းစကားတော်ယူဆောင်
ကားတိုင်တော်အောက် ကျွန်ုပ်ရှိကြောင်း
လောကသည် မြင်ရလိမ့်မည်
သေခြင်းမှ ရှင်ခြင်းသို့ ကူးပြောင်း
လောကကို ကျော်ခိုင်းခဲ့ပြီ။

ဝေး၊ ဝေး ကျော်ခိုင်းခဲ့
ဝေး၊ ဝေး ကျော်ခိုင်းခဲ့
သေခြင်းမှ ရှင်ခြင်းသို့ ကူးပြောင်း
လောကကို ကျော်ခိုင်းခဲ့ပြီ။

၃။ ကျွန်ုပ်စိတ် မူလနေရာသို့
လှည့်ပြန်သွားခြင်းမရှိတော့
စီရင်ခံခြင်းမှ လွတ်မြောက်ပြီ
နားခိုငြိမ်သက်ခြင်းရှိပြီ
ကျွန်ုပ်၏သခင်နှင့်တွေ့ပြီ
ဘုန်းတော်ဖြင့် ချည်နှောင်ခံပြီ
လောကကို လုံးလုံးထားခဲ့ပြီ
လောကကို ကျော်ခိုင်းခဲ့ပြီ။

ဝေး၊ ဝေး ကျော်ခိုင်းခဲ့
ဝေး၊ ဝေး ကျော်ခိုင်းခဲ့
လောကကို လုံးလုံးထားခဲ့ပြီ
လောကကို ကျော်ခိုင်းခဲ့ပြီ။

၄။ ထာဝရတွက် ကျွန်ုပ်ရွေးချယ်
အခြားကယ်တင်ရှင်မလို
သန့်ရှင်းပျော်ရွှင်ခြင်းမတောင်းလျှောက်
ချိုမြိန်မွေးကြိုင်ခြင်းတောင့်တ
ခရစ်တော်ပေါ် စိတ်နှလုံးရှိ
လောကဖုံးကွယ်မနိုင်ပြီ
သေခြင်းပင်လယ်နီ ဖြတ်ကျော်ပြီ
လောကကို ကျော်ခိုင်းခဲ့ပြီ။

ဝေး၊ ဝေး ကျော်ခိုင်းခဲ့
ဝေး၊ ဝေး ကျော်ခိုင်းခဲ့
သေခြင်းပင်လယ်နီ ဖြတ်ကျော်ပြီ
လောကကို ကျော်ခိုင်းခဲ့ပြီ။

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ

## ဆက်ကပ်အပ်နှံခြင်းနှင့် စပ်လျဉ်းသော ရှုပါရုံ

ဖတ်ရန်ကျမ်း။ ။ ဝတ်၊ ၁း၃–၄က၊ ၉၊ ၁၆။ ၆း၈–၁၃။ ၇း၈။ ၈း၁၈။ တရား၊ ၆း၁–၉၊ ၂၂–၂၇။ တ၊ ၁း၁၂–၁၄။ ၂၆း၁၉။

*Day 1* **I. မီးရှို့ရာ ပူဇော်သက္ကာသည်(ဝတ်၊၁း၁–၁၇) လူကိုအပြစ်မှ ရွေးနုတ်ခြင်း၌သာမဟုတ်ဘဲ၊ ဘုရားသခင်၏ ကျေနပ်နှစ်သိမ့်ခြင်းနှင့် ဘုရားသခင်အတွက် လုံးလုံးစုံလင်သော အသက်တာကို အသက်ရှင်ခြင်း၌သော်လည်းကောင်း(အငယ်၊၃–၄က၊ ၉။ ယော၊၅း၁၉၊ ၃၀။ ၆း၃၈။ ၇း၁၈။ ၈း၂၉။ ၁၄း၂၄)၊ ဘုရားသခင်၏လူမျိုးတို့အား ထိုကဲ့သို့သော အသက်တာကို အသက်ရှင်စေရန် တတ်စွမ်းနိုင်သော ကိုယ်တော်၏အသက်ဖြစ်ခြင်း၌သော်လည်းကောင်း ခရစ်တော်ကို ပုံဆောင်ခြင်းဖြစ်သည် (၂ကော၊၅း၁၄–၁၅။ ဂလ၊၂း၁၉–၂၀။ ဧ၊၄း၂၀–၂၁)။**

က။ မီးရှို့ရာ ပူဇော်သက္ကာသည် ဘုရားသခင်မွှေ့လျော်ဝမ်းမြောက်ရာနှင့် "ယေဟောဝါဘုရားအား မွှေးကြိုင်သော ပူဇော်သက္ကာအဖြစ်"ကိုယ်တော့်ကို ကျေနပ်နှစ်သိမ့်စေနိုင်သော ဘုရားသခင်၏ အစာဖြစ်သည် (ဝတ်၊၁း၉က။ တော၊၂၈း၂။ cf. ၂ကော၊၂း၁၄–၁၅။ ၂ဘုရင်၊၄း၈–၁၀ခ)။

ခ။ ဤပူဇော်သက္ကာသည် နံနက်ပိုင်းနှင့် ညနေပိုင်း၌ နေ့တိုင်းပူဇော်ရန်ဖြစ်သည် (ထွ၊၂၉း၃၈–၄၂။ ဝတ်၊၆း၈–၁၃။ တော၊၂၈း၂–၄)။

ဂ။ မီးရှို့ရာယဇ်ပြုသော သိုးထီးသည် ကျွန်ုပ်တို့၏မမွှသစ်ယဇ်ပုရောဟိတ်အရာကို လက်ခံရန်အတွက် ကျွန်ုပ်တို့၏မီးရှို့ရာပူဇော်သက္ကာတည်းဟူသော သန့်စွမ်းသောခရစ်တော်ကို ပုံဆောင်ခြင်းဖြစ်သည် (ဝတ်၊၈း၁၈)။ ဤပူဇော်သက္ကာ၊ ဆက်ကပ်အပ်နှံခြင်းပြုသောသိုးထီးမှာ (အငယ်၊ ၂၂။ ၇း၃၇နှင့် မှတ်စု၊ ၁) အမှုဆောင်သူများဖြစ်သည့် ကျွန်ုပ်တို့သည် ဘုရားသခင်အတွက် လုံးလုံးဖြစ်ရမည်ဖြစ်သော်လည်း ကျွန်ုပ်တို့သည် လုံးလုံးမဖြစ်နိုင်ကြောင်းကို သတိပေးခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ် အမှုဆောင်ခြင်းအတွက် ခရစ်တော်ကို ကျွန်ုပ်တို့၏ မီးရှို့ရာပူဇော်သက္ကာအဖြစ် နေ့တိုင်း ယူဆောင်ရန်လိုအပ်သည် (၆း၁၂။ cf. ဟေဗြဲ၊၁၀း၅–၁၀)။

***Day 2***

ဃ။ မီးရှို့ရာယဇ်၏ဦးခေါင်းပေါ်တွင် မိမိလက်ကိုတင်ခြင်းမှာ ခရစ်တော်နှင့်အတူ ကျွန်ုပ်တို့၏ ကိုယ်စားပြုခြင်း၊ ပေါင်းစည်းခြင်းကို ဖော်ပြခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ ပူဇော်သက္ကာတည်းဟူသော ခရစ်တော်အပေါ်တွင် လက်ကိုတင်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်ဆက်နွယ်ကာ၊ ကိုယ်တော်နှင့် ကျွန်ုပ်တို့သည် တစ်လုံးတစ်ဝတည်းဖြစ်လာသည် (ဝတ်၊၁း၄က)။

၁။ ထိုသို့ ပေါင်းစည်းဆက်နွယ်ခြင်း၌ ကျွန်ုပ်တို့၏ အားနည်းချက်များအားလုံး၊ ချို့ယွင်းချက်များနှင့် အပြစ်များအားလုံးသည် ကိုယ်တော်အားဖြင့် ယူဆောင်ပေးခဲ့ပြီး၊ ကိုယ်တော်၏ ကောင်းမြတ်ခြင်းများအားလုံးသည် ကျွန်ုပ်တို့၏ အရာဖြစ်လာသည်။ ဤအရာသည် သင့်လျော်မှန်ကန်သော ဆုတောင်းခြင်းကို ပြုခြင်းအားဖြင့် ကျွန်ုပ်တို့၏ ဝိညာဉ်ကို လေ့ကျင့်ရန်လိုအပ်သည်။ သို့မှသာ ကျွန်ုပ်တို့သည် အလွန်လက်တွေ့ကျသောနည်းလမ်း၌ ကိုယ်တော်နှင့် တစ်လုံးတစ်ဝဖြစ်နိုင်မည်ဖြစ်သည် (၁ကော၊၆း၁၇)။

၂။ ဆုတောင်းခြင်းအားဖြင့် ခရစ်တော်အပေါ်တွင် မိမိတို့၏ လက်ကို တင်သောအခါ၊ အသက်ပေးသောဝိညာဉ်တော်၊ ကျွန်ုပ်တို့လက်တင်သောခရစ်တော်သည် (၁၅း၄၅။ ၂ကော၊၃း၆၊၁၇)၊ မြေကြီးပေါ်တွင် ခရစ်တော်အသက်ရှင်ခဲ့သော၊ မီးရှို့ရာယဇ်၏ အသက်တာကို ပြန်ကျော့အသက်ရှင်သောအသက်တာကို ကျွန်ုပ်တို့ထဲတွင် အသက်ရှင်စေရန် ချက်ချင်း လှုပ်ရှားလုပ်ဆောင်ပေးလိမ့်မည်ဖြစ်သည် (ဂလ၊၆း၁၇)။

င။ ကျွန်ုပ်တို့သည် နေ့ရက်စဉ်တိုင်း၌ ခရစ်တော်ကို ကျွန်ုပ်တို့၏ မီးရှို့ရာယဇ်အဖြစ် ယူဆောင်ရန်လိုအပ်သည် (တော၊၂၈း၃–၄။ ဝတ်၊၁း ၂–၄။ ၆း၁ ၂–၁၃။ cf. ၂တိ၊၁း၆)။ သို့မှသာ ကျွန်ုပ်တို့သည် မီးရှို့ရာယဇ်ဖြစ်သော ကိုယ်တော်၏ အတွေ့အကြုံ၌ ခရစ်တော်ကို တွေ့ကြုံခံစားနိုင်မည်ဖြစ်သည်၊ အပြင်ပိုင်းအားဖြင့် ခရစ်တော်ကို တုပပြုမူခြင်းမဟုတ်ဘဲ၊ ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာ၌ ကိုယ်တော့်ကို ရှင်ထွက်နိုင်ရန် ဖြစ်သည် (၂ကော၊၅း၁၄–၁၅။ ဖိ၊၁း၁၉–၂၁။ တ၊၂၇း ၂၂–၂၅။ ၂၈း၃–၉။ ၁ကော၊၁း၉)။

စ။ ခရစ်တော်ကို ကျွန်ုပ်တို့၏ မီးရှို့ရာယဇ်အဖြစ် စဉ်ဆက်မပြတ်ယူဆောင်သည့် အားလျော်စွာ၊ ကိုယ်တော့်လုပခြင်း၏ အပြင်ပိုင်းထင်ရှားခြင်းသည် ကျွန်ုပ်တို့၌ ကိုယ်တော်၏ကြီးမားထင်ရှားခြင်းအတွက် အကြောင်းတရားအဖြစ်ပို၍ မှတ်ယူနိုင်လေလေဖြစ်ကာ (ဝတ်၊ ၇း၈။ ဆာ၊ ၈ဝး၁၇။ ထွ၊ ၂၇း ၂။ ဖိ၊ ၁း ၂ဝ)၊ ကျွန်ုပ်တို့ကို လွှမ်းခြုံပေးရန်၊ ကာကွယ်ပေးရန်နှင့် စောင့်ထိန်းပေးရန် ခရစ်တော်ကို ကျွန်ုပ်တို့၏ လွှမ်းခြုံခြင်းအဖြစ် ပို၍ဝမ်းမြောက်နိုင်လေလေဖြစ်သည် (၄း၁၃။ ၂ကော၊ ၁၂း၉)။

*Day 3*

ဆ။ မီးရှို့ရာယဇ်၏ ယဇ်ပလ္လင်ပေါ်ရှိ မီးသည် "အလျှင်းမသေဘဲ" အစဉ်မပြတ်လောင်ရမည် (ဝတ်၊ ၆း၈–၁၃)။ တစ်နေ့ပြီးတစ်နေ့၊ အကြိမ်များစွာ ခရစ်တော်၌ ဘုရားသခင်ထံသို့ ပူဇော်သက္ကာအဖြစ် ကိုယ်တော်အားဖြင့် အစဉ်မပြတ်လောင်ကျွမ်းခြင်းခံရန် ကျွန်ုပ်တို့သည် မိမိကိုယ်ကို ပူဇော်ဆက်သရမည်။ သို့မှသာ ကျွန်ုပ်တို့သည် အခြားသူများကို လောင်ကျွမ်းနိုင်မည်ဖြစ်သည် (cf. ရောမ၊ ၁၂း၁–၂။ တော၊ ၂၇း၃–၄၊ ၉–၁၁၊ ၁၉၊ ၂၆–၂၇။ ၂၉။ ၁–၂၊ ၇–၈၊ ၁၂–၁၃၊ ၃၈–၄ဝ)။

ဇ။ ဤကဲ့သို့သော ဆက်ကပ်အပ်နှံခြင်းသည် "အထက်အရပ်" ဆက်ကပ်အပ်နှံခြင်း၊ ကျွန်ုပ်တို့ "လက်ထပ်ထိမ်းမြားခြင်း" အတွက် ဆက်ကပ်အပ်နှံခြင်းနှင့် ဘုရားသခင်၏ ထာဝရစီမံကိန်း၏ ကောင်းကင်ဆိုင်ရာရူပါရုံနှင့် မိမိကိုယ်ကို ဘေးဖယ်သော ဆက်ကပ်အပ်နှံခြင်းဖြစ်သည် (တ၊ ၁း၁၂–၁၄။ ဗျာ၊ ၃း၁၈။ တ၊ ၂၆း၁၉–၂၉)။

ဈ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ထင်ရှားခြင်းအတွက် ယေရုရှလင်မြို့သစ်ဖြစ်လာဖို့ ပြာဖြစ်သွားရန် လိုအပ်သည် (ဆာ၊ ၂ဝး၃။ ဝတ်၊ ၁း၁၆။ ၆း၁ဝ–၁၁။ ၁ကော၊ ၃း၁၂က။ ဗျာ၊ ၃း၁၂။ ၂၁း ၂၊ ၁ဝ–၁၁၊ ၁၈း ၂၁)။

ည။ မီးရှို့ရာယဇ်၏ ပြာသည် အနတ္တအဖြစ်သို့ ဆုတ်ယုတ်သွားသော ခရစ်တော်ကို ပုံဆောင်ခြင်းဖြစ်သည် (မာ၊ ၉း၁၂။ ဟေရှာ၊ ၅၃း၃)။

၁။ သခင်ဘုရား၏ အလိုဆန္ဒမှာ ခရစ်တော်၌ ယုံကြည်သူများ အားလုံးသည် ပြာအဖြစ်သို့ ဆုတ်ယုတ်သွားရန် ဖြစ်သည်။

၂။ ကျွန်ုပ်တို့သည် ပြာအဖြစ်သို့ ဆုတ်ယုတ်သွားသည့် ခရစ်တော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်ချိန်မှစ၍၊ ကျွန်ုပ်တို့သည်လည်း ပြာ

အဖြစ်သို့၊ ယင်းမှာ ဘာမျှမဟုတ်သည့်ထိ၊ သူည ဖြစ်သည်ထိ ဆုတ်ယုတ်သွားခြင်းဖြစ်သည်(၁ကော၊၁း ၂၈။ ၂ကော၊၁၂း၁၁)။

၃။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ သေခြင်း၌ ခရစ်တော်နှင့် ရပ်တည်လေလေ၊ ပြာဖြစ်လာသည်ကို ကျွန်ုပ်တို့ပို၍သိရှိနားလည်လာလေလေဖြစ်သည်။

၄။ ကျွန်ုပ်တို့သည် ပြာဖြစ်လာသောအခါ၊ ဇာတိလူ မဟုတ်တော့ဘဲ၊ ကျွန်ုပ်တို့သည် အသေသတ်ခြင်းခံသော၊ အဆုံးသတ်ခံသော၊ လောင်ကျွမ်းခြင်းကို ခံသောသူ ဖြစ်လာမည်ဖြစ်သည် (ဂလ၊ ၂း ၂၀က)။

၅။ ပြာသည် မီးရှို့ရာ ပူဇော်သက္ကာကို ချီးမြှင့်၍ ကိုယ်တော်ကို ကျေနပ်စေသော ဆီဥအဖြစ် ဘုရားသခင်လက်ခံတော်မူခြင်း၏ လက္ခဏာဖြစ်သည် (ဆာ၊ ၂၀း၃။ cf. ၃၆း၈–၉)။

၆။ ပြာကို ယဇ်ပလ္လင်၏ အရှေ့အရပ်၊ နေထွက်ရာအရပ်တွင်ထားခြင်းမှာ ရှင်ပြန်ထမြောက်ခြင်းကို ရည်ညွှန်းခြင်းဖြစ်သည် (ဝတ်၊ ၁း၁၆။ ယော၊၁၁း ၂၅။ ဖိ၊၃း၁၀–၁၁။ ၂ကော၊၁း၉)။

(က) မီးရှို့ရာ ပူဇော်သက္ကာတည်းဟူသော ခရစ်တော်နှင့်အတူ ပြာတို့သည် အဆုံးသတ်ခြင်းမဟုတ်ပါ– ထိုအရာတို့သည် အစပြုခြင်းဖြစ်သည် (မာ၊၉း၃၁)။

(ခ) ပြာသည် ခရစ်တော်၏ အသေသတ်ခံပြီးဖြစ်ကြောင်းကို ဆိုလိုသည်၊ သို့သော် အရှေ့အရပ်သည် ရှင်ပြန်ထမြောက်ခြင်းကို ပုံဆောင်ခြင်းဖြစ်သည်။

(ဂ) ကျွန်ုပ်တို့သည် ခရစ်တော်၌ ပြာအဖြစ်သို့ ဆုတ်ယုတ်ခြင်းခံရလေလေ၊ အရှေ့အရပ်သို့ ထားခြင်းကိုခံရလေလေဖြစ်ပြီး၊ ကျွန်ုပ်တို့သည် အရှေ့အရပ်တွင် နေထွက်လာမည်ကို ယုံကြည်စိတ်ချကာ၊ ရှင်ပြန်ထမြောက်ခြင်း၏ နေထွက်လာခြင်းကို တွေ့ကြုံခံစားရမည်ဖြစ်သည် (ဖိ၊၃း၁၀–၁၁)။

၇။ နောက်ဆုံးတွင် ပြာသည် ယေရုရှလင်မြို့သစ်ဖြစ်လာမည်ဖြစ်သည် (ဗျာ၊၃း၁၂။ ၂၁း၂၊ ၁၀–၁၁)။

(က) ခရစ်တော်၏ သေခြင်းသည် ကျွန်ုပ်တို့ကို အဆုံးသတ်စေ

သည်၊ ပြာအဖြစ်သို့ ဆုတ်ယုတ်စေပြီး၊ ရှင်ပြန်ထမြောက်ခြင်း၌ ပြာသည် ဘုရားသခင်၏ တည်ဆောက်ခြင်းအတွက် အဖိုးတန်သော တန်ဆာပလာများ ဖြစ်လာမည်ဖြစ်သည် (၁ကော၊၃း၉ခ၊ ၁၂က)။

(ခ) ကျွန်ုပ်တို့သည် ပြာအဖြစ်သို့ ဆုတ်ယုတ်သွားသည့်အခါ၊ ယေရုရှလင်မြို့သစ်ကို တည်ဆောက်ရန်အတွက် အဖိုးတန်သော တန်ဆာပလာဖြစ်လာရန် သုံးပါးတစ်ပါးဘုရား၏ ပုံသဏ္ဍာန်ပြောင်းလဲပေးခြင်း အထဲသို့ ခေါ်ဆောင်ခြင်း ခံရသည် (ရော၊၁၂း၁–၂။ ၂ကော၊၃း၁၈။ ဗျာ၊၂၁း၁၈–၂၁)။

*Day 4* **II. ဘုရားသခင်၏ အလိုဆန္ဒမှာ ကိုယ်တော်၏ လူများအားလုံးတို့သည် မိမိကိုယ်ကို နာဇရိလူများ၊ ဘုရားသခင်အတွက် အပြည့်အဝ၊ လုံးလုံးအကြွင်းမဲ့နှင့် အဆုံးစွန်ဖြစ်ရန်အလို့ငှါ၊ ဘုရားသခင်အဖို့ မိမိကိုယ်ကိုသီးသန့်ခွဲခြားသောသူ၊ ယင်းမှာ ဘုရားသခင်မှလွဲ၍ အခြားမည်သည့်အရာတွက်မျှ မဟုတ်ဘဲ၊ ဘုရားသခင်ကို ချစ်ရန်၊ ဘုရားကို ရှာဖွေရန်၊ ဘုရားကို အသက်ရှင်ရန်နှင့် ဘုရားသခင်ကို ထင်ရှားရန်အတွက် ဘုရားနှင့်အခြားသူများကို ကောင်းကြီးပေးရန် ဘုရားသခင်နှင့် စေ့စပ်ထုံးဖွဲ့တည်ဆောက်ခြင်းခံရန်ဖြစ်သည် (တော၊၆း၁–၉၊ ၂၂–၂၇။ ဆာ၊၇၃း၂၅–၂၆။ ယော၊၂း၃၉။ ၂ကော၊၁၃း၁၄။ cf. ဆာ၊၁၁၀း၃။ မ၊၂၆း၆–၁၃)။**

က။ ပုံဆောင်ချက်အားဖြင့် လူသားမျိုးနွယ်အကြားတွင် အတုမရှိသော နာဇရိလူမှာ သခင်ယေရှုခရစ်တော်ဖြစ်သည်။ နာဇရိလူသည် ကိုယ်တော်၏ လူသားဇာတိ၌ ဘုရားသခင်အတွက် အပြည့်အဝဖြစ်သော ကိုယ်တော်၏ အသက်ရှင်ခြင်း၌ ခရစ်တော်၏ ပုံဆောင်ချက် ဖြစ်သည် (ယော၊၄း၃၄။၅း၁၉၊ ၃၀။ ၇း၁၈။ ၁၄း၂၄)။

ခ။ နာဇရိလူတို့၏ သီးသန့်ခွဲခြားခံခြင်းမှာ ခုနှစ်ရက်ကြာပြီး (တ၊၂၁း၂၇)၊ ယင်းမှာ တစ်သက်တာလုံးဖြစ်သည့် ပြည့်စုံသောဖြစ်စဉ်ကို ရည်ညွှန်းခြင်းဖြစ်သည် (တော၊၆း၈။ cf. ၁ကော၊၅း၇–၈။ ထွ၊၁၂း၁၅။ ၁၃း၂–၄၊ ၆–၉)။

ဂ။ နာဇရိလူများသာလျှင် သခင်ယေရှုကို ခေါ်ဆောင်လာနိုင်မည် ဖြစ်

သည်။ ခေတ်ကိုပြောင်းလဲစေရန် ဘုရားသခင်အားဖြင့် အသုံးပြုခံသောသူအားလုံးတို့သည် နာဇရိလူများ ဖြစ်ကြသည်– မိမိဆန္ဒအလျောက် ဆက်ကပ်အပ်နှံသောသူများ၊ ဘုရားသခင်အဖို့ အပြည့်အဝနှင့် လုံးလုံးအဆုံးစွန် သန့်ရှင်းစင်ကြယ်ခြင်းခံသောသူများ ဖြစ်သည်။

***Day 5***

ဃ။ အောင်မြင်သူများအားလုံးတို့သည် မိမိဆန္ဒအလျောက် ဘုရားသခင်အဖို့ လေးဆသော ဆက်ကပ်အပ်နှံခြင်းပြုသော နာဇာရိတို့၏ အလေ့အလာ၌ အသက်ရှင်ကြသည် (၁ကော၊၆း၁၅–၂၀။ ရော၊ ၁၂း၁–၂။ ၉း၂၃။ cf. ဒံ၊၅း၂၃)။

၁။ နာဇရိလူတစ်ဦးသည် စပျစ်ဝိုင်များနှင့် ၎င်း၏ အရင်းအမြစ်နှင့် ဆက်စပ်သော မည်သည့်အရာကိုမဆို ရှောင်ရှားခြင်းဖြင့် ပုံဆောင်ထားသည့် လောကပျော်ရွှင်ခြင်းများနှင့် ပျော်မြူးခြင်းများကို အောင်နိုင်ရမည်ဖြစ်သည် (တော၊၆း၃–၄။ cf. ဆာ၊ ၁၀၄း၁၄။ ဒေ၊၁၀း၁၉။ ယာ၊၄း၄။ ၁ယော၊၂း၁၅)။

(က) လောကပျော်မွေ့ခြင်းသည် တပ်မက်ခြင်းရည်ရွယ်ချက်နှင့် တပ်မက်ခြင်းအပြုအမူသို့ ဦးဆောင်သည်။ ဘုရားနှင့်လူအား ပျော်ရွှင်စေသည့် စပျစ်ရည်အသစ်တည်းဟူသော ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းအားဖြင့် လောကဆန်သော စပျစ်ဝိုင်ကို ရှောင်ရှားရမည် (သူကြီး၊၉း၁၃။ မ၊၉း၁၇။ ၁ယော၊၂း၁၅–၁၇။ ၂တိ၊၃း၁–၅။ cf. ဆာ၊ ၄၂း၄)။

(ခ) ကျွန်ုပ်တို့သည် တစ်နေ့ပြီးတစ်နေ့ သခင်ဘုရား၌ ကျွန်ုပ်တို့၏ ရွှင်လန်းဝမ်းမြောက်ခြင်းကို တည်မြဲစေရမည်ဖြစ်သည်။ “ဘုရားသခင်၏ ယဇ်ပလ္လင်သို့လည်းကောင်း၊ အကျွန်ုပ်ရွှင်လန်းဝမ်းမြောက်ရန် ဘုရားသခင်ထံတော်သို့လည်းကောင်း၊ အကျွန်ုပ်သွား၍” (ဆာ၊၄၃း၄။ ၁၆း၁၁။ ၃၆း၈–၉။ ၄၆း၄။ ၄၈း၂။ ၅၁း၁၂။ နေဟမိ၊၈း၈၊ ၁၀။ ယေရမိ၊ ၁၅း၁၆။ မြည်၊ ၃း၂၁–၂၄၊ ၅၅–၅၆။ Hymns# 523)

၂။ နာဇရိလူသည် ပုန်ကန်ခြင်းကို အောင်မြင်ရမည်အကြောင်း သူ၏ဦးခေါင်းမှ ဆံပင်ကို မရိတ်ခြင်းဖြင့် ပုံဆောင်ထားသည်။ ဆံပင်မရိတ်ခြင်းမှာ ငြင်းပယ်ခြင်းကို မပြုဘဲ၊ သခင်ဘုရား၏ အုပ်ချုပ်မှုကို လုံးလုံးအပြည့်အဝ ဝန်ခံခြင်းကို ရည်ညွှန်းခြင်း ဖြစ်သည်။

(က) နာဇရိလူသည် သခင်ဘုရား၏ အုပ်ချုပ်မှုနှင့် ဘုရားသခင်အားဖြင့် အခွင့်အာဏာပေး ခန့်အပ်ထားသော လက်ထောက်များကိုလည်း လုံးလုံးအပြည့်အဝ ဝန်ခံသောသူဖြစ်သည် (ဧ၁း၁၀၊ ၂၂ခ–၂၃။ ကော၁း၁၈။ ရော၁၃း၁–၂က။ ဧ၅း၂၁၊ ၂၃။ ၆း၁။ ဟေဗြဲ၁၃း၁၇။ ၁ပေ၊၃း၁–၇။ ၅း၅)။

(ခ) နာဇရိလူသည် ဆံပင်ရှည်သောသူ၊ လုံးလုံးဝန်ခံမှုအပြည့်ရှိသောသူ ဖြစ်သည်။ သူ၌ ဝန်ခံသောအခြေအနေနှင့် ရည်ရွယ်ချက်ရှိသည်။ အကယ်၍ သင်သည် ထိုကဲ့သို့သောသူဖြစ်မည်ဆိုပါက၊ သင့်အတွက်နှင့် သင်၏အနာဂတ်အတွက် ကြီးစွာသော ကောင်းကြီးမင်္ဂလာဖြစ်လိမ့်မည်ဖြစ်သည် (ကော၁း၁၈။ ၂း၁၉)။

(ဂ) "တစ်စုံတစ်ဦး သို့မဟုတ် တစ်စုံတစ်ခု၏အောက်တွင်ရှိခြင်းမှာ ကောင်းကြီးမင်္ဂလာဖြစ်သည်။ ကန့်သတ်ခြင်းအချို့တို့သည်လည်း ကောင်းကြီးမင်္ဂလာဖြစ်သည်။ ကျွန်ုပ်သည် ပြန်လည်ရယူခြင်းသို့ ရောက်သောနေ့မှစ၍ သခင်ဘုရားသည် ကျွန်ုပ်ကို တစ်ဦးတစ်ယောက်၊ တစ်စုံတစ်ခု သို့မဟုတ် အချို့သော ပတ်ဝန်းကျင်၏အောက်တွင် ထားရှိပေးသောကြောင့် သခင်ဘုရားကို ကျေးဇူးတင်ပါသည်" (Witness Lee, *Lifestudy of Numbers*, p.70; cf. Eph. 4:1)

(ဃ) ရှံဆုန်သည် သူ၏ဘဝတစ်သက်လုံးအတွက် အမိဝမ်းထဲမှစ၍ နာဇရိလူဖြစ်ပြီး၊ ရှံဆုန်၏ခွန်အားတန်ခိုး၏အရင်းအမြစ်မှာ သူ၏ရှည်လျားသော ဆံပင်ကြောင့်ဖြစ်သည်။

ဤအကြောင်းကို ကြည့်ခြင်းအားဖြင့် ဝန်ခံခြင်း၌ ခွန်အားတန်းခိုးရှိကြောင်းကို ကျွန်ုပ်တို့တွေ့ရသည် (သူကြီး၊ ၁၆း၁၇။ cf. ယောရှု၊ ၉း၁၄)။

***Day 6***

၃။ နာဇရိလူသည် သေခြင်းကို အောင်မြင်ရမည်အကြောင်း သူနှင့် အနီးကပ်ဆုံးသော ဆွေမျိုး၏ သေခြင်း သို့မဟုတ် သူဘေးတွင် ရှိသောသူ၏ ရုတ်တရက်သေခြင်းအားဖြင့်လည်း ချဉ်းကပ်ခြင်း၊ ညစ်ညူးခြင်း အခွင့်မပြုခြင်းအားဖြင့် ပုံဆောင်ထားသည် (တော၊၆း၆–၇၊ ၉)။

(က) ဘုရားသခင်၏ ရှေ့တော်၌ သေခြင်းသည် အပြစ်ထက်ပို၍ ညစ်ညူးသောအရာဖြစ်သည်။ အသင်းတော်အသက်တာ၌ ဘုရားသခင်၏ လူမျိုးတို့အကြားတွင် – သားရဲတို့၏ သေခြင်း (တိရစ္ဆာန်အသေကောင်များ)၊ သားယဉ်တို့၏ သေခြင်း(ကျွဲနွားတိရစ္ဆာန် အသေကောင်များ)၊ သို့မဟုတ် အားနည်းသောသေခြင်း (တွားတွားသော သတ္တဝါအသေကောင်) အမျိုးမျိုးသော ဝိညာဉ်ရေးရာသေခြင်းကို ပျံ့နှံ့စေနိုင်သည် (ဝတ်၊၅း၂။ ဗျာ၊၃း၄။ ရော၊ဂး၆)။

(ခ) ကျွန်ုပ်တို့သည် အသက်နှင့်ပြည့်ဝနေသောသူများဖြစ်ရမည်၊ ယင်းမှာ "သေခြင်းကို ဆန့်ကျင်ခြင်း"ဖြစ်သည်။ ဤသည်မှာ သာမန် ဆုတောင်းခြင်းမဟုတ်ဘဲ၊ ရန်သူကို ဆန့်ကျင်တိုက်ခိုက်သော ဆုတောင်းချက်ကို ဆုတောင်းရန် ကျွန်ုပ်တို့၏ဝိညာဉ်ကို မည်မျှလေ့ကျင့်သည် ဟူသည့် အပေါ်တွင် မူတည်သည် (၂ကော၊၅း၄။ ၆၁က။ မ၊ ၂၆း၄၁။ ဒံ၊၆း၁၀။ ၉း၁၇)။

(ဂ) အကယ်၍ အစည်းအဝေး၌ သေခြင်းကို ခံစားရပါက၊ ကျွန်ုပ်တို့သည် ထိုသေနေသောအခြေအနေကို တုံ့ပြန်ရန် များစွာ ဆုတောင်းရမည်ဖြစ်သည်။ "သခင်ဘုရား ကျွန်ုပ်ကို ကိုယ်တော်၏ အသွေးတော်ဖြင့် မည်သို့သောသေခြင်း၊ မည်သည့်ဝိညာဉ်ရေးရာသေခြင်းမှ ဆန့်ကျင် ကာကွယ်တော်မူပါ။ သခင်ဘုရား ဤအစည်းအဝေးကို ကိုယ်တော်

၏ အောင်နိုင်သော အသွေးတော်ဖြင့် ကာကွယ်တော်မူပါ။ ဤအသွေးတော်အောက်တွင် ကျွန်ုပ်တို့သည် ဘုရားအသက်ကို ပါဝင်ဆက်ဆံပါ၏”။

ဃ။ နာဇရိလူတို့သည် ဘုရားသခင်၏စစ်တပ်ကို ဖွဲ့စည်းရန် ရေတွက်ဝင်ခြင်းခံရ၍၊ အလွန်နိုးကြားပြီး၊ သေခြင်းကို ဆန့်ကျင်တိုက်ခိုက်သော စစ်ပွဲအတွက် ခံစားချက်အပြည့်ရှိသောသူဖြစ်သည်။ အကြောင်းမှာ သေခြင်းပိုးကောင်သည် အသင်းတော်အသက်တာ၌ပင်လျှင် ရှိနေသောကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ နောက်ဆုံးသောရန်သူ၊ သေခြင်းကို ဆန့်ကျင်တိုက်ခိုက်ရန်၊ နေ့ရက်စဉ်တိုင်း၊ အချိန်နာရီတိုင်း၌ ဆုတောင်းရန် လိုအပ်သည် (၁ကော၊ ၁၅း၂၆)။

၄။ နာဇရိလူသည် ဇာတိချစ်ခင်တွယ်တာခြင်းကို အောင်မြင်ရမည်ကို မိဘ၊ ညီအစ်ကို၊ မောင်နှမသေသော်လည်း မိမိကိုယ်ကို ညစ်ညူးခြင်းကို မခံခြင်းအားဖြင့် ပုံဆောင်ထားသည် (တော၊ ၆း၇။ မ၊၁၂း၄၆–၅၀။ ၂ကော၊၅း၁၆)။

(က) ဇာတိချစ်ခင်တွယ်တာခြင်းနှင့် ဇာတိအသက်သည် အချဉ်ဖောက်ကာ၊ ပုတ်ပျက်တတ်သော ပျားရည်ဖြင့် ပုံဆောင်ထားသည် (ဘောဇဉ်ပူဇော်သက္ကာတွင် ပျားရည်မပါရပါ)။ ပေါလုနှင့် ဗာနဗအကြားရှိပြဿနာမှာ ဇာတိအသက်၏ ပျားရည်ကြောင့် ဖြစ်ပေါ် လာခြင်း ဖြစ်သည် (ဝတ်၊ ၂း၁၁။ တ၊၁၅း၃၅–၃၉၊ ၂၅–၂၆။ ကော၊၄း၁၀)။

(ခ) ဘုရားသခင်သည် ကျွန်ုပ်တို့အား မိမိတို့၏ဇာတိမေတ္တာအားဖြင့် ချစ်ရန် အလိုမရှိဘဲ၊ ကျွန်ုပ်တို့၏ ချစ်ခြင်းမေတ္တာတည်းဟူသော ကိုယ်တော်အားဖြင့် ချစ်ရန်အလိုရှိသည်။

င။ ကျွန်ုပ်တို့၏ ယခင်သီးသန့်ခွဲခြားခံခြင်းကို ပြုချိန်မှစ၍ ကျွန်ုပ်တို့သည် ပူဇော်သက္ကာအားလုံး၏စစ်မှန်ခြင်းတည်းဟူသော ခရစ်တော်ကို ယူဆောင်ခြင်းအားဖြင့် ဘုရားသခင်ထံသို့ မိမိကိုယ်ကို ခွဲခြားခံရမည် ဖြစ်သည် (တော၊၆း၈–၂၁)။

စ။ ဘုရားသခင်ထံသို့ ကျွန်ုပ်တို့၏ ခွဲခြားခံခြင်းမှာ ဘုရားသခင်က ကျွန်ုပ်တို့အား ကောင်းကြီးပေးခြင်းသည် အခြားသူများအား ကိုယ်တော်၏ထာဝရစီမံကိန်းကို သယ်ဆောင်နိုင်ရန်အတွက် ဘုရားဆိုင်ရာ သုံးပါးတစ်ပါး၏ ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးပေးခြင်း၌ ဘုရားသခင်နှင့် ကောင်းကြီးပေးရန်ဖြစ်သည် (အငယ်၊ ၂၂–၂၇။ cf. ၂ကော၊၁၃း၁၄)။

## *နံနက်ခင်းကျွေးမွေးခြင်း*

**ဝတ်၊ ယဇ်ပုရောဟိတ်သည် ထိုယဇ်တစ်ကောင်လုံးကို ယဇ်ပလ္လင်ပေါ်မှာ မီးရှို့**
**၁း၉ ရာယဇ် ဖြစ်သတည်း။ ယေဟောဝါဘုရားအား မီးဖြင့်ဆက်ကပ်၍ မွှေးကြိုင်သော ပူဇော်သက္ကာ ဖြစ်သတည်း။**
**၈း၁၈ မီးရှို့ရာယဇ်ပြုသော သိုးထီးကိုလည်းဆောင်ခဲ့၍၊ အာရုန်နှင့် သူ၏ သားတို့သည်၊ မိမိတို့လက်ကို သိုးခေါင်းပေါ်မှာ တင်ကြ၏။**

မီးရှို့ရာ ပူဇော်သက္ကာသည် လူကိုအပြစ်မှ ရွေးနုတ်ခြင်းသာမဟုတ်ဘဲ၊ ဘုရားသခင်၏ ကျေနပ်နှစ်သိမ့်ခြင်းနှင့် ဘုရားသခင်အတွက် လုံးလုံးစုံလင်သော အသက်တာကို အသက်ရှင်ခြင်း၌သော်လည်းကောင်း (ဝတ်၊၁း၉။ ယော၊၅း၁၉၊ ၃၀။ ၆း၃၈။ ၇း၁၈။ ၈း ၂၉။ ၁၄း ၂၄)၊ ဘုရားသခင်၏ လူမျိုးတို့အား ထိုကဲ့သို့သော အသက်တာကို အသက်ရှင်စေရန် တတ်စွမ်းနိုင်သော ကိုယ်တော်၏ဖြစ်ခြင်း၌သော်လည်းကောင်း၊ ခရစ်တော်ကို ပုံဆောင်ခြင်းဖြစ်သည် (၂ကော၊၅း၁၅။ ဂလ၊ ၂း၁၉–၂၀)။ ၎င်းမှာ ဘုရားကိုမွေ့လျော်ဝမ်းမြောက်စေရန်နှင့် ကျေနပ်နှစ်သိမ့်စေမည့် ဘုရားသခင်၏ အစားအစာဖြစ်သည် (တော၊ ၂၈း ၂)။ ဤပူဇော်သက္ကာသည် နံနက်ပိုင်းနှင့် ညနေပိုင်း၌ နေ့စဉ်ပူဇော်ရသော ပူဇော်သက္ကာဖြစ်သည် (ထွ၊ ၂၉း၃၈–၄၂။ ဝတ်၊၆း၈–၁၃။ တော၊ ၂၈း၃–၄)။ (ဝတ်၊၁း၃ မှတ်စု၊ ၁)။

မီးရှို့ရာ ပူဇော်သက္ကာပြုသော သိုးထီးသည် ကျွန်ုပ်တို့၏ ဓမ္မသစ်ယဇ်ပုရောဟိတ်အရာကို လက်ခံရန်အတွက် ကျွန်ုပ်တို့၏ မီးရှို့ရာယဇ်တည်းဟူသော သန့်စွမ်းသော ခရစ်တော်ကို ပုံဆောင်ခြင်းဖြစ်သည်။ ဤပူဇော်သက္ကာက အမှုဆောင်သူများဖြစ်သည့် ကျွန်ုပ်တို့သည် ဘုရားသခင်အတွက် လုံးလုံးဖြစ်ရမည်ဖြစ်သော်လည်း ကျွန်ုပ်တို့သည် လုံးလုံးမဖြစ်နိုင်ကြောင်းကို သတိပေးခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ယဇ်ပုရောဟိတ်အမှုဆောင်ခြင်းအတွက် ခရစ်တော်ကို ကျွန်ုပ်တို့၏ မီးရှို့ရာယဇ်အဖြစ် နေ့တိုင်းယူဆောင်ရန် လိုအပ်သည် (ဝတ်၊၆း၁၂)။ (ဝတ်၊၈း၁၈ မှတ်စု ၁)

## *ယနေ့ဖတ်စရာ*

မီးရှို့ရာ ပူဇော်သက္ကာသည် လူကိုအပြစ်မှ ရွေးနုတ်ပေးခြင်းသာမက၊ ဘုရားသခင်၏ ကျေနပ်နှစ်သိမ့်ခြင်းနှင့် ဘုရားသခင်အတွက်အသက်ရှင်သော ခရစ်တော်ကို ပုံဆောင်ခြင်းဖြစ်သည်။ အပြစ်ဖြေရာ ပူဇော်သက္ကာအဖြစ် ခရစ်တော်သည် လူသား၏ အပြစ်ကို

ရွေးနုတ်ပေးခြင်းသာမက၊ မီးရှို့ရာ ပူဇော်သက္ကာအဖြစ် ကိုယ်တော်သည် ပြည့်ဝခြင်း၌ ဘုရားသခင်ကို ကျေနပ်နှစ်သိမ့်စေသော အသက်တာကို အပြည့်အဝအသက်ရှင်သောသူ ဖြစ်သည်။ မြေကြီးပေါ်တွင် ကိုယ်တော်အသက်ရှင်စဉ်တစ်လျှောက်လုံး သခင်ယေရှုသည် ဘုရားသခင်ကို လုံးလုံးအကြွင်းမဲ့ ကျေနပ်နှစ်သိမ့်စေသော အသက်တာကို အသက်ရှင်ခဲ့သည်။ ခရစ်ဝင်ကျမ်းလေးကျမ်း၌ ကိုယ်တော်အား ဘုရားသခင်နှင့် လုံးလုံးအပြည့်အဝ အသက်ရှင်သူအဖြစ် တင်ဆက်ထားသည်။ ကိုယ်တော်၏ ဘုရားဆိုင်ရာ ဂုဏ်အင်္ဂါတော်သည် ကိုယ်တော်၏ လူသားကောင်းမြတ်ခြင်းများ၌ ထင်ရှားပြီး၊ တစ်ခါတစ်ရံ ကိုယ်တော်၏ လူသားကောင်းမြတ်ခြင်းသည် ကိုယ်တော်၏ ဘုရားဂုဏ်အင်္ဂါတော်နှင့်အတူ ထင်ရှားသည်။ မြေကြီးပေါ်မှာ ကိုယ်တော်၏နောက်ဆုံးနေ့ရက်များ၌ ဆိုးညစ်၍ ပါးနပ်သော ဆန့်ကျင်သူများဖြစ်သည့် ကျမ်းပြုဆရာများ၊ ဖာရိရှဲများ၊ ဇဒ္ဒုကဲများနှင့် ပေရှဒ်မင်းတို့၏ မေးမြန်းခြင်း၊ စစ်ဆေးခြင်းနှင့် စီရင်ခြင်းကိုခံရသော အချိန်တွင် ကိုယ်တော်၏ လူသားကောင်းမြတ်ခြင်းများသည် ကိုယ်တော်၏ ဘုရားဂုဏ်အင်္ဂါတော်အားဖြင့် ထင်ရှားခဲ့ပြီး၊ အခြားသောအချိန်များ၌ ကိုယ်တော်၏ ဘုရားဂုဏ်အင်္ဂါတော်များသည် ကိုယ်တော်၏ လူသားကောင်းမြတ်ခြင်းများ၌ ထင်ရှားသည်။

သခင်ယေရှု၏ အသက်တာ၌ အပြစ်အနာအဆာ၊ ချွတ်ယွင်းချက် သို့မဟုတ် မပြည့်စုံခြင်း အပြစ်တင်စရာ တစ်စုံတစ်ရာမျှ မတွေ့ပါ။ ကိုယ်တော်သည် ပြည့်ဝစုံလင်ပြီး၊ ဘုရားသခင်အတွက် အပြည့်အဝ၊ စုံလင်သောအသက်တာကို အသက်ရှင်ခဲ့သည်။ ကိုယ်တော်သည် မီးရှို့ရာ ပူဇော်သက္ကာဖြစ်ရန် လုံးလုံးအရည်အချင်းပြည့်မီသောသူဖြစ်သည်။ ကိုယ်တော်၏ လူ့ဇာတိခံခြင်းအားဖြင့် စစ်မှန်သော မီးရှို့ရာပူဇော်သက္ကာဖြစ်ရန် ကိုယ်တော်အတွက် ကိုယ်ခန္ဓာကို ဘုရားသခင်ပြင်ဆင်ခဲ့သည် (ဟေဗြဲ၊၁၀း၅–၆)၊ ကိုယ်တော်သည် ဘုရားသခင်၏ အလိုကို လုပ်ဆောင်ခဲ့ပြီး(အငယ်၊၇–၉) သေသည့်တိုင်အောင် နာခံခဲ့သည် (ဖိ၊၂း၈)။ ကားတိုင်ပေါ်တွင် ကိုယ်တော်သည် ဘုရားသခင်ထံ မိမိကိုယ်ခန္ဓာကို တစ်ခါတည်းနှင့် အားလုံးအတွက်ပူဇော်ခဲ့သည် (ဟေဗြဲ၊၁၀း၁၀)။

မီးရှို့ရာပူဇော်သက္ကာကို အသေသတ်ခြင်း၊ အရေချွတ်ခြင်း၊ အပိုင်းပိုင်းဖြတ်၍၊ ရေဆေးကြောပြီးသောအခါ၊ ယဇ်ပလ္လင်ပေါ်တွင် မီးရှို့ရသည်။ "ယဇ်ပုရောဟိတ်သည်၊ ထိုယဇ်တစ်ကောင်လုံးကို ယဇ်ပလ္လင်ပေါ်မှာ မီးရှို့ရမည်။ မီးရှို့ရာယဇ်ဖြစ်သတည်း။ ယေဟောဝါကို မီးဖြင့်ဆက်ကပ်၍၊ မွှေးကြိုင်သော ပူဇော်သက္ကာဖြစ်သတည်း"(ဝတ်၊၁း၉)။ "မွှေးကြိုင်သော ပူဇော်သက္ကာကို" ဟေဗြဲဘာသာပြန်ဆိုခြင်း၌ သဒ္ဒါအရ၊ မွှေးကြိုင်သောနားခိုခြင်း သို့မဟုတ် ကျေနပ်နှစ်သိမ့်ခြင်းကို ဆိုလိုသည်။ ထိုအရာမှာ ပူဇော်ခြင်း

ကိုခံသောသူ၊ ဘုရားအတွက် မွှေးကြိုင်သော ကျေနပ်နှစ်သိမ့်ခြင်းကို ပေးခြင်းဖြစ်ပြီး၊ ကိုယ်တော်က ကျေနပ်လက်ခံခြင်းဖြစ်သည်။ စကားရပ်မှာ မီးရှို့ရာယဇ်မှ ထွက်ပေါ် လာသော မွှေးကြိုင်သောရနံ့အတွက်သုံးသော နည်းပညာဝေါဟာရဖြစ်သည် (S.R. Driver)။ ဤကျမ်းပိုဒ်ရှိ "မီးခိုး"ဟူသောစကားလုံးမှာ ပူဇော်သက္ကာသည် ချက်ချင်း မလောင်ကျွမ်းဘဲ၊ တဖြည်းဖြည်းလောင်ကျွမ်းသည်ကို ဖော်ပြခြင်းဖြစ်သည်။ ဤသို့ တဖြည်းဖြည်းလောင်ကျွမ်းခြင်း၏ ရလဒ်မှာ ကျေနပ်နှစ်သိမ့်စေသောရနံ့၊ ကျေနပ်ခြင်း၊ ငြိမ်သက်ခြင်းနှင့် နားခိုခြင်းကို ယူဆောင်သော မွှေးကြိုင်ခြင်းကို ထွက်ပေါ် စေသည်။ ထိုကဲ့သို့ ကျေနပ်နှစ်သိမ့်စေသော မွှေးကြိုင်ခြင်းသည် ဘုရားသခင်အဖို့ မွေ့လျော်ဝမ်းမြောက်ရာဖြစ်သည်။

ကျွန်ုပ်တို့သည် ဘုရားသခင်ထံ မီးခိုးထဲ၌ မီးရှို့ရာပူဇော်သက္ကာကို ပူဇော်သောအခါ၊ ဘုရားသခင်ကို ကျေနပ်ဝမ်းမြောက်စေသော မွှေးကြိုင်ခြင်းသည် ကိုယ်တော်၏ ကျေနပ်ခြင်းနှင့် နားခိုခြင်းအတွက် ကိုယ်တော်ထံသို့ တက်သွားမည်ဖြစ်သည်။ ဘုရားသခင်သည် ကျေနပ်သောကြောင့် ကိုယ်တော်သည် မိမိ၏ ချိုမြိန်သော လက်ခံပေးခြင်းကို ပေးအပ်လိမ့်မည်ဖြစ်သည်။ ဤသည်မှာ မီးရှို့ရာပူဇော်သက္ကာ၏ ပံ့ဆောင်ချက်ဖြစ်သည်။

ဘုရားသခင်ကို ချိုမြိန်ခြင်း၊ ငြိမ်သက်ခြင်းနှင့် နားခိုခြင်းဖြင့် ကျေနပ်စေသောနည်းလမ်းမှာ ဘုရားသခင်အတွက် အကြွင်းမဲ့အပြည့်အဝဖြစ်သော အသက်တာကို အသက်ရှင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ထိုကဲ့သို့သောအသက်တာကို အသက်မရှင်နိုင်သည့်အတွက်ကြောင့် ခရစ်တော်ကို ကျွန်ုပ်တို့၏ မီးရှို့ရာပူဇော်သက္ကာအဖြစ်ယူဆောင်ရမည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၌တည်နေရန်၊ ကိုယ်တော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်ရန်နှင့် မြေကြီးပေါ် တွင် ကိုယ်တော်အသက်ရှင်ခဲ့သော အသက်တာကို အသက်ရှင်ရန် အလိုဆန္ဒရှိကြောင်းကို ပြသဖို့ ကိုယ်တော့်ပေါ် တွင် လက်တင်ရန်လိုအပ်သည်။ ထိုကဲ့သို့ အသက်တာသည် အသေသတ်ခံခြင်း၊ အရေခွံချွတ်ခြင်း၊ အစိတ်စိတ်ဖြတ်တောက်ခြင်းနှင့် ဆေးကြောခြင်းတို့ ပါဝင်သည်။ ဤအဆင့်များအားလုံးကို ဖြတ်ကျော်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ မီးရှို့ရာပူဇော်သက္ကာအဖြစ်– ကျွန်ုပ်တို့တွေ့ကြုံခံစားခဲ့သော ခရစ်တော်ကိုယ်တော်တိုင်ကို ဘုရားသခင်ထံသို့ ပူဇော်ရန် တစ်စုံတစ်ရာရှိနိုင်မည်ဖြစ်သည်။ (*Life-study of Leviticus*, pp. 24-25, 39-40)

*ပို၍ဖတ်ရန်- Life-study of Leviticus*, msgs. 3-5

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————

————————————————————————————————

————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ဝတ်၊ ပူဇော်သောနွား၏ခေါင်းပေါ်မှာ မိမိလက်ကို တင်ရသဖြင့်၊ သူ၏အပြစ်**
**၁း၄ ကို ဖြေမည်အကြောင်း လက်ခံတော်မူမည်။**
**ဖိလိ၊ ငါ့အသက်ရှင်သည့်အရာမှာ ခရစ်တော်ဖြစ်၏။ သေလျှင်မူကား၊သာ၍**
**၁း၂၁ အကျိုးရှိ၏။**

ဝတ်ပြုရာ၊၁း၄ ၌ ယဇ်ပူဇော်သောသူသည် ယဇ်ကောင်ကိုဆောင်ယူလာရုံသာမကဘဲ၊ ပူဇော်သက္ကာပေါ်တွင် သူ၏လက်ကိုတင်ရမည်ဖြစ်ကြောင်းကို ပြောဆိုထားသည်။ သမ္မာကျမ်းစာ၌ လက်တင်ခြင်းသည် ပေါင်းစည်းခြင်း၊ ရပ်တည်ခြင်းကို အမြဲပုံဆောင်သည်။ ၎င်းသည် အစားထိုးခြင်းကို ပုံဆောင်ခြင်းမဟုတ်ပါ။ ပူဇော်သက္ကာပေါ်တွင် ကျွန်ုပ်တို့၏လက်တင်ခြင်းမှာ ကျွန်ုပ်တို့သည် ပူဇော်သက္ကာနှင့် တစ်လုံးတစ်ဝတည်းဖြစ်ပြီး၊ ပူဇော်သက္ကာကို ကျွန်ုပ်တို့နှင့်တစ်လုံးတစ်ဝတည်းအဖြစ် ယူဆောင်ခြင်းဖြစ်သည်။ ထို့ကြောင့် လက်တင်ခြင်းသည် နှစ်ဦးကို တစ်ဦးတည်းဖြစ်စေသည်။

မီးရှို့ရာယဇ်ဖြစ်သော ခရစ်တော်အပေါ်တွင် လက်တင်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်ပေါင်းစည်းဆက်နွှယ်သည်။ ကျွန်ုပ်တို့နှင့် ကိုယ်တော်၊ ကိုယ်တော်နှင့် ကျွန်ုပ်တို့သည် တစ်ဦးတည်းဖြစ်လာသည်။ ထိုသို့သော ပေါင်းစည်းခြင်း၊ ထိုသို့သော ရပ်တည်ခြင်းမှာ ကျွန်ုပ်တို့၏ အားနည်းချက်များ၊ ကျရှုံးခြင်းများ၊ အပြစ်ပြုမိခြင်းများ၊ အမှားများအားလုံးသည် ကိုယ်တော်၏ အရာဖြစ်လာပြီး၊ ကိုယ်တော်၏ ကောင်းမြတ်ခြင်းများအားလုံးသည် ကျွန်ုပ်တို့၏ အရာများဖြစ်လာသည်။ ဤသည်မှာ လဲလှယ်ခြင်းမဟုတ်ပါ– ပေါင်းစည်းဆက်နွှယ်ခြင်း ဖြစ်သည်။ (*Life-study of Leviticus*, pp. 27-28)

## ယနေ့ဖတ်စရာ

ကျွန်ုပ်တို့သည် လုံးလုံးအရည်အချင်းမပြည့်မီသောသူ၊ မျှော်လင့်ချက်မဲ့သောသူဖြစ်သည်ကို စဉ်းစားကောင်းစဉ်းစားမည်ဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့၏ အခြေအနေမှန်ဖြစ်သည်။ သို့သော် ခရစ်တော်ပေါ်တွင် ကျွန်ုပ်တို့လက်တင်သောအခါ၊ ကျွန်ုပ်တို့၏ အားနည်းချက်သည် ကိုယ်တော်၏ အားနည်းချက်ဖြစ်လာပြီး၊ ကိုယ်တော်၏ သန့်စင်ခြင်း၊ ကိုယ်တော်၏ကောင်းမြတ်ခြင်းသည် ကျွန်ုပ်တို့၏ အရာများဖြစ်လာသည်။ ထို့ပြင် ဝိညာဉ်ဆိုင်ရာအရဆိုလျှင်၊ ထိုကဲ့သို့ ပေါင်းစည်းဆက်နွှယ်ခြင်းအားဖြင့် ကိုယ်တော်သည် ကျွန်ုပ်တို့နှင့် တစ်လုံးတစ်ဝဖြစ်လာပြီး၊ ကျွန်ုပ်တို့ထဲ၌ အသက်ရှင်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ထဲ၌ အသက်ရှင်သည့်အချိန်မှစ၍ မြေကြီးပေါ် ကိုယ်တော်

အသက်ရှင်ခဲ့သောအသက်တာ၊ မီးရှို့ရာယဇ်၏ အသက်တာကို ကျွန်ုပ်တို့ထဲ၌ ပြန်ကျော့ အသက်ရှင်မည်ဖြစ်သည်။ မိမိကိုယ်ကိုအားဖြင့် ကျွန်ုပ်တို့သည် ဤကဲ့သို့သော အသက်တာကို အသက်မရှင်နိုင်ပါ၊ သို့သော် ကိုယ်တော်သည် ထိုအသက်တာကို ကျွန်ုပ်တို့၌ အသက်ရှင်နိုင်သည်။ ကိုယ်တော်အပေါ်တွင် ကျွန်ုပ်တို့လက်တင်ခြင်းအားဖြင့် ကိုယ်တော့်ကို ကျွန်ုပ်တို့နှင့် တစ်လုံးတစ်ဝတည်းဖြစ်စေပြီး၊ မိမိကိုယ်ကိုလည်း ကိုယ်တော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်စေသည်။ ဤသည်မှာ မီးရှို့ရာယဇ်ကို ပူဇော်ခြင်းဖြစ်သည်။

မီးရှို့ရာ ယဇ်ကောင်၏ အရေခွံသည် ၎င်း၏လှပခြင်း၏ အပြင်ပိုင်းထင်ရှားခြင်းဖြစ်သည်။ ထို့ကြောင့် (ဝတ်၊ ၁း၆)၌ ယဇ်ကောင်ကို အရေချွတ်ခြင်းမှာ ၎င်း၏ အပြင်ပိုင်းထင်ရှားခြင်းကို ချွတ်ခွာလိုက်ခြင်းဖြစ်သည်။ မီးရှို့ရာယဇ်ကောင်၏ ဤအရေခွံမှာ ခရစ်တော်သည် သူ၏ ကောင်းမြတ်ခြင်း၏ အပြင်ပိုင်းထင်ရှားခြင်းကို ချွတ်ခွာခြင်းခံရန် အလိုရှိကြောင်းကို ပုံဆောင်ခြင်းဖြစ်သည်။ ခရစ်တော် အသေခံတော်မူသောအခါ၊ ကိုယ်တော်၏ ဝတ်ရုံ ချွတ်ခြင်းခံရသည်။ ဤသည်မှာ ကိုယ်တော်သည် "အရေချွတ်ခြင်းခံ"သည်ကို ဖော်ပြခြင်း ဖြစ်သည်။

ယဇ်ကောင်ကို အစိတ်စိတ်ပိုင်းခြင်းမှာ ခရစ်တော်သည် ကိုယ်တော်၏ဖြစ်ခြင်းတစ်ခုလုံးအား မည်သည့်အပိုင်းမျှချန်လှပ်ခြင်းမပြုဘဲ၊ ဖျက်တောက်ခြင်းခံရန် အလိုဆန္ဒရှိကြောင်းကို ပုံဆောင်ခြင်းဖြစ်သည်။ မီးရှို့ရာယဇ်အဖြစ် ခရစ်တော်သည် သူ၏ ဘဝနှင့် အသက်တာတစ်လျှောက်လုံးသည် အစိတ်စိတ်အပိုင်းပိုင်းဖြတ်တောက်ခြင်းကို ခံရသည်။

အကယ်၍ ကျွန်ုပ်တို့၏ မီးရှို့ရာယဇ်အဖြစ် ခရစ်တော်ကို မရရှိပါက၊ ကျွန်ုပ်တို့သည် အသေသတ်ခြင်း၊ အရေခွံခွါခြင်းနှင့် အစိတ်စိတ်အပိုင်းပိုင်းဖြတ်တောက်ခြင်းကို ခံစားရမည် ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤအကြောင်းအရာကို မီးရှို့ရာယဇ်အဖြစ် ခရစ်တော်ကို ဘုရားသခင်ထံသို့ ပူဇော်သောအခါတိုင်း သိရှိရန်လိုအပ်သည်။ ကိုယ်တော်သည် အသေသတ်ခြင်း၊ ကိုယ်တော်၏ အပြင်ပိုင်းထင်ရှားခြင်းကို ချွတ်ခွာခြင်းနှင့် အပိုင်းပိုင်းဖြတ်တောက်ခံရသည်ကိုလည်း သိရှိနားလည်ရန် လိုအပ်သည်။ ဤဆင်းရဲဒုက္ခများအားလုံးမှာ ဘုရားသခင်၏ အလိုကို လုပ်ဆောင်သော ခရစ်တော်အတွက် ဖြစ်သည်။ ခရစ်တော်သည် ကားတိုင်ပေါ်တွင် အသေသတ်ခြင်းခံရန်၊ အရေခွံချွတ်ခြင်းခံရန်နှင့် အပိုင်းပိုင်းဖြတ်တောက်ခြင်းခံရန် သွားခြင်းသည် ဘုရားသခင်၏ အလိုကို ကိုယ်တော် လုပ်ဆောင်ခြင်းဖြစ်သည်။

အကယ်၍ ကျွန်ုပ်တို့၏ မီးရှို့ရာယဇ်အဖြစ် ခရစ်တော်ကို လိုအပ်ကြောင်း ကျွန်ုပ်တို့ သိရှိနားလည်သောအခါ၊ ကျွန်ုပ်တို့သည် မှန်ကန်သော ဆုတောင်းခြင်းကို ပြုရန်လိုအပ်

သည်။ ကျွန်ုပ်တို့သည် "သခင်ဘုရား ကျွန်ုပ်အပေါ် ဂရုဏာကျေးဇူးပြုတော်မူပါ။ ကျွန်ုပ်အဖို့ တစ်စုံတစ်ရာ လုပ်ဆောင်တော်မူပါ"ဟု မတောင်းရပေ။ ဤသို့သော ဆုတောင်းချက်သည် အလွန်ရိုးစင်းလှသည်။ ကျွန်ုပ်တို့သည် အလွန်လေးနက်ပြီး အတွင်းကျသော ဆုတောင်းချက်ကို ဆုတောင်းရန် သခင်ဘုရားပေါ်တွင် လက်တင်ရမည်ဖြစ်သည်။ ထိုသို့သော ဆုတောင်းချက်မှာ "သခင်ဘုရား၊ ကိုယ်တော်ပေါ်တွင် ကျွန်ုပ်လက်ကို တင်ပါ၏၊ ကျွန်ုပ်အား ကိုယ်တော်နှင့်ရပ်တည်ခြင်းပြုတော်မူပါ၊ ကိုယ်တော်သည်လည်း အကျွန်ုပ်နှင့် ရပ်တည်ပေးတော်မူပါ"ဟု ကျွန်ုပ်တို့ ဆုတောင်းနိုင်သည်။ ကျွန်ုပ်တို့သည် လေးနက်သော ဆုတောင်းချက်အားဖြင့် မိမိလက်ကို ခရစ်တော်ပေါ်တွင် တင်သောအခါ၊ အသက်ပေးသော ဝိညာဉ်တော်၊ ကျွန်ုပ်တို့လက်တင်သောသူ ခရစ်တော်ကိုယ်တိုင်သည် ကျွန်ုပ်တို့အတွင်း၌ ချက်ချင်း လှုပ်ရှားလုပ်ဆောင်ပေးခြင်းအားဖြင့် မီးရှို့ရာယဇ်အတွက် အရည်အချင်းပြည့်မီသော အသက်တာကို အသက်ရှင်စေမည်ဖြစ်သည်။

ကိုယ်တော်၏ အတွေ့အကြုံများ၌ ခရစ်တော်ကို တွေ့ကြုံခံစားခြင်းသည် အပြင်ပိုင်းအားဖြင့် ခရစ်တော်ကဲ့သို့ တုပပြုမူလုပ်ဆောင်ခြင်းမဟုတ်ဘဲ၊ ခရစ်တော်ကို အသက်ရှင်ခြင်းအကြောင်း ဖြစ်သည်။ ကိုယ်တော်၏ အတွေ့အကြုံများ၌ ခရစ်တော်ကို တွေ့ကြုံခံစားခြင်းမှာ ပုံစံနမူနာအဖြစ် အပြင်ပိုင်းသာယူဆောင်ခြင်းမဟုတ်ဘဲ၊ ခရစ်တော်ကို အသက်ရှင်ရန် ဖြစ်သည်။ ဤအရာနှင့် စပ်လျဉ်း၍ ပေါလုက "ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကားတိုင်မှာအသေခံပြီ။ ငါသည် ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ ရှင်တော်မူ၏"(ဂလ၊ ၂း ၂၀)ဟုပြောထားသည်။ ပေါလုသည် "ငါသည် ငါ၏ ပုံစံနာမူနာအဖြစ် ခရစ်တော်ကိုယူဆောင်၍၊ ကိုယ်တော်နောက်သို့ လိုက်၏"ဟု မပြောထားပါ။ သူက "ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာအသေခံပြီ"၊ "ခရစ်တော်သည် ငါ၌ ရှင်တော်မူ၏"ဟုပြောထားသည်။ ဖိ၊၁း ၂၁ ၌ "ငါအသက်ရှင်သည့်အရာမှာ ခရစ်တော်ဖြစ်၏"ဟု ဆက်လက်ပြောထားသည်။ ပေါလုသည် သူ၏ ပုံစံနာမူနာအဖြစ် ခရစ်တော်ကို ယူဆောင်ခြင်းနှင့် ကိုယ်တော့်ကို အပြင်ပိုင်း တုပရုံသာမဟုတ်ပါ။ ပေါလုသည် ခရစ်တော်ကို အသက်ရှင်ခဲ့သည်။ (*Life-study of Leviticus*, pp. 28-30, 92)

*ပို၍ဖတ်ရန်-* *Life-study of Leviticus,* msgs. 7-10

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————

——————————————————————————

——————————————————————————

——————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ဝတ်၊ တစ်ဖန် အဝတ်ကိုလဲ၍၊ ထိုပြာကို တပ်ပြင်၌ ရှင်းလင်းသောအရပ် ၆း၁၁–၁၂ သို့ ယူသွားရမည်။ ယဇ်ပလ္လင်မီးသည် မသေဘဲ အစဉ်လောင်ရမည်။ ယဇ်ပုရောဟိတ်သည် နံနက်တိုင်း ထင်းမီးထည့်၍၊ ထင်းပေါ်မှာ မီးရှို့ရာယဇ်ကို ခင်းရမည်။**

**၁း၁၆ ပြာစုထားရာအရပ်၊ ယဇ်ပလ္လင်အရှေ့ဘက်နား၌ ပစ်ထားရမည်။**

ယဇ်ပလ္လင်မီးသည် မသေဘဲ အစဉ်လောင်ရမည် (ဝတ်၊၆း၉ခ၊ ၁၂က၊ ၁၃)။ ယဇ်ပလ္လင်မီးသည် မသေဘဲ အစဉ်လောင်နေခြင်းမှာ ပထမဦးစွာ စကြာဝဠာ၌ သန့်ရှင်းသောမီးတည်းဟူသော ဘုရားသခင်သည် ကိုယ်တော့်အဖို့ အစာအဖြစ် ပူဇော်သောအရာကို လက်ခံ(လောင်ကျွမ်း)ရန် အဆင်သင့်ရှိနေသည်ကို ပုံဆောင်ခြင်း ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို လက်ခံခြင်းမှာ ကျွန်ုပ်တို့ကို ကိုယ်တော်၏ လောင်ကျွမ်းပေးခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အားဖြင့် လောင်ကျွမ်းခြင်းခံရသောအခါ၊ ကျွန်ုပ်တို့သည် ဝမ်းမြောက်ရွှင်လန်းရမည်။ အကြောင်းမှာ ဤလောင်ကျွမ်းခြင်းသည် ကျွန်ုပ်တို့ကို ဘုရားသခင်လက်ခံတော်မူကြောင်းကို ဆိုလိုခြင်းကြောင့်ဖြစ်သည်။ (*Life-study of Leviticus*, p. 209)

## ယနေ့ဖတ်စရာ

သခင်ဘုရားပြန်လည်ရယူခြင်းနည်းလမ်းကို ယူဆောင်ခြင်းမှာ တန်ဖိုးနည်းသောအရာ မဟုတ်ပါ။ ဤနည်းလမ်းသည် တန်းဖိုးကြီးမားလှသည်။ ၎င်းသည် တန်ဖိုးကြီးမားသော ဆက်ကပ်အပ်နှံခြင်းကို လိုအပ်သည်။ ဤနည်းလမ်းကို ယူဆောင်ရန် သင်၏ နိုင်ငံနှင့် သင်၏ ဖခင် ကိုးကွယ်သော ဘာသာတရားကို စွန့်လွှတ်ရမည်၊ သင်၏ ဆွေမျိုးသားချင်းများ၊ သင်၏ အိမ်နီးချင်းများနှင့် ပတ်သက်ဆက်နွယ်မှုတို့အပြင် သင်ကိုယ်တိုင်၏ အသက်တာကိုပင် စွန့်လွှတ်ရန် လိုအပ်ပေမည်။

ကျွန်ုပ်တို့သည် လှုပ်ရှားမှုအတွက်မဟုတ်ဘဲ၊ သခင်ဘုရားပြန်လည်ရယူခြင်းအတွက် ဤနေရာ၌ရှိနေရခြင်းဖြစ်သည်။ ပြန်လည်ရယူခြင်းသည် အထက်ခန်း၌ ဆက်ကပ်အပ်နှံခြင်းကို တွေ့ကြုံခံစားခြင်းအားဖြင့်သာလျှင် သယ်ဆောင်နိုင်မည်၊ သိရှိ နားလည်နိုင်မည် ဖြစ်သည်။ ဤသည်မှာ ရိုးရိုးသာမန် ဆက်ကပ်အပ်နှံခြင်း မဟုတ်ပါ။ ယင်းမှာ အထူး ဆက်ကပ်အပ်နှံခြင်း၊ အတိအကျ ဆက်ကပ်အပ်နှံခြင်း၊ သာမန်ထက်လွန်ကဲသော ဆက်ကပ်အပ်နှံခြင်း ဖြစ်သည်။ ဤဆက်ကပ်အပ်နှံခြင်းသည် အပြောင်းအလဲ အချိုးအကွေ့ တစ်ခုဖြစ်သည်။

တမန်တော် အခန်းကြီး၊၁ ၌ အထက်ခန်းတွင် ရှိသော တစ်ရာနှစ်ဆယ်တို့ထံ မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။ သူတို့အားလုံးသည် မီးရှို့ရာယဇ်ဖြစ်လာခဲ့သည်။ သူတို့သည် လောင်ကျွမ်းခြင်းခံရပြီး၊ အခြားသူများကိုလည်း လောင်ကျွမ်းစေသည်။ ကျွန်ုပ်တို့သည်လည်း လောင်ကျွမ်းခြင်းခံရန်လိုအပ်သည်၊ သို့မှသာ အခြားသူများကို လောင်ကျွမ်းနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် အထက်ခန်း၌ ဆက်ကပ်အပ်နှံခြင်း၏ ရလဒ်ဖြစ်သော သခင်ဘုရားပြန်လည်ရယူခြင်းအတွက် ဤနေရာတွင် ရှိနေရမည်။ (*The Heavenly Vision, pp. 63-64*)

ဘုရားသခင်သည် မီးရှို့ရာယဇ်ကို လက်ခံခြင်းမှာ ၎င်းကို ပြာအဖြစ်သို့ လောင်ကျွမ်းရန် ဖြစ်သည်။ ဤအရာနှင့် စပ်လျဉ်း၍ ဆာ၊၂၀း၃ ၌ "ကိုယ်တော်၏ ပူဇော်သက္ကာအလုံးစုံတို့ကို အောက်မေ့၍၊ မီးရှို့သောယဇ်ကို လက်ခံတော်မူပါစေသော"ဟုဆိုထားသည်။ ဤနေရာတွင် ဟေဗြဲဘာသာအားဖြင့် "လက်ခံတော်မူခြင်း"သည် အမှန်တကယ်တွင် "ပြာအဖြစ်ပြောင်းလဲသွားခြင်း"ကို ဆိုလိုသည်။

သာမန်လူတို့သည် ပြာကို ကျေနပ်ဝမ်းမြောက်စေသောအရာအဖြစ် မမှတ်ယူပါ။ မည်သို့ပင်ဆိုစေ မီးရှို့ရာယဇ်ကို ပူဇော်သောကျွန်ုပ်တို့အဖို့ ပြာသည် အမှန်ပင် ကျေနပ်ဝမ်းမြောက်စေသော၊ အဖိုးတန်သောအရာဖြစ်သည်။ အကြောင်းမှာ ကျွန်ုပ်တို့၏ မီးရှို့ရာယဇ်သည် ဘုရားသခင်အားဖြင့် လက်ခံတော်မူကြောင်းကို စိတ်ချမှုပေးသောအမှတ်လက္ခဏာဖြစ်သောကြောင့်ဖြစ်သည်။

ဟေဗြဲဘာသာ၌ "လက်ခံတော်မူ"သည်ကို "ပြာအဖြစ်ပြောင်းသွားခြင်း" ဟုသာမက၊ "ဆီဉအဖြစ်လက်ခံခြင်း"၊ "ဆီဖြစ်စေခြင်း"နှင့် "ဆီကဲ့သို့ဖြစ်စေခြင်း" ဟုလည်း ဘာသာပြန်ဆိုသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ မီးရှို့ရာယဇ်ကို လက်ခံတော်မူခြင်းမှာ ကိုယ်တော်သည် ၎င်းကို ပြာဖြစ်စေခြင်းသာမဟုတ်ဘဲ၊ ကိုယ်တော့်ကို ကျေနပ်ဝမ်းမြောက်စေသည့် ချိုမြိန်သောတစ်စုံတစ်ရာဖြစ်သည့် ဆီဉအဖြစ်လည်း လက်ခံတော်မူခြင်း ဖြစ်သည်။ ကျွန်ုပ်တို့၏ အမြင်၌ ပူဇော်သက္ကာသည် ပြာဖြစ်သွားပြီး၊ ဘုရားသခင်၏ အမြင်၌ ၎င်းသည် ဆီဉဖြစ်၍၊ ၎င်းသည် ဆီဉအဖြစ် ကိုယ်တော်ကို ကျေနပ်ဝမ်းမြောက်စေသည်။

ပြာကို စွန့်ပစ်ခြင်းမပြုဘဲ၊ ယဇ်ပလ္လင်၏ အရှေ့ဘက်တွင် ပြာ ထားရာအရပ်တွင် ထားသည် (ဝတ်၊၁း၁၆။ ၆း၁၀)။ အရှေ့အရပ်သည် နေထွက်ရာအရပ် ဖြစ်သည်။ ပြာကို ယဇ်ပလ္လင်၏ အရှေ့အရပ်တွင် ထားခြင်းမှာ အမှန်တွင် ရှင်ပြန်ထမြောက်ခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။

အချိန်ပြည့်အမှုဆောင်ဖြစ်ရန်မှာ ကျွန်ုပ်တို့ကိုယ်ကို ဘုရားသခင်ထံသို့ မီးရှို့ရာယဇ်အဖြစ် ပူဇော်ခြင်းဖြစ်သည်။ ဤအရာနှင့်စပ်လျဉ်း၍ ရလဒ်ရှိသင့်သကဲ့သို့၊ အဖြေလည်းရှိရမည်။ ကျွန်ုပ်တို့သည် ဤရလဒ်ကို အလေးထားသင့်ပြီး၊ ၎င်းကို မထီမဲ့မြင်ပြုခြင်း သို့မဟုတ် အဓိပ္ပါယ်မရှိဟု မယူဆရပါ။ ကျွန်ုပ်တို့ မီးရှို့ရာယဇ်ဖြစ်ခြင်း၏ ရလဒ်မှာ ဘုရားသခင်၏ ဓမ္မသစ်စီမံကိန်းကို သယ်ဆောင်သောအရာဖြစ်သည်။ အချိန်ပြည့် အမှုဆောင်များအနေဖြင့် ကျွန်ုပ်တို့သည် မည်သည့်အရာကို လုပ်ဆောင်သနည်း။ ရလဒ်အနေဖြင့် ယေရုရှလင်မြို့သစ်၏ ပုံစံငယ်တည်းဟူသော ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ရန်ဖြစ်သည်။ ဘုရားသခင်သည် ဤပြာနှင့်စပ်လျဉ်း၍ မြင့်မားစွာ အလေးထားသည်။ နောက်ဆုံး၌ ဤပြာသည် ယေရုရှလင်မြို့သစ်ဖြစ်လာမည်ဖြစ်သည်။ ပြာသည် ကျွန်ုပ်တို့ကို အဆုံးသတ်စေသော၊ ပြာအဖြစ်သို့ခေါ် ဆောင်မည့် ခရစ်တော်၏ သေခြင်းမှ ထွက်ပေါ် သော ရလဒ်ကို ပုံဆောင်သည်။ သို့သော် ခရစ်တော်၏ သေခြင်းသည် ရှင်ပြန်ထမြောက်ခြင်းကို ယူဆောင်ပေးသည်။ ရှင်ပြန်ထမြောက်ခြင်း၌ ပြာသည် ယေရုရှလင်မြို့သစ်ကို တည်ဆောက်ရန် အဖိုးတန်သောတန်ဆာပလာ များ – ရွှေ၊ ပုလဲနှင့် အဖိုးတန်ကျောက်များ ဖြစ်လာသည်။ အဖိုးတန်သောတန်ဆာပလာ သုံးမျိုးလုံးသည် ပြာ၏ ပုံသဏ္ဌာန်ပြောင်းလဲခြင်းမှ ရရှိလာခြင်း ဖြစ်သည်။ ကျွန်ုပ်တို့ သည် ယဇ်ပြာအဖြစ်သို့ ခေါ်ဆောင်ခြင်းခံရသောအခါ၊ ကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရား၏ ပုံသဏ္ဌာန်ပြောင်းလဲခြင်းအထဲသို့ ခေါ် ဆောင်ခြင်း ခံရသည်။ (*Life-study of Leviticus*, pp. 57-58, 211)

*ပို၍ဖတ်ရန်-* *Reading: Life-study of Leviticus*, msgs. 6, 23; *CWWL, 1965*, vol. 3, "The Heavenly Vision," ch. 6

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————

## နံနက်ခင်းကျွေးမွေးခြင်း

**တော၊ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ ထာဝရဘုရားအဘို့ မိမိကိုခြားနား**
**၆း၂ စေ၍၊နာဇရိသစ္စာပြုခြင်းငှါ၊ မိမိကိုမိမိခွဲထားသောအခါ၊**
**၈ ခြားနားလျက်နေသော ကာလပတ်လုံး၊ ထာဝရဘုရားအဘို့ သန့်ရှင်း ရမည်၊**

**ဆာလံ၊ ကိုယ်တော်မှတပါး၊ ကောင်းကင်ဘုံမှာ အကျွန်ုပ်၌အဘယ်သူရှိပါသ**
**၇၃း၂၅ နည်း။ ကိုယ်တော်ကို အလိုရှိသည်နှင့်အမျှ မြေကြီးပေါ်မှာ အကျွန်ုပ် သည် အဘယ်အလိုရှိပါသနည်း။**

ဘုရားသခင်သည် သူ၏လူမျိုးအားလုံးကို နာဇရိလူများဖြစ်လာစေရန် အလိုရှိသည်။ နာဇရိလူဖြစ်ရန်သည် သခင်ဘုရား၌ လုံးလုံး၊ အပြည့်အဝသန့်ရှင်းခြင်းရှိရမည်ဖြစ်သည်။ ဤနည်းလမ်း၌ သန့်ရှင်းခြင်းရှိရန်သည် ဘုရားသခင်မှလွဲ၍မည်သည့်အရာအတွက်မျှမဟုတ်ခြင်းပင်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို သူ့အား စိတ်နှလုံးအကြွင်းမဲ့၊ စိတ်ရှိသမျှ၊ ဉာဏ်ရှိသမျှ၊ အစွမ်းသတ္တိရှိသမျှနှင့် ချစ်ရန်ကိုသာအလိုရှိခြင်းဖြစ်သည် (မာ၊၁၂း၃၀)။ ကိုယ်တော်သည် ကျွန်ုပ်တို့အား ကိုယ်တော်ထက် အခြားသောအရာ၊ အခြားသောသူကို တုနှိုင်းရာမဲ့သောမေတ္တာ၊ ရှေးဦးမေတ္တာအဖြစ်ချစ်ရန် အလိုမရှိပါ။ အကယ်၍ ကျွန်ုပ်တို့သည် ကိုယ်တော့်အား ဤနည်းလမ်း၌ ချစ်မည်ဆိုလျှင်ပင်၊ ကိုယ်တော့်အဖို့အလို့ငှါ လုံးလုံးနှင့် အပြည့်အဝရှိဦးမည်မဟုတ်ပေ။

ကျွန်ုပ်တို့သည် ကိုယ်တော့်အဖို့အလို့ငှါ လုံးလုံးမဖြစ်ဘဲ သခင်ဘုရားကိုချစ်ခြင်း၏ ရုပ်ပုံကားချပ်အဖြစ် လက်ထပ်ထိမ်းမြားခြင်းအသတ်တာကို အသုံးပြုနိုင်သည်။ ဘုရားသခင်သည် သင့်ကိုအမှန်တကယ်ချစ်သော ဇနီးသည်တစ်ဦးကို သင့်အားပေးကောင်းပေးမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ၊ သူမသည် သင့်ကို ချစ်ကာ သင့်ထံသို့ လုံးလုံးရိုးစင်းမှုရှိသော်လည်း၊ သင့်အတွက် လုံးလုံးလျားလျား၊ အပြည့်အဝနှင့် အဆုံးစွန်ဖြစ်ခြင်း ရှိချင်မှရှိမည်ဖြစ်သည်။ အချစ်တတ်ဆုံးသောဇနီးသည်ပင်လျှင် အချို့သောအရာများ၌ မိမိကိုယ်တိုင်အတွက် တစ်စုံတစ်ရာရှိနေဦးမည်ဖြစ်သည်။

နာဇရိလူ၏အကြောင်းအရာသည် ကျွန်ုပ်တို့လုံးလုံးလျားလျားဖြစ်ခြင်းကို စမ်းသပ်ခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် နာဇရိလူဖြစ်လျှင်၊ ဘုရားသခင်အတွက် လုံးလုံးလျားလျား၊ အပြည့်အဝနှင့် အဆုံးစွန်ဖြစ်ရမည်ဖြစ်သည်။ (*Life-study of Numbers*, pp. 55-56)

## ယနေ့ဖတ်စရာ

ပုံဆောင်ချက်အရ၊ လူသားမျိုးနွယ်အကြား၌ တုနှိုင်းရာမဲ့သော နာဇရိလူသည် သခင်ယေရှုပင်ဖြစ်သည်။ ထို့ကြောင့်၊ နာဇရိလူသည် ခရစ်တော်၏ပုံဆောင်ချက်ဖြစ်သည်။ နာဇရိလူသည် ကိုယ်တော်၏ လူသားဖြစ်ခြင်း၌ ဘုရားသခင်အဖို့အလို့ငှါ အသက်ရှင်ခြင်းရှိသော သခင်ယေရှုကို ပုံဆောင်ခြင်းဖြစ်သည်။

တောလည်ရာ၊၆း၂၌ "ယောကျာ်းဖြစ်စေ၊ မိန်းမဖြစ်စေ၊ ယေဟောဝါအဖို့ မိမိကို ခြားနားစေ၍ နာဇရိသစ္စာပြုခြင်းငှါ၊ မိမိကိုယ်မိမိခွဲထားသောအခါ"ဟု ပြောဆိုထားသည်။ အချိန်များစွာ၌ ကျွန်ုပ်တို့သည် သခင်ဘုရားထံသို့ ကတိသစ္စာပြုခဲ့ကြသော်လည်း၊ ၎င်းသည် အလွန်သန့်စွမ်းခြင်း၊ အပြည့်အဝဖြစ်ခြင်းမရှိဘဲ၊ ယင်းကို စောင့်ထိန်းခြင်းမရှိဘဲဖြစ်ကောင်းဖြစ်နိုင်သည်။ သင်သည် ကတိသစ္စာပြုကာ သင်၏တစ်သက်တာလုံး၌ ၎င်းအတွက် သစ္စာရှိနိုင်ပါသလား။

ခွဲခြားခြင်းနှင့် သန့်ရှင်းခြင်းအကြား၌ ကွာခြားချက်ရှိသည်။ ခွဲခြားခြင်းသည် အနုတ်လက္ခဏာဆိုင်ရာဖြစ်၍ သန့်ရှင်းစင်ကြယ်ခြင်းသည် အပေါင်းလက္ခဏာဆိုင်ရာဖြစ်သည်။ အနုတ်လက္ခဏာဆိုင်ရာ၌ ကျွန်ုပ်တို့သည် လောကဆန်သောသူများမှ ခွဲခြားခြင်းရှိရမည်ဖြစ်သည်။ အပေါင်းလက္ခဏာဆိုင်ရာ၌၊ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုသန့်ရှင်းစင်ကြယ်ခြင်းရှိရမည်ဖြစ်သည်၊ ဤအရာမှာ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုဘုရားသခင်ထံသို့ပေးအပ်ခြင်းပင်ဖြစ်သည်။ ပထမဦးစွာ၊ ကျွန်ုပ်တို့သည် ခွဲခြားခြင်းခံရကြမည်ဖြစ်၍၊ ထို့နောက် သန့်ရှင်းစင်ကြယ်ခြင်းခံရကြမည်ဖြစ်သည်။ ဘုရားသခင်ထံသို့ မိမိကိုယ်ကို ခွဲခြားခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်းသည် ညစ်ညမ်းသောအရာများအားလုံးနှင့် ဆက်ဆံဖြေရှင်းခြင်းနောက်သို့ လိုက်ရမည်ဖြစ်သည် (အခန်းကြီး၊၅)။

မွေးဖွားခြင်းအားဖြင့် ယဇ်ပုရောဟိတ်ဖြစ်လာသောသူများသည် ကိုယ်တော်၏ အစပျိုးခြင်း၌ ဘုရားသခင် စီမံခန့်ခွဲခြင်းဖြစ်သည်။ ယဇ်ပုရောဟိတ်သည် ဘုရားသခင်အဖို့ လုံးလုံးဖြစ်သော နာဇရိလူဖြစ်ရမည်ဖြစ်သည်။ ဤအရာသည် ဘုရားသခင်၏ စီမံခန့်ခွဲခြင်းအရဖြစ်သည်။ တစ်ဦးတစ်ယောက်သည် ယဇ်ပုရောဟိတ်တစ်ဦးဖြစ်လာခြင်းမှာ ဘုရားသခင်၏ အစပျိုးခြင်း အကြောင်းအရာဖြစ်၍၊ ၎င်း၌ လူပုဂ္ဂိုလ်၏ဖြစ်ခြင်းအပေါ်တွင် မမူတည်ဘဲ ဘုရားသခင်သည် ထိုသူနှင့်ပတ်သက်၍ လုပ်ဆောင်မှုအပေါ်တွင်သာ မူတည်ပါသည်။

ကတိသစ္စာပြုခြင်းအားဖြင့် နာဇရိလူဖြစ်လာကြသူများသည် မိမိဘက်မှအစပြုကာ မိမိကိုယ်ကို ဘုရားသခင်ထံသို့ ခွဲခြားခြင်းခံကြသောသူများဖြစ်ကြသည်။ ဆိုလိုသည်မှာ၊

လူပုဂ္ဂိုလ်တစ်ဦးသည် မွေးဖွားခြင်းအားဖြင့် နာဇရိလူဖြစ်လာသည်ဟုဆိုလိုခြင်းမဟုတ်ဘဲ၊ အထူးဖြစ်သော ကတိသစ္စာပြုခြင်းအားဖြင့် မိမိကိုယ်မိမိ နာဇရိလူဖြစ်လာနိုင်ကြောင်း ပြောဆိုခြင်းဖြစ်သည်။ ထို့ကြောင့် ယဇ်ပုရောဟိတ်များသည် ကိုယ်တော်၏ အစပြုခြင်း၌ ဘုရားသခင်အားဖြင့် စီမံခန့်ခွဲခြင်းခံရ၍၊ နာဇရိလူသည် မိမိ၏ အစပြုခြင်း၌ ကတိသစ္စာပြုခြင်းအားဖြင့် ထိုကဲ့သို့ဖြစ်လာခြင်းပင်ဖြစ်သည်။ ယနေ့ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အစပြုခြင်းနှင့် ကျွန်ုပ်တို့ကိုယ်တိုင်၏ အစပြုခြင်းအားဖြင့် ဘုရားသခင်၏ ပြန်လည်ရယူခြင်း၌ ရောက်ရှိနေခြင်းဖြစ်သည်။ ဤနှစ်မျိုးစလုံးသည် လိုအပ်သည်။

ဘုရားသခင်၏ ရည်ရွယ်ချက် ပြီးမြောက်ပြည့်စုံဖို့ရန် ဘုရားသခင်၏ စီမံခန့်ခွဲခြင်း၌ လူ၏ စုပေါင်းလုပ်ဆောင်ခြင်းလိုအပ်သည်။ ဤအရာကို ရှမ္မေလ၏ အကြောင်းအရာအားဖြင့် ပုံဖော်ပြသနိုင်သည်။ မပြည့်စုံသောဧလိ၏ နေရာကို ဖြည့်စွက်ခဲ့သော နာဇရိလူဖြစ်သည့် ရှမ္မေလသည် ဘုရားသခင်အားဖြင့် စီမံထားသောသူဖြစ်သည်။ ဧလိသည် အသက်ကြီးလာသောအခါ ချို့တဲ့မှုများရှိခဲ့သည်။ မည်သို့ပင်ဆိုစေ၊ မိမိကိုယ်တိုင်၏ အစပြုခြင်းအားဖြင့် ရှမ္မေလသည် ဧလိ၏ ချို့တဲ့မှုများအားဖြင့်ဖြစ်သော ကွက်လပ်ကိုဖြည့်ပေးရန် ရောက်ရှိလာခြင်းဖြစ်၍ မပြည့်စုံသောဧလိ၏ ပြည့်စုံခြင်းလည်းဖြစ်သည်။

ရှေးခေတ်များ၌ နာဇရိလူသည် ခုနှစ်ရက်ကြာအောင်ခွဲခြားခြင်းခံရသည် (တော၊ ၆း၁၃၊ မှတ်စု)။ သမ္မာကျမ်းစာ၌ ခုနှစ်ရက်သည် ယင်းမှာ တစ်သက်တာလုံးဖြစ်သည့် ပြည့်စုံသောဖြစ်စဉ်ကို ရည်ညွှန်းခြင်းဖြစ်သည်။ နာဇရိလူ၏ ခြားနား၍နေသောခုနှစ်ရက် ကာလစေ့သောအခါ၊ သူသည် ပရိတ်သတ်စည်းဝေးရာတဲတော်တခါးရှေ့သို့လာ၍ ဘုရားသခင်အဖို့အလို့ငှါ သူ၏ ပူဇော်သက္ကာများကို ယူဆောင်လာရမည်ဖြစ်သည်။ ထိုပူဇော်သက္ကာများသည် ခရစ်တော်ကို ပုံဆောင်ချက်များဖြစ်သည်။ ခရစ်တော်ကို ထိုပူဇော်သက္ကာများအဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်းသည် ဇာတိဆိုင်ရာချစ်ခြင်း၊ လောကဆိုင်ရာ ပျော်ရွှင်မှု၊ ပုန်ကန်ခြင်းများနှင့် သေခြင်းများ၏ အောင်မြင်ခြင်းပင်ဖြစ်သည်။ (*Life-study of Numbers*, pp. 56-57, 72)

*ပို၍ဖတ်ရန်- Life-study of Numbers,* msg. 8

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ______________________

______________________________________________

______________________________________________

______________________________________________

______________________________________________

## နံနက်ခင်းကျွေးမွေးခြင်း

**တော၊ ၆း၃–၅** **စပျစ်ရည်နှင့် ယစ်မျိုးကိုရှောင်ရမည်၊ စပျစ်ရည်ချဉ်နှင့်ယစ်မျိုးချဉ်ကိုလည်းမသောက်ရ၊ စပျစ်သီးဖြင့် လုပ်သောအရည်ကို အလျှင်းမသောက်ရ၊ စပျစ်သီးအစိမ်းအခြောက်ကိုလည်း မစားရ၊ ခြားနားလျက်နေသောကာလပတ်လုံး၊ စပျစ်သီးအဆန်၊ စပျစ်သီးအခွံမှစ၍ စပျစ်ပင်က ဖြစ်သမျှကိုမစားရ။ ခြားနားသောသစ္စာစောင့်သောကာလပတ်လုံး ဦးဆံကိုမရိတ်ရ။ ထာဝရဘုရားအဘို့ မိမိကိုခြားနားစေသောကာလမစေ့မှီတိုင်အောင်၊ သူသည်သန့်ရှင်းရမည်ဖြင့်၊ မိမိဆံပင်ကိုအလိုအလျောက် တိုးပွါးစေမည်။**

(တော၊ ၃း၃–၄)တွင် နာဇရိလူသည် စပျစ်ရည်နှင့် ၎င်းနှင့်စပ်လျဉ်းသောအရာခပ်သိမ်းမှရှောင်ရှားရမည်ဖြစ်ကြောင်းပြောဆိုထားသည်။ ဤအရာသည် မြေကြီးဆိုင်ရာဝမ်းမြောက်ခြင်းများနှင့် ပျော်ရွှင်ခြင်းများမှ ရှောင်ရှားဖို့ရန် ဖော်ပြနေခြင်းဖြစ်သည်။ (ဆာ၊၁၀၄း၁၅၊ ဒေ၊၁၀း၁၉)။ ကျွန်ုပ်တို့အားပျော်ရွှင်စေရန် ပြုလုပ်ပေးသော မြေကြီးဆိုင်ရာအရာများအားလုံးကို ကျွန်ုပ်တို့သတိထားရမည်ဖြစ်သည်။ မြေကြီးဆိုင်ရာ ပျော်ရွှင်မှုများသည် တပ်မက်ခြင်းဆိုင်ရာအပြုအမူနှင့် ရည်ရွယ်ချက်များသို့သာ ဦးဆောင်ပေးသည်။ မြေကြီးဆိုင်ရာပျော်ရွှင်မှုများနှင့် ဝမ်းမြောက်ခြင်းများသည် နာဇရိလူအားညစ်ညူးစေလိမ့်မည်ဖြစ်သည်။

နာဇရိလူသည် စပျစ်ရည်ချဉ်နှင့် စပျစ်ရည်၊ စပျစ်သီး အစိမ်းနှင့်အခြောက်တို့ကိုရှောင်ရမည်ဖြစ်သည်။ ဤသည်မှာ မြေကြီးဆိုင်ရာပျော်ရွှင်မှုများနှင့် ဝမ်းမြောက်မှုများမှ ထွက်ပေါ် လာသောအရာခပ်သိမ်းမှ ရှောင်ရမည်ဖြစ်သည်။ ဤအရာမှ ကျွန်ုပ်တို့မြင်တွေ့ရသည်မှာ ဘုရားသခင်အဖို့အလို့ငှါ လုံးလုံးဖြစ်သောသူသည် မြေကြီးဆိုင်ရာပျော်ရွှင်မှုများ အားလုံးမှ ခွဲခြားခြင်းခံရမည်သာဖြစ်သည်။ ဤအရာသည် နာဇရိလူ၏ လုံးလုံးဖြစ်ခြင်းပင်ဖြစ်သည်။ (*Life-study of Numbers*, pp. 57-58)

## ယနေ့ဖတ်စရာ

(တော၊၆း၅)၌ ဦးခေါင်းကိုမရိတ်ခြင်းသည် ဘုရားသခင်၏ စီမံခန့်ခွဲခြင်းကို မငြင်းပယ်ကြောင်းဆိုလိုသည် (၁ကော၊၁၁း၃၊၆)။ ဝိညာဉ်ရေးရာအရပြောရမည်ဆိုလျှင်၊ ကျွန်ုပ်တို့အဖို့ဦးခေါင်းကိုရိတ်ရန်ဆိုသည်မှာ ကျွန်ုပ်တို့အပေါ် ၌ရှိသော သခင်ဘုရား၏ အ

ခွင့်အာဏာကို ဖြတ်တောက်လိုက်ခြင်းပင်ဖြစ်သည်။ နာဇရိလူသည် သူ၏ဆံပင်ကိုလွတ်လပ်စွာရှည်လျားလာသည်အထိ အခွင့်ပေးရန်လိုပြီး၊ ၎င်းသည် တန်ခိုးရှိသောနေရာဖြစ်သော သခင်ဘုရား၏ဦးခေါင်းအရိုက်အရာကို ဝန်ခံခြင်း၌ တည်နေခြင်းပင်ဖြစ်သည် (တရား၊၁၆း၁၇)။

ယနေ့သည် တရားဥပဒေမဲ့သောခေတ်ဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့သည် ရဲများနှင့် တရားရုံးများမထားရှိပါက၊ လူမှုအဖွဲ့အစည်းတွင် သူခိုး၊ ဓားပြများနှင့် လူသတ်သမားများနှင့်သာ ပြည့်နှက်နေမည်ဖြစ်သည်။ ထိုသို့ သည်းမခံနိုင်လောက်သောအခြေအနေ၌ ကျွန်ုပ်တို့နေနိုင်မည်မဟုတ်ပါ။ ကျဆင်းသောလူမျိုးသည် ပုန်ကန်သောလူမျိုးပင်ဖြစ် သည်။ ထိုပုန်ကန်သောသဘောသဘာဝသည် ကျွန်ုပ်တို့နှင့်အတူရှိနေဆဲပင်ဖြစ်သည်။ ထို့ကြောင့်၊ ၎င်းမှာ ကိုယ်စားပြုအခွင့်အာဏာမရှိသောအခြေအနေမျိုးတွင် နေဖို့ရန်မှာ အလွန်ပင် အန္တရာယ်ရှိလိမ့်မည်ဖြစ်သည်။ ထို့ကြောင့်၊ ဘုရားသခင်သည် လူသားအစိုးရကို ထားရှိပေးရခြင်းပင်ဖြစ်သည် (က၊၉း၅–၆)။

အသင်းတော်အသက်တာ၌၊ ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်ကို ရရှိကြ၍၊ ဘုရားသခင်၏ မွေးဖွားခြင်း ခံရပြီးဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်၏ အသက်ကို လက်ခံရရှိကြပြီးဖြစ်သည်။ ဤအကြောင်းအရာ၌ တမန်တော်ပေါလုမှစ၍ ကျွန်ုပ်တို့အားလုံးသည် အတူတူပင်ဖြစ်သည်။ ယောဟန်သည် ယေဘုယျအားဖြင့် သန့်ရှင်းသူအားလုံးထံသို့ "ချစ်သားတို့" ဟူ၍ အကြောင်းကြားခဲ့သည် (၁ယော၊၂း၁၊၂၈။ ၃း၇၊ ၁၈။ ၄း၄။ ၅း၂၁)။ သို့သော်လည်း၊ သူသည် အချို့ကို "သူငယ်တို့"ဟူ၍လည်းကောင်း၊ အချို့တို့ကို"လူပျိုတို့"ဟူ၍လည်းကောင်း၊ အချို့တို့ကို"အဘတို့"ဟူ၍လည်းကောင်း အသီးသီးအကြောင်းကြားခဲ့သည် (၂း၁၂–၁၄)။ မျိုးဆက်သုံးဆက်ရှိ မိသားစု၏မိသားစုဝင်များ အားလုံးသည် အတူတူဖြစ်သည်ဟုပြောရန်မှာ မိသားစုကို ရှုတ်ထွေးစေမည်ဖြစ်သည်။ မိသားစုအသက်တာ၌ ကျွန်ုပ်တို့သည် ဘိုးဘေးများ၊ မိဘများနှင့် ကလေးများအကြားရှိ ခြားနားမှုများကို လေးစားဖို့ရန်လိုသည်။ အသင်းတော် အသက်တာ၌လည်း အလေ့အလာမှာအတူတူပင်ဖြစ်သည်။ ၁ပေ၊၅း၅၌ "အသက်ငယ်သောသူတို့ အသက်ကြီးသော သူတို့၏စကားကို နားထောင်ကြလော့"ဟု ပြောဆိုထားသည်။ သို့သော်လည်း၊ ဝိညာဉ်၌မူ၊ အသက်အရွယ်ကွာခြားသော်လည်း ကြီးရင့်သောသူသည် ငယ်ရွယ်သောသူကို နာခံတတ်ရန် သင်ယူဖို့ လိုအပ်သည် (ဧ၊၅း၂၁။ ၁ပေ၊၅း၅ခ)။

တစ်စုံတစ်ဦး သို့မဟုတ် တစ်စုံတစ်ခု၏ အောက်တွင်ရှိခြင်းမှာ ကောင်းကြီးမင်္ဂလာဖြစ်သည်။ ကန့်သတ်ခြင်း အချို့တို့သည်လည်း ကောင်းကြီးမင်္ဂလာဖြစ်သည်။ ကျွန်ုပ်

သည် ပြန်လည်ရယူခြင်းသို့ ရောက်သောနေ့မှစ၍ သခင်ဘုရားသည် ကျွန်ုပ်ကို တစ်ဦးတစ်ယောက်၊ တစ်စုံတစ်ခု သို့မဟုတ် အချို့သော ပတ်ဝန်းကျင်၏ အောက်တွင် ထားရှိပေးသောကြောင့် သခင်ဘုရားကို ကျေးဇူးတင်ပါသည်။

ယနေ့ အချို့သောသူများက ယုံကြည်သူများသည် လူသားအခွင့်အာဏာကိုနာခံရန်မလိုအပ်ဘဲ၊ မည်သူတစ်ဦးတစ်ယောက်၏ အောက်၌မျှမရှိသင့်ကြောင်း သွန်သင်ကြသည်။ ဤမမှန်ကန်သောသွန်သင်ခြင်းသည် အလွန်ပင်ပျက်စီးစေသည်။ ယုံကြည်သူများသည် လူသားအခွင့်အာဏာကို နာခံရန်မလိုအပ်ဟူသောအရာများကို လက်ခံသောသူများသည် ထိုသွန်သင်ခြင်းအားဖြင့် ပျက်စီးသွားမည်သာဖြစ်သည်။

နာဇရိလူသည် နာခံခြင်းဖြစ်သော ဆံပင်နှင့်ပြည့်နေသောသူပင်ဖြစ်သည်။ သူနှင့်အတူ ဝန်ခံတတ်သောဝိညာဉ်၊ ဝန်ခံတတ်သောရပ်တည်မှု၊ ဝန်ခံတတ်သောအခြေအနေနှင့် ဝန်ခံတတ်သောရည်ရွယ်ချက်ရှိသည်။ အကယ်၍ သင်သည် ထိုကဲ့သို့သောသူဖြစ်မည်ဆိုပါက၊ သင်နှင့် သင်၏ အနာဂတ်အတွက် ကြီးမားသောကောင်းကြီးမင်္ဂလာပင်ဖြစ်ပေသည်။

ရှံဆုန်သည် သူ့အသက်တာတလျှောက်လုံးအတွက် သူ့အမေ၏ဝမ်းဗိုက်ထဲမှစ၍ နာဇရိလူမျိုးဖြစ်သည်(တရား၊၁၆း၁၇)။ ရှံဆုန်၌ရှိသောတန်ခိုး၏ အရင်းမြစ်သည် သူ၏ရှည်သောဆံပင်မှဖြစ်သည်။ သူသည် သခင်ဘုရားကိုဝန်ခံ၍ သူ၏ဦးခေါင်းအဖြစ် သခင်ဘုရားကို ယူဆောင်သောအခါ၊ သူ၌ တန်ခိုးရှိလာသည်။ သို့သော်၊ သူ၏ဦးခေါင်းကိုရိတ်လိုက်သောအခါ၊ သူ၏ တန်ခိုးသည် ပျောက်ဆုံးသွားသည်။ ဤအရာမှ ကျွန်ုပ်တို့မြင်တွေ့ရသည်မှာ ဝန်ခံခြင်း၌ တန်ခိုးရှိနေသည်။ (*Life-study of Numbers*, pp. 58-59, 70-71,76)

*ပို၍ဖတ်ရန်-* *Life-study of Numbers*, msg. 10

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**တော၊ ၆း၆–၇** **ထာဝရဘုရားအဘို့ မိမိကိုခြားနားစေသော ကာလပတ်လုံး၊ အသေကောင်ကိုမချဉ်းမကပ်ရ။ သူ၏ဘုရားသခင်အဘို့ သူ၏ခေါင်းကို ခြားနားစေသောကြောင့် မိဘ၊ ညီအစ်ကို၊ နှမသေသော်လည်း၊ ညစ်ညူးခြင်းကိုမခံရ။**

နာဇရိလူသည် သူနှင့်အနီးကပ်ဆုံးတော်စပ်သူများ၊ သွေးသားတော်စပ်သောဆွေမျိုးများ၏ သေခြင်းအားဖြင့်လည်း မညစ်ညူးစေရဘဲ၊ ဘုရားသခင်ထံသို့ သန့်ရှင်းခြင်းရှိရန် သူ၏ ခွဲခြားခြင်း၌တည်နေဖို့ရမည်ဖြစ်သည် (တော၊၆း၆–၇)။ ဤအရာမှာ ဇာတိဆိုင်ရာချစ်ခြင်းမှလာသော သေခြင်းအားဖြင့် ကျွန်ုပ်တို့သည် ညစ်ညူးခြင်းမဖြစ်သင့်ဘဲ၊ ကျွန်ုပ်တို့၏ သန့်ရှင်းစင်ကြယ်ခြင်း၌ မိမိကိုယ်ကို စင်ကြယ်စေခြင်းအားဖြင့် စောင့်ထိန်းရမည်ဖြစ်သည်။ နာဇရိလူသည် ပြည့်ဝသောသန့်ရှင်းခြင်း၌တည်နေ၍ အရာခပ်သိမ်းမှ ဘုရားသခင်ထံသို့ခွဲခြားခံရကာ၊ ဘုရားသခင်ကို စဉ်ဆက်မပြတ် ဖက်တွယ်ထားရန် လိုအပ်သည်။

နာဇရိလူသည် မြေကြီးဆိုင်ရာပျော်ရွှင်မှုများမှ ရှောင်ရှားရန်လိုအပ်ပြီး၊ ဇာတိဆိုင်ရာချစ်ခြင်းမှလာသော သေခြင်းအားဖြင့် ညစ်ညူးခြင်းမရှိရပေ။ ပျော်ရွှင်ခြင်းသည် ဝမ်းမြောက်မှု၏ အကြောင်းအရာဖြစ်၍ ဇာတိဆိုင်ရာချစ်ခြင်းသည် ချစ်ခြင်းမေတ္တာ၏ အကြောင်းအရာဖြစ်သည်။ (*Life-study of Numbers*, pp. 61-62)

## ယနေ့ဖတ်စရာ

သေခြင်းသည် မည်မျှညစ်ပတ်၍ ညစ်ညူးသောအရာဖြစ်ကြောင်း ကျွန်ုပ်တို့ သတိမထားမိကြပါ။ ကျွန်ုပ်တို့က အပြစ်သည် အလွန်ပင်ညစ်ညူးသည်ဟု ထင်မှတ်ကြသော်လည်း၊ ဘုရားသခင်သည် အပြစ်ထက် သေခြင်းကို ပို၍ပင် မုန်းတီးသည်။ သေခြင်းသည် တစ်စုံတစ်ခုကို ဖုံးကွယ်ထားသောအရာဖြစ်သည်။ ကျွန်ုပ်တို့သည် သေခြင်းကို သတိပြုမိခြင်း သို့မဟုတ် သေခြင်းအားဖြင့် ညစ်ညူးခြင်းကို ခံစားမိခြင်း၊ သတိပြုမိခြင်း မရှိပါက၊ သေခြင်းသည် ကျွန်ုပ်တို့ထံသို့ မကြာခဏရောက်ရှိလာမည်ဖြစ်သည်။ ကျွန်ုပ်တို့တွင် သေခြင်း၏ ခံစားမှု၊ အာရုံခံစားခြင်းရှိသောအခါ၊ သေခြင်းအားဖြင့် ကျွန်ုပ်တို့သည် ညစ်ညူးခြင်းရှိလာကြောင်း သိရှိလာကြမည်ဖြစ်သည်။ အပြစ်သည် ကျွန်ုပ်တို့၏ ဩတ္တပ္ပစိတ်ကို ထိခိုက်စေသော စီရင်ခြင်းကိုသာ ယူဆောင်လာသည်။ မည်သို့ပင်ဆိုစေ၊ သေခြင်းသည် စီရင်ခြင်း၏ အကြောင်းအရာမဟုတ်ပါ။ ထိုအစား၊ သေခြင်းသည် ကျွန်ုပ်တို့အား ထုံထိုင်း

စေ၍၊ သေစေသောအကြောင်းအရာပင်ဖြစ်သည်။ သင်သည် စည်းဝေးခြင်းသို့ မကြာခဏ လာသောအခါ၊ အသက်၏ မစထောက်ပံ့ခြင်းကို လက်ခံရရှိ၍ သင်သည် အသက်ဝင် လှုပ်ရှားလာမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ တစ်ခါတစ်ရံ သင်သည် အစည်းဝေးမှအိမ်သို့ပြန်လာသောအခါ၊ သင်သည် ထုံထိုင်းခြင်းကိုခံစားရမည်ဖြစ်သည်၊ သို့သော် သင်သည် အဘယ်ကြောင့်မှန်းသိမည်မဟုတ်ပါ။ အကယ်၍ ကျွန်ုပ်တို့သည် နည်းလမ်းတိုင်းတွင် ဝိညာဉ်၌ အသက်ရှင်မည်ဆိုပါက၊ ကျွန်ုပ်တို့ အစည်းအဝေးသို့လာသောအခါ သေခြင်းရှိနေကြောင်းကို ချက်ခြင်းပင် အာရုံခံစားမိမည်ဖြစ်သည်။ ကျွန်ုပ်တို့က အစည်းအဝေးသည် မည်မျှနိမ့်ကျ၍ နွေးကွေးနေကြောင်းသိရှိလာရုံသာမက၊ စည်းဝေးခြင်း မျက်နှာပြင်အောက်တွင် သေခြင်းသည် ဖုံးကွယ်နေကြောင်းသိရှိလာမည်ဖြစ်သည်။ ထိုကဲ့သို့သောအချိန်မျိုးတွင် ကျွန်ုပ်တို့သည် ထိုသေနေသောအခြေအနေကို ဆန့်ကျင်ရန် များစွာဆုတောင်းဖို့ လိုအပ်သည်။ "သခင်ဘုရား၊ မည်သို့သောသေခြင်းကိုမဆို ဆန့်ကျင်နိုင်ရန်နှင့် ဝိညာဉ်ရေးရာသေဆုံးမှုများကို ဆန့်ကျင်နိုင်ရန် ကိုယ်တော်၏ အသွေးတော်အားဖြင့်ဖုံးလွှမ်းတော်မူပါ။" ကျွန်ုပ်တို့သည် သေခြင်းကို ဆန့်ကျင်တိုက်ခိုက်ကြရမည်ဖြစ်သည်။

အကယ်၍ သေခြင်းသည် ရောက်လာပါက၊ သင်သည် ပထမဦးဆုံး" ကိုယ်တော်၊ ဤစည်းဝေးခြင်းအား ကိုယ်တော်၏ ရွေးနုတ်သောအသွေးတော်ဖြင့် ဖုံးလွှမ်းပေးတော်မူပါ။ ကိုယ်တော်၏ အသွေးတော်အောက်၌ ဘုရားဆိုင်ရာအသက်ကို ကျွန်ုပ်တို့ပါဝင်ဆက်ဆံလိုပါ၏"ဟု ရှေ့ဦးစွာ ပြောဆိုရမည်ဖြစ်သည်။ စည်းဝေးခြင်း၌ သေခြင်းကို ဆန့်ကျင်နိုင်ရန် ဝိညာဉ်ကို ပြင်းထန်စွာလေ့ကျင့်ရမည်ဖြစ်သည်။ ထို့နောက် သင်သည် စည်းဝေးခြင်း၌ထိုင်သောအခါ၊ ကာကွယ်ထားခြင်းကို ခံရမည်ဖြစ်သည်။ ဤအရာသည် ဝိညာဉ်ရေးရာစစ်ပွဲ၏ အစိတ်အပိုင်းပင်ဖြစ်သည်။ ဖုံးကွယ်နေသောသေခြင်းသည် ဆုတောင်းခြင်းကို ငြိမ်သက်စေသည်။

နာဇရိလူများဖြစ်သည့် ကျွန်ုပ်တို့သည် ထုံထိုင်းမှုများကိုရှောင်ရှားရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် "သေခြင်းကိုဆန့်ကျင်သော" အသက်နှင့်ပြည့်ဝသောသူများဖြစ်ရန် လိုအပ်သည်။ ဤအရာသည် ကျွန်ုပ်တို့ဆုတောင်းရန်အတွက် ဝိညာဉ်ကိုမည်မျှလေ့ကျင့်သည်ဆိုသောအရာအပေါ် တွင်မူတည်၍ ပုံမှန်နည်းလမ်း အားဖြင့်မဟုတ်ဘဲ၊ ရန်သူကိုဆန့်ကျင်တိုက်ခိုက်ရန်အတွက် ဆုတောင်းရမည်ဖြစ်သည်။

နာဇရိလူများအဖြစ် ကျွန်ုပ်တို့သည် မြေကြီးဆိုင်ရာပျော်ရွှင်မှုများကို ရှောင်ရှား၍ သခင်ဘုရား၏ ဦးခေါင်းတော်အောက်၌ တည်နေကာ၊ သေခြင်းကိုဆန့်ကျင်တိုက်ခိုက်ရန် အတွက် သင်ယူဖို့ရန်လိုသည်။ သေခြင်းသည် နေရာတိုင်း၌ရှိသည်။ လူမှုအဖွဲ့အစည်း

သည် သေခြင်း၏ ရောဂါပိုးများဖြင့်ပြည့်နှက်နေသည်။ ထို့အပြင် ထိုရောဂါပိုးများသည် အသင်းတော်အသက်တာ၌ပင်လျှင် ရှိနေသောကြောင့်၊ နေ့စဉ် အချိန်တိုင်း၌ ဘုရားသခင်၏ နောက်ဆုံးသောရန်သူဖြစ်သော သေခြင်းကို ဆန့်ကျင်တိုက်ခိုက်ရန် ဆုတောင်းဖို့လိုသည်။

ကျွန်ုပ်တို့က နာဇရိလူများသည် တိုက်ခိုက်ရန်အတွက်မဟုတ်ဟူ၍ မတွေးသင့်ပါ။ နာဇရိလူများသည် ဘုရားသခင်၏စစ်တပ်တည်ထောင်ခြင်းအတွက် လူစုပင်ဖြစ်သည်။ သူတို့သည် သေခြင်းကိုဆန့်ကျင်သောစစ်ပွဲအတွက် ခံစားမှုအပြည့်ဖြင့် နိုးကြားနေသောသူများလည်းဖြစ်သည်။ အသင်းတော်တိုင်း၌ သေခြင်းကိုဆန့်ကျင်တိုက်ခိုက်နိုင်ရန် သေခြင်း၏ အာရုံခံစားမှု၊ သေခြင်းကိုသိရှိခြင်းသည် လိုအပ်သည်။

နာဇရိလူ၏ ကတိသစ္စာကိုပြောဆိုပြီးနောက်၊ သခင်ဘုရားသည် ကိုယ်တော်နှင့်အလွန်နီးကပ်သောသူများဖြစ်သော ယဇ်ပုရောဟိတ်များဖြစ်သည့် အာရုန်နှင့် သူ၏ သားများကို ကိုယ်တော်၏ ဘုရားဆိုင်ရာသုံးပိုင်းဖြစ်ခြင်းနည်းလမ်း၌ သူ၏ လူများကို ကောင်းကြီးပေးရန် မောရှေအားပြောဆိုခဲ့သည်။ သုံးပိုင်းဖြစ်ခြင်းမပါဝင်ဘဲ ဘုရားသခင်သည် သူကိုယ်တော်တိုင်ကို သူ၏ ရွေးချယ်ရွေးနုတ်ခံသူများအထဲသို့ သူတို့၏ ကောင်းကြီးအဖြစ် ဝေငှဖြန့်ဖြူးပေးနိုင်မည်မဟုတ်ပါ။ အကောင်းဆုံးသောကောင်းကြီးမင်္ဂလာသည် ဘုရားသခင်က သူ၏ ရွေးချယ်ခံသူများအထဲသို့ သူကိုယ်တော်တိုင်ကို ဝေငှဖြန့်ဖြူးပေးခြင်းပင်ဖြစ်သည်။ ဘုရားသခင်သည် ဤနည်းလမ်း၌ ကိုယ်တော်၏ ရွေးချယ်ခံသူများကိုကောင်းကြီးပေးရန် အလိုဆန္ဒရှိသော်လည်း၊ သူတို့သည် ကိုယ်တော်၏ ကောင်းကြီးမင်္ဂလာနှင့်ကိုက်ညီသော အဆင့်ရှိဖို့လိုသည်။ စကြဝဠာတစ်ခုလုံး၌ တုနှိုင်းရာမဲ့သော ကောင်းကြီးမင်္ဂလာသည် ဘုရားသခင်ကိုယ်တော်တိုင်ပင်ဖြစ်သည်။ ဘုရားသခင်မှလွဲ၍ အရာအားလုံးသည် အနတ္တပင်ဖြစ်သည်။ ဘုရားသခင်ကိုယ်တော်တိုင်သည် ကျွန်ုပ်တို့၏ ကောင်းကြီးမင်္ဂလာပင်ဖြစ်၍၊ ထိုကောင်းကြီးမင်္ဂလာသည် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်– ဘုရားဆိုင်ရာသုံးပါးဖြစ်ခြင်း၌ ကျွန်ုပ်တို့အထဲသို့ ဘုရားဆိုင်ရာဖြစ်ခြင်းကို ဝေငှဖြန့်ဖြူးပေးခြင်းအားဖြင့်ဖြစ်သည်။ (*Life-study ofNumbers*, pp. 62-65,77-78)

*ပို၍ဖတ်ရန်- Life-study of Numbers*, msgs. 9, 11

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

–––––––––––––––––––––––––––––––––––––––––––––––

–––––––––––––––––––––––––––––––––––––––––––––––

## *Hymns,* E 403, M , K 304

၁။ ကျွန်ုပ်ဖြင့် ကိုယ်တော်သက်ရှင်ပါ
ကိုယ်တော်သည် ကျွန်ုပ်အသက်
ပြဿနာများ၏အဖြေဖြစ်
ကိုယ်တော်ကို ကျွန်ုပ်ယူဆောင်။
ကျွန်ုပ်ဖြင့် သက်ရှင်ပါယေရှု
ခပ်သိမ်း၌ အလိုတော်ပြည့်
ထွင်းဖောက်မြင်အသုံးခံဖြစ်ကာ
သားတော်ကို ကျွန်ုပ်ထင်ရှား။

၂။ ဗိမာန်တော်ဖြစ်ရန် ဆက်ကပ်ရာ
စွန်းထင်းပြစ်ဖယ်ရှားပေးပါ
အတွင်းမှ ကိုယ်တော်ဘုန်းမီးလျှံ
ယခုထင်ရှားထွက်ပေါ်လာ။
ခန္ဓာကို လိုလားစွာပေးအပ်
နာခံကျွန်အဖြစ် ဆက်ကပ်
ကိုယ်တော်ဖြင့် ခွန်အားတိုးပွားရ
မြေကြီးသည် ငေးမောကြည့်စေ။

၃။ အချိန်တိုင်း၊ အင်္ဂါတိုင်း ခါးစည်း
မိန့်တော်မူခြင်းကို စောင့်နေ
ထမ်းပိုးအောက်၌ ကြိုးစားအားထုတ်
စီမံကိန်းဖယ်ရှားမခံ။
နောက်တော်လိုက်ရာ ကန့်သတ်ခြင်းခံ
တုန်လှုပ်ခြင်းအလျှင်းမရှိ
သစ္စာတော်၏ဆက်ဆံခြင်းခံ
ညည်းတွားကင်း၊ အစဉ်ဝန်ခံ။

၄။ ကြင်နာခြင်း၊ ငြိမ်သက်၊ နားခိုခြင်း
ယိမ်းယိုင်ခြင်းဖယ်ရှားအဝေး
လက်ညှိုးတော် လမ်းညွှန်ရာအတိုင်း
လွတ်လပ်စွာကျွန်ုပ်ရွေးချယ်
ကျွန်ုပ်ဖြင့် သက်ရှင်ပါယေရှု
ကိုယ်တော်သည် ကျွန်ုပ်အသက်
ပြဿနာများ၏အဖြေဖြစ်
ကိုယ်တော်ကို လုံးလုံးယူဆောင်။

***ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ***